# ရည်ရော်မှန်း အိုင်စမ်းရေပြာ

မဝင်းမြင့်

**ဆရာမ ရွှေဇင်ဦး၏ ဘလော့ဂ် (http://www.shwezinu.com/) မှ ...**

Credit to: http://www.shwezinu.com/

ဆရာမ ရွှေဇင်ဦး ဘလော့ဂ်တွင် အပင်ပန်းခံကာ စေတနာဖြင့် ရိုက်တင်ပေးထားသော ပို့စ်များကို စုစည်း၍ Format ချကာ PDF အဖြစ် ဖန်တီးလိုက်ပါသည်။

ဆရာမအား ကျေးဇူးအထူးတင်ရှိပါသည်။

ချစ်ခင်လေးစားပါသော စာဖတ်ပရိတ်သတ် သို့ ...

စာရေးသူ က ရေပြာအိုင်ဇာတ်လမ်းများနှင့် ပတ်သက်၍ ထပ်လောင်းရေးသား တင်ပြအပ် ပါသည်။

(၁၉၇၄) ခုနှစ် ဖွန်လမှစ၍ သွေးသောက်မဂ္ဂဇင်း တွင် ရေပြာအိုင် မှ သူတော်စင်၊ ရေပြာအိုင် မှ မြွေနိုင်သူ၊ ရေပြာအိုင် မှ စေတီအို၊ ရေပြာအိုင်မှ ရွှေကြက်တော၊ ရေပြာအိုင်မှ သစ်စုန်းပင်၊ ရေပြာအိုင်မှ မှော်အောင် အရုပ်၊ ရေပြာအိုင်မှ ဉစ္စာရှူး၊ ရေပြာအိုင်မှ ဓာတ်လုံးရှင်၊ ရေပြာအိုင်မှ ကြေးကွင်းကြီး ဟူသောဇာတ်လမ်း တစ်ဆယ့်တစ်ပုဒ် ကို (၁၉၇၅) ခုနှစ် ဧပြီလအထိ တစ်ဆယ့်တစ်လတိတိရေးသားခဲ့ပြီးနောက် အကြောင်းမညီညွတ်သည့် အတွက် ဆက်လက် ရေးသားခြင်း မပြုတော့ဘဲ ရပ်ဆိုင်းထားပါသည်။

သို့သော် စာရေးသူအပေါ်မှာ မေတ္တာထားကြသော စာဖတ်ပရိသတ်များ က ရေပြာအိုင်မှ ဇာတ်လမ်းများကို ဆက်လက် ရေးသားရန် တိုက်တွန်းကြပါသည်။

စာရေးသူ သည် ဤဇာတ်လမ်းများကို ရေးသားရာမှ စိတ်ကူးယဉ်သက်သက် ဇာတ်လမ်းများ မဟုတ်ပါ။ သက်ကြီး ဝါကြီး လူကြီးများပြောပြခဲ့သည့် ရှေးဟောင်း တကယ်အဖြစ်များ၊ စာရေးသူ ကိုယ်တွေ့အဖြစ်များ (၁၉၄၄) ခုနှစ် ကစပြီး (၁၉၆၅)ခုနှစ်အထိ နှစ်ပေါင်းနှစ်ဆယ်ကျော် အချိန်အတွင်းမှာ မြန်မာပြည်အတွင်း နေရာ အနှံ့အပြား ဒေသများမှာ လည်းကောင်း၊ ရခိုင်ပြည်နယ်မှာ သုံးနှစ်ကျော်နေထိုင်ခဲ့၍ လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ခြောက်နှစ် နီးပါးမျှ နေထိုင်ခဲ့၍ လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ နှစ်နှစ်ကျော် နေထိုင်ခဲ့၍ လည်းကောင်း၊ ကရင်ပြည်နယ် ဖားအံ့ဘက်တွင် သုံးနှစ်မျှ လည်းကောင်း၊ ကော့ကရိတ် ဘက် တွင် နှစ်နှစ်ကျော်မျှ လည်းကောင်း နေထိုင်ခဲ့ရစဉ်က ထူးထူးဆန်းဆန်း တွေ့ကြုံခဲ့ရ၊ မှတ်ခဲ့ရ၊ ကြားခဲ့ရသည့် အဖြစ်များ ကို ပြန်လည်ရေးသားခြင်း ဖြစ်ပါသည်။

ထိုသို့ ရေးသားရာမှာ အချို့ အဖြစ်အပျက်များသည် ဝိဉာဉ်လောကနှင့် ထင်ထင်ရှားရှား ဆက်နွယ်ပတ်သက် နေကြ သည်ကို အထောက်အထား ခိုင်လုံစွာဖြင့် သိရပါသည်။ သို့သော် ယခုခေတ်တွင်ကား သိပ္ပံပညာ တိုးတက် ထွန်းကား နေသောခေတ် ဖြစ်သည့်အပြင် ယခုခေတ် လူတွေအနေဖြင့် ဝိဉာဉ် လောက ကို လေးလေးနက်နက် ယုံစားမှု မရှိကြ၊ ယုံစားခြင်းဖြင့် စိတ်ဓာတ်ပျော့ညံ့ရာ ရောက်သွားမည် ဖြစ်သောကြောင့် မယုံလိုကြ၊ ခေတ်နောက်ပြန်ဆွဲသော အယူအဆ မျိုး ဖြစ်၍ ဝိဉာဉ်လောကနှင့် ပတ်သက် သော အတွေးအခေါ် တွေကို တော်လှန် ဖယ်ရှားနေသည် ဖြစ်သောကြောင့်၊ စာရေးသူသည် ကြားခဲ့၊ မှတ်ခဲ့၊ သိခဲ့ရသည်များကို ခေတ်နှင့်လျော်အောင် သတိထားပြုပြင်ပြီး ဇာတ်လမ်းတိုလေးများ သဖွယ် ရေးသား တင်ပြ ခဲ့ပါသည်။

ရေးသား၍ မဖြစ်သည့် ဝိဉာဉ်လောက နှင့် ပတ်သက်သော ကြေကွဲဖွယ်၊ ထူးဆန်းအံ့သြဖွယ်၊ တရားသံဝေဂ ရဖွယ်၊ သနားကြင်နာဖွယ် ဇာတ်လမ်း တွေသည် စာရေးသူမှာ များစွာရှိနေပါ သေးသည်။

သွေးသောက်မဂ္ဂဇင်း တွင် ဆယ့်တစ်လတိတိ ရေးသားခဲ့ပြီးသည့် ဇာတ်လမ်းများအပြင် စာဖတ်ပရိသတ်များ ၏ တိုက်တွန်းချက်အရ ပုံနှိပ်ဖော်ပြခြင်း လုံးဝမပြုရသေးသည့် အသစ်စက်စက် ဇာတ်လမ်းကိုးပုဒ်ကိုပါ ပေါင်းစည်းကာ ရေပြာအိုင်မှဇာတ်လမ်းများ ဟူသော အမည်ဖြင့် ကဉ္စနစာ ပေမှတစ်ဆယ့်နှစ်ကျပ်တန် လုံးချင်းစာအုပ် ကို (၁၉၇၅) ခုနှစ်၊ ဒီဇင်ဘာလ တွင် ထုတ်ဝေခဲ့ပါသည်။

သို့ပါလျက် ရေပြာအိုင် ဇာတ်လမ်းများကို ဖတ်၍ အာသာမပြေဖြစ်ကြသော စာဖတ်ပရိသတ်များသည် စာရေးသူ နှင့် တွေ့ဆုံ၍လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့် လည်းကောင်း၊ ရေပြာအိုင် ဇာတ်လမ်း များကို ဆက်လက် ရေးသားရန် အဖန်ဖန် တိုက်တွန်းကြပါသည်။

ရေပြာအိုင်မှ ဇာတ်လမ်းများ အမည်ရှိသော လုံးချင်းဝတ္ထုတွင် နောက်ဆုံးဇာတ်လမ်းမှာ ကျောင်း ဆရာမလေး မခင်ရွှေသည် ရေပြာအိုင်ရွာနှင့် ပတ်သက်သော ထူးဆန်းအံ့သြဖွယ်ရာများ၊ ကြေကွဲ လွမ်းဆွတ်ဖွယ်ရာ များ၊ သတိသံဝေဂ ရဖွယ်ရာများ၊ မျိုးချစ်ဇာတိမာန် ထက်သန်ဖွယ်ရာများ စသည့် အဖြစ်များကို မှတ်တမ်းရေးနေဆဲဝယ် ရေပြာအိုင်ရွာ ဇာတိဖြစ်ပါလျက် ငွေရေးကြေးရေး အတွက်ကြောင့် ဇာတိမာန် ပျက်တော့မည့် မောင်စိန်းမောင်ကို အစဉ်လာကြီးစွာ ဇာတိမာန်စိတ်ဖြင့် အမျိုးကို စောင့်ရှောင့် လာသော ရေပြာအိုင်ရွာ ကို အစဉ်အလာမပျက်စေကြောင်း နားဝင်အောင် ပြောပြသည်။

မောင်စိန်းမောင်က သတိတရားရကာ ရေပြာအိုင်ရွာ အစဉ်အလာကို ပြန်လည်စောင့်ထိန်းသည်။ ငွေကြေးအားဖြင့် လည်းကောင်း၊ အားစိုက်ဖြင့် လည်းကောင်း မခင်ရွှေက မောင်စိန်းမောင်ကို အကူအညီပေးသည်။ ထိုအခါ မောင်စိန်းမောင်က ကျောင်းဆရာမလေး မခင်ရွှေကို ကျေးဇူးတင်ရာ မှချစ်လာသည်။

ရေပြာအိုင်ရွာ တွင် အမျိုးအဆွေလည်းကြီး၊ ပစ္စည်းလည်း ချမ်းသာသော ရွာမျက်နှာဖုံး မိန်းမပျို ကြင်ကြင် က မောင်စိန်းမောင်ကို မေတ္တာရှိနေသည်။ ကြင်ကြင်၏မိဘနှင့် အမျိုးအဆွေ များက မောင်စိန်းမောင်နှင့် ကြင်ကြင် ကို သဘောတူသည်။

တစ်ရပ်တစ်ကျေး မှ ရောက်လာပြီး ရွာကလေးငယ်များ ပညာရေးကြောင့် ကျောင်းဆရာမ လုပ်နေသော မခင်ရွှေ ၏ အရည်အချင်း၊ ရပ်ရွာပေါ်မှာထားသည့် စေတနာ၊ ကလေးများ ပညာရေးအတွက် အနစ်နာခံပုံ စသည် တို့ကြောင့် ရွာသူရွာသားအချို့က မခင်ရွှေကို မောင်စိန်းမောင်နှင့် လက်ဆက်ကာ ရေပြာအိုင်ရွာမှာပင် အစဉ်မြဲ နေထိုင်သွားစေ လိုကြသည်။

ဤတွင် မောင်စိန်းမောင်နှင့် ကြင်ကြင်ကို သဘောတူနေကြသော ကြင်ကြင်၏ မိဘဆွေမျိုးနှင့် မောင်စိန်းမောင် ၏ ဆွေမျိုးများက တစ်ဖက်၊ မောင်စိန်းမောင်နှင့် မခင်ရွှေကို လက်ဆက်စေလိုသော ရွာသူ ရွာသား တွေက တစ်ဖက် စိတ်ဝမ်းကွဲကြတော့မည့် အဖြစ်သို့ ရောက်လာသည်။ ကြင်ကြင်၏ ဆွေမျိုးအချို့ က မခင်ရွှေကို လိမ္မာပါးနပ်သော စကားများပြောကာ ရှောင်ခိုင်းသည်။

မခင်ရွှေ သည် မောင်စိန်မောင်က သူ့ကို မေတ္တာရှိနေကြောင်း သိသော်လည်း သူကမူ ရိုးရိုးတန်းတန်းပင် ခင်မင်နေခဲ့သည်။ ယခုမောင်စန်းမောင်၊ ကြင်ကြင်၊ မခင်ရွှေတို့ သုံးပွင့်ဆိုင် ဇာတ်လမ်းကြောင့် ရွာမှာ စိတ်ဝမ်း ကွဲစရာတွေ ပေါ်လာတော့မည်ကို လည်းကောင်း၊ ကြင်ကြင်၏ ဆွေမျိုးများက မခင်ရွှေကို မလိုလား မကြည်ဖြူသည့် စကားမျိုး၊ ရေပြာအိုင်မှ ထွက်ခွာသွားစေ လိုသည့်စကားမျိုးကို ဖွင့်ပြော ကြသောအခါ မခင်ရွှေသည် သူသံယောဇဉ်ကြီးလှသော ရေပြာအိုင်မ ျကလေးငယ်တွေကို ဝမ်းနည်းစွာ ခွဲခွာကာ တစ်ခုသောဒေသသို့ အလုပ်ရွှေ့ပြောင်း တာဝန်ယူရန် ရေပြာအိုင်မှ ထွက်ခွာသွားသည်။

ရေပြာအိုင်ရွာမှ မခင်ရွှေ ထွက်ခွာသွားသောအခါ မောင်စိန်းမောင်သည် မခင်ရွှေကို တမ်းတ လွမ်းဆွတ် ကြေကွဲစွာဖြင့် ကျန်ရစ်ခဲ့သည့် ရေပြာအိုင်မှ လွမ်းရစ်သူ ဟူသော ဇာတ်လမ်းဖြင့် ဆုံးထားပါသည်။

ဤအတွက် စာဖတ်ပရိသတ်များက ရေပြာအိုင် ဇာတ်လမ်းဆုံးထားပုံကို အားမရတော့ဘဲ ဖြစ်နေကြပါသည်။

ရေပြာအိုင်ရွာ ဆိုသည်မှာ တကယ်ရှိပါသလား၊ ရှိလျှင်မည်သည့်နေရာမှာ ရှိနေသည်ကို များစွာသော စာဖတ်ပရိသတ်တွေက မေးမြန်းကြပါသည်။ ရေပြာအိုင် ဇာတ်လမ်းထဲမှာပါသည့် အဖြစ်များကို စိတ်ဝင်စားစွာ မေးမြန်းကြပါသည်။

ရေပြာအိုင်ဇာတ်လမ်းကို လွမ်းရစ်သူ မောင်စိန်းမောင်နှင့် ရပ်ဆိုင်းမထားဘဲ မခင်ရွှေ နောက်ထပ် တွေ့ကြုံရမည့် ထူးဆန်းသော အံ့သြစရာကောင်းသော အဖြစ်များကို မောင်စိန်းမောင်၊ ကြင်ကြင်တို့နှင့် ပေါင်းစပ်ကာ ဆက်ရေးရန် တိုက်တွန်းကြသော စာဖတ်ပရိသတ်များကို စိတ်ဆန္ဒပြည့်ဝစေရန် ရည်သန် သော စေတနာဖြင့် ထုတ်ဖော်ရေးသားခြင်း မပြုသေးဘဲ စာရေးသူ ဦးနှောက်ထဲမှာ သိုသိပ် သိမ်းဆည်း ထားသည့် အကြောင်းအရာကို ယခုခေတ်လူတွေ လက်ခံနိုင်စေရန် ဆီလျော်စွာ ပြုပြင် ရေးသားခြင်းဖြင့် -

**ရည်ရော်မှန်း အိုင်စမ်းရေပြာ** ဟူသော လုံးချင်းစာအုပ်ကို ဆက်လက် ရေးသားလိုက်ရပါသည်။

ရေပြာအိုင် ဇာတ်လမ်းများကို စွဲလမ်းကြသော၊ စာရေးသူ အပေါ်မှာ မေတ္တာထားကြသော၊ စာရေးသူ ကလည်း ချစ်ခင်လေးစားပါသော စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြစေရန် လေးနက်သော စေတနာဖြင့် ဆုမွန်တောင်းလိုက်ပါသည်။

စာရေးသူ - မဝင်းမြင့်

ရည်ရော်မှန်း အိုင်စမ်းရေပြာ

# မာတိကာ

အခန်း (၁) ....7
အခန်း (၂) ....8
အခန်း (၃) ....12
အခန်း (၄) ....19
အခန်း (၅) ....25
အခန်း (၇) ....49
အခန်း (၈) ....56
အခန်း (၉) ....61
အခန်း (၁၀) ....66
အခန်း (၁၁) ....84
အခန်း (၁၂) ....95
အခန်း (၁၃) ....98
အခန်း (၁၄) ....110
အခန်း (၁၅) ....116
အခန်း (၁၆) ....120
အခန်း (၁၇) ....123

# အခန်း (၁)

မောင်စိန်းမောင် အပေါ်မှာ မည်သို့မျှ ဖောက်ပြန်သော စိတ်မျိုးမထားခဲ့ဘဲ အစ်ကိုသားချင်းလိုသာ ဖြူစင်သည့် ခင်မင်မှုကို ထားခဲ့သည့် မခင်ရွှေသည် ကြင်ကြင်တို့ အသိုက်အဝန်းမှ လှိုင်းဂယက် ပုတ်သလို မထိခလုတ် ထိခလုတ် ပြောနေကြသည့် စကားတွေကြောင့် မောင်စိန်းမောင် ရှိနေရာ ခြံကြီးသို့ပင် မသွားတော့ဘဲ လမ်းဖြတ်ထားခဲ့သည်။

ယခု မောင်စိန်းမောင် ရှိနေရာ ရေပြာအိုင်ရွာကို ခွဲခွာရန် အဆင်ပြေသော အကြောင်းက ပေါ်လာသည်။ ထို့ကြောင့် ဝမ်းသာ ဝမ်းနည်း ဖွယ်သော အကြောင်းမျိုးစုံကို ရင်ဝယ်ပိုက်ပြီး ထွက်ခွာ လာခဲ့သည်။ စိတ်နိုင်မာသောသူ ဖြစ်လျက်နှင့် ခွဲခွာရတော့မည့် နောက်ဆုံးအချိန်နှင့် စိတ်ထိခိုက်စရာကောင်းအောင် မောင်စိန်းမောင် ပြောလိုက်သည့်စကား၊ တောတန်းလေး အကွေ့ထဲသို့ လှည်းဝင်တော့မည့် ဆဲဆဲဝယ် မခင်ရွှေသည် သူနှစ်ရှည်လများ နေထိုင်ခဲ့သည့်ရွာ၊ သူသံယောဇဉ်ကြီးလှသည့် ကလေးငယ်များ ရှိနေသည့် ရွာ၊ သူ့အပေါ်မှာ သွေးရင်းချာလို မေတ္တာထားသည့် ဘွားရွှေအိမ် တို့ သားအမိ နေကြသည့်ရွာ၊ ဤ ရေပြာအိုင်ရွာ ကို နောက်ဆုံး မျှော်ကြည့်လိုက်သည်။

ထိုအခါ သူ့အပေါ်မှာ ကြီးမားသော စွဲလမ်းချစ်ခင်မှု ဖြစ်နေသူ မောင်စိန်းမောင် ၏ ကြေကွဲစွာ လှမ်းမျှော်ကြည့်နေသည့် သဏ္ဍာန်ကို ပြတ်သားစွာ မြင်လိုက်သည်။

လှည်းက တောတန်းအကွေ့ထဲကို ဝင်လိုက်ပြီ ဖြစ်သည့်အတွက် မောင်စိန်းမောင်၏ ကြေကွဲ လွမ်းဆွတ် သည့် သဏ္ဍာန် သည် မခင်ရွှေ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားစေကာမူ မခင်ရွှေ၏ နှလုံးသားထဲတွင်ကား လွမ်းလွမ်း ဆွေးဆွေး မျှော်ကြည့်နေသော မောင်စိန်းမောင်သဏ္ဍာန်သည် မေ့ပျောက်မရတော့ဘဲ ဖြစ်သွားသည်။

စိတ်ထဲတွင် ဝမ်းနည်းသလို ဖြစ်သွားသည်။ ရင်ထဲမှာ ဟာသလိုဖြစ်သွားသည်။

"အို ... သူနဲ့ငါဘယ်လိုမှ မဖြစ်နိုင်တာကို သူလည်းသိတယ်၊ ငါလည်းသိတယ်၊ သူက စွဲလမ်းနေလို့ ဖွင့်ပြော တာတောင် မှ ငါမတုန်မလှုပ် တည်တည်ငြိမ်ငြိမ် နေခဲ့နိုင်ပါရက်နဲ့ သူ့ရုပ်သဏ္ဍာန်ကို ဘာကြောင့် ငါမနေနိုင်ဘဲ တုန်လှုပ် နေရတာလဲ"

မခင်ရွှေ သည် စိတ်တင်းသော အတွေးမျိုးတွေးကာ မျက်စိမှိတ်ပြီး ဦးခေါင်းကို သွက်သွက်ခါလိုက် မိသည်။

သူ့မျက်စိထဲ မှာ မြင်ယောင်နေသော မောင်စိန်းမောင်၏ ရုပ်သွင်သဏ္ဍာန်ကတော့ ပျောက်သွားပါသည်။ သို့သော် နှလုံးသားထဲမှာ မှုန်မှုန်မွှားမွှားလေးတော့ ထင်ကျန်ရစ်သည်ကို မခင်ရွှေ သတိထားမိဟန် မတူလေ။

# အခန်း (၂)

မခင်ရွှေ အလယ်တန်းပြ ဆရာမအဖြစ် တာဝန်ယူရသည့် ကျောင်းရှိသည့် မြို့ကလေးကား မီးရထားဘူတာရုံ ရှိသည်။ မီးရထားဘူတာရုံနှင့် မြို့ကလေးသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူ နည်းပါးပြီး အားလုံးလိုလိုသည် အရောင်းအဝယ် အလုပ်ဖြင့်သာ နေထိုင်ကြသည်။ အရောင်းအဝယ်သမား များပြားပြီး မီးရထားဘူတာရုံ ရှိနေသော မြို့ကလေးဖြစ် သောကြောင့် စည်စည်ကားကားပင် ဖြစ်သည်။ ထိုမြို့လေး ၏ အလယ်တန်းကျောင်း အဖြစ်တိုးမြှင့်ရန် ရည်ရွယ်ချက်ရှိသည့် မခင်ရွှေ ကြားသိရသည်။

မည်သည့် အတန်းရှိသည့် ကျောင်းဖြစ်စေ၊ မခင်ရွှေကား သူတာဝန်ထမ်းဆောင်ရသည့် နေရာမှာ ရှိနေသည့် သူ သင်ကြားပေးရမည့် ကလေးတွေကိုမူ သူတတ်သမျှ စေတနာထား သင်ကြားပေးရန်ကား စိတ်ထက်သန် သူလေး ဖြစ်သည်။

စာသင်ကျောင်း သည် မြို့ကလေး၏အစွန်မှာ ရှိပြီး ကျယ်ဝန်းသော ကျောင်းဝိုင်းထဲမှာ သပ်ရပ်လှပသော အဆောက်အအုံ ဖြစ်သည်။ ကျောင်းတစ်ဖက်တွင်မူ လယ်ကွင်းအချို့နှင့် တောတန်းလေး ရှိသည်။ ကျောင်းဝင်း ၏ တစ်ဖက်တွင် ခပ်လှမ်းလှမ်းတွင်မူ ကျယ်ဝန်းသော ခြံကြီးတစ်ခြံနှင့် ခြေတံရှည် ပျဉ်ထောင်သွပ်မိုး အိမ်တစ်လုံးသည် ခြံကြီး၏ အလယ်လောက်မှာ ရှိနေသည်။

"ဆရာမ နေရေးထိုင်ရေးအတွက် ကျွန်တော်တို့ ကူညီပါရစေ၊ ဆရာမ စိတ်ထဲမှာရှိတာ ပြောပါ" ဟူသော စကားကို ကျောင်းအုပ်ဆရာကြီး က ဖော်ရွေစွာ ပြောသည်။

ကျောင်းအုပ် ဆရာကြီးကား အသက်အရွယ် အတော်အတန်ပင် ကြီးရင့်နေပြီ။ သူ့ဇနီး၊ သားသမီးများနှင့် မြို့ထဲ မှာ နေထိုင်သည်။ ဤမြို့လေး၏ ဇာတိချက်မြှုပ် ဖြစ်သည်။

"ကျွန်မ အနေနဲ့ ကတော့ ကျောင်းနဲ့နီးနီး သင့်လျော်တဲ့ အိမ်တစ်အိမ်မှာ ထမင်းလခပေးစားနေလို့ ဖြစ်မယ် ဆိုရင် အဲဒီလိုအိမ်မျိုးမှာ နေချင်ပါတယ် ဆရာကြီး"

"ကျောင်းနဲ့ နီးနီး ဆရာမ နေချင်တယ်ဆိုရင် ဟောဟိုခြံကြီးထဲက အိမ်မှာနေနိုင်မလား၊ အိမ်ရှင်များကလည်း နွမ်းပါး ကြတော့ ဒီလိုထမင်းလခနဲ့ ကျွေးရမယ်ဆိုရင် လက်ခံကြပါလိမ့်မယ်။ အဲ ထမင်းလခအပြင် နေထိုင်ရတဲ့ အိမ်ခန်းခ လေးတော့ ဆရာမသင့်တော်သလို ကြည့်ပေးလိုက် ပေါ့၊ တစ်ခုတော့ ရှိပါတယ်ဆရာမ"

ဆရာကြီးစကားက အဆုံးမသတ်သေးပေ။

"ဘာဖြစ်လို့ပါလဲ ဆရာကြီး"

"သူတို့အိမ်က ငြိမ်းငွေ့စရာလည်းကောင်း၊ နောက်ပြီးတော့လည်း စိတ်မချမ်းသာစရာလေး ရှိတယ်လေ။ သူတို့က ထမင်းလခပေးစားတဲ့လူကို စိတ်တိုင်းကျအောင် ချက်ကျွေးတော့ ပေးရတဲ့လခနဲ့ တန်တယ် ဆိုရပေမယ့် အဲဒီ စိတ်ချမ်းသာစရာလေးတွေ၊ ငြိမ်းငွေ့စရာလေးတွေ ရှိနေလို့ လူရှောင်တယ်ဆိုရမယ်။ ဆရာမ လိုပဲ တခြားက ပြောင်းလာတဲ့ အမှုထမ်းနှစ်ဦးဆိုရင် ရုတ်တရက် နေစရာရှာမရသေးခင်၊ အထာမကျသေးခင်မှာ အခုလိုပေါ့ ထမင်းလခပေး စားခဲ့ ကြတယ်။ ဒါပေမယ့် နှစ်လပြည့်အောင် ဘယ်သူမှ မနေနိုင်ခဲ့ကြဘူး။ စိတ်မချမ်းသာဘူးဆိုပြီး တခြားမှာဖြစ်သလို ရှာနေကြတယ်။ လူနှစ်ယောက်ရှိပြီ ပြောင်းကြတာ။ အခုတော့သူတို့ကိုယ်တိုင်ကလည်း နာမည်ပျက်တော့ နည်းနည်း ရှက်ကြလားမသိဘူး၊ ပြောင်းရွှေ့ ရောက်လာတဲ့ ဆရာ ဆရာမအသစ်ကို အရင်ကလို အိမ်ခန်းရမယ်၊ ထမင်းလခပေး ကျွေးမယ် လို့ မပြောတော့ဘူး"

ဆရာကြီးပြောသည့် စကားတွေကို မခင်ရွှေ စိတ်ဝင်စားလာမိသည်။ ဆရာကြီးရုံးခန်းက လှမ်းမြင်ရသော ထိုခြံကြီး ကို မျှော်ကြည့်သည်။

ခြံကြီး သည် တော်တော်ပင် ကျယ်ဝန်းသည်။ ကြီးမားသော သရက်ပင်ကြီး၊ မရန်းပင်ကြီးတွေက ခြံကြီး တစ်ခုလုံး အုပ်ဆိုင်းနေသည်။ ကြီးမားသော သစ်ပင်ကြီးတွေသည် တစ်ခြံလုံး ညို့ညို့မှိုင်းမှိုင်း ဖြစ်နေသော်လည်း သရက်ပင်နှင့် မရန်းပင်ကိုသာ မခင်ရွှေသိသည်။ အခြား သစ်ပင်ကြီးတွေကို ဘာပင် တွေမှန်း မခင်ရွှေ မသိချေ။

"သရက်ပင် မရန်းပင်တွေ ကတော့ မှိုင်းနေတာပဲ၊ အသီးတွေခူးရောင်းရင် တော်တော် ပိုက်ဆံရမှာ"

မခင်ရွှေ က မျှော်ကြည့်နေရာမှ အမှတ်မထင် ပြောလိုက်မိသည်။ ထိုအခါ ဆရာကြီးက ...

"ဒီအပင်တွေ သီးတယ်လို့ ဆရာမ ထင်လား"

ဟုမေးသည်။ မခင်ရွှေက ခြံကြီးကို မျှော်ကြည့်နေရာမှ ဆရာကြီးဘက်ကို ကြည့်လိုက်သည်။

"သရက် နဲ့ မရန်းကတော့ သီးမှာပေါ့ ဆရာကြီး၊ တခြားအပင်တွေက ဘာပင်တွေလဲ မသိဘူး"

မခင်ရွှေ ဖြေလိုက်သည်။

"တခြားအပင်တွေကတော့ တောင်သလဲပင်နဲ့ ကနစိုးပင်တွေပဲ၊ အားလုံးက သစ်ပင်ကြီးမျိုးဆိုတော့ တစ်ခြံလုံး အုပ်ဆိုင်းနေတာပေါ့။ ဟိုတုန်းကတော့ သီးခဲ့ကြတာပေါ့ ဆရာမ။ သူ့အချိန်ရောက်ပြီ ဆိုရင် မရန်းနဲ့ သရက်ကလည်း ခူးမနိုင်အောင် သီးခဲ့ကြတယ်။ တောင်သလဲ ဆိုတာကလည်း တကယ် မှည့်ပြီဆိုရင် တကယ်စားကောင်းတဲ့ အသီးတစ်မျိုးပေါ့၊ ဟို...ရှေးစာဆိုတော်တွေတောင် စာဖွဲ့ခဲ့ကြတာ ဆရာမ ကြားဖူးပါလိမ့်မယ်"

ဆရာကြီး ပြောစကားကြောင့် မခင်ရွှေသည်...

"သစ်ပုလွေ၊ တောင်သလဲရယ်နဲ့၊ နရွဲထောက်ရှာ၊ ရှုတိုင်းငဲ့သာ၊ မာလကာကွယ့် ကနစိုး"

ဟူသော ရှေးဟောင်းကဗျာလေးကို စိတ်ထဲက ကြားယောင်လိုက်မိသည်။ မခင်ရွှေက ဆရာကြီး ဆက်ပြော အံ့သော စကားကို နားထောင်နေလိုက်သည်။ ဆရာကြီးသည် စိတ်ရှည်စွာဖြင့် မခင်ရွှေ သိလိုပဟန်ဆန္ဒကို ရိပ်မိသည့် အလျောက် ဆက်ပြောလိုက်သည်။

"သူ့ပင်ရင်း ဥစ္စာရှင် ရှိစဉ်ကတော့ ဆရာကြီးအခုတင်က ပြောခဲ့တဲ့အတိုင်းသီးခဲ့ကြတယ်။ ခြံထွက် အသီးအနှံတွေ ရောင်းရတဲ့ ငွေကကိုတော်တော်မြက်မြက်ကလေး ရတာကြောင့် စားလောက် သောက်လောက် ရှိခဲ့ကြတာပေါ့။ အဲ ... နောက်လူလက်ထဲလည်း ရောက်ကုန်ရော၊ ဘာဖြစ်ကုန်တယ် မပြောတတ်တော့ပါဘူး။ သစ်ပင်တွေ မသီးတော့ဘဲ ဖြစ်သွားကြတယ် ဆရာမရဲ့"

နားစိုက် ထောင်နေသော မခင်ရွှေသည် များစွာစိတ်ဝင်စားလာသည်။

"ဒါဖြင့် အခုနေကြတဲ့လူတွေက အရင်မူလ ပင်ရင်းဥစ္စာရှင်တွေနဲ့ ဘယ်လိုတော်စပ်ကြပါလဲ ဆရာကြီး"

"အခုလက်ရှိ နေထိုင်တဲ့ ဇနီးမောင်နှံက မူလပိုင်ရှင်ထံက တစ်ဆင့်ဝယ်ထားတဲ့ ခြံရှင်ရဲ့ တပည့်ရင်းတွေပဲ။ သူတို့မှာ သားသမီး တစ်ယောက်မှ မရှိကြဘူး။ အခုရှိနေတဲ့ ကလေးမလေးက ကွယ်လွန်ကုန်ကြတဲ့ တစ်ဆင့်ဝယ်ခြံရှင်ရဲ့ သမီးလေး ဆရာမရဲ့၊ သနားစရာတော့ ကောင်းပါတယ်လေ"

ဆရာကြီး က စိတ်မကောင်းဟန်ဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ ဆရာကြီး"

မခင်ရွှေ မေးသည်။

"စိတ်မနှံ့ရှာဘူး ဆရာမရဲ့၊ အဲဒါကြောင့်လည်း လူရှောင်ကြတာပေါ့။ အဲဒီ ... ဆရာမ၊ ရုတ်တရက် အဆင်ပြေ တဲ့အိမ် မတွေ့သေးခင်မှာ နေချင်တယ်ဆိုရင် ခဏတစ်ဖြုတ်တော့ နေလေ၊ ဆရာကြီး အိမ်ရှာကြည့် လိုက် ပါဦးမယ်"

"စိတ်မနှံ့တဲ့ အမျိုးသမီးက အရွယ်ဘယ်လောက် ရှိပါပြီလဲ ဆရာကြီး"

"မကြီးသေးပါဘူးကွယ်"

ဆရာကြီးက ပြောရင်းဆိုရင်း ထိုခြံကြီးဆီသို့ မျှော်ကြည့်လိုက်သည်။ ထို့နောက် ...

"ဟော ... ဟော ...ဟိုကလေးမလေးပဲ ဆရာမ"

ဟု ဆိုကာ လက်ညှိုးညွှန်ပြလိုက်၏။

မခင်ရွှေသည် ဆရာကြီး လက်ညွှန်ပြသရာသို့ ကြည့်လိုက်သည်။ ခြံကြီး၏ အဝင်ဝနား သစ်ပင်ကြီး တစ်ပင်အောက်ဝယ် ညိုညစ်ညစ်ရောင် ထဘီ၊ ဖြူညစ်ညစ်ရောင် အင်္ကျီဝတ်ထားသည့် မိန်းကလေးတစ်ယောက်ကို မြင်ရသည်။ အသက် အရွယ်ကိုမူ အနီးကပ် ကြည့်ရမြင်ရသည် မဟုတ်သေးသောကြောင့် မခင်ရွှေက အမှန်အတိုင်း မခန့်မှန်းနိုင်ဘဲ ဖြစ်နေ သည်။ သို့သော် အသက်အရွယ်မှာ အနည်းငယ်တော့ ငယ်ရွယ်သူ ဖြစ်ပေလိမ့်မည်ဟု မခင်ရွှေ ထင်မိသည်။ အသားရောင် က ဖြူဖွေးသည်ကိုတွေ့ရသည်။ ဆံပင်တွေက ဦးခေါင်းထက်မှာ ဖွာရရာကျနေသည်။

ထိုအမျိုးသမီး သဏ္ဍာန် သည် သစ်ပင်ကြီးအောက်မှာ ရပ်ပြီးခြံဝင်းအပြင်ဘက်ကို မျှော်ကြည့် နေသည်။

အဝေးက တွေ့ရမြင်ရသည်ပင် ဖြစ်သော်လည်း ဘာကြောင့်မှန်းမသိ၊ မခင်ရွှေသည် ထိုအမျိုးသမီး သဏ္ဍာန် ကို ကြည့်ပြီးစိတ်ထဲက တနားနေသည်။ ကျောင်းအုပ်ဆရာကြီးက စိတ်မနှံ့ သူဟုပြောခဲ့သည်။ ယခု မခင်ရွှေ အမြင် မှာ စိတ်မနှံ့သူနှင့် မတူဘဲ၊ ကြီးစွာသော ပူဆွေးသောက ဖြစ်နေသူ သို့မဟုတ် အကျဉ်းအကျပ် ဒုက္ခ တွေ့နေသူ ၏ သဏ္ဍာန်မျိုးဟု မခင်ရွှေစိတ်မှာ ထင်လိုက်မိ၏။

ထိုအမျိုးသမီး မျှော်ကြည့်နေသည့် ဟန်မူရာက စိတ်နောက်နေသူ၊ ရူးသွပ်နေသူတို့၏ ဟန်မျိုးမဟုတ်ဘဲ အားကိုးရာ တွေ့နိုးနိုး မျှော်လင့်စောင့်စား ကြည့်မျှော်နေသည့် အသွင်မျိုးဖြစ် သည်ဟု မခင်ရွှေ ထင်လိုက် မိသည်။

စိတ်မမှန်သူ ရူးသွပ်နေသူဆိုလျှင် သွေးသား အရင်းအချာ ဖြစ်နေသူတွေသာလျှင် သည်းခံပြီး နီးနီးကပ်ကပ် နေထိုင် ကြရသည်။ သွေးမတော်သူတွေ အဖို့ကား၊ စိတ်မနှံ့သူ ရူးသွပ်သူတို့ကား စိတ်ကိုအစိုးမရသူပီပီ ရိုက်ချင် ရိုက်မည်။ သတ်ချင်သတ်မည်။ ထို့ကြောင့် မည့်သည့် သူစိမ်းကမျှ နီးနီးကပ်ကပ် မနေလို။

သို့သော် မခင်ရွှေသည် သူလှမ်းမြင်နေရသည့် စိတ်မနှံ့သူလေးကို စိတ်ထဲက သနားနေသည်။ နီးနီးကပ်ကပ် လေ့လာ လိုသော ဆန္ဒမျိုးပေါ်လာသည်။ ထိုအပြင် ကျောင်းအုပ်ဆရာကြီး ပြောပြသည့် ခြံကြီး အကြောင်း ကလည်း မခင်ရွှေလို ထူးထူးဆန်းဆန်း အဖြစ်မျိုးကို စိတ်ဝင်စားသူ အဖို့မှတ်တမ်းလေးတစ်ခု ရလျှင်လည်း မနည်း ဟု သဘောကျစရာ ဖြစ်နေသည်။ ထို့ကြောင့် ...

"ဒီခြံထဲက အိမ်မှာပဲ အခိုက်အတန့်တော့ ကျွန်မထမင်းလခပေးစားနေပါရစေဦး ဆရာကြီး၊ တည်းခ အတွက်ကိုလည်း ထိုက်တန်သလိုကျွန်မ ပေးပါ့မယ်၊ ဆရာကြီး က ကျေးဇူးပြုပေးပါ"

မခင်ရွှေ ၏ လိုလိုချင်ချင် ပန်ကြားချက်ကို ဆရာကြီး စိတ်ထဲမှာအံ့သြသွားမိသည်။

ဤခြံကြီးနှင့် ဤမိသားစုအကြောင်းကို ပြောပြထားလျက်နှင့် တွန့်ဆုတ်ဟန်မရှိဘဲ နေလိုကြောင်း ပြောပြသော မခင်ရွှေကို ...

"အေးလေ လောလောဆယ်တော့ ဆရာမအဖို့ အဆင်သင့် မရှိသေးဘူး ဟုတ်လား၊ နေလိုက်ဦးပေါ့၊ ဆရာကြီး လည်း မြို့ထဲမှာ အဆင်ပြေမယ့်အိမ် စုံစမ်းပါဦးမယ်။ ကဲ ... ကျောင်းဆင်းချိန်မှာ ဆရာကြီးနဲ့အတူ ဆရာမပါ လိုက်ခဲ့၊ အခုတော့ ဆရာမလည်း ခရီးရောက်မဆိုက် ဖြစ်နေတော့ ကျောင်းထဲမှာပဲ ဆရာမတွေ စာသင်ချိန်ပြီးရင် အနားယူတဲ့ အခန်းရှိပါတယ်။ အဲဒီအခန်းမှာ ဆရာမနားနေလိုက်ပါဦး"

ဟု ပြောသည်ကို မခင်ရွှေက ...

"ဟုတ်ကဲ့- ကျေးဇူးတင်ပါတယ် ဆရာကြီး"

ဟု ရိုသေစွာ တုံ့ပြန်ကာ၊ ဆရာမများ အနားယူသည့် အခန်းသို့ သူ့ပစ္စည်းကလေးများ ထည့်ထားသည့် လက်ဆွဲအိတ် နှင့် အိပ်ရာလိပ်ကို တစ်ဖက်စီ ဆွဲကာ ထွက်လာခဲ့သည်။

# အခန်း (၃)

မခင်ရွှေသည် ကျောင်းအုပ်ဆရာကြီး၏ ဆောင်ရွက်ပေးချက်ဖြင့် သူစိတ်ဝင်စားသော ထိုမြို့ကြီးထဲကအိမ်မှာ ထမင်းလခ ရော၊ တည်းခိုသည့် အခန်းခရော သင့်လျော်သည့်နှုန်းဖြင့် အိမ်ရှင်တွေ ကျေနပ်လက်ခံသည့် ဧည့်သည် ဖြစ်သွားလေသည်။

ခြေတံရှည် တစ်ထပ်အိမ် ဖြစ်သော်လည်း အိမ်မှာ တော်တော်ပင်ကျယ်ဝန်းသောကြောင့် အခန်းဖြစ်သည်။ အိမ်ရှင် ဖြစ်နေသော ဇနီးမောင်နှံနာမည်မှာ ဦးဖေဆိုင်နှင့် ဒေါ်ငွေ ဖြစ်ကြောင်း သိရသည်။

"ဆရာမ အတွက် ကျုပ်တို့ပေးထားတဲ့ အခန်းက ဒီတစ်အိမ်လုံးမှာ အကောင်းဆုံး အခန်းပါပဲ။ ဟိုတစ်က ဝရန်တာ တွဲထားတော့ ဆရာမအတွက် အေးအေးလူလူ ဝရန်တာထွက်ပြီး စာလေးဘာလေး ဖတ်နေနိုင် တာပေါ့လေ။ တစ်ခုပဲ ဆရာမ ကို ကျုပ်တို့ ကြိုတင်ပြောချင်တာရှိပါတယ်။

လူမပြည့်အတွက် ဝင်ငွေထိခိုက်နေစဉ်မှာ သူတို့အိမ်သတင်းကို ကြားသိလျက်နှင့် လိုလိုချင်ချင် လာနေသော မခင်ရွှေကို ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့ ဇနီးမောင်နှံနှစ်ယောက်က ဝမ်းမြောက်ဝမ်းသာ ဖော်ရွေစွာ ဆက်ဆံပြီး မခင်ရွှေ စိတ်တိုင်းကျ ဖြစ်စေရန် အကောင်းဆုံး အခန်းကိုပေးသည်။ သူတို့ကိုယ်တိုင် အခန်းကို သန့်ရှင်းပေးသည်။ ထို့နောက် မခင်ရွှေကို ဦးဖေဆိုင် က ကြိုတင်ပန်ကြား လိုသောစကားကိုပြောသည်။

"ဘာပြောချင်လို့ပါလဲ ဦးလေးရယ်၊ ပြောစရာရှိတာ ပြောသာပြောပါ။ ကြိုတင်သိထားမှ ကျွန်မအနေနဲ့ နေတတ် ထိုင်တတ် သွားမှာ ဖြစ်ပါတယ်။ အားမနာပါနဲ့။ ဦးလေးတို့ စိတ်ထဲရှိတာကို သာပြောပါ"

မခင်ရွှေ က ပွင့်ပွင့်လင်းလင်း ပြောသည်။

ထိုအခါ ဦးဖေဆိုင်က ဇနီးသည်ဒေါ်ငွေကို လှည့်ကြည့်ပြီး

"ပြောပြလိုက်ပါ မငွေ၊ မင်းတို့မိန်းမချင်း ပြောကြတာက ပိုပြီးစုံလင်တာပေါ့"

ဟုဆိုကာ မခင်ရွှေနှင့် သူ့ဇနီးသည်ကိုထားခဲ့ပြီး အိမ်ပေါ်မှဆင်းသွားသည်။ ပြောလိုရာစကား တွေကို လွတ်လွတ် လပ်လပ် ပြောနိုင်ရန် ထွက်သွားသည့်သဘောဖြစ်သည်။

ဦးဖေဆိုင်နှင့် ဒေါ်ငွေကား နှစ်ယောက်လုံး အသက်လေးဆယ်ကျော် ငါးဆယ်တွင်းတွေ ဖြစ်သည်။ သားသမီး တစ်ယောက် မျှ မရှိပေ။

မခင်ရွှေသည် မနေ့က ဤမြို့သို့ ရောက်သည်နှင့် ချက်ချင်းသွားရောက်တွေ့ဆုံကာ သူတာဝန်လက်ခံရန် ရောက်လာပြီ ဖြစ်ကြောင်း သတင်းပို့သည်။ ယနေ့ဤအိမ်သို့ ပြောင်းလာသည်။ နေရေးထိုင်ရေးအတွက် ပြင်ဆင်ရန် ကျောင်းအုပ် ဆရာကြီး က ငဲ့ညှာသော စိတ်ဖြင့်ဤနေ့တစ်ရက် ခွင့်ပေးထားသည်။ ထို့ကြောင့် မခင်ရွှေ က သူ့အတွက်ရသည့် အခန်းမှာ ပါလာသည့် ပစ္စည်းလေးများ နေရာချထားနေသည်ကို ဒေါ်ငွေတို့ ဇနီးမောင်နှံက ကူညီရင်း စကားပြောနေကြခြင်း ဖြစ်သည်။

မခင်ရွှေ ရောက်လာပြီး အိမ်ခန်းလေးကို ပြင်ဆင်လုပ်ကိုင်ပြီးသည့်တိုင်အောင် မနေ့က မခင်ရွှေ တွေ့ခဲ့ရသည့် စိတ်နောက်နေသည်ဆိုသော မိန်းကလေးကို အရိပ်အယောင်မျှပင် မမြင်ရသေးချေ။ လူရိပ်လူယောင်ထား၍ လှုပ်ရှားသွားလာသည့် အသံကိုပင် မကြားရသည့်အတွက် မခင်ရွှေက များစွာ သိချင် နေသည်။

သို့သော် ... ရောက်လျှင်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်နေမည်စိုးသောကြောင့် မမေးသေးဘဲ အရိပ်အခြည် ကိုသာ မသိဟန်ဆောင် အကဲခတ်နေရသည်။

ယခု ဦးဖေဆိုင်ပြောမည့် စကားသည် ထိုမိန်းကလေးအကြောင်းပင် ဖြစ်ပေလိမ့်မည်ဟု မခင်ရွှေ တွေးလိုက် မိသည်။

မခင်ရွှေ တွေးမိသည့် အတိုင်းပင် ဒေါ်ငွေက ပြောပြသည်။

"ပြောစရာ ဆိုတာကတော့ တခြားမဟုတ်ပါဘူး ဆရာမ၊ ကျုပ်တို့သမီးလေးအတွက် ဆရာမမှာ စိတ်အနှောင့် အယှက် ဖြစ်မှာစိုး တဲ့ အကြောင်း ကြိုပြောမလို့ပါ"

"ဩော်... ဒေါ်ဒေါ်တို့မှာ သမီးရှိတယ်လား။ အခုအိမ်မှာ ရှိနေလား ဒေါ်ဒေါ်။ ဘာသံမှလဲ မကြားပါလား"

ဟု မေးလိုက်သည်။

"ရှိပါတယ်ဆရာမ။ သမီးက ဟိုလေ ... စိတ်နောက်နေတယ်။ ရူးနေတယ် ဆိုပါတော့ ဆရာမရယ်။ သူက အိမ် ကို ညေ့သည်လာရင် စိတ်နည်းနည်း ထတတ်တယ်။ ရိုက်မယ်၊ သတ်မယ် ဆိုတာမျိုး လုပ်တတ်တော့ အရင် ရောက်လာဖူးတဲ့ လူနှစ်ယောက် ပြောင်းပြေးကြရတယ်။ ကျုပ်တို့မှာ စားဝတ်နေရေး ကျပ်တည်း တော့ အခုလို အိမ်ပေါ် တည်းခိုသူ လက်ခံ၊ ထမင်းလခပေးကျွေး၊ တည်းခိုခယူဆိုရင် နည်းနည်း စားပေါက်လေး ချောင်တယ်ပေါ့ ဆရာမရယ်။ ဒီအရူးမကြောင့် လာဘ်ပိတ်သလို ဖြစ်နေတာ။ အဲဒီတော့ ဆရာမ အနေ နဲ့ ဒီအရူးမအတွက် စိတ်ညစ်ပြီး ပြောင်းပေးမှာ စိုးရိမ်မိတယ်"

ဒေါ်ငွေ ညည်းညူသံဖြင့် ပြောသည်။

မခင်ရွှေသည် သူ့ကို စိတ်ပျက်ဟန်ပေါ်နေသလား ဟူသော မယုံမရဲစိတ်ဖြင့် ဒေါ်ငွေ အကဲခတ် ကြည့် နေကြောင်း သိသည်။ ထို့ကြောင့် လေသံသွက်သွက်ဖြင့်ပင် ပြန်ပြောသည်။

"အခုတော့ နေတာအငြိမ်သားပဲ။ ဒီအတိုင်းဆိုရင်တော့ ကျွန်မအတွက် ဘာမှ စိတ်အနှောင့်အယှက် ဖြစ်မယ် မထင်ပါဘူး ဒေါ်ဒေါ်"

မခင်ရွှေစကားကြောင့် ဒေါ်ငွေ မဲ့ပြုံး ပြုံးလိုက်သည်။

"အင်း ... နွားပြာကြီးအကြောင်း မသိသေးလို့ပါ။ အကြောင်းသိရင် သားရေတောင် ဖင်ထိုင်ချင်မယ် မဟုတ်ဘူး ဆိုတဲ့ စကားပုံ ရိုင်းရိုင်းလို ဖြစ်နေပြီ။ အကြောင်းမသိတဲ့ လူကတော့ ဒီအတိုင်း ပြောကြတာပဲ။ ဒီကောင်မလေး က ဝမ်းတွင်းပါ အရူးတော့ မဟုတ်ဘူး။ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကမှ ရူးတာ။ သူရူးတာက တစ်မျိုးပဲ၊ သူ့မျက်နှာကို လူမြင်မခံဘူး ဆရာမရဲ့။ အမြဲခေါင်းငိုက်စိုက်ချပြီး ငုံ့နေတယ်။ ဘယ်သူ့ကိုမှ မျက်နှာချင်းဆိုင် မကြည့်ဘူး။ သူ့မျက်နှာကို အတင်းအကျပ် ချုပ်ကိုင်ပြီး မျက်နှာချင်းဆိုင်အောင် လုပ်လိုက် ရင် မျက်လုံး ကို တစ်အား မှိတ်ထားတယ်"

ဒေါ်ငွေ က စကားရပ်ပြီး ဆေးလိပ်တိုတို ဖွာနေသည်။

"ဘယ်လိုလဲ၊ သူတစ်ပါးနဲ့ မျက်လုံးချင်းဆိုင် မကြည့်ဝံ့တဲ့ သဘောမျိုးလား"

မခင်ရွှေက မေးသည်။

"ဘယ်လိုမှန်း ကို မသိပါဘူး ဆရာမရယ်။ သူတစ်ယောက်တည်းနေလည်း မျက်နှာကို အမြဲငုံ့နေတာပဲ။ အဲ မျက်နှာ ကို မငုံ့ချင်တဲ့အခါ ဘယ်လိုလုပ်နေတယ်မှတ်လဲ ဆရာမ"

ဒေါ်ငွေက ဆေးလိပ်တိုကို ချပြီး ပြန်မေးသည်။

"ဘယ်လိုလုပ်နေလဲ ဒေါ်ဒေါ်"

ဒေါ်ငွေက မကြည်ဖြူသော အသံဖြင့် ဖျစ်ညှစ်ရယ်ပြီး ပြောသည်။

"သူ့မျက်နှာကို အစဉ်အမြဲ လက်ဝါးနဲ့ အုပ်ထားတတ်တယ်။ ကျုပ်တို့ တိတ်တိတ် ချောင်းကြည့်ပေါင်း များပြီ။ သူ့တစ်ယာက်တည်း နေတဲ့အခါ သူ့မျက်နှာကို ဘယ်လိုလုပ်ထားလဲ သိချင်လို့လေ။ ငုံ့ရင်ငုံ့၊ မငုံ့ရင် လက်ဝါးအုပ်ထားတာချည်း တွေ့နေရတော့ ကြာတော့ ကြည့်ရမှာ ငြီးငွေ့ပြီး ဂရုစိုက် မကြည့်မိတော့ဘူး"

"အိမ်ပြင် ထွက်တဲ့အခါကော ဒေါ်ဒေါ်"

"ဘယ်မှ မကြည့်ဘူး၊ ခေါင်းကြီး ငိုက်စိုက်ချ ငုံ့ထားတာပဲ ဆရာမ"

ဒေါ်ငွေ့စကားကြောင့် မခင်ရွှေ၏ သံသယသည် ပိုပြီး ခိုင်လုံသလို ဖြစ်သွားသည်။ အိမ်ထဲမှာဖြစ်စေ၊ အိမ်ပြင်မှာဖြစ်စေ၊ မည်သည့်အခါမှ ဦးခေါင်းမမော့ခဲ့ပါဘူးဟု ဒေါ်ငွေက အခိုင်အမာ ပြောနေသော စိတ်ဝေဒနာရှင် မိန်းကလေးသည် မနေ့က မခင်ရွှေ တွေ့လိုက်စဉ်က သနားစဖွယ် ဝမ်းနည်းကြေကွဲသော မျက်နှာလေး ဖြင့် ဝေးလံသော ဒေသသို့ အားကိုးစရာ ရှာဖွေသည့်အလား ဝေးလံသည့်အရပ်သို့ မျှော်ကြည့် နေသည့် အသွင်ကို သေချာစွာ တွေ့ခဲ့ရသည်။

တစ်ခုခုတော့ သိုသိပ်လျှို့ဝှက်ချက် ရှိနေလေမည်လား။ ကလေးမလေးသည် တကယ် စိတ်နောက်နေခြင်း ဟုတ်နိုင်ပါမည်လား။ သူ့မျက်နှာကို လူမြင်မခံ။ သူတစ်ပါးနှင့် မည်သည့်အခါမျှ မျက်နှာချင်း မဆိုင်ဘဲ ရှောင်လွှဲမရသည့်အခါ မျက်လုံး စုံမှိတ်ထားခြင်း ဆိုခြင်းသည် အကြောင်း ရှိရပေမည်။ စိတ်နောက် ရူးသွပ်သူတို့ မျက်လုံးသည် လူကောင်းသူကောင်း မျက်လုံးမျိုးနှင့်မတူ၊ အတွင်းစိတ် မမှန်ကြောင်း၊ နောက်နေကြောင်း၊ ရူးနေကြောင်းကို ထင်ရှားသိသာသည့် လက္ခဏာကို ပြတ်ပြတ်သားသား ဖော်ပြသည့် မျက်လုံးမျိုးဖြစ်သည်။

ယခု ကလေးမလေးသည် မည်သူနှင့်မျှ မျက်လုံးချင်း မဆိုင်သည်မှာ သူ့မျက်လုံးသည် ရူးသွပ်နေသူ၊ စိတ်မမှန်သူ မဟုတ်သည့်အတွက် မျက်လုံးသဘောအမှန်ကို လူသိမည် စိုးသောကြောင့် ယခုလို အပြုအမူမျိုး ပြုမူနေခြင်းလား ဟူသော အတွေးကို မခင်ရွှေ တွေးလိုက်မိသည်။ မခင်ရွှေ တွေးနေစဉ်မှာ ဒေါ်ငွေ ဆက်ပြောလိုက်သည်။

"ဒီအရူးမအကြောင်း ဆရာမကလည်း စိတ်ဝင်စားပုံရပါတယ်။ နောက်ပြီး ဒီအရူးမကြောင့် ဆရာမ ဒီအိမ်က ပြောင်းမသွားဘူးလို့ ခိုင်ခိုင်လုံလုံပြောနေမှ ကျုပ်တို့လည်း စုံစုံလင်လင် ပြောပြ ရမှာပေါ့ ဆရာမ ရယ်"

ဒေါ်ငွေစကားကြောင့် မခင်ရွှေ ဝမ်းသာသွားသည်။ ဒေါ်ငွေက မည်ကဲ့သို့ပင် ပြောစေကာမူ မခင်ရွှေသည် သူ စိတ်ဝင်စား နေမိသော သူ့စိတ်မှာသံသယဖြစ်နေမိသော စိတ်ဝေဒနာရှင်မလေးအကြောင်းကို စုံလင်အောင် သိရတော့မည် ဖြစ်သည်။

ထို့ကြောင့် …

"ပြောပြပါ ဒေါ်ဒေါ် ကျွန်မက ဒီလို အကြောင်းမျိုးဆိုရင် သိပ်နားထောင်ချင်ပါတယ်"

ဟု တိုက်တွန်းလိုက်သည်။

ဒေါ်ငွေက ဆေးလိပ်တိုလေးကို အားပါးတရ သုံးလေးဖွာမျှလောက် ဆက်တိုက်ဖွာလိုက်ကာ ဆေးလိပ်တို လေးချပြီး ပြောပြသည်ကို မခင်ရွှေ စိတ်ဝင်စားစွာ နားထောင်နေသည်။

စိတ်ဝေဒနာရှင်လေး၏ နာမည်သည် မေစမ်းမြိုင်ဖြစ်သည်။ အသက်ဆယ့်ငါးနှစ်ခန့်က စပြီး စိတ်နောက်သည်မှာ သွေးရိုးသားရိုး နောက်ဟန်မတူဘဲ အရွယ်ရောက်လာစ မိန်းမပျိုတို့ သွေးသား ဖောက်ပြန်ကာ ကြင်ဖက်ကို လိုချင်ဇောဖြင့် စိတ်ဖောက်ပြန်သွားဟန် တူသည်။ အဘယ်ကြောင့်ဆိုသော် ဤအိမ် မှာ တစ်မြို့တစ်ရွာက ရောက်လာသည့် အစိုးရ အမှုထမ်းနှစ်ဦးကို တည်းခိုသည့်အခန်းခ ထမင်းလခ ယူပြီး လက်ခံဖူးကြောင်း၊ ထိုလူနှစ်ယောက်၏ အသက်အရွယ်မှာ တစ်ယောက်က အစိတ်သာသာရှိသည်။ တစ်ယောက် က လေးဆယ်ခန့်ရှိသည်။

ထိုယောက်ျား နှစ်ယောက်လုံးက သူတို့ကို မေစမ်းမြိုင်သည် ဦးခေါင်းငိုက်စိုက်ချလျက်နှင့် အားကိုးပါရစေဟူသော စကားများကို ဦးဖေဆိုင်နှင့် ဒေါ်ငွေလစ်သည့်အခါတိုင်း ပြောတတ်ကြောင်း၊ သူတို့က မည်သို့မှ မတုံ့ပြန်သောအခါ စိတ်ဆိုးပြီး သတ်မည့်၊ ရိုက်မည့်ဟန်မျိုးပြတတ်ကြောင်း၊ ထို့ကြောင့် မနေလိုတော့ကြောင်းပြောကာ ပြောင်းရွှေ့သွားကြသည်။

စိတ်ဝေဒနာရှင်လေး မေစမ်းမြိုင်အကြောင်းကို ဒေါ်ငွေက ဤမျှသာ ပြောပြီး မဲ့လိုက်သည်။

ထို့နောက် ချိုးဖွဲ့သော လေသံဖြင့် ဆက်ပြောလိုက်၏။

"ရူးတာက ရိုးရိုးမှ ရူးတာမဟုတ်ဘဲ ဆရာမရဲ့၊ ရိုင်းရိုင်းပြောရရင် ယောက်ျားသိပ်လိုချင်နေလို့ ရူးသွားတာ၊ ခက်တာက မရူးခင်က သူ့ကိုယ်သူ သီလရှင် လုပ်တော့မယ့်ဟန်မျိုး၊ ရသေ့ဝတ်ပြီး တောထွက်တော့မယ့် ဟန်မျိုးလုပ်နေခဲ့တော့ ဘယ်သူကမှလဲ မကြိုက်ကြဘူး၊ ဟန်လုပ်လွန်ပြီး ယောက်ျားသိပ်လိုချင်လာတဲ့ အခါကျတော့ ကြိုက်မယ့်သူ မရှိတော့ဘူးလေ၊ ဒီတော့ ရူးတော့တာပေါ့"

ဒေါ်ငွေစကားတွေကို ကြားရခြင်းဖြင့် သူတို့ ဇနီးမောင်နှံက သမီးကလေးဖြစ်ပါသည်ဟု ပြောနေစေကာမူ ပြောသည့် စကားတွေက သမီးအရင်းကို စေတနာထား ပြောသည့်စကားမျိုး မဟုတ်ကြောင်း များစွာ ထင်ရှားနေသည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီး ပြောလိုက်သည့်အတိုင်း ကွယ်လွန်ကုန်ကြသော ဤခြံရှင် ဇနီးမောင်နှံမှ မွေးစားခဲ့သည့် အားကိုးရာမဲ့ ဒုက္ခသည်လေးဖြစ်သည်ဟု မခင်ရွှေ အမှန်အတိုင်းပင် တွေးမိလိုက်သည်။

ဒေါ်ငွေက ဆက်ပြော၏။

"သူက အားကိုးပါရစေဆိုတာ ရှင်းရှင်းပြောရရင် မိန်းမကစပြီး လူပျိုလှည့်တာပေါ့။ အားကိုးပါရစေဆိုတာ သူ့ကို မယားအဖြစ် ယူပါလို့ ပြောတာနဲ့ အတူတူပဲ ဆရာမရဲ့"

မခင်ရွှေသည် ဒေါ်ငွေ့စကားကို ထောက်ခံခြင်း မပြုနိုင်ဘဲ ဒေါ်ငွေ မျက်နှာကိုသာ ငေးကြည့်နေသည်။

ဒေါ်ငွေသည် နှုတ်ဆိတ်နေသော မခင်ရွှေကို ကြည့်ကာ ...

"ဆရာမကို ကျွန်မပြောပြတာ သိပြီ ဟုတ်လား။ အဲဒါ စိတ်ချမ်းသာအောင်သာနေပါ။ ဆရာမက ယောက်ျား မဟုတ်ဘဲ မိန်းမဖြစ်နေတော့ သူအားကိုးပါရစေလို့ ပြောမှာလည်း မဟုတ်ဘူး။ အနားကိုလည်း လာမှာ မဟုတ်ဘူး"

ဟု ပြောသည်။

"သူ အားကိုးပါရစေဆိုတာက ယောကျားကိုသာ ရွေးပြောတာလား ဒေါ်ဒေါ်"

စဉ်းစားနေသော မခင်ရွှေကမေးသည်။

ဒေါ်ငွေက ရယ်ပြီး ဖြေသည်။

"ယောက်ျားတိုင်းကို ပြောတာ မဟုတ်ဘူး။ သူ ရူးတဲ့စိတ်နဲ့ ပြောမိပြောရာ ပြောတယ်ဆိုရင် ကျုပ်ယောက်ျား ကိုဖေဆိုင် လည်း ယောက်ျားပဲဟာ သူပြောမှာပေါ့၊ အခုတော့ မဟုတ်ပေါင်၊ ကိုဖေဆိုင် ကိုတော့ အနားလာတာတောင် မကြိုက်ဘူး။ ခေါင်းငိုက်စိုက်ချထားပေမယ့် ရန်မူမယ့်ဟန်မျိုး အသင့်ပြင်ထားတာ၊ သူ အားကိုးချင်တာက ကိုဖေဆိုင်ထက် ငယ်တဲ့လူ၊ လူလွတ်ကိုသာ အားကိုးချင်နေတာဆိုတော့၊ သူ့ရောဂါ ကို ဆရာမပဲ တွေးကြည့်တော့လေ၊ နောက်ပြီး ဆရာမ မေးသလို ယောက်ျားကိုပဲ ပြောတယ်၊ မိန်းမဖြစ်တဲ့ ကျွန်မကို မပြောဘူး"

ဒေါ်ငွေကပြောပြီး...

"ကဲ - ဆရာမလည်း တော်တော် စုံစုံလင်လင် သိလိုက်ပြီပဲ၊ ကြာကြာနေရင် ဒါထက်ပိုပြီး စုံစုံသိမှာပေါ့။ လုပ်စရာ ရှိတာ လုပ်ဦး၊ ရေမိုးချိုးချင်ရင် ခြံထဲက ရေတွင်းမှာ စက်သီးကြိုးတပ်ပြီး ရေပုံးအဆင်သင့်ရှိတယ်။ ကျုပ်လည်း ညနေစာချက်ဖို့ ဈေးပြေးလိုက်ဦးမယ်"

မနက်က ပြောင်းလာကာစကပင် မခင်ရွှေက ဈေးသုံးရန် ထမင်းလခကို ကြိုတင် ပေးထား လိုက်သောကြောင့် ဒေါ်ငွေ များစွာ ကျေနပ်သောစိတ်ဖြင့် ပြောကာ မခင်ရွှေအနား မှ ထသွားသည်။

"မငွေ နင်ဈေးသွားခိုက် ငါလည်း အိမ်ခွန်လေး သွားဆောင်လိုက်ဦးမယ်။ ပိုက်ဆံမရှိလို့ အိမ်ခွန်လာတောင်းတဲ့သူကို တောင်းပန် ဆိုင်းထားရတာ သုံးလေးရက် ရှိနေတာ နင်အသိပဲ"

ဦးဖေဆိုင် ပြောသည့်အတိုင်း အိမ်ခွန်ဆောင်စရာ မရှိသည်အတွက် ဆိုင်းငံ့ထားခဲ့ရသည်။ ယနေ့မှ မခင်ရွှေ ကြိုတင် ပေးသည့် ငွေလေးရပြီ ဖြစ်သောကြောင့် ဇနီးမောင်နှံနှစ်ယောက် တစ်ယောက်တစ်လမ်း ထွက်သွား ကြသည်။

မခင်ရွှေသည် သူ့အခန်းထဲမှာ ရေချိုးသွားရန် ပြင်ဆင်နေစဉ် သူ့နောက်ကျောပေးထား သော အခန်း၀ မှာ ညင်သာသော ခြေသံကို ကြားလိုက်မိသလိုလို ရှိသောကြောင့် လှည့်ကြည့်လိုက်သည်။

အခန်းတံခါး၀တွင် တံခါးပေါင်ကို မှီကာ ဦးခေါင်းငိုက်စိုက်ချပြီး ရပ်နေသော မိန်းကလေး တစ်ယောက်ကို မြင်ရသည်။ ထိုမိန်းကလေးကို မခင်ရွှေ တစ်ကြိမ်မျှ မမြင်ဘူးသော်လည်း သတင်းစကားကို စုံလင်စွာ ကြားသိပြီး ဖြစ်သည့်အတွက် တစ်ကြောင်း၊ အခန်း၀မှာ တွေ့မြင်လိုက် ရသည့် ရုပ်သွင်ကို သတိရသဖြင့် တစ်ကြောင်း၊ အခန်း၀မှာ တံခါးပေါင်ကို မှီပြီး ဦးခေါင်းငိုက်စိုက်ချကာ ရပ်နေသူလေးသည် သနားစဖွယ် စိတ်ဝေဒနာသည်လေး မေစမ်းမြိုင် ဖြစ်ကြောင်း ချက်ချင်းပင် သိလိုက်သည်။ ထို့ကြောင့် မခင်ရွှေသည် ချိန်ချိန်ဆဆ တွေးတောထားပြီးဖြစ်သည့်အတွက် စည်းကမ်းမဲ့စွာ သတိလက်လွတ် ကြောက်ရွံ့ခြင်း မဖြစ်ဘဲ ထို မိန်းကလေး ရှိရာသို့ ဖြည်းညင်းစွာသွားခြင်း ဖြစ်သည်။

"ညီမလေး"

မေစမ်းမြိုင်၏ ရှေ့လက်တစ်ကမ်းသာသာ အကွာမှာ ရပ်ပြီး မခင်ရွှေက အသံပေးလိုက်သည်။ အဟုတ်တကယ် ရူးသည် မရူးသည်ကို တပ်အပ်သေချာ မသိရသေးသောကြောင့် ရုတ်ခြည်း အတင့်ရဲစွာ အနား သို့ မခင်ရွှေက မကပ်လိုသေးချေ။ ထို့ကြောင့် ညင်သာသိမ်မွေ့သော အသံဖြင့် လက်တစ်ကမ်း သာသာ အကွာမှ အသံပြုလိုက်ခြင်းသာ ဖြစ်သည်။

မေစမ်းမြိုင်သည် ဦးခေါင်းကို မော့ကြည့်ခြင်း မပြုချေ။ သို့သော် မခင်ရွှေ၏ ကြင်နာသော အသံကိုမူ အသိအမှတ် ပြုဟန်တူသည်။ ကြမ်းပေါ်တွင် ရှိသေသော အမူအရာဖြင့် ပုဆစ်ဒူးတုပ် ထိုင်ချလိုက်သည်။ မျက်နှာကိုမူ ငုံ့မြဲတိုင်း ငုံ့ထားသည်။

စိတ်မမှန်သူက ရန်မူမည့် အရိပ်လက္ခဏာ မပြဘဲ ယဉ်ကျေးရိုသေသည့် အမူအရာကို ပြသောအခါ မခင်ရွှေသည် ရှေ့သို့ တိုးလာသည်။

"ညီမလေးကို မမ ချစ်ပါတယ်ကွယ်၊ မမ စိတ်ထဲမှာ ညီမအရင်းလေးလိုပဲ ထင်ပါတယ်။ ညီမလေး မျက်နှာ ကို မမ မြင်ရအောင် မော့ပြပါလား"

မခင်ရွှေက တောင်းတောင်းပန်ပန်ပြောသည်။ သို့သော် မေစမ်းမြိုင်သည် မော့ပြခြင်း မပြုချေ။ ငြိမ်သက်စွာ သာ နေသည်။ မခင်ရွှေကလည်း ဘာစကားမျှ ဆက်မပြောသေးဘဲ မေစမ်းမြိုင်ကိုသာ အကဲခတ် ကြည့်နေသည်။

မျက်နှာလေးကို ငုံ့ထားသော်လည်း အသားဖြူစင်ပြီး ချစ်စဖွယ် ရုပ်ရည်လေးဖြစ်ကြောင်း တွေ့ကရသည်။ ဦးခေါင်း က ဆံပင်တွေကမူ ဆီနှင့် ဝေးကွာခဲ့သည်မှာ နှစ်လ ရှည်ကြာခဲ့ဟန်တူသည်။ နီမြန်းကာ ဖွာရရာ ကြဲနေသည်။ ဒူးတုပ် ထိုင်နေသော ဒူးနှစ်ဖက်ပေါ်သို့ လက်နှစ်ဖက်ကို ကိုးရို့ကားရား အနေအထား မဟုတ်ဘဲ လက်ချောင်းလေးတွေကို ပူးကာ သပ်ရပ်စွာ တင်ထားသည်။ ဝတ်ထားသည့် ထဘီနှင့် အင်္ကျီသည် လက်နီး သာသာ အရောင်အဆင်းမျိုး ဖြစ်နေသည်။

ကိုယ်ခန္ဓာလေးသည် စိတ်ဝေဒနာကြောင့်လား၊ ဝလင်အောင် မစားရ၍လား၊ အရွယ်လေးနှင့် မလိုက်အောင် ပိန်လှီ လျော့ပါးနေသည်။

"ညီမလေး မျက်နှာကို မော့ပြပါလားကွယ်၊ ညီမလေးကို မမ ချစ်လို့ ညီမလေးကို အကူအညီ ပေးပါရစေ"

အတန်ကြာ အကဲခတ်ကြည့်နေပြီးမှ မခင်ရွှေက ပြောလိုက်သည်။

မေစမ်းမြိုင်သည် ကျောက်ဆစ်ရုပ်လေးတစ်ရုပ်လို ငြိမ်သက်စွာနေသည်။ ထို့နောက် ဒူးနှစ်ဖက်ပေါ်မှာ တင်ထား သည့် သူ့လက်နှစ်ဖက်ကို ခပ်လေးလေးမြှောက်ကာ မျက်နှာကို အုပ်ထားလိုက်ပြီးမှ မခင်ရွှေကို မော့ကြည့်သည်။ လက်ဝါးနှစ်ဖက်နှင့် မျက်နှာကို အုပ်ထားသော လက်ချောင်းများအကြားမှ မျက်ရည်တွေ စီးကျ လာသည်ကိုမူ မခင်ရွှေ တွေ့နေရသည်။

မခင်ရွှေသည် သူ့စိတ်ကိုသူ မဆုံးဖြတ်ရသေးမီမှာပင် သူ့ကိုယ်က မေစမ်းမြိုင်အပါး ရောက်သွားကာ ဒူးထောက်ထိုင် ပြီး လက်ဆစ်ဖက်က မေစမ်းမြိုင် ပခုံးကို ဖက်ထားလိုက်မိသည်။ ထိုအခါ မေစမ်းမြိုင်သည် နှုတ် က စကားတစ်လုံးမျှမပြောဘဲ မခင်ရွှေ ဖက်ထားသည်ကို လွတ်အောင် အသာရုန်းလိုက်သည်။

အကြမ်းပတမ်း ဆောင့်ထွက်ခါယမ်းခြင်းမပြုဘဲ၊ အသာအယာရုန်းလိုက်သည့်အတွက် မခင်ရွှေသည် သူဖက်ထားလိုက် မိသည်ကို သတိရကာ

"အေး ... အေး ... မမက ချစ်လို့ ဖက်ထားလိုက်မိတာပါ ညီမလေးရယ်"

ဟု ပြောပြောဆိုဆို လွှတ်ပေးလိုက်သည်။

စိတ်ဝေဒနာသည်လေး မေစမ်းမြိုင်သည် သူ့မျက်နှာကို ဖုံးထားသည့် လက်နှစ်ဖက်ကို သူကိုယ်တိုင် ဖြေချ လိုက်သော်လည်း မျက်နှာကိုမူ မမော့ဘဲ ငုံ့ထားမြဲထားလျက်က မခင်ရွှေအပါးမှ ညင်သာ သိမ်မွေ့ သော ခြေလှမ်းများဖြင့် ပြန်လည် ထွက်ခွာသွားသည်။

မခင်ရွှေ သူ့နောက်က လိုက်ကြည့်သောအခါ မေစမ်းမြိုင်သည် သူ့အတွက် ပေးထားဟန်တူသော အခန်းထဲသို့ ဝင်သွားပြီး တံခါးကို ပိတ်လိုက်လေသည်။

"ဘယ်နည်းနဲ့မှ အမှန်တကယ် စိတ်နောက်နေတာမဟုတ်ဘူး။ သမီးအရင်းလည်း မဟုတ်ဘူး၊ ဒီခြံကြီး ကလည်း မေစမ်းမြိုင်ရဲ့ မိဘတွေပိုင်တဲ့ခြံဆိုတော့ ဒီကလေးမလေးမှာ ကြီးမားတဲ့ စိတ်ဆင်းရဲစရာ အကြောင်းတစ်ခုရှိလို့သာ သူ့ကိုယ်သူ ဘေးကင်းအောင် ရူးချင်ဟန်ဆောင်နေတာ ဖြစ်ရမယ်"

ဟူသော အတွေးကို မခင်ရွှေ တွေးလိုက်မိသည်။

ထိုသို့တွေးလိုက်မိသည့် အတွေးကလည်း မေစမ်းမြိုင်ကို ကြင်နာသနားသည့် စိတ်မျိုး။ မေစမ်းမြိုင် ခံစား နေရ သည့် လျှို့ဝှက်သော အကြောင်းအချက်ကို သိလိုသည့် ဆန္ဒသည် မခင်ရွှေ မှာ ထက်ထက် သန်သန် ပေါ်လာသည်။

မေစမ်းမြိုင် ဝင်ရောက်သွားသည့်အခန်းသည် မခင်ရွှေအတွက် ပေးထားသည့် အခန်းနှင့် အခန်းနှစ်ခုအကြား သုံးပေမျှကျယ်သည့် လူသွားလမ်းကလေးသာ ခြားထားသည်။ ထိုလူသွားလမ်းကလေးမှ တစ်ဖက်သို့ ထွက်လိုက်လျှင် အိမ်အောက်သို့ဆင်းသည့် အိမ်ဘေးလှေကား ရှိလေသည်။

မခင်ရွှေ၏ အခန်းတစ်ဖက်မှာ တွဲထားသည့် ဝရန်တာမှ ကြည့်လိုက်လျှင်၊ ထိုအိမ်ဘေး လှေကားကို အထက်စီးမှ မြင်ရသည်။ မခင်ရွှေ အခန်းနှင့် မေစမ်းမြိုင်အခန်းသည် အိမ်ပဲ့ဘက်မှာ ရှိပြီး၊ အိမ်ဦးဘက်တွင် မူ ဦးဖေဆိုင်တို့ ဇနီးမောင်နှံ အိပ်သောအခန်း၊ ရှေးအခေါ် ကျက်သရေခန်းခေါ်သည့် ပစ္စည်းထားသည့် အခန်း နှင့် ဘုရားဆောင် ရှိလေသည်။

အိမ်ကြီးမှာ ရှေးဆန်သော အိမ်ကြီးဖြစ်သည်။ ဘုရားဆောင်ရှေ့မှစပြီး အိပ်ခန်းနှစ်ဖက်အကြား နောက်ဖေး မီးဖိုဆောင် အထိ ကြားနေရာသည် ဟာလာဟင်းလင်း ကျယ်ဝန်းနေပြီး သာမှု နာမှုအတွက် လူအများ နေသာထိုင်သာဖြစ်အောင်ပင် ကျယ်ဝန်းလေသည်။

ထို့ကြောင့် မခင်ရွှေအခန်းနှင့် မေစမ်းမြိုင် အခန်းနှစ်ခုအကြား လူသွားလမ်းမှ အိမ်အောက်ကို ဘေးလှေကားထိပ် တံခါးကို တိတ်တဆိတ်ဖွင့်ဆင်းမည်ဆိုလျှင် အိမ်ဦးခန်းဘက်မှ ဦးဖေဆိုင်တို့ ဇနီးမောင်နှံ အိပ်ပျော်နေပါက ဘေးကင်းရန်ကင်း ဆင်းနိုင် တက်နိုင်သည်။

မခင်ရွှေသည် အိမ်အနေအထားကို လျှောက်ကြည့်နေမိသည်။ နောက်ဘက်မီးဖိုဆောင်ကား တော်တော်ပင် ကျယ်သည်။ ရှေးဆန်သော အိမ်ဖြစ်သည့်အတွက် ယခုအိမ်တွေလို ထမင်းစားခန်း သီးသန့် မထားဘဲ မီးဖိုဆောင် ကျယ်ကျယ်ကြီးမှာ ချက်ပြုတ်သည့်နေရာ တစ်ပိုင်း၊ ထမင်းစားသည့်နေရာ တစ်ပိုင်း ဖြစ်သည်။

မခင်ရွှေက အိမ်အနေအထားကို လှည့်ကြည့်နေစဉ်မှာ မေစမ်းမြိုင် အခန်းက လှုပ်ရှားသည့် အရိပ်အယောင်၊ အသံဟူ၍ လုံးဝမကြားရ မမြင်ရချေ။

"ကောင်မလေး အခန်းထဲအောင်းပြီး ဘာလုပ်နေတာပါလိမ့်"

ဟု မခင်ရွှေက တွေးပြီး သူ့အခန်းသို့ ပြန်အရောက်မှာ ဒေါ်ငွေကလည်း စျေးကပြန်ရောက်လာသည်။

မခင်ရွှေသည် ဒေါ်ငွေလက်ထဲက စျေးခြင်းကို ကူညီဆွဲကာ မီးဖိုဆောင်သို့ ပို့ပေးသည်။ ချက်ပြုတ်ရာမှာ လုပ်ကိုင် ပေးသင့် သည်များကို ကူညီ လုပ်ကိုင်ပေးပြီး၊ ရေချိုးရန် ရေတွင်းရှိရာသို့ ဆင်းလာခဲ့သည်။

မေစမ်းမြိုင်နှင့် တွေ့ဆုံရသည့် အကြောင်းကိုမူ မခင်ရွှေ သည် ဒေါ်ငွေအား လေသံပင် မဟဘဲ နှုတ်ပိတ် ဆိတ်ဆိတ်နေလိုက်သည်။

# အခန်း (၄)

စိမ်းစိုညိုမှိုင်းသော သစ်ပင်ကြီးများဖြင့် အေးချမ်းသာယာ ဆိတ်ငြိမ်စွာသော ခြံကြီးကို မခင်ရွှေသည် များစွာ နှစ်ခြိုက်ကြည်နူးမိသည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီးက မြို့ထဲမှာ အိမ်ရှာမည် ပြောသည်ကိုပင် မရှာပါနှင့်၊ ဤအိမ်မှာ နေရေးထိုင်ရေး အဆင်ပြေသည်ဟု ပြောသောအခါ၊ မည်သူမျှ ငှား မနေချင်သော ဤလိုအိမ်မျိုးမှာ မခင်ရွှေ မြဲနေသည်ကို တအံ့တသြ ဖြစ်နေကြသည်။

ဦးဖေဆိုင်နှင့် ဒေါ်ငွေသည် မခင်ရွှေ၏ ခင်မင်နှစ်လိုဖွယ်ကောင်းသော ဆက်ဆံရေး၊ အိမ်အလုပ်ကို အလိုက်သိစွာ ကူညီလုပ်ကိုင်ပေးမှု၊ မေစမ်းမြိုင်နှင့် ပတ်သက်ပြီး မည်သည့်ပြဿနာမျှ မပေါ်ဘဲ အေးချမ်း နေခြင်း၊ တည်းခိုခ၊ ထမင်းစားခတွေမှာ ကျေနပ်အောင် ပေးနေသည်တို့ကြောင့် မခင်ရွှေကို များစွာ ခင်မင် နေကြသည်။

အိမ်စောင့်ပြီး မေစမ်းမြိုင်ကို ထိန်းသိမ်းဖော် ရနေသဖြင့်လည်း ဇနီးမောင်နှံနှစ်ယောက်သည် သူတို့ သွားလိုသည့် နေရာကို စိတ်ချလက်ချ သွားနေသည့်အပြင် တစ်ခါတစ်ရံ တစ်နေကုန်ပင် သွားနေတတ်ကြသည်။

ဤခြံသို့ မခင်ရွှေ ရောက်လာနေထိုင်သည်မှာ ငါးလကျော် ခြောက်လထဲကိုပင် ချဉ်းနင်း ဝင်ရောက် နေလေပြီ။

ဤကာလ အတောအတွင်းမှာ ဦးဖေဆိုင်နှင့် ဒေါ်ငွေ လစ်သည့်အခါတိုင်း မေစမ်းမြိုင်သည် ဦးခေါင်းစိုက်ချ၍သော်လည်းကောင်း၊ မျက်နှာကို လက်ဝါးဖြင့်အုပ်၍သော်လည်းကောင်း မခင်ရွှေ အနားကို မယောင်မလည် ကပ်လာတတ်သည်။

မေစမ်းမြိုင် ပိန်ချုံးနေသည့် အကြောင်းသည် စိတ်ဆင်းရဲမှုလည်း ပါပေမည်။ မခင်ရွှေ မျက်မြင် အကြောင်းကမူ ထမင်းဟင်းကို ဝလင်အောင် မကျွေးဘဲ မသေရုံသာ ကျွေးနေသည်ကို တွေ့နေရသည်။

တစ်ခါတစ်ရံ နေ့ကူးကျန်နေသည့် အနံ့မကောင်းတော့သော သိုးနေသော ထမင်းဟင်းကို ကျွေးသည့် အခါ ကျွေးသည်ကို ကျောင်းပိတ်၍ အိမ်မှာ မခင်ရွှေ ရှိနေခိုက် ကြုံကြိုက်သည့်အခါ သိလိုက်ရသည်။

ထမင်းကျွေးသည်မှာ အခန်းပြင်ဘက်ကို ခေါ်ကျွေးခြင်းမဟုတ်၊ ခွေးစာကျွေးသလို သံပန်းကန် တစ်ချပ်ထဲမှာ ထည့်ချင်သည့် ထမင်းဟင်းကို ထည့်ပြီး အခန်းထဲသို့ ပို့လိုက်သည်။ စားလိုစား မစားလိုနေ၊ ဝချင်ဝ မဝချင်နေ၊ ဘုရားစူးလွှတ် တာဝန်ကျေရုံသာ ကျွေးနေကြောင်း မခင်ရွှေကောင်းကောင်း သိလာရသည်။

"အပြင်ဘက် ခေါ်ကျွေးလို့မရဘူးဆရာမ၊ သူက ယောက်ျားသာလိုချင်နေတာ သူ့မျက်နှာကို လူမြင် ခံချင်တာ မဟုတ်ဘူး"

ဟူသော စကားကို ဒေါ်ငွေက ပြောသည်။

"ကျုပ်တို့မှာ ဒီသမီးတစ်ယောက်ကြောင့် စိတ်မချမ်းသာရဘူး ဆရာမ။ အစကတော့ တတ်နိုင်သမျှ ဂရုစိုက် ယုယခဲ့ပါတယ်။ ဆရာခေါ် ကုခဲ့ပါတယ်။ သူရူးပုံက တစ်မျိုး ဖြစ်နေတော့ ကြာတော့လည်း စားဖို့ သောက်ဖို့ ရှာရတာက တစ်မျိုး၊ သူ့အတွက် ဒုက္ခရောက်ရတာ တစ်မျိုးဆိုတော့လည်း မယုယနိုင်၊ ဂရုမစိုက်နိုင် တော့ဘူးလေ။ ကံတရားအတိုင်းပဲ လို့သာ သဘောထားရ တော့တယ် ဆရာမရေ့"

ဟု ဇနီးသည်နှင့် အတိုင်အဖောက်ညီစွာ ဦးဖေဆိုင်က ပြောသည်။

မခင်ရွှေသည် သူတို့ မိသားစုအရေးမှာ ဝင်ရောက်စွက်ဖက် ပြောဆိုစီမံပိုင်ခွင့် မရှိသည့်အလျောက် ဦးဖေဆိုင် နှင့် ဒေါ်ငွေက ပြောသည်ကို ကန့်ကွက်ခြင်း၊ ထောက်ခံခြင်း၊ အကြံဉာဏ်ပေးခြင်း၊ စီမံခြင်း မပြုဘဲ သူနှင့် မည်သို့မျှ မဆိုင်သူအဖြစ် ဦးဖေဆိုင်နှင့် ဒေါ်ငွေ ရှေ့မှာ ဟန်ကောင်းကောင်းဖြင့် နေလိုက် သည်။

ဆွေမဲ့ မျိုးမဲ့ တစ်ရပ်တစ်ရွာက ဝမ်းရေးကြောင့် ရောက်လာရသော မခင်ရွှေသည် မည်သူ့ အမုန်းကိုမျှ မခံလိုချေ။

ထို့ကြောင့်ပင် ဦးဖေဆိုင်နှင့် ဒေါ်ငွေသည် မေစမ်းမြိုင်နှင့် ပတ်သက်ပြီး မခင်ရွှေက မည်သို့မျှ ဂရုမစိုက်ခြင်း၊ စိတ်ဝင်စားခြင်း မရှိဟု ခိုင်လုံစွာ ယူဆနေကြသည်။

သို့သော် မခင်ရွှေသည် မြို့ထဲကို သွားသည့်အခါတိုင်း၊ ဈေးဘက်ကို ရောက်သည့် အခါတိုင်း တာရှည်ခံမုန့်မျိုးဖြစ်သော ဘီစကစ်၊ မုန့်ကြွပ်၊ ပဲလှော်၊ ကိတ်မုန့်ခြောက် စသည်များကို လုံလောက်အောင် ဝယ်လာခဲ့ပြီး သူ့အခန်းထဲမှာ ပုရွက်ဆိတ် မတက်အောင်၊ မှိုမတက်အောင် သန့်ပြန့်လုံခြုံစွာ သိမ်းထားသည်။

ဦးဖေဆိုင် နှင့် ဒေါ်ငွေ လစ်သည့်အခါတိုင်းမှာ သူ့အနားကို မယောင်မလည် ရောက်လာတတ်သော မေစမ်းမြိုင် ကို ဝအောင်ကျွေးသည်။ ကြင်နာယုယစွာ မေးမြန်းပြောဆိုသည်။

မေစမ်းမြိုင်ကို ကြည့်ရသည်မှာ နေမကောင်းဟု အထင်ရှိလျှင် သူ့မှာရှိနေသော ပြဒါးတိုင်ဖြင့် အဖျား တိုင်းကြည့် သည်။ သူဆောင်ထားသည့် ဆေးတွေထဲက သင့်လျော်သော ဆေးကို ဂရုစိုက်တိုက်သည်။

မေစမ်းမြိုင် နေသည့်အခန်းကို တတ်နိုင်သမျှ ရှင်းလင်းသန့်စင်ပေးသည်။ မေစမ်းမြိုင်ဝတ်သည့် အဝတ်ကို ဖာထေး ချုပ်လုပ်ပေးသည်။ သူ့မှာ ရှိသည့်အဝတ်ကို ပေးလိုသော်လည်း ဦးဖေဆိုင်နှင့် ဒေါ်ငွေက တစ်မျိုးတစ်မည် ထင်လျှင်၊ သံသယဖြစ်လျှင် သူသိလိုသည့် မေစမ်းမြိုင်နှင့် ပတ်သက်သည့် အကြောင်းတွေကို စုံစမ်းရခက်နေမည် စိုးသောကြောင့် မပေးခဲ့ချေ။

သို့နှင့်ပင် အချိန်ကာလ ခြောက်လတိုင် ကြာလာခဲ့သည်။ မေစမ်းမြိုင်သည် မခင်ရွှေကျွေးသည့် အစာကို သေသပ် စွာ စားသောက်သည်။ မခင်ရွှေ ပြုစုယုယသည်ကို ငြိမ်ဝပ်စွာ ခံယူသည်။ မခင်ရွှေ တိုက်သည့် ဆေး ကို မငြင်းမဆန် သောက်သည်။ သို့သော် မျက်နှာကိုမူ ငုံ့မြဲတိုင်း၊ အုပ်ထားမြဲတိုင်း။

ဦးဖေဆိုင်နှင့် ဒေါ်ငွေအလစ်မှာ သူတို့နှစ်ယောက် ရင်းနှီးကြင်နာ ချစ်ခင်စွာ ဆက်ဆံနေကြသည်ကို ဦးဖေဆိုင် နှင့် ဒေါ်ငွေ လုံးဝမရိပ်မိကြချေ။

ခြောက်လမျှကြာသော ကာလအတွင်းမှာ မခင်ရွှေသည် သူနှင့် မေစမ်းမြိုင်တို့ အဆက်အသွယ် ရှိနေကြသည်ကို လေသံပင် မဟဘဲထားသောအခါ မေစမ်းမြိုင်သည် ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့ မရှိသည့် အချိန် မခင်ရွှေ အပါးသို့ရောက်လာလျှင် ယခင်ကလို မျက်နှာကို ငုံ့ထားခြင်း၊ လက်ဖြင့် ဖုံးလွှမ်း ကွယ်ဝှက် ထားခြင်း မပြုတော့ဘဲ မျက်နှာကို ခပ်လွှဲလွှဲသာ ထားနေသည်။

"ညီမလေးရယ်၊ မမ စေတနာကို သိလောက်ပါပြီ။ မမကို မကွယ်ဝှက်ပါနဲ့နော်။ အမှန်အတိုင်းပြောစမ်းပါ။ ညီမလေး စိတ်နောက်နေတာ မဟုတ်ပါဘူး။ အကြောင်းတစ်ခုခု ရှိနေလို့ ဘေးကင်းအောင် ညီမလေး ဟန်ဆောင် နေတာမဟုတ်လား"

ဦးဖေဆိုင်နှင့် ဒေါ်ငွေအလစ်မှာ မခင်ရွှေက စေတနာကောင်းကောင်းဖြင့် ကျွေးမွေးသည့်အတွက် ငေါ်ငေါ် မွတ်မွတ် နေခဲ့ရ၍ ပိန်ချုံးနေသော မေစမ်းမြိုင်၏ ပြည့်ဖြိုးလာသော မျက်နှာလေးကို လည်းကောင်း၊ အသားအရေ ပြည့်လာသော ကိုယ်လုံးလေးကိုလည်းကောင်း၊ မခင်ရွှေက နှစ်သိမ့်စွာကြည့်ပြီး တောင်းတောင်းပန်ပန် ပြောလိုက် သည်။

ထိုအချိန် မှာ ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့က အိမ်မှာ မရှိကြချေ။

"ဆရာမရေ မနက်ဖြန် စနေနေ့ပဲ။ ဆရာမတို့ ကျောင်းပိတ်တာနဲ့ အတော်ပဲ။ ဟိုဘက်ရွာက မိတ်ဆွေတစ်ဦးက အလှူဖိတ်ထားတယ်လေ။ ညအိပ်လာပါဆိုလို့ ကျုပ်တို့သွား မယ်နော်။ အရှူးမနဲ့ ဆရာမ နေလို့ဖြစ်နေပြီပဲ။ တနင်္လာနေ့ မနက်မှ ပြန်လာခဲ့မယ်"

ဟူသော ကြောင့်ကြမဲ့၊ တာဝန်မဲ့စကားကို ပြောကာ အိမ်မှာ ခွာနေကြသည့်အချိန်ဖြစ်သည်။

မခင်ရွှေက ထိုနေ့အဖို့ ထမင်းဟင်းကောင်းစွာ ချက်ကာ မေစမ်းမြိုင်ကို ကြင်နာစွာ ကိုယ်တိုင်ခူးခပ်ထည့်ကျွေးပြီး မေစမ်းမြိုင် ထမင်းစားပြီးသည့်အခါမှ တောင်းပန် မေးမြန်းပြောဆိုလိုက်ခြင်း ဖြစ်သည်။

မေစမ်းမြိုင်သည် ဤမျှလောက် အချိန်ကာလအတွင်းမှာ မခင်ရွှေ၏ ကျွေးမွေးခြင်း၊ ယုယပြုစုခြင်းတို့ကို မငြင်းမဆန် ခံယူခဲ့သော်လည်း မခင်ရွှေကို စကားတစ်ခွန်းမျှ မပြောခဲ့ဘူးသေး ချေ။ ယခု မခင်ရွှေက တောင်းပန်သော အခါ မေစမ်းမြိုင်သည် သူလုပ်နေကျ အမူအရာဖြစ်သော မျက်နှာကို ခပ်လွဲလွဲ ထားသည်ကို ပြင်လိုက်သည်။ မခင်ရွှေဘက်ကို တည့်တည့် လှည့်ကြည့်လိုက်သည်။

မခင်ရွှေက သူ့ဘက်ကို ဖုံးလွှမ်းကွယ်ဝှက် လွှဲဖယ်ခြင်းမရှိဘဲ ရင်ဆိုင်လိုက်သော မေစမ်းမြိုင်၏ မျက်လုံး သည် ရူးသွပ်သူတို့ မျက်လုံးမျိုး မဟုတ်ဘဲ၊ ပကတိ မျက်လုံး၊ ကြည်လင်တည်ငြိမ်သည့် မျက်လုံး ဖြစ်ကြောင်း ကို မခင်ရွှေ တော့်လိုက်ရသောအခါ သူ ကြိုတင် တွေးထင်ထားချက် မှန်ကြောင်းကို သိလိုက်ရသည်။

သူတွေးထင်ချက် မှန်သောကြောင့် မခင်ရွှေ ဝမ်းသာလှပါသည်။ မေစမ်းမြိုင်၏ တည်ငြိမ်သည့် မျက်လုံးကို မြင်ရခြင်းဖြင့် ဦးဖေဆိုင်နှင့် ဒေါ်ငွေ ပြောခဲ့သလို မေစမ်းမြိုင်သည် ယောကျ်ားလိုချင်လွန်းသောကြောင့် စိတ်ဆန္ဒ အားကြီးပြီး ရူးခြင်း ဖြစ်သည် ဆိုသည်မှာ မည်သို့မျှ မဟုတ်နိုင်ကြောင်း၊ ယခင်က နေသွား ခဲ့ဖူးသည့် လူနှစ်ယောက်ကို အားကိုးပါရစေ ဆိုသည်မှာ အပူသောက အကြောင်းရှိသောကြောင့်သာ အကူအညီ ရလိုရငြား တောင်းခံခဲ့ဟန်တူသည်ဟု စဉ်းစားခဲ့ဖူးသည်မှာ မှန်လိမ့်မည်ဖြစ်ကြောင်း တွေးလိုက် သည်။

"ဝမ်းသာလိုက်တာ ညီမလေးရယ်၊ ညီမလေး မျက်နှာနဲ့ မျက်လုံးကို မမြင်ရခင်ကဘဲ၊ ညီမလေးမှာ စိတ်ဆင်းရဲစရာ အကျဉ်းအကျပ် တစ်ခုခု ရှိနေလို့သာ ဘေးကင်းရန်ကင်း ဖြစ်အောင် ရူးဟန်ဆောင်နေတာလို့ မမ တွေးခဲ့ဖူးပါတယ်။ ဟုတ်တယ်နော်ညီမလေး"

မခင်ရွှေက ကြင်နာစွာ ပြောသောအခါ မေစမ်းမြိုင်သည် သူ့ကို ဖက်ထားသော မခင်ရွှေကို ပြန်ဖက်ပြီး ဝမ်းနည်းပူဆွေးနေသူသည် အားပေးနှစ်သိမ့်သူ ပေါ်လာသောအခါ မျက်ရည်မဆည်နိုင် ဖြစ်ရသည့်နည်းတူ မေစမ်းမြိုင် သည် မျက်ရည်မဆည်နိုင်အောင် ဖြစ်နေရှာသည်။

"တိတ်ပါ ညီမလေးရယ် မမ တတ်နိုင်သလောက် အစွမ်းကုန် ကူညီပါ့မယ်။ သူတို့နှစ်ယောက် ပြန်မရောက်ခင် မှာ ညီမလေးအတွက် ကိစ္စပြီးတန်သရွေ့ ပြီးသွားပါစေ ပြောစရာရှိတာကိုသာပြောပါ။ ညီမလေး အတွက် မမ နှုတ်လုံမယ်၊ သစ္စာရှိမယ်ဆိုတာကို ယုံပါ ညီမလေး"

မခင်ရွှေက မေစမ်းမြိုင်၏ မျက်ရည်တွေကို သုတ်ပေးရင်း ပြောသည်။

မေစမ်းမြိုင်သည် အသံမထွက်ဘဲ ရှိုက်နေရာမှ အရှိုက်ရပ်ဆိုင်းသွားအောင် စောင့်နေဟန်ဖြင့် အတန်ကြာ ငြိမ်နေသည်။ ထို့နောက် သူ့နှုတ်ခမ်းကို လက်ဖြင့် ဖိကပ်ပြကာ ဦးခေါင်းခါ ပြသည်။

ခါပြလိုက်သည့် ဦးခေါင်းနှင့်အတူ ဖြိုင်ဖြိုင်ကျနေသည့် မျက်ရည်တွေက လေတိုက်လိုက်သည့် မိုးပေါက်များ လို လွင့်စဉ်သွားသည်။

မခင်ရွှေ သည် မျက်လုံးဝိုင်းသွားသည်။

"ညီမလေး စကားမပြောနိုင်ဘူးလား" ဟု ထိတ်လန့်စွာ မေးလိုက်မိသည်။

မေစမ်းမြိုင်က ဦးခေါင်းညိတ်ပြသည်။ ထို့နောက် သူစာရေးတတ်ကြောင်း လက်ဟန်ဖြင့် ပြသည့်အတွက် ....

"ဖြစ်မှ ဖြစ်ရလေနော်" ဟု မခင်ရွှေသည် ညည်းညူလိုက်ရာတွင် သူကိုယ်တိုင်ပင် ငိုသံပါသွားမိသည်။

ဦးဖေဆိုင်နှင့် ဒေါ်ငွေ က ရောက်လာသည့် ယောကျ်ားနှစ်ယောက်ကို အားကိုးပါရစေ ပြောသည့်အတွက် ယောကျ်ား နှစ်ယောက်လုံး ထွက်ပြောင်းကြောင်း ပြောခဲ့သည်။ ယခုမေစမ်းမြိုင်က သူစကား မပြောတတ်သည့် ဆွံ့အနေသူ ဖြစ်ကြောင်း နားလည်နေသည်။

မေစမ်းမြိုင် နှင့် ပတ်သက်သော အကြောင်းတွေသည် သေးနတ်သည့် အကြောင်းတွေ မဟုတ်ကြောင်း မခင်ရွှေ စဉ်းစားလိုက်မိသည်။

ထို့ကြောင့် ...

"ဒီနေ့ စနေနေ့ ညီမလေး၊ ညီမလေးရဲ့ အဖေနဲ့ အမေကိုညအိပ်ထွက်သွားကြတာ တနင်္လာနေ့မနက်မှ ပြန်လာခဲ့မယ် လို့ ပြောသွားကြတယ်။ ညီမလေး လွတ်လွတ်လပ်လပ် အချိန် တွေရပါတယ်။ နှုတ်က စကား မပြောနိုင်ရင် စာနဲ့ရေးပြောနိုင် မလား"

"နေဦး ညီမလေး မမစာရွက်နဲ့ ခဲတံသွားယူဦးမယ်"

ဟုပြောကာ သူနေသည့် အခန်းသို့ လျင်မြန်စွာ လာခဲ့သည်။

ဗလာစာအုပ် တစ်အုပ်နှင့် ချွန်ထားပြီးသော ခဲတံတစ်ချောင်းကို ယူလာကာ မေစမ်းမြိုင်လက်ထဲသို့ ထည့်လိုက် သည်။

"ညီမလေး ရေးချင်တာတွေကို စုံစုံလင်လင် ရေးနော်၊ အကြောင်းစုံကို ရေလည်အောင်သိရမှ မမ ကူညီတဲ့ နေရာ မှာ အဆင်ပြေလွယ်ကူမှာ"

ဟု မခင်ရွှေက ပြောသောအခါ မေစမ်းမြိုင်သည် ဦးခေါင်းကို ညိတ်ပြရှာသည်။ မခင်ရွှေက မေစမ်းမြိုင် ကို သူ စာရေးသည့် ခုံကလေးကို ရွှေ့ပေးထားခဲ့သည်။ လွတ်လပ်စွာ ရေးချင်ရာရေးနိုင် အောင် မေစမ်းမြိုင် အနားမှ ထွက်လာခဲ့ပြီး ကျောင်းနှင့် ပတ်သက်သော အလုပ်တွေကို လုပ်နေလိုက်သည်။

အလုပ်ပြီး၍ ကြည့်လိုက်သောအခါ မေစမ်းမြိုင်သည် စာရေးနေဆဲပင် တွေ့ရသောကြောင့် အနောက်အယှက် မပေးဘဲ မီးဖိုဆောင်သို့ သွားကာ နစ်ယောက်စာ ထမင်းဟင်းကို ချက်ပြုတ်သည်။ မေစမ်းမြိုင် အတွက် ကောင်းနိုးရာရာ ဖွယ်ဖွယ်ရာရာ ဟင်းလေးကို စီမံချက်ပြုတ်နေလိုက်သည်။

ညနေစာ ထမင်းစားချိန် ရောက်သောအခါမှာလည်း မေစမ်းမြိုင်သည် စာရေး၍ မပြီးသေးချေ။ ပေးထားသည့် ခဲတံ တုံးနေသည်ကို တွေ့ရသောမခင်ရွှေက ယူချွန်ပေးလိုက်သည်။ နောက်ထပ် ခဲတံ အပိုတစ်ချောင်းကိုပါ အဆင်သင့် ဖြစ်အောင် ချွန်ပြီး ပေးထားလိုက်သည်။

"ကဲ ညီမလေး ထမင်းစားကြရအောင် အချိန်လွန်သွားရင် မကောင်းဘူး။ ထမင်းစားပြီးမှ ဆက်ရေးနော်"

ဟုပြောသော အခါ မေစမ်းမြိုင်သည် မခင်ရွှေကို ကျေးဇူးတင်စွာ မော်ကြည့်ပြီး မငြင်းမဆန် ထလိုက် လာသည်။

ထမင်းစားပြီးသောအခါ မေစမ်းမြိုင်ကို ဘာမျှမလုပ်စေဘဲ စာဆက်ရေးခိုင်းလိုက်ပြီး မခင်ရွှေက လုပ်ကိုင် သိမ်းဆည်း စရာတွေကို သွက်လက်ဖျတ်လက်စွာ လုပ်ကိုင်နေလိုက်သည်။ မီးဖိုချောင် ကိစ္စပြီးသော အခါ ဝင်းတံခါး၊ အိမ်တံခါးတွေ ကို မခင်ရွှေက သေချာစွာ ဂရုစိုက်ပိတ်လိုက်ပြီး ဘုရားခန်းသို့ လာခဲ့သည်။

ဤအိမ်သို့ မခင်ရွှေ ရောက်လာသည့်အချိန်က ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့သည် မည်မျှလောက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကို ကြည်ညိုလိုက်ပါသနည်း ဆိုသော် ဘုရားခန်းလေးတစ်ခုလုံးသည် ခြေချရန်ပင် မဝံ့ရဲအောင် အမှိုက်တွေ ဖုန်တွေ တင်းကျပ်နေသည်။ ဘုရားဆောင်ထက်ဝယ် ဘုရားဆင်းတုတော် နှင့် ဘုရားပုံတော် ပန်းချီးကားဝေး၍ ဘုရားပန်း ပင် မရှိ။ တုံးလုံးလဲနေသော မြေညောင်ရေအိုး တစ်လုံးကိုသာ တွေ့ရသည်။

မခင်ရွှေ ရောက်လာပြီးမှ မခင်ရွှေသည် ဘုရားခန်းကို အထူးဂရုစိုက်ပြီး ရှင်းလင်းသုတ်သင်သည်။ သန့်ရှင်း စင်ကြယ် အောင် ပြုပြင်သည်။ ဘုရားပုံတော် ပန်းချီကားတစ်ချပ်ကို မှန်ဘောင်သွင်းပြီး တရိတသေ ချိတ်ဆွဲ ထားသည်။ ဖန်ညောင်ရေအိုး သုံးလုံးကိုဝယ်ကာ ဘုရားပန်းမညှိုးစေရန် အထူးဂရုစိုက်သည်။ ညစဉ် ဖယောင်းတိုင် ထွန်းညှိ ပူဇော်သည်။

ထို့ကြောင့် ဘုရားဆောင်လေးသည် သပ်သပ်ရပ်ရပ်နှင့် ကြည်ညိုဖွယ် ဖြစ်လာခဲ့သည်။

ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့သည် မခင်ရွှေ သတိထားမိသလောက်ဆိုလျှင် ဘုရားရှိခိုးကန်တော့သည် ကို တစ်ကြိမ်မျှ မတွေ့ခဲ့ရဘူးချေ။ ဗုဒ္ဓဘာသာဝင်တွေမှ ဟုတ်ပါမည်လားဟုပင် မခင်ရွှေ တွေးလိုက် မိသေး သည်။

ယခု ဦးဖေဆိုင်နှင့်ဒေါ်ငွေ တို့ မရှိခိုက်မှာ မေစမ်းမြိုင် စာရေးနေသည်ကို အနှောင့်အယှက်လည်း ကင်းစေ စောစော ဘုရားရှိခိုး ထားပြီးလျှင် မေစမ်းမြိုင် စာရေးသည့်အခါ အေးအေးဆေးဆေး စာဖတ်နိုင်၊ စကားပြောနိုင်သည်ဟူသော စီစဉ်ချက်ဖြင့် မခင်ရွှေက ဘုရားဆောင်သို့လာကာ ခါတိုင်းထက် အချိန်ကြာကြာယူပြီး ဘုရားရှိခိုး ပုတီးစိပ်နေလိုက်သည်။

မခင်ရွှေ ဘုရားဆောင်ထဲက ပြန်ထွက်လာသောအခါတွင်မူ မေစမ်းမြိုင်သည် သူရေးသားထားပြီးသည့် စာအုပ်လေးကို အနားမှာ ချထားကာ ဘုရားဆောင်အဝတွင် ဒူးတုပ်ထိုင်ကာ ဘုရားရှိခိုးနေ သည်ကို တွေ့ရသည်။

မေစမ်းမြိုင်က ဘုရားကိုကန်တော့ပြီးသောအခါ သူရေးထားပြီးသည့် စာအုပ်လေးကို မခင်ရွှေလက်သို့ ရိုသေစွာ လှမ်းပေးသည်။

မခင်ရွှေက စာအုပ်လေး လှမ်းယူသည်။ အချိန်ကြာရှည်စွာ စာထိုင်ရေးနေသည့်အတွက် မေစမ်းမြိုင် ပင်ပန်း ညောင်းညာ နေမည်ကို တွေးမိသည်။ ထို့ကြောင့် မေစမ်းမြိုင် အနားယူအိပ်စက်သွားသည့် အခါမှစာတွေကို အေးဆေးစွာ ဖတ်တော့မည်။ နောက်တစ်နေ့သည် ကျောင်းပိတ်သည်။ ဦးဖေဆိုင် တို့လည်း ပြန်လာမည် မဟုတ် သေးသော ကြောင့် မေစမ်းမြိုင်နှင့် စကားပြောရန် အချိန်များစွာ ရသေးသည်ဟု တွေးမိလိုက်သည်။

ထို့ကြောင့် မေစမ်းမြိုင် အတွက် မနက်က ဝယ်ထားသည့် နွားနို့ကျိုပြီးသားလေးကို သကြားဖြင့် ဖျော်ကာ-

"ရော့ ညီမလေး သောက်ပြီး စိတ်အေးအေးထားအိပ်လိုက်ဦးနော်၊ ဒီနေ့ ညီမလေး စာတွေရေးနေ ရလို့ ညောင်းနေ ပင်ပန်း နေတယ်။ နောက်တစ်နေ့မှ တို့ညီအစ်မနှစ်ယောက် စကားဆက်ကြသေး တာပေါ့"

ဟု သာယာညင်းပြောင်းစွာ ပြောသောအခါ မေစမ်းမြိုင်သည် မငြင်းမဆန် ဦးခေါင်းညိတ်ပြရှာသည်။ မခင်ရွှေက မေစမ်းမြိုင်ကို နွားနို့တိုက်လိုက်ပြီး သူ့အိပ်ရာထဲ ရောက်အောင်လိုက်ပို့လိုက်သည်။ ကလေးငယ် တစ်ယောက် ကို မိခင် က သိပ်သလို ဂရုစိုက်ကြင်နာစွာ စောင့်သိပ်ပြီးမှ သူနေသည့် အခန်းသို့ ပြန်လာခဲ့သည်။

ဤအိမ်မှာ လျှပ်စစ်မီး မရှိချေ။ ရေနံဆီမှန်အိမ်ကိုသာထွန်းသည်။ မေစမ်းမြိုင် အခန်းမှာ မည်သည့် အခါမျှ မီးရောင် မတွေ့ခဲ့ကြောင်း မခင်ရွှေက သိခဲ့သည့်အတွက် ဦးဖေဆိုင်နှင့်ဒေါ်ငွေတို့ မရှိသည့် ဤအချိန်မှာ မခင်ရွှေ က မေစမ်းမြိုင်အခန်းမှာ မှန်အိမ်လေးကို လင်းလင်းထွန်းပေးလိုက်သည်။ ကျယ်ဝန်းသော အိမ်အိုကြီး တွင် ဘုရားဆောင်မှာ မခင်ရွှေ ထွန်းညှိပူဇော်ထားသော ဘုရားမီးရောင် မခင်ရွှေအခန်းက မှန်အိမ်မီးရောင်နှင့် မေစမ်းမြိုင်အခန်းက မှန်အိမ်မီးရောင်သာရှိပြီး အခြားနေရာတွေမှာ မှောင်နေသည်။ ကျယ်ဝန်းသော ခြံကြီးမှာလည်း ကြီးမားသော သစ်ပင်ရိပ် များကြောင့် မှောင်မည်းနေသည်။

သို့သော် အိမ်တံခါးတွေမှာ ခိုင်ခံ့ လုံခြုံသည့်အတွက် သတ္တိကောင်းရင်းစွဲရှိသော မခင်ရွှေသည် ကြောက်စိတ် မရှိချေ။

အိမ်ခန်းတံခါး ကို သေချာစွာပိတ်ပြီးသောအခါ မခင်ရွှေသည် အိပ်ရာခေါင်းရင်းဘက်၏ ခုံလေးပေါ်မှာ ရှိနေသည့် မှန်အိမ် ကို မီးစာမြှင့်လိုက်၏။ မှန်အိမ်အလင်းရောင်က ပိုလာသည်။ မခင်ရွှေက အိပ်ရာပေါ်မှာ သက်တောင့် သက်သာ လဲလျောင်းပြီးမှ မှန်အိမ်အလင်းရောင်ဖြင့် မေစမ်းမြိုင်ရေးသားသည့် စာတွေကို ဖြည်းဖြည်း ဆေးဆေး ဖတ်လိုက်သည်။

# အခန်း (၅)

ကျေးဇူးကြီးပါသော မမကို ကျွန်မ ဘာဖြစ်ခဲ့သည် ဆိုခြင်းကိုအမှန်အတိုင်းရေးပြပါ့မယ်။

ကျွန်မ မိဘနှစ်ပါး နာမည်က ဦးတောက်ထွန်း၊ ဒေါ်ညွန့်ရီဖြစ်ပါတယ်။ သားသမီးဆိုလို့ ကျွန်မ တစ်ယောက်တည်း ပဲ မွေးဖွားခဲ့ကြပါတယ်။ ကျွန်မနာမည်ကိုလည်း မေစမ်းမြိုင်လို့ မှည့်ခေါ် ထားကြောင်း မေမေက ပြောပြခဲ့ဖူးပါတယ်။

မေစမ်းမြိုင်ရေးသည့်စာကို ဖတ်နေသော မခင်ရွှေသည် ဤနေရာသို့ ရောက်သောအခါ စာကို ဆက်မဖတ်နိုင်ဘဲ ခေတ္တမျှ ရပ်ထားလိုက်မိသည်။

"ရေပြာအိုင်ရွာ က စမ်းမြိုင်ခြံကြီး"

မခင်ရွှေ သည် နှုတ်မှ တီးတိုးရေရွတ်လိုက်မိသည်။

ရေပြာအိုင်ရွာမှ စမ်းမြိုင်ခြံကြီးအကြောင်းကို တပည့်လေး တစ်ယောက်၏ အဘိုး က ခရေစေ့တွင်းကျ ပြောပြခဲ့ဖူးသည်။ စမ်းမြိုင်ခြံကြီးကို အမွေဆက်ခံခဲ့သော ကိုမြစိန်နှင့်ဇနီးဖြစ် သူတို့ မိုက်မဲမှု၊ အဆင်ခြင် ကင်းမဲ့မှု၊ တန်ဖိုးမသိမှုတို့ကြောင့် ခြံမြေကြီးတစ်ခုလုံး ခြောက်သွေ့သော ကန္တာရဖြစ်နေသော ခြံမြေကြီးကို စမ်းရေပြန်လည် စိမ့်ထွက်အောင် ကြိုးစား ပြုပြင်ခဲ့သည်။

ငွေအတွက် ကြောင့် ဇာတိမာန်ပျက်ကာ အဖိုးတန်ခြံမြေကြီးကို လူမျိုးခြားလက်ထဲ ထိုးအပ် လုဆဲဆဲ ဖြစ်နေသော အမွေခံ မောင်စိန်းမောင် ကို တရားဟော သိမ်းသွင်းကူညီခဲ့၏။

ထို့ကြောင့် မောင်စိန်းမောင်က သူ့ကိုမေတ္တာရှိလာခဲ့သည်။ ထို့ကြောင့်ပင် ရေပြာအိုင်ရွာသူ ရွာသားတွေ စိတ်ဝမ်းကွဲစရာ တွေ ဖြစ်လာသည်။ ထို့ကြောင့်ပင် မခင်ရွှေသည် ရေပြာအိုင်ကို စွန့်ခွာထွက်လာခဲ့သည်။ ရေပြာအိုင်ရွာ စမ်းမြိုင်ခြံကြီးနှင့် မောင်စိန်းမောင်ကို မေ့ပျောက်ထားခဲ့ရာမှ ရေပြာအိုင်နှင့် မခင်ရွှေ ရေစက်မကုန်လိုက်ပုံမှာ မတွေးထင် မမျှော်လင့်သော အကြောင်းက ထူးထူးဆန်းဆန်း ကြုံကြိုက်တိုက်ဆိုက်ကာ ရေပြာအိုင်ရွာကို သတိရစရာအကြောင်း ပေါ်လာပြန်တော့ သည်။

"ဖြစ်မှ ဖြစ်ရလေ"

မခင်ရွှေက တီးတိုးပြောလိုက်၏။

"အခုအချိန်လောက်ဆိုရင် ကြင်ကြင်နဲ့ကိုစိန်မောင် လက်ထပ်ပြီးကြရော့မယ်၊ ငါအပင် ပန်းခံပြုစု ပျိုးထောင် ပေးခဲ့တဲ့ စမ်းမြိုင်ခြံကြီး အခြေအနေ ဘယ်လိုများဖြစ်နေလဲ။ ရွာအခြေအနေ တိုးတက်လာသလား၊ ဆုတ်ယုတ်သွားသလား၊ ရွာကလေးငယ်တွေပညာရေးအဆင်ပြေရဲ့လားမသိ။ နောက်ရောက်လာတဲ့ ကျောင်းဆရာက ငါလိုစွဲစွဲမြဲမြဲမှနေရဲ့လား၊ အဘွားရွှေအိမ်တို့ သားအမိ နေထိုင်မှ ကောင်းပါရဲ့လား။ ငါချစ်တဲ့ရေပြာအိုင်ရွာ၊ ငါသံယောဇဉ်ကြီးရတဲ့ ရေပြာအိုင်ရွာ၊ ငါစိတ်ဝင်စားလာခဲ့ရတဲ့ ရေပြာအိုင်ရွာ"

မခင်ရွှေသည် စာကိုဆက်မဖတ်နိုင်သေးဘဲစိတ်ကနေရေပြာအိုင်ရွာသို့ရောက်သွားသည်။ ရေပြာအိုင်ရွာမှာ သူနေထိုင်ခဲ့ရပုံတွေ၊ ပေါင်းသင်းဆက်ဆံရေးတွေ၊ တပည့်လေးတွေကိုပြန်လည်သတိရကာ များစွာလွမ်းဆွတ်မိတော့သည်။

"ဩော်-ငါဘယ်လောက်ပဲ သံယောဇဉ်ဖြစ်နေပေမယ့် သူတို့ရွာသူ ကြင်ကြင်ကြောင့် ငါ့ကို အထင်အမြင် လွဲမှား နေကြပြီပဲ။ အဝေးကနေပြီး ငါသံယောဇဉ်ဖြစ်နေ လွမ်းနေလို့လည်း အကြောင်းမထူးပါဘူးလေ" ဟု မခင်ရွှေ သည် စိတ်ကို ဖြေဖျောက် ကာ အတွေးအမျှင်ကို ဖြတ်ပြီး သင်ပြင်းချ လိုက်သည်။

ထို့နောက် မေစမ်းမြိုင်ရေးထားသည့် စာကို ဆက်ဖတ်လိုက်သည်။

"ကျွန်မက စာရေးတတ်ပေမဲ့ ဖတ်တဲ့လူ နားလည်ပါ့မလားလို့ စိုးရိမ်လိုက်မိပါတယ် မမရယ်။ ကျွန်မ ရေးတတ်သလိုပဲ ရေးပြပါရစေနော်၊ မမကို ဘာမှမကွယ်ဝှက်ဘဲ အားလုံးရေးပြပ့ါ မယ်။

ကျွန်မအမေဒေါ်ညွန့်ရီကစိမ်းမြိုင်ခြံကြီး ပိုင်ရှင် ဦးမြစိန်ရဲ့ အမေဘက်ကအမျိုး၊ ကျွန်မ အဖေ ဦးတောက်ထွန်း က ဦးမြစိန် ရဲ့ အဖေဘက်ကအမျိုး၊ တစ်ဖက်စီတော်ကြတာလို့ပြောခဲ့ကြ ပါတယ်။

ကျွန်မကျောင်းနေခဲ့ရပါတယ်။ ကျွန်မအသက်ဆယ့်လေးနှစ်ထဲအဝင် ကျောင်းရှစ်တန်း အရောက်မှာ ကျွန်မ အပြင်းအထန် ဖျားခဲ့ပါတယ်။ အပြင်းအထန်ဖျားတဲ့အချိန်ကြောင့် ကျွန်မ စကား ပြောရတာ ကျန်းမာစဉ် ကလို မပြောနိုင်တော့ဘဲ ထစ်သွား ဆွံ့သွားခဲ့ပါတယ် မမ။

ဒါကြောင့်လည်း အဖေနဲ့အမေကကျွန်မကိုကျောင်းက နုတ်လိုက်ပါတယ်။ အသံပြန်ကောင်း အောင် ဆရာ မျိုးစုံ၊ ဆေးမျိုးစုံနဲ့ ကုခဲ့ကြပါတယ်။

အဖေနဲ့အမေဟာ ပစ္စည်းတော်တော်များများ ချမ်းသာတယ်လို့ ကျွန်မသိခဲ့ရပါတယ်။ ဘယ်လို ချမ်းသာလာသလဲ ဆိုတာကို အမေက ကျွန်မကိုပြောဖူးပါတယ်။ ဒါတွေကို ကျွန်မ ရေးပြရတာဟာ အဖေနဲ့အမေကို သိက္ခာချသလို များဖြစ်နေလားမသိဘူး။ ဒါကို မပြောရင်လည်း ကျွန်မတို့ ဘဝဖြစ်စဉ်ကို မမ ရေလည်အောင် သိမှာမဟုတ်ဘူးလေ။ မမရဲ့စိတ်သဘောနဲ့ စေတနာကို ကျွန်မစောင့်ကြည့်ခဲ့ပါတယ်။ မမစေတနာဟာ ဟန်ဆောင်တာမဟုတ်ဘဲ၊ တကယ် ဖြူစင်ကြောင်း သိလာရလို့၊ အခုလို ကျွန်မဘဝ အမှန်ကိုရော၊ မိဘတွေအကြောင်းကိုရော၊ ဦးဖေဆိုင်နဲ့ဒေါ်ငွေ အကြောင်း တွေကိုရော အမှန်အတိုင်း ဖွင့်ပြချင် တဲ့ စိတ်ပေါ်လာပါတယ်။ အခါအခွင့်ကို စောင့်နေခဲ့ တာအခုရပါပြီ။

စမ်းမြိုင်ခြံကြီးပိုင်ရှင်ဖြစ်တဲ့ ဦးမြစိန်ရဲ့မိဘတွေဆုံးကုန်ကြတော့ ဦးမြစိန်တို့ ဇနီးမောင်နှံ နှစ်ယောက်က ခြံအလုပ် ကို ပင်ပန်းလို့မလုပ်ချင်ဘူးဆိုပြီး ခြံထဲ က သစ်ပင်ကြီးတွေကို ထင်းအဖြစ် ရောင်းခဲ့ကြတယ် တဲ့ မမရယ်။

မခင်ရွှေ သည် စာဖတ်နေရင်းမေစမ်းမြိုင်သည် အမှန်တွေကို ဖွင့်ဟနေကြောင်း သေချာစွာ သိလာသည်။ စာကို ဖတ်စက ရေပြာအိုင်ရွာနှင့်ကိုစိန်မောင်အကြောင်းကို အပေါ်ယံသာ မေစမ်းမြိုင်က ရေးပြခြင်း ဖြစ်သည်။ အဟုတ်အမှန် ဖြစ်လေ သလား။ ကြားဖူးနားဝဖြင့် စိတ်ကူးတည့်ရာ ရေနေခြင်းလာဟု မယုံမရဲ စိတ်လေးက တရေးရေး ပေါ်လာခဲ့မိသေးသည်။ ယခု မခင်ရွှေ ရေပြာအိုင်ရွာမှာနေခဲ့စဉ်က စမ်းမြိုင်ခြံကြီး အကြောင်းကို ခရေစေ့တွင်းကျ သိလာခဲ့သည့် အတိုင်း မေစမ်းမြိုင် ရေးသည်ဖြစ်သောကြောင့် မခင်ရွှေ သည် မေစမ်းမြိုင်ဘဝကို စိတ်ဝင်စားသည်ထက် ဝင်စားလာသည်။

မခင်ရွှေက စာကိုဆက်ဖတ်လိုက်၏။

အဲဒီလို ထင်းအဖြစ် ရောင်းနေတဲ့အချိန်က ကျွန်မ မိဘတွေဖြစ်ကြတဲ့ ဦးတောက်ထွန်းနဲ့ ဒေါ်ညွန့်ရီ တို့က ရေပြာအိုင်ရွာမှာ မနေကြဘူး။ ရေပြာအိုင်ရွာနဲ့နှစ်မိုင်ကျော်ဝေးတဲ့ ရွာတစ်ရွာမှာ နေကြတယ်။ အဲဒီအချိန်က ဆိုရင် ကျွန်မ လူမဖြစ်သေးဘူးလို့ အမေကပြောပါတယ်။

ဦးမြစိန်တို့ခြံကြီးထဲက သစ်ပင်ကြီးတွေကို ထင်းအဖြစ်ချရောင်းနေပြီဆိုတဲ့သတင်းကိုကြားတော့ ဒီခြံကြီးထဲမှာ ရှိနေတဲ့ နှစ်ချို့ပိတောက်ပင်ကြီးကို ကျွန်မ မိဘတွေ မျက်စေ့ကျနေခဲ့ကြတာ ကြာပြီတဲ့။ ပိတောက်ပင်ကြီးက ဘယ်နှစ် ဘယ်ကာလ အချိန် က ပေါက်ရောက်ရှင်သန် နေတယ် မသိဘူး။ လုံးပတ်က ပုဆိုးနှစ်ပတ် လောက်တောင် ရှိနေပြီတဲ့။

နံ့သာနီအစစ် ပိတောက်နှစ်လို့ ဆိုထားတဲ့ စာရှိတော့ ကျွန်မမိဘတွေက ဒီပိတောက်ပင်ကြီးကိုလဲပြီး အတွင်းက နံ့သာနီဖြစ်နေတဲ့ ပိတောက်နှစ်ကို ထုတ်ယူ ရောင်းစား မယ်ပေါ့။ အပြင်သားတွေက တောအလိုက်ဘာဝ နေထိုင်ဖြစ်တဲ့ သင့်သင့်တင့်တင့် အိမ်လေးတစ်လုံး ဆောက်ဖို့ ကောင်းကောင်းကြီး လုံလောက်နိုင်တယ်လို့ပြောတယ်။

ကျွန်မ မိဘတွေနေတဲ့ ရွာမှာလည်း လွှစင်က ရှိနေတော့ သိပ်အဆင်ပြေတယ်လို့ ပြောတယ်။ ဒါနဲ့ ဦးမြစိန် ဆီမှာ ပိတောက်ပင်ကြီးကို ပေးပါလို့ တောင်းလိုက်တယ်။ သူများတွေကို ထင်းအဖြစ် ရောင်းစားပေမဲ့ ကျွန်မမိဘတွေက နွမ်းပါးသူတွေလည်းဖြစ်တယ်။ ဆွေမျိုးလည်း တော်နေတော့ အလကား တောင်းလိုက်တာ ပေါ့လေ။

ဦးမြစိန်တို့ကလည်း ဒီခြံကြီးကိုမြန်မြန်ရှင်းချင်၊ လက်လွှတ်ချင်နေတော့ လွယ်လွယ်ပဲ ပေးတယ်လို့ ပြောတယ်။

ဒါနဲ့ကျွန်မမိဘတွေကလူငှားလည်းမငှားနိုင်တော့ အဖေကသစ်ပင်ကြီးကို တဖြည်းဖြည်း ခုတ်ယူ၊ အမေက အောက်က စောင့်ကြည့်၊ အကိုင်းအခက်တွေ ကုန်လို့ကြီးမားတဲ့ ပင်စည်လုံးကြီး ပဲကျန်တော့ အဖေနဲ့အမေ နှစ်ယောက်တည်း မနိုင်တော့ဘူးလေ။ ကူညီဖို့လူရှာရပြီ မမ။ ဒီမှာတင် ဦးဖေဆိုင်နဲ့ ဒေါ်ငွေ ကို အဖော်စပ်လိုက်မိကြတာပေါ့။

ဦးဖေဆိုင်နဲ့ဒေါ်ငွေဆိုတာ ရေပြာအိုင်ရွာ ဇာတိလည်းမဟုတ်။ အမနဲ့အဖေတို့နေကြတဲ့ ရွာဇာတိလည်း မဟုတ်။ တစ်ရပ်တစ်ရွာက လေလွင့်ရောက်လာကြတဲ့ ရေမျောကမ်းတင် လူစားမျိုး ဆိုပါတော့ မမရယ်။ လင်မယား နှစ်ယောက် ကြုံရာကျပန်းအလုပ်ကို တွေ့မရှောင်လုပ်စားနေကြတဲ့ လူတွေတဲ့။ အဖေနဲ့ အမေတို့ကလည်း ဆင်းရဲတော့၊ ဆင်းရဲသူ အချင်းချင်း ရင်းနှီးမိပြီး ခင်ခင်မင်မင် ဖြစ်ကြတယ်လို့ ပြောပါတယ်။

ပိတောက်ပင်ကြီး ပင်စည်က ထီးထီးမတ်မတ်ကြီးကျန်နေတာကို လင်မယားနှစ်ယောက်တည်းလည်း မနိုင်၊ တန်ရာတန်ကြေး အခကြေးငွေနဲ့လည်းမငှားနိုင်တော့ ဦးဖေဆိုင်နဲ့ ဒေါ်ငွေကို ပိတောက်ပင်ကြီး လှဲချလိုက် တဲ့ ပင်စည်က အကာသားတွေကို တစ်ဝက်ပေးမယ်။ ကူညီလုပ်ပေးပါ ဆိုတော့ ဦးဖေဆိုင်နဲ့ ဒေါ်ငွေ တို့က သဘောတူတယ်တဲ့မမ။

ပိတောက်ပင်ကြီးကို လှဲမယ်လို့အစီအစဉ်လုပ်ပြီးမှ ကျွန်မတို့အဖေ အပြင်းအထန် ဖျားလိုက်တာ လူမှန်းသူမှန်းတောင် မသိအောင်ဖြစ်တယ်လို့ပြောတယ်။ သေကံမရောက် သက်မပျောက်ဆိုတာလို ဆင်းရဲလို့ ထိုက်ထိုက်တန်တန် ဆေးဝါးနဲ့ မကုသနိုင်ပေမယ့် သေနေ့မစေ့သေး တော့ မသေဘဲ ပြန်ပြီးကျန်းမာလာတယ်။

အဖေ က ကောင်းကောင်းကျန်းမာလာသည့်တိုင်အောင် ပိတောက်ပင်ကြီးကို လှဲဖို့ ဘာမှ စကားမစပ်ဘဲ တစ်ချက် တစ်ချက် ငေးငိုင်နေတတ်တာကို အမေက သတိပြုမိတယ်တဲ့။ ဒါပေ မယ့် အပြင်းအထန် ဖျားလိုက်ရတော့ စိတ်တွေက ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်သွားတာ ထင်တယ်လို့ ပေါ့ပေါ့ပဲတွေးလိုက်မိတယ်တဲ့။

ဒီလိုနဲ့ နေ့ရွှေ့ညရွှေ့လာခဲ့တာ မိုးကျခါနီးလာပြီ။ ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့ကလည်း မိုးတွင်းစာ ထင်းအဖြစ် ပိတောက်ပင်ကြီး လှဲရင် ရတော့မယ်ဆိုပြီး တခြားမှာ ထင်းမရှာဘဲနေခဲ့ ကြတော့ သစ်ပင်လှဲဖြစ်အောင် နားပူလာကြပြီပေါ့ မမ။ အဲဒီတော့ အမေကပြောတယ်တဲ့ သစ်ပင်ကြီး မြန်မြန် လှဲကြဖို့ပေါ့လေ။

အဖေဟာ သစ်ပင်လှဲဖို့ ပြောလိုက်တိုင်း ငေးငိုင်နေခဲ့ရာက အမေက ဦးဖေဆိုင်တို့ စိတ်ကွက်သွားရင် မကောင်းကြောင်း၊ ခင်ခင်မင်မင် ဆက်ဆံလာတဲ့လူချင်း မိတ်ပျက်သွားမှာ စိုးကြောင်း ပြောတော့မှ အဖေ ဟာ သက်ပြင်းချပြီး အမေ့ ကို တိုးတိုးတိတ်တိတ် ပြောပြတယ်တဲ့။

ဘာပြောလဲဆိုတော့ အဖေ ဖျားနေခိုက် အိပ်မက်မက်ခဲ့တဲ့အကြောင်း၊ အမှန်ကတော့ အဖေဖျားလိုက်တာ လူမှန်းသူမှန်း မသိအောင်တောင်ဖြစ်တယ်ဆိုတော့ အဖေသတိလစ်ခိုက်မှာ မြောသွားခိုက် ဆိုပါတော့ မမရယ်။ သူ့အာရုံထဲမှာ ထင်မြင် ကြားသိခဲ့ရတာနဲ့ တူပါတယ်။ အဖေ ဘယ်လိုပြောတယ်ဆိုတာ အမေက ကျွန်မ ကို ပြောခဲ့တဲ့အတိုင်း ကျွန်မ ပြန်ရေးပြရရင် ...

မညွှန့်ရယ် မင်းကဒီသစ်ပင်ကြီးကို လှဲဖို့ ပြောနေတာ မင်းကိုငါအပြစ်မတင်ပါဘူး။ ငါတို့ နှစ်ယောက် သဘောတူ တိုင်ပင် လုပ်ခဲ့ကြတဲ့ကိစ္စပဲ။ ဒါပေမယ့် ငါဖျားနေခိုက် မက်လိုက်တဲ့ အိပ်မက်ကြောင့် ဒီသစ်ပင်ကြီး ကို လှဲရကောင်းနိုး မကောင်းနိုး ဖြစ်နေတယ်။ ဒါကြောင့် ငါဆိုင်းနေတာ မညွှန့်ရဲ့။

အဖေက အဲဒီလို ပြောလိုက်တော့ အမေက ဘာကြောင့်လဲလို့ ပြန်မေးတယ်။

အဖေက ဘယ်လို ပြန်ပြောလိုက်လဲဆိုတော့ ...

ဒီသစ်ပင်ကြီးနဲ့ ပတ်သက်ပြီး ငါမက်လိုက်တဲ့ အိပ်မက်က တော်တော်ထူးဆန်းတယ်။ ကောင်းကျိုး ပေးမှာလား၊ ဆိုးကျိုး ပေးမှာလား မသိနိုင်ဘူး မညွှန့်ရဲ့။ ငါ့အိပ်မက်ကတော့ ဆိုပြီး အဖေက သူ့အိပ်မက်ကို ပြောပြ တယ်တဲ့။

အိပ်မက်ထဲမှာ အဖေက ပိတောက်ပင်ကြီးကိုလှဲဖို့ ပင်ခြေရင်းကို ရောက်နေတယ်။ ပိတောက်ပင်ကြီးကိုကြည့်ရတာ အကိုင်းအခက်တွေ ခုတ်ထားလို့ ပင်စည်လုံးကြီးပဲ ထီးထီးမတ်မတ်ကြီးရှိနေတဲ့နေရာမှာ စေတီအိုကြီး ဆူ တွေ့ရတယ်တဲ့။ ပိတောက်ပင်ကြီးကို ငါခုတ်ထားပါရက်နဲ့ ဘယ်လိုကြောင့် ပိတောက်ပင်ပျောက်ပြီး စေတီအိုကြီးဖြစ်နေပါလိမ့် ဆိုပြီး စေတီအိုကြီးကိုသာ ရပ်ကြည့်နေမိတယ်တဲ့။ ကြည့်နေရင်းပဲ စေတီအိုကြီးဟာ တဖြည်းဖြည်း ပြိုကျပျက်စီး သွားလိုက်တာ နောက်ဆုံးတော့ မြေကြီးနဲ့တစ်သားတည်း ဖြစ်အောင်ကို ပျက်စီးသွားတယ်တဲ့။ အဲဒီ နေရာဟာ စေတီတစ်ဆူ ရှိနေခဲ့တဲ့ နေရာပါလို့ ပြောရင်တောင် ယုံနိုင်စရာမရှိအောင်နေရာရှာမတွေ့အောင် ပျောက်ပျက် သွားတယ်တဲ့။

အဖေလည်း တအံ့တသြနဲ့ငေးကြည့်နေရာက စေတီတော်ကြီး ပြိုကျပျက်စီးသွားတဲ့နေရာမှာ သစ်ပင်လေးတစ်ပင် ပေါက်လာပြီး တဖြည်းဖြည်း ကြီးလာလိုက်တာ အဖေကြည့်နေရင်းပဲ ဒီသစ်ပင်ဟာ ပိတောက်ပင်ကြီးတစ်ပင် ဖြစ်လာတယ်။

ဒါပေမယ့် အဖေ့မျက်လုံးထဲမှာတော့ ပိတောက်ပင်ကြီးလို့မမြင်ဘဲ သူ့မျက်စိရှေ့မှာပဲ ပြိုကျပျက်စီးသွားတဲ့ စေတီတော်ကြီး ကိုပဲ မြင်နေမိတယ်တဲ့။ နောက်ပြီး အဖေ့ကို ဘယ်သူက ပြောမှန်းမသိ အကောင်အထည် မမြင်ရဘဲ ...

"ဒီနေရာတည့်တည့်မှာ မြတ်စွာဘုရားကို လှူဒါန်းပူဇော်ထားတဲ့ ဌာပနာတိုက် ရှိနေတယ်။ ဒီသစ်ပင်ကြီး ခုတ်လှဲပစ်ဖို့ မသင့်လျော်ဘူး"

ဆိုတဲ့ အသံကို ပြတ်ပြတ်သားသား ကြားတယ်တဲ့။ အဖေလည်း အိပ်ပျော်ရာက နိုးလာတော့ အမှန် ကတော့ မမ ရယ် သတိလစ် မြောသွားရာက ပြန်သတိရလာတာနဲ့ တူပါတယ်။ သူ့အိပ်မက် ဆိုပါ တော့လေ။ ဒီ ပိတောက်ပင်ကြီး နဲ့ ပတ်သက်ပြီး သူမက်တဲ့ အိပ်မက်ကို ဖျောက်လို့မရနိုင်အောင် ဖြစ်ပြီး ပိတောက်ပင်ကြီးကို ခုတ်လှဲဖို့ စိတ်ထဲမှာ ဝန်လေး နေမိတယ်လို့ အမေ့ကို ပြောပြတယ်တဲ့ မမရယ်။

အမေ ကတော့ အဖေပြောပြတာကို လေးလေးနက်နက် သဘောမထားခဲ့ဘူးတဲ့။ ရှင့်ဘာသာရှင် အဖျား အရှိန်ကြီး လို့ ထင်မိထင်ရာတွေ အိပ်မက်တာပါ။ စိတ်ထဲမှာ စွဲလမ်းခြင်းမဖြစ်နေပါနဲ့။ အခုလက်ငင်း အခြေအနေ မှာ ကျုပ်တို့အိမ်လေး ပြင်ဆောက်ဖို့ အရေးကြီးနေပြီ။မိုးတွင်းစာ ထင်းလည်းမရှိတော့ ဘူး ဆိုတာ ရှင်အသိသားပဲ။ နောက်ပြီးရှင့်အိပ်မက်က ဟုတ်မှန်းမသိ မဟုတ်မှန်းမသိ၊ ကိုဖေဆိုင်တို့ကို စကားလွှန်ထားပြီးမှ မလုပ်ရင် သူတို့ကို

ထင်းမပေးချင်လို့ ထင်ပြီး ငြိုးလိုက်ရင် မကောင်းဘူးနော်။ ဒီ လင်မယားက မိုက်ရူးရဲတွေ။ ခြေမြန် လက်မြန်နဲ့။ ဘယ်သူ့ကိုမှ ထောက်ထားတာ မဟုတ်ဘူး။ ရှင်စဉ်းစားပါလို့ အမေ က ပြောခဲ့တယ်တဲ့။

ဟုတ်တယ်မမရဲ့၊ ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့ လင်မယားက လူမိုက်လင်မယား။ သတ္တိရှိတာရော ခြေမြန် လက်မြန် နဲ့ လူတစ်ဖက်သားကို ရိုက်တတ်နက်တတ်တာရော။ နောက်ပြီး တစ်ကောင်ကြွက်တွေဆိုတော့ ဘယ်ဆွေမျိုး ဘယ်မျက်နှာမှ ထောက်စရာမရှိတော့ သူတို့ကိုယ်ကို သူတို့သေလူလို သဘောထားပြီး မိုက်စွမ်းပြတဲ့ လင်မယားတဲ့။ တစ်ခုတော့ ရှိတာပေ့ါ မမရယ်၊ သူတို့ကတော့ ဘယ်သူ့ကိုမှ စတင်ပြီး ရန်စခြင်း ကျူးလွန်စော်ကားခြင်းတော့ မလုပ်တတ် ဘူးတဲ့။ ခိုင်းတဲ့လူ ကျေနပ်အောင် ပေးထားတဲ့ အခကြေးငွေနဲ့ တန်အောင် လုပ်ကိုင်ပေးတတ်တယ်။ သူတို့ကို အရေးမစိုက်ဘူးဆိုတဲ့ သဘောမျိုး၊ တစ်ပတ်ရိုက်တဲ့ သဘောမျိုး လုပ်လာရင်တော့ ဘယ်သူ့ကိုမှ မခံဘူးတဲ့။ သိပ်လက်ရဲတယ်လို့ ပြောတယ်။

အဖေကလည်း ဦးဖေဆိုင်တို့ လင်မယားအကြောင်းကို သိတယ်။ နှစ်ရှည်လများ ပေါင်းသင်း ဆက်ဆံ လာသူ တွေဆိုတော့ မိတ်ပျက်ဆွေပျက်၊ မျက်နှာပျက်အောင် မလုပ်ချင်ပါဘူး။ ဒါပေမယ့် အိမ်မက်ကြီးကြောင့် သစ်ပင်ခုတ်ဖို့ အရေးကို တွေးဆနေတာ ဖြစ်တယ်။

နောက်တော့ လည်း အမေပြောတာတွေက စဉ်းစားစရာလည်းဖြစ် ဦးဖေဆိုင်တို့ လင်မယားကိုလည်း ငဲ့ရ၊ ဆင်းရဲတော့လည်း အိမ်မက် တာတွေ ဘာတွကို ဖွတ်မိုတ်ဖျောက်ဖျက်ပြီး ပိတောက်ပင်ကြီးကို ခုတ်ကြ တယ် မမ ရယ်။

ပိတောက်ပင်ကြီး ကို ခုတ်ကြတဲ့အချိန်မှာ စမ်းမြိုင်ခြံကြီးထဲမှာ ဘယ်သူမှ မရှိကြတော့ဘူး။ အဖေ အပြင်း အထန် ဖျားနေတဲ့ အချိန်ကပဲ တစ်ခြံလုံးရှိသမျှ သစ်ပင်ကြီးတွေကို ဦးမြစိန်တို့က ရောင်းချပြီးနေပြီ။ ထင်းအဖြစ် ၀ယ်တဲ့ လူတွေ ကလည်း မိုးမကျခင် ပြင်ကြရဆင်ကြရမှာ ဖြစ်တော့၊ လျင်လျင်မြန်မြန်ပဲ ခုတ်ကြ၊ သယ်ကြတယ်။ တစ်ခြံလုံး ပိတောက်ပင်ငုတ်ကြီးကလွဲပြီး သစ်ပင်ကြီး တစ်ပင်မှ မကျန်တော့တဲ့ အခြေအနေမှာ ဦးမြစိန်တို့ကလည်း ပျက်စီးနေပြီး ဖြစ်တဲ့ ခြံကြီးကို ပစ်ထားခဲ့ပြီး မြို့ပေါ်ကို ပြောင်းသွားကြပြီလေ။

ဒါကြောင့် အဖေအမေတို့နဲ့ ဦးဖေဆိုင် ဒေါ်ငွေတို့ သစ်ပင်ခုတ်ဖို့သွားကြတဲ့အခါ ဟာလာဟင်းလင်း ခြံပျက်ကြီး မှာ လူသတ္တ၀ါဆိုလို့ အဖေတို့လေးယောက်ပဲ ရှိနေတယ်။

အမေပြောပြခဲ့တဲ့အတိုင်း ပြောရမယ်ဆိုရင် ... လေးယောက်သား သစ်ပင်ကြီးကို လှဲကြရာ၊ ပင်စည်ကြီး တစ်ခုလုံး မြေပေါ်ရောက်လာပြီး မြေကြီးနဲ့ကပ်နေတဲ့ တစ်တောင်သာသာ သစ်ငုတ်တိုကြီးပဲ ကျန်တော့တယ်။

အဖေက သူ့အိပ်မက်ကို သတိရပြီး ဒီသစ်ငုတ်တိုကြီးကို ဒီအတိုင်းပဲ ရှိပါစေတော့လို့ ထားခဲ့ချင်တယ်။ အမေ က သစ်မြစ်အဆုံထဲမှာ ရှိနေတဲ့ အနှစ်ကမှ ပိုကောင်းမှာ။ နောက်ပြီး ပုဆိုးနှစ်ပတ်စာလောက် ရှိနေတဲ့ သစ်ပင်ကြီး ရဲ့ အရင်းပိုင်းအဖြစ်ဆုံကြီးကလည်း နည်းတာမှ မဟုတ်တာ။ တူးပြီး ကလော်ထုတ်လိုက်ရင် ထင်းတွေ အများကြီး ထွက်လာဦးမှာကိုး။ အမေက တူးချင်တယ်။ အဖေက မတုန်မလှုပ်နေတယ်။

အဲဒီတော့ ဦးဖေဆိုင်တို့လင်မယားက ဒီသစ်ငုတ်ကြီးကို ဒီအတိုင်း စွန့်ပစ်ခဲ့မယ့် အတူတူတော့ သူတို့ တူးမယ်လို့ ပြောတယ်။ အဖေနဲ့အမေက စွန့်ပစ်ခဲ့တယ်ဆိုတော့ တားဆီးမယ့် ပိုင်ရှင်မရှိတော့ဘဲ၊ ဦးဖေဆိုင် တို့ တူးယူတာ ကို ဘယ်သူက ကန့်ကွက်တားဆီးတော့မှာလဲ မမရယ်။

အမေက အဖေ့ကို တူးယူဖို့ အတင်းအကြပ် ပြောတော့ အဖေလည်း သူများ တူးယူမယ့်အတူတူ မထူးဘူး။ ငါပဲ ယူတော့မယ် ဆိုတဲ့ စိတ်မျိုးဝင်လာပြီး လေးယောက်သား အင်တိုက်အားတိုက် တူးကြတာပေါ့။

သစ်မြစ် ပေါ်လာရင်း ပုဆိန်နဲ့ ဖြတ်၊ လွှနဲ့ ဖြတ်လိုက်နောက်ဆုံးတော့ ဘေးဖြာနေတဲ့ အမြစ်တွေ အားလုံးကုန်ပြီး ရေသောက်မြစ်ကြီး တစ်ခုပဲ ကျန်တော့မယ်။ ရေသောက်မြစ်ကြီးကိုက လူလက်တစ်ဖက်စာ မကကြီး ရှိနေတော့ လောဘသားတွေဖြစ်ပြီး ဒီအမြစ်ကြီးကို ထင်းတွေ မနည်းရမယ်ဆိုပြီး တူးလိုက်ကြတာ။ နောက်ဆုံးတော့ အဖေအိပ်မက်ခဲ့တဲ့အတိုင်း ရေသောက်မြစ်ကြီးနဲ့ ကပ်ရက် အုတ်တိုက်တစ်ခု ပေါ်လာတယ်။ အုတ်တိုက်ဆိုပေမယ့် ဆွေးမြည့် ပြိုပျက်နေတဲ့ အုတ်ပုံလို ဖြစ်နေပါပြီတဲ့။

တစ်ယောက်တစ်လှည့်စီတူးကြရာမှ အဖေတူးတဲ့အလှည့်မှာပေါ်လာတော့ အဖေလည်း အိပ်မက်ကိုသတိရပြီး ကြောင်ကြည့် နေမိတယ်တဲ့။ တွင်းနှုတ်ခမ်းပေါ်က ဦးဖေဆိုင်တို့ ဇနီးမောင်နှံနဲ့ အမေကလည်း ငုံ့ကြည့်နေကြခိုက်ဆိုတော့ "ဟာ မြေတိုက်ပေါ်လာပြီ၊ ပစ္စည်းဟောင်းတွေ မြှုပ်ထားတာထင်တယ်။ ကိုတောက်တွန်း ဖော်စမ်းဗျ" လို့ ဦးဖေဆိုင်က ဝမ်းသာအားရပြောတော့ အဖေက သိလိုစိတ်နဲ့ အုတ်ပုံကိုဖော်နေလိုက်တာ ပြည်တောင်းလောက်ရှိတဲ့ ကျောက်တုံး လိုလို အလုံးတစ်လုံးကို ရလို့ နှုတ်ခမ်းပေါ်မှာ ရှိနေတဲ့ အမေ့လက်ထဲကို လှမ်းပေးလိုက်ကာ ရှိသေးတယ် ...

အဖေရပ်နေတဲ့ နေရာအောက်က မြေကြီးပြိုကျသွားလိုက်တာ။ အဖေတောင် အပေါ်ကကြိုးချပေးတာမြန်လို့ အသက် မသေဘဲ ခဲခဲယဉ်းယဉ်း တွင်းပေါ်ကို ပြန်ရောက်လာတယ်။ ကျုံ့ကျသွားလိုက်တဲ့ မြေကြီးမှာ ပိတောက်ပင်ငုတ်ကြီးပါ ကျုံ့ကျသွားတယ်တဲ့။ မြေကြီးကျုံ့ကျခါနီးမှာ မြေကြီးထဲက လိုဏ်ခေါင်းသံကြီးလား ဘာလဲ မသိဘူးတဲ့။ မြေကြီး ဟည်းသံကြီး လိုလို ဘယ်လို အသံကြီးမျိုးမှန်း မသိ၊ ကြောက်စရာကောင်းအောင် ကြားလိုက်ရတယ်တဲ့။

အဖေတို့လည်း ရေတွင်းကြီးလိုဖြစ်သွားတဲ့ တွင်းကြီးကိုကြောက်ပြီး အနားတောင် မသွားကြတော့ဘဲ ဖြတ်ထားပြီးသား ခုတ်ထားပြီးသား သစ်တုံးတွေကိုသာ ဖြစ်တဲ့နည်းနဲ့ အိမ်အရောက် မြန်မြန် သယ်ယူကြရတယ် ပြောတယ်။

မြေတွင်းထဲက ရထားတဲ့ ကျောက်တုံးလိုဟာကြီးကို ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့က အထဲမှာဘာတွေ ရှိနေလဲလို့ သိပ်သိချင်ကြတယ်။ အဖေနဲ့အမေကတော့ လူသိမခံချင်ဘူး။ ဒါပေမယ့် ဦးဖေဆိုင်တို့ ဇနီးမောင်နှံက အတူတူ တူးဖော်လာခဲ့ကြပြီး သူတို့ကို မပြချင်ဘဲ လျှို့ဝှက်ထားတာကို မကျေနပ်ကြဘူး။ သူတို့ကို မပြချင်လို့ သူတို့ရှေ့မှာမခွဲဘဲ၊ ကွယ်ရာမှာ တိတ်တဆိတ် ခွဲပြီးမှပြရင် သူကြီးကို တိုင်မယ်၊ မြို့ပေါ်တက် သတင်းပေးမယ် ဆိုတဲ့ သဘောမျိုးပါတဲ့ စကားတွေကို ပြောကြတယ်တဲ့။

အဖေနဲ့အမေကို ခြိမ်းခြောက်တဲ့သဘောမျိုး ပါတာပေါ့ မမရယ်။

ဒီအလုံးကြီးထဲမှာ အဖိုးတန် ရတနာတွေ ပါမယ်လို့ ဦးဖေဆိုင်တို့ ဇနီးမောင်နှံက အတပ်တွေးထား ကြတယ်။ နောက်ဆုံး မှာ သူတို့ပြောသလို သူကြီးကို မတိုင်ဘူးဘဲထား၊ မြို့ပေါ်ကို သတင်းသွား မပေးဘူးဘဲထား၊ အတူတူ တူးဖော်လာခဲ့ကြရပြီး သူတို့ကို အရေးမစိုက်ဘဲ တစ်ပတ်ရိုက်တယ်လို့ ထင်ပြီး လက်စွမ်းပြမှာ ကိုလည်း အဖေနဲ့အမေက စိုးရိမ်ရသေးတာကိုး။ ဦးဖေဆိုင်တို့ ဘာကြောင့် ဒီလိုလက်စွမ်းပြရသလဲ မေးလာကြရင် ဒီကိစ္စ ပေါ်ပေါက်သွားတော့မယ်လေ။

အဖေနဲ့ အမေကလည်း မြွေမသေ တုတ်မကျိုး ဖြစ်အောင် လုပ်ရတော့မှာပေါ့။

စကားတွေ ပျံ့သွားလို့ ခြံရှင်သိသွားရင်လည်း မကောင်းဘူး မဟုတ်လားမမ။

အမေနဲ့အဖေရော ဦးဖေဆိုင်တို့ ဇနီးမောင်နှံရော နှစ်အိမ်ထောင် မျက်နှာစုံညီရှေ့မှာ ဒီအလုံးကြီး ခွဲရတော့မယ်။ ဒါမေမယ့် အဖေနဲ့အမေက ကြိုတင်စကား ပြောထားတယ်တဲ့။

ဒီပိတောက်ပင်ကြီး ဟာ ဦးမြစိန်တို့က အဖေနဲ့အမေကိုသာ ပေးခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ပိတောက်ပင်နဲ့ ပတ်သက်သမျှ အဖေနဲ့ အမေသာ ပိုင်တယ်။ ဦးဖေဆိုင်တို့ကို ပိတောက်ပင် လှဲရာမှာ ကူညီပါ။ အကာသား ကိုသာ ထင်းအဖြစ်နဲ့ သုံးဖို့ တစ်ဝက်ပေးပါ့မယ် ဆိုတော့ ဒီကျောက်တုံးကြီးထဲမှာပါတဲ့ အရာဝတ္ထုတွေနဲ့ ဦးဖေဆိုင် တို့ ဘာမှ မသက်ဆိုင်ဘူး လို့ ကြိုတင် ပြောတယ်တဲ့။

ဒီတော့ ဦးဖေဆိုင်တို့က မသက်ဆိုင်ဘူး ဆိုသော်လည်း နှုတ်ပိတ်ခကို အထိုက်အလျောက်ရမှ ကျေနပ်မယ် လို့ အရေးဆိုတော့ အဖေနဲ့အမေကလည်း ဒါလောက်တော့ လိုက်လျောမှ ရန်အေးတော့မယ် စဉ်းစားပြီး ကောင်းပြီလို့ ကတိပေးကြရတာပေါ့။

ဒါနဲ့ပဲ ကျောက်တုံးကြီးလို အလုံးကြီးကို ဦးဖေဆိုင်နဲ့ အဖေတို့ တစ်ယောက်တစ်လှည့် ပုဆိန်အနောင့်နဲ့ ထုခွဲကြတယ်။ ဘယ်လိုလုပ်ထားတာမှန်း မသိ။ မာကျောလိုက်တာ ယောကျ်ားကြီးနှစ်ယောက် အင်တိုက် အားတိုက် တော်တော်ကြိုးစားခဲ့ရတယ် ပြောတယ်။

ကျောက်တုံးလို အလုံးကြီးဟာ ပဲ့ရွဲ့ကျိုးကြေ ကွဲသွားခြင်းမျိုး မဟုတ်ဘဲ၊ တိတိရိရိ တစ်ခြမ်းစီ ထက်ခြမ်း ကွဲသွားပြီး အထဲက ကြေးနီနဲ့လုပ်ထားတဲ့ အိုးလိုလို ကြုတ်လိုလိုတစ်ခု ပေါ်လာတယ်။ အဲဒါကလည်း ဖွင့်ရာ ပိတ်ရာ မရှိ။ ပြောင်ချောတစ်စပ်တည်း ဖြစ်နေတော့ ဒီလိုပဲ ထုချေပြီး ခွဲရပြန်ရော။ ဒီကြေးနီကြုတ်ဆိုပါတော့ မမရယ်။ အဲဒါကတော့ အကောင်းမရဘူး။ ပဲ့ရွဲ့ကွဲကြေသွား တယ်။ အထဲက ဘာတွေထွက်လာလဲ ဆိုတော့ ဖန်ခါးသီး အရွယ်လောက် ရှိ ငွေကြုတ်လေးတစ်ခုနဲ့ အရောင်တွေ ယိုကျနေသလား ထင်ရအောင် နီရဲ နေတဲ့ ကျောက်ကိုးလုံး ထွက်လာတယ်တဲ့။

ဒီကျောက်ကုံးလုံး ဟာ အမှန်ကတော့ ပြည်တန်ပတ္တမြားဆိုတာမျိုးနဲ့ တူပါတယ်။ အဖေနဲ့အမေ ကလည်း တစ်သက်လုံး ဆင်းဆင်းရဲရဲနေလာခဲ့ကြရတဲ့ လူတွေဆိုတော့ ရတနာကို ကောင်းမှန်းဆိုးမှန်းမသိ။ ဦးဖေဆိုင် နဲ့ ဒေါ်ငွေ တို့ကလည်း ဆင်းရဲသူတွေဆိုတော့ ဒီကျောက်နီ ကိုးလုံးကို ဘယ်လိုအမျိုးအစားဆိုတာ မသိတဲ့ အပြင် ပြောလိုက်ကြသေးတယ်တဲ့။

အောင်မာ အဖိုးတန်ပစ္စည်းမှတ်လို့ ကြိုးကြိုးစားစား ခွဲလိုက်ရတာ။ ရွာဦးကျောင်း ဓမ္မာရုံထဲက ဆင်းတုတော် ပလ္လင်မှာ မြှုပ်ထားတဲ့ ကျောက်မျိုးတွေလိုပြောပြီး ငွေကြုတ်လေးကို ဆတ် ခနဲ ကောက်ယူလိုက်တယ်တဲ့။

ကျောက်နီကိုးလုံး ကို ခင်ဗျားတို့ယူ၊ ဒီငွေကြုတ်လေးကိုတော့ ကျုပ်ယူမယ်ဗျာ။ တန်ဖိုးချင်းအတူတူ လောက် ရှိတာပါပဲ လို့ပြောတော့ အဖေနဲ့အမေကလည်း သဘောတူလိုက်တယ်တဲ့။

ဘာကြောင့် သဘောတူလိုက်လဲဆိုတော့ အမေက ပြောပြတယ်မမ။ ဘယ်လောက်များ ယူကျုံးမရစရာ ကောင်းလိုက် သလဲနော်။

အဖိုးတန် ရွှေတွေစိန်တွေ ပါမယ်ထင်ပြီး ခွဲလိုက်တာ ကျောက်နီကိုးလုံးနဲ့ မဖြစ်စလောက် ငွေကြုတ်လေးပဲ ထွက်လာတော့ စိတ်ပျက်လိုက်တာ မပြောပါနဲ့တော့တဲ့။ ငွေကြုတ်လေးကလည်း ဖန်ခါးသီး အရွယ်လေး ဆိုတော့ ရောင်းစားရင်တောင် ကျောက်နီကိုးလုံး က ပိုက်ဆံပိုရဦးမယ်လို့ တွက်ပြီးသဘောတူလိုက်တာတဲ့ မမရယ်။

ဦးဖေဆိုင် တို့ ကတော့ ငွေကြုတ်လေးကို ဘယ်လိုတွက်ကိန်းနဲ့ ယူလိုက်တယ်မသိဘူး။ ဒါပေမယ့် နောက်တစ်နေ့ မှာတော့ ဦးဖေဆိုင်နဲ့ဒေါ်ငွေတို့ နှစ်ယောက်လုံး အမေတို့ဆီ လာကြပြီး၊ တဟားဟား နဲ့ ရယ်လိုက် ပြောလိုက် လုပ်နေကြတယ်တဲ့။

ငွေကြုတ်လေးထဲမှာ အဖိုးတန်ပစ္စည်း၊ ဥပမာဆိုပါတော့ စိန်ကြီး တစ်လုံးလောက်ပါလေမလား ဆိုတဲ့ တွက်ကိန်း နဲ့ ယူသွားပြီး အိမ်မှာ ဖွင့်ကြည့်လိုက်တော့ ဖြူနေတဲ့ ပြာလေးနည်းနည်းပဲ တွေ့ရတယ်တဲ့။ ဒါနဲ့ လင်မယားနှစ်ယောက် စိတ်တိုတိုနဲ့ အနားမှာရှိနေတဲ့ ရေခွက်ထဲကို ပစ်ထည့်ထားလိုက်ကြတယ်တဲ့။ ဂရုမစိုက်ဘဲနေလိုက်ကြပြီး ညနေဘက် ရွာနောက်ဘက်က ချောင်းထဲမှာ ရေချိုးဖို့လာခဲ့ကြတော့ သူတို့ရေခွက်ထဲ အမှတ်မထင် ပစ်ထည့်ထားတဲ့ ငွေကြုတ်လေးက ပါလာတယ်တဲ့။

အဲဒီလို ငွေကြုတ်လေးထဲက ပြာဖြူဖြူနုနုလေးတွေကို ချောင်းရေထဲကိုလည်း သွန်ချလိုက်ရောတဲ့။ ချောင်းရေထဲမှာ စိမ်းစိမ်းပြာပြာ ဝါဝါနီနီတွေ ရွှေရောင်ငွေရောင်တွေ ဝင်းဝင်းလက်လက် ဖြာပြီး ပျောက်သွားရောတဲ့။ ကြည့်လို့တယ်ကောင်းဆိုပဲ မမရဲ့။

ဦးဖေဆိုင်နဲ့ဒေါ်ငွေလည်း ကြုတ်လေးကို ချောင်းရေနဲ့ စင်အောင်ဆေးနေခိုက် လက်ထဲက လွတ်ကျပြီး ကြုတ်လေး ချောင်းရေထဲ နစ်မြုပ်ပျောက်ကွယ်သွားတယ်လို့ ပြောကြတယ်တဲ့။

အဖေနဲ့အမေလည်း အစကတည်းကမှ စိတ်မဝင်စားခဲ့တဲ့ ကြုတ်ကလေးအကြောင်းကို ဆက်မမေးတော့ဘဲ နေလိုက်ပြီး နောက်တစ်နေ့ မြို့တက်မယ်။ ကျောက်နီကို သွားရောင်းမယ်။ မိုးတွင်းစာ စားသောက်ဖို့ရော ပြင်ဖို့ရော ငွေရအောင်ပေါ့။

အဖေနဲ့အမေ မြို့တက်တော့ ဦးဖေဆိုင်နဲ့ဒေါ်ငွေတို့လည်း ဈေးဝယ်ဖို့ လိုက်လာကြတယ်။

ရွှေဆိုင်တစ်ဆိုင်ဝင်ပြီး အဖေက ကျောက်နီတစ်လုံးကို ပြလိုက်တယ်တဲ့။ ရွှေဆိုင်ရှင်က အဖေ့ကို အကဲခတ် သလို ကြည့်လိုက်ပြီး ဘယ်ကရသလဲလို့ မေးတယ်။ အဖေကလည်း ဘုရားစေတီအို နေရာကရတယ်လို့ မပြောချင်တာနဲ့ ရေးမိဘဘိုးဘွားလက်ထက်က ရထားတဲ့ အမွေပစ္စည်းပါ။ အခုမှ ဆင်းရဲလို့ ထုတ်ရောင်းတယ် လို့ ပြောလိုက်တယ်။

ဘယ်လောက် လိုချင်လဲလို့ ရွှေဆိုင်ရှင်ကမေးတော့ အဖေက သူ့အိမ်အခြေအနေနဲ့ မိုးတွင်းစာ စား သောက်ဖို့ နဲ့ တွက်ချက်ပြီး စိတ်ထဲမှာ လိုချင်နေတာက ရှစ်ရာတစ်ထောင်လောက်၊ ဒါပေမယ့် သူ့ကျောက်နီကို ဒီလောက် ပေးပါ့မလားလို့ မယုံမရဲစိတ်နဲ့ ချိန်နေခိုက် ဆိုင်ထဲကို လူနှစ်ယောက်ဝင် လာတယ်။

အဖေ့ ကျောက်နီကိုကြည့်ပြီး -

ဟာ ဒီဥစ္စာ ရောင်းဖို့လား ကျုပ်ယူမယ်ဗျာ။ သုံးထောင်ပေးမယ်လို့ ဝင်ပြောလိုက်ရော၊ အဖေလည်း အရ တော်လှပြီလို့ တွက်ပြီး ဈေးနည်းနည်း ကိုင်လိုက်တယ်တဲ့။ ဒါနဲ့ ဈေးတက်ပြီး ပေးလိုက်တာ နောက်ဆုံး ငါးထောင် နဲ့ အဖေက ရောင်းလိုက်တယ်။

ရောင်းလိုက်တဲ့ ကျောက်က အငယ်ဆုံးကျောက်ပဲ။

အဲဒီမှာတင် အဖေက သူရထားတဲ့ ကျောက်တွေဟာ အပေါစားတွေ မဟုတ်ကြောင်း သဘောပေါက် သွားတာပေါ့။ ဒီလို ရောင်းနေတဲ့အချိန်မှာ အဖေအမေနဲ့အတူ ဦးဖေဆိုင်နဲ့ ဒေါ်ငွေ တို့လည်း အဖော် လိုက်လာကြ လို့ မျက်မြင် ဖြစ်သွားကြတယ်။

အဲဒီမှာ အဖေနဲ့ အမေက ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့ သိသွားကြပြီ။ ဒီလင်မယားကို မျက်ခြည်ဖြတ်မှ ဖြစ်မယ်လို့ တွက်လိုက် မိကြတယ်။

ဒါနဲ့ပဲ အမေတို့လည်း သူတို့ရထားတဲ့ ကျောက်တွေကို အားကိုးပြီး ရွာမှာ မနေချင်ကြတော့ဘူးလေ၊ ဦးဖေဆိုင်တို့ဆီက တစ်ဆင့်စကား ပြန့်ပွားသွားရင် လူဆိုးဓားပြရန်ကို ကြောက်ရမယ်ဆိုပြီး မြို့ကို ပြောင်းလာကြတယ်။ နောက်ထပ် ကျောက်တစ်လုံး ထုတ်ရောင်းပြီး တောသူတောင်သားသဘာဝ စိုက်ပျိုးချင်တဲ့ စိတ်တွေလည်း ရှိနေတော့၊ သွားလမ်း လာလမ်းသာတဲ့ ဒီမြို့လေးကို ရောက်လာပြီး ဒီခြံကိုဝယ်၊ ဒီအိမ်ကိုဆောက်၊ ဇာတ်မြုပ်၊ ကုပ်ကုပ်နေပြီး ခြံစိုက်စားတယ်လို့ နာမည်ခံ၊ ကျောက်ရောင်းရတဲ့ ငွေလေးနဲ့ အေးအေး ထိုင်စားနေရာက ကျွန်မကို မွေးဖွားလာရတယ်။

စမ်းမြိုင်ခြံကြီးက အကျိုးပေးလိုက်လို့ အခုလို ငြိမ်းငြိမ်းချမ်းချမ်းနေရတယ်လို့ စမ်းမြိုင်ခြံကြီးကို အမှတ်တရ ဖြစ်အောင် ကျွန်မနာမည်ကို မေစမ်းမြိုင်လို့ မှည့်ခဲ့တာပဲ မမရယ်။

မခင်ရွှေ သည် မျက်စိညောင်းလာသောကြောင့် ခေတ္တနားလိုက်သည်။

မေစမ်းမြိုင်၏စာကို ရင်ဘတ်ပေါ်တင်ပြီး မျက်စိကို အနားပေးလိုက်သည့်သဘောဖြင့် ခေတ္တ မှိတ်ထားလျက်က စိတ်ထဲတွင် ဦးဖေဆိုင်တို့ ဇနီးမောင်နှံချောင်းရေထဲမှာ အဆုံးခံလိုက်သည့် ပြာနှင့် ငွေကြုတ်လေး အကြောင်း ကို စဉ်းစားနေလိုက်သည်။

ရှေးလူကြီးတွေ ပြောခဲ့ဖူးသည့် ပြဒါးပြာဆိုသည်မှာ ချောင်းရေထဲ နစ်မြုပ် ပျောက်ကွယ်သွားသည့် ငွေကြုတ်လေး ထဲက ပြာမျိုးပင်ဖြစ်လိမ့်မည်ဟု တွေးမိလိုက်သည်။

ချောင်းရေထဲတွင် သွန်ချလိုက်စဉ်က အရောင်စုံ ဝင်းလက် တောက်ပသွားသည်ဆိုခြင်းကြောင့် သာမန်ပြာ မဟုတ်နိုင်။ ထို့ကြောင့်သာလျှင် ခဲခဲယဉ်းယဉ်း ဘုရားစေတီ ဌာပနာတိုက်ထဲမှာ လုံခြုံ အောင်ထား ခဲ့ခြင်း ဖြစ်ပေမည်။

ဦးဖေဆိုင်တို့ ဇနီးမောင်နှံနှင့် မေစမ်းမြိုင် မိဘတွေသည် တန်ဖိုးမဖြတ်နိုင်အောင် မြင့်မြတ်လှသည့် ပြဒါးပြာ ကို မထိုက်တန်သောကြောင့်သာလျှင်၊ မခံစားထိုက်သောကြောင့်သာလျှင် တစ်ဦးကလည်း လိုချင်စိတ်မရှိ၊ တစ်ဦး ကလည်း မစဉ်းမစား ရေထဲသွန်ချလိုက်ခြင်းဖြစ်သည်။

ပစ္စည်းဥစ္စာ သည် လည်းကောင်း၊ စည်းစိမ်ချမ်းသာသည်လည်းကောင်း။ ရာထူးရာခံသည်လည်းကောင်း ထိုက်တန်သူသာ၊ ဘုန်းကံသမ္ဘာရှိသူသာလျှင် ခံစားနိုင်ချေသည်ဟု မခင်ရွှေသည် တရားကျစွာ တွေးနေရာ မှ စာကို ဆက်ဖတ်လိုက်သည်။

အဖေနဲ့အမေ ဒီခြံကြီးထဲ ရောက်လာတော့ ဒီမြို့လေးက လူတွေကလည်း တောကပြောင်းလာတဲ့ ကြေးရတတ် တွေပဲလို့ ယုံကြည်ကြတယ်။

နောက်ပြီး တောသူတောင်သားတွေပီပီ ခြံအလုပ်ကို လုပ်ကိုင်ရောင်းဝယ်နေတော့ ဒီခြံကြောင့်သာ တင့်တင့် တယ်တယ် စားသောက်နေထိုင်နိုင်တယ်လို့ ထင်ကြတယ်။ ရှိရင်းအပင်ကြီးတွေက မသီးမပွင့်တော့ပေမဲ့ အဖေက ရာသီပေါ် စားပင်တွေ စိုက်ရောင်းခဲ့တယ်လေ မမရဲ့။

အမှန်ကတော့ အဖေနဲ့အမေက ခြံအလုပ်ကို ဟန်ပြလောက်သာ လုပ်နေကြပြီး နောက်ထပ် မြို့ကြီး ပေါ်တက်ပြီး ပတ္တမြားနစ်လုံး ကို ထုတ်ရောင်းတယ်။

ဆင်းရဲခဲ့သမျှ အတိုးချပြီး အစားအသောက်ကောင်းတွေကို ဝဝလင်လင် စားသောက်ပြီး စည်းစိမ် ရှိရှိ နေထိုင် ကြတယ်။

မသီးမပွင့်တော့တဲ့ ရှိရင်းစွဲအပင်ကြီးတွေကိုလည်း အပင်ပန်းခံ မပြုပြင်တော့ဘူး၊ ဒီအတိုင်း ပစ် ထားခဲ့ကြတယ်။

ကျွန်မ မွေးဖွားပြီး လပိုင်းလောက်မှာပဲ ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့ဟာ အဖေနဲ့ အမေရှိရာကို သတင်းနာ စုံစမ်းပြီး ရောက်လာကြတယ်။

ရွာမှာ လုပ်ကိုင်စားရတာ ဆင်းရဲလွန်းလို့ အားကိုးပြီး လိုက်လာကြောင်း၊ ဒီခြံကြီးထဲမှာပဲ နေထိုင်ခွင့် ပြုပါမည့်အကြောင်း၊ ခြံအလုပ်ကို လုပ်ကိုင်ပေးမည်ဖြစ်ကြောင်း၊ သူတို့ ဇနီးမောင်နှံနှစ်ယောက်၏ စားဝတ်နေရေးကို သင့်လျော်သလို ကြည့်ရှုပေးကမ်းပါမည့်အကြောင်း၊ သမီးငယ်ကိုလည်း ဝိုင်းကူ ထိန်းပေးမည်ဖြစ်ကြောင်း စသည်ဖြင့် ပေါ့မမရယ်၊ သနားအောင် ပြောတော့ အဖေနဲ့အမေကလည်း လက်ခံလိုက်တယ်။

လက်ခံစရာ အကြောင်းတွေကလည်း ရှိနေတယ် မမရဲ့။ အဖေနဲ့အမေက ဒီမြို့လေးမှာ တော်တော်လေးဝင်ဆံ့နေတော့ သာမှုနာမှုတွေ၊ ရပ်ရေးရွာရေးတွေမှာ သွားရလာရတယ်။

အဲဒီ အချိန်မှာ အိမ်စောင့်လူလိုတယ်။ ကျွန်မကို ထိန်းကျောင်း ကြည့်ရှုဖို့ လူလိုတယ်။ အိမ်သန့်ရှင်း ရေး၊ ချက်ပြုတ် လျှော်ဖွပ်ရေး အတွက် လိုတယ်။

ဘာပဲပြောပြော ဟန်ပြလုပ်နေတယ် ဆိုပေမယ့် ခြံအလုပ်ကိုလည်းလုပ်ဖို့ လူလိုတယ်မမ၊ အဖေနဲ့ အမေလည်း အဲဒီအကြောင်းတွေကြောင့် လူငှားခဲ့ကြဖူးပါတယ်။

ဒါပေမယ့် အဆင်ပြေတဲ့ လူ မရနိုင်အောင် ဖြစ်ခဲ့တယ်။ ကိစ္စရှိလို့ သွားစရာပေါ်လာရင် အိမ်မှာထားခဲ့ဖို့ရာ ပစ္စည်းလည်း စိတ်မချရ၊ ကလေးကိုလည်း ကြည့်ရှုထိန်းသိမ်းရာမှာ စိတ်မချရ၊ အိမ်အလုပ်ကိုလည်း မျက်နှာမလွှဲရဆိုတဲ့ လူမျိုးတွေကိုချည်း တွေ့နေရတော့ အဖေနဲ့အမေကလည်း လူချမ်းသာဟန်နေချင်၊ နောက်ပိုင်းနဲ့ ခြံကိုလည်း စိတ်ချရမယ့်လူ မရှိ ဖြစ်နေခိုက်မှာ တစ်ယောက်အကြောင်းကို တစ်ယောက်သိပြီးသားလည်းဖြစ်၊ စိတ်ချယုံကြည်ရမယ့် လူလည်းဖြစ်တဲ့ ဦးဖေဆိုင်တို့ ရောက်လာတော့ အဆင်ပြေ သွားတာပေါ့။

နောက်တစ်ကြောင်းကလည်း ဘုရားစေတီနေရာက အဖိုးတန် ပတ္တမြားတွေ ရခဲ့ကြောင်း၊ ဒီပတ္တမြားတွေကို ရောင်းချပြီး လူချမ်းသာဟန် ပုံဖမ်းနေကြောင်းတွေကို ဦးဖေဆိုင်တို့က အတွင်းသိတွေ ဟုတ်လားမမရဲ့။ လက်မခံဘဲ ပစ်ပစ်ခါခါ လုပ်လိုက်ရင် ဒီအကြောင်းကို သူတို့ လျှောက်ပြောကြတော့မယ်။ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ ဘုရားကို သူတစ်ပါးလှူထားတဲ့ ပစ္စည်းယူပြီး စားသုံးတာဟာ၊ လောကရေး သံသရာ ရေးမကောင်းဘူး။ မျက်မှောက်ခေတ်မှာလည်း လူအများက ကဲ့ရဲ့ရှုံ့ချမယ်။ လူယုတ်မာတွေလို့ အသိအမှတ်ပြုခံရမယ်။

ဘုရားက ပစ္စည်းတွေကို ယူဆောင်စားသူတွေဟာ ဒီဘဝမှာ အင်မတန် ကံကောင်းလွန်းလို့ ဘာမှ မဖြစ်သေး ပေမယ့် ဘဝဆက်တိုင်း ခံစားရမယ့် အကုသိုလ်က ကြောက်စရာကောင်းတယ် ဆိုတာကို အဖေနဲ့ အမေ မသိလို့ မဟုတ်ဘူး။ သိပါတယ် မမရယ်။

ဆင်းရဲလွန်းတော့ နောင်အခါမှ ဖြစ်ချင်ရာဖြစ် အသက်ရှင်နေခိုက်ကလေးမှာ စည်းစိမ်ရှိရှိနေ နိုင်ရင် အမြတ် လို့ သဘောထားပြီး သုံးတာလို့ အမေကပြောတယ်။ ဒါပေမယ့် ဘုရားကို လှူထားတဲ့ ပစ္စည်းကို စားသုံးနေလို့ ပစ္စည်းဥစ္စာ ချမ်းသာပြီး လူတော သူတောထဲမှာ ဝင်ဆံ့နေပေမယ့် ရှေ့မှာသာ ဟန်ဆောင်ပြုံးနဲ့ နေရာထား ဆက်ဆံ ကြတာပါ။ နောက်ကွယ်ကျတော့ မစားထိုက် တဲ့ ပစ္စည်းကို စားနေတဲ့လူတွေ၊ အပင်းအဆိပ် မျိုးနေတဲ့ လူတွေ၊ ဘုရားပစ္စည်းကို ခိုးစား နေတဲ့ လူယုတ်မာတွေ ဆိုတာကိုတော့ ပြောနေကြတာပဲ။

အဲဒါနဲ့ ဦးဖေဆိုင်နဲ့ဒေါ်ငွေတို့ ဒီခြံကြီးထဲမှာပဲ အစဉ်အမြဲ နေထိုင်တဲ့ လူတွေဖြစ်သွားကြပြီ။ သူတို့ ပြောခဲ့တဲ့ စကား အတိုင်း အိမ်တွင်း လုပ်ကိုင်ဆောင်ရွက်စရာတွေရော၊ ခြံအလုပ်ရော၊ ကျွန်မကို ကြည့်ရှု ထိန်းသိမ်း တာရော လုပ်ကိုင်ပေးပါတယ်။ ဒါကြောင့် အဖေနဲ့ အမေကလည်း ဦးဖေဆိုင်နဲ့ ဒေါ်ငွေကို သစ္စာရှိတဲ့ မိတ်ဆွေကောင်း တွေပဲလို့ ယုံကြည်ကိုးစားကြတယ်။

ဒီအိမ်ကြီးပေါ်မှာပဲ ဆွေမျိုးရင်းချာလို အတူနေထိုင်ကြတယ်။ ဦးဖေဆိုင်နဲ့ ဒေါ်ငွေကို တန်းတူထား စားသောက် နေထိုင်တယ်။ ဝတ်ဆင်မှုမှာလည်း မညှိုးငယ်စေရဘူးပေါ့။

ပတ္တမြားတွေကို ရောင်းပြီး ခြံအလုပ်ကို ဟန်ပြသာလုပ်နေခဲ့ရာက ဦးဖေဆိုင်နဲ့ဒေါ်ငွေ ရောက်လာပြီး တကယ်ပဲ ခြံအလုပ်ကို ရာသီပေါ်စားပင်လေးတွေ မပြတ်စိုက်တော့ ဝင်ငွေ တိုးတာ တယ်လေ။ သူတို့ နှစ်ယောက် ပိုလာတဲ့အတွက် စရိတ်အိတ်ထဲက အတော်အသင့်ပဲ စိုက်ရတယ်တဲ့။

ဒါတွေ ကို ကျွန်မ ဘာမှ မသိခဲ့ပါဘူး။ မမ၊ ကလေးအရွယ်က ကျွန်မကို ထိန်းကျောင်းလာခဲ့တော့ ဦးဖေဆိုင်နဲ့ ဒေါ်ငွေကို ကျွန်မခင်တယ်။ ဆွေမျိုးသားချင်း အရင်းလို့ပဲ ထင်လာခဲ့တယ်။ အဖေနဲ့ အမေကလည်း ဘယ်လို တော်စပ်တယ် ဆိုတာကို မပြောကြဘူး။ ဒီလိုမပြောဘဲ နေခဲ့ကြတာက ဦးဖေဆိုင်နဲ့ ဒေါ်ငွေက တောင်းပန် ထားတယ်တဲ့။

ဘာကြောင့် တောင်းပန်းထားလဲ ဆိုတော့ ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့ သားသမီးတစ်ယောက်မှ မရှိဘူး။ ကျွန်မကို ထိန်းကျောင်းနေရတော့ သမီးအရင်းတစ်ယောက်လို ချစ်ပါတယ်တဲ့။ ကလေးကလည်း အတူနေ အမြဲနေ ဆိုတော့ ဦးဖေဆိုင်နဲ့ ဒေါ်ငွေကို ခင်တွယ်နေပြီ။ ဒီတော့ ဘာမှ မတော်ကြောင်း အိမ်ဖော်သာ ခေါ်ထားကြောင်း ပြောလိုက်ရင် ကလေးဟာ သိတတ်တဲ့ အရွယ်ရောက်လာတော့ သူတို့ကို မခင်တွယ်တော့ဘဲ သူစိမ်းပြင်ပြင်လို သဘောထား ဆက်ဆံလိုက်မှဖြင့် သူတို့ ရင်ကွဲရပါလိမ့်မယ်လို့ ပြောတာကို အဖေ နဲ့ အမေက သနားပြီး ဦးဖေဆိုင်နဲ့ ဒေါ်ငွေကို ဆွေမျိုးသားချင်း အရင်းအချာလို့ ပြောထားတော့ ကျွန်မကလည်း အဟုတ်ပဲ ဆွေမျိုးအရင်းချာမှတ်ပြီး အားလည်းကိုး ချစ်လည်းချစ်ပေါ့မမရယ်။ အမေနဲ့ အဖေ ကလည်း ပတ္တမြားတွေကို ရောင်းထားရတဲ့ငွေတွေက တော်တော်လေး ရှိနေတယ်။ အားလုံး ပတ္တမြားကိုးလုံး ရထားတယ်။ အကြီးသုံးလုံးက ဗာဒံစေ့လောက်ရှိပြီး ကြီးစဉ်ငယ်လိုက် အသေးသုံးလုံးက မန်ကျည်းစေ့ လောက် ရှိတယ် လို့ပြောတယ်။

အမေပြောတာကိုသာ ကြားရတာ မမ။ ဒီပတ္တမြားတွေ ဆိုတာကို အခုစာရေးတဲ့ အချိန်အထိ ကျွန်မ လုံးဝ မမြင်ခဲ့ဘူး မမရယ်။

ရောင်းလိုက်တာက အငယ်ဆုံး ပတ္တမြားသုံးလုံးတဲ့။ ဒီတော့ အမေတို့လက်ထဲမှာ ပတ္တမြား ခြောက်လုံး ကျန်သေးတာပေါ့။ အငယ်ဆုံး အလုံးတွေကို ရောင်းလိုက်တာတောင် အမေတို့ ဘာမှ ပင်ပင်ပန်းပန်း မလုပ် ရတော့ဘဲ၊ မြေပိုင်၊ အိမ်ပိုင်နဲ့ နေနိုင်တယ်။ ကောင်းကောင်းဝတ် ကောင်းကောင်းစားနိုင်တယ်။ လူအပို ခေါ်ကျွေး ထားနိုင်တယ် ဆိုတော့၊ ရောင်းလိုက်တဲ့ အငယ်ဆုံး ပတ္တမြားသုံးလုံးဟာ ဘယ်လောက် အဖိုးတန် နေတယ်ဆိုတာ စဉ်းစားကြည့်ပါမမ။

ကျန်နေသေးတဲ့ အကြီးခြောက်လုံးရဲ့ တန်ဖိုးကို တွက်ကြည့်ရင်ဘယ်နည်းလိမ့်မှာလဲမမရယ်။ ဒါလောက် အဖိုးတန် တဲ့ ကျောက်မျက်ရတနာတွေကို ဘုရားဆင်းတုတော် ပလ္လင်မှာ စီထားတဲ့ ပစ္စည်းမျိုးလို့ထင်ပြီး လိုချင်စိတ် မရှိတဲ့ ဦးဖေဆိုင်တို့ ဇနီးမောင်နှံ။ အင်မတန် မွန်မြတ်ပြီး ဘုန်းရှင် ကံရှင်များနဲ့သာ ထိုက်တန် တဲ့ ပြဒါးပြာ ကို ထည့်ထားတဲ့

ငွေကြေးတ်လေးကို ဘာရယ်လို့ စူးစမ်းခြင်းမရှိ ပြီးစလွယ်ပေးလိုက်တဲ့ အဖေနဲ့ အမေ။ နောက်ပြီး ဒီပြဒါးပြာတွေကို ချောင်းရေထဲမှာ သွန်ချ လိုက်တဲ့ ဦးဖေဆိုင်တို့ ...။

သူတို့အားလုံး ပြုမူပုံတွေဟာ ရယ်စရာလည်းကောင်း၊ သနားစရာလည်းကောင်း။ စိတ်တိုစရာလည်း ကောင်း၊ မချင့်မရဲဖြစ်စရာလည်း ကောင်းတာပဲနော် မမ။

ပြောရရင်တော့ သူတို့နဲ့ မထိုက်လို့ပေ့ါလေ။

ဒီလိုနဲ့ ကျွန်မတို့မိသားစုနဲ့ ဦးဖေဆိုင်တို့ဇနီးမောင်နှံ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေလာခဲ့ကြရာက ကျွန်မ ကို ကျောင်းထားတဲ့အရွယ် ရောက်လာတော့ ကျောင်းအပ်လိုက်ကြတယ်။ ဦးဖေဆိုင် တစ်လှည့်၊ ဒေါ်ငွေ တစ်လှည့် ကျောင်းပို့ကျောင်းကြို ကျွန်မရဲ့ အနွံအတာကို အတော်အသင့် ခံကြပါတယ်။ ဘယ်လောက် ကျေးဇူး တင်စရာကောင်းလဲ။ ကျွန်မက ကလေးဆိုတော့ ဘာအကြောင်းမှ မသိသူပီပီ၊ လက်သာတဲ့ ဦးဖေဆိုင် နဲ့ ဒေါ်ငွေကို ခင်နေခဲ့ပါတယ်။ သူတို့ကို ကျေးဇူးတင်စရာ ချစ်စရာကောင်းတယ်ဆိုလို့ မမ ရောက်လာ စနေ့က ကျွန်မ အကြောင်းကို ဒေါ်ငွေ ပြောနေတာ ကျွန်မ ဟိုဘက်ခန်းက နားထောင်နေလို့ ကောင်းကောင်း ကြားခဲ့ရပါတယ်။ ဒေါ်ငွေ ပြောခဲ့တဲ့ စကားတစ်ခွန်းကို မမ သတိရခဲ့သေးလား။

ကျွန်မ ကတော့ မမေ့ဘူး မမ၊ အခု သတိရနေသေးလို့ စာထဲမှာ ထည့်ရေးလိုက်ပါတယ်။

နွားပြာကြီးအကြောင်း မသိသေးလို့၊ အကြောင်းသိရင် သားရေတောင် ဖင်ခုထိုင်ချင်မှာ မဟုတ်ဘူးဆိုတဲ့ စကားပုံ လေ မမရဲ့။

မေစမ်းမြိုင် ရေးသည့်အတိုင်းပင် သူ ရောက်လာသည့်နေ့က ဒေါ်ငွေက မေစမ်းမြိုင်အကြောင်း ပြောရာတွင် မေစမ်းမြိုင် ကောင်းကြောင်း တစ်ခွန်းမျှ မပါခဲ့ချေ။ နွားပြာကြီးအကြောင်း မသိသေးလို့၊ အကြောင်းသာ သိရင် သားရေတောင် ဖင်ထိုင်ချင်မှာမဟုတ်ဟု ပြောဖူးသည်။

ထိုစဉ်က မခင်ရွှေစိတ်ထဲမှာ မည်သို့မျှ လေးလေးနက်နက် မတွေးမိခဲ့ချေ။

ယခု မေစမ်းမြိုင်က ဦးဖေဆိုင်၊ ဒေါ်ငွေတို့ အကြောင်းနှင့်ပတ်သက်ပြီး ထိုစကားပုံကိုပင် သုံးပြန် ချေပြီ။

မခင်ရွှေ သည် စကားပုံအကြောင်း တွေးရင်း၊ ပတ္တမြားကိုးလုံးနှင့် ငွေကြေးတ်လေး အကြောင်းကိုပါ သတိရ လိုက်ပြန်သည်။ ထိုသို့ သတိရလိုက်သောအခါ စမ်းမြိုင်ခြံကြီးကို ခြောက်သွေ့နေသော ကန္တာရ ခြံပျက်ကြီး အဖြစ်မှ စမ်းရေ ပြန်လည်စိမ့်ထွက်လာအောင် စိမ်းလန်းစိုပြည်လာအောင် သူ ပြုစုပျိုးထောင်ခဲ့ပုံကိုပါ ပြန်လည် သတိရလိုက်သည်။

ထိုအခါက ခြံကြီး၏ အစွန်ဆုံး စမ်းချောင်း ကမ်းပါးပေါ်မှာ တော့တော့လေးရှိနေသော ချိုင့်ကြီးတစ်ခုကို သတိထားခဲ့မိသည်။ ချိုင့်ကြီးကား ကျယ်ဝန်းလှသည်မဟုတ်ချေ။ သာမန်ရေတွင်း တစ်တွင်း၏ အကျယ်အဝန်း လောက်သာ ရှိနေသည်။ နက်ရှိုင်းခြင်းမရှိဘဲ သစ်ရွက်ခြောက်တွေ၊ အမှိုက်တွေ ကျခြင်းကြောင့် တစ်ကြောင်း၊ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်၍ တစ်ကြောင်း မြေကြီးက မို့နေလေပြီ၊ ရိုးရိုးမြေနိမ့်နေသည့် ချိုင့်ဝှမ်းသဖွယ်သာ တွေ့ရတော့သည်။

ခြံကြီး၏ မြေနေရာအားလုံးတွင် ချိုင့်ဝှမ်းနှင့်တူသည့်အရာ ဟူ၍ ဤတစ်နေရာတည်းသာ တွေ့ရသောကြောင့်၊ မခင်ရွှေသည် အထွေအထူး မထင်ခဲ့မိချေ။ ရိုးရိုးမြေနိမ့်နေသည့် ချိုင့်တစ်ခုဟုသာ ထင်မြင် လာခဲ့သည်။ နေရာကလည်း ခြောက်သွေ့ တိမ်ကောနေပြီဖြစ်သည့် စမ်းချောင်းကမ်းပါးနေရာဖြစ်နေသည်။ ထို့ကြောင့် မောင်စိန်းမောင်က ခြံမြေကြီးကို စည်းရိုးခတ်သောအခါ ထိုနေရာကို မယူတော့ဘဲ ကွေ့ချန်ထားခဲ့သောကြောင့် ထိုချိုင့်ကြီးသည် ခြံအပြင်ဘက်ကို ရောက်နေခဲ့လေပြီ။

"မေစမ်းမြိုင် စာထဲမှာပါတဲ့ စေတီတော်ဟောင်း ဌာပနာတိုက်နေရာဆိုတာ ဒီချိုင့်ကြီးပဲဖြစ်မယ်။ တစ်ခြံလုံး မှာ ချိုင့်ဆိုလို့ ဒီတစ်နေရာပဲရှိတာ၊ ကောင်းပါတယ်လေ ကိုစိန်းမောင် ခြံခတ်လိုက်တော့ ဘာမှန်း မသိပေမယ့် အလိုလို ယူချင်စိတ် မရှိတော့ဘဲ ချန်ထားခဲ့တာကိုက ရတနာသုံးပါးနဲ့စပ်ဆိုင်တဲ့နေရာကို အလိုလို လွတ်ကင်းစင်ကြယ်ပြီးသားဖြစ်သွားတာပေါ့"

မခင်ရွှေ က တွေးရင်း မောင်စိန်းမောင်အတွက် စိတ်သက်သာရာရသွားသည်။

ထို့နောက် စာကို ဆက်ဖတ်လိုက်ပြန်သည်။

ကျွန်မ သေသေချာချာ မှတ်မိခဲ့ပါတယ်မမ၊ ကျွန်မ ကျောင်းနေလို့ကျောင်းစာ ငါးတန်းရောက်တဲ့နှစ်မှာ အဖေ စိတ်ဖောက်ပြန်လာတယ်။ ရူးစပြုလာတယ်ဆိုပါတော့ မမ။ နှုတ်က တိုးတိုး တိုးတိုးနဲ့ ဘာ မှန်းမသိဘူး အမြဲ ပြောနေတယ်။ အမေကလည်း ဒီ စိတ်နောက်ရူးသွပ်တာ ပျောက်အောင် စွမ်းတယ်၊ ကောင်းတယ်ဆိုတဲ့ ဆရာ ပင့်တာပဲ။

ဆရာတွေ က ဆေးတိုက်ရင် ဆေးကို အဖေက မသောက်ဘူး။

"ရှိသေးတယ် ရှိသေးတယ် အများကြီးရှိသေးတယ်"

ဆိုတဲ့ စကားကိုပဲ ထပ်တလဲလဲ ပြောတယ်။

"ဘာတွေ ရှိသေးတာလဲ"

လို့မေးရင် ...

"ရတနာ တွေပေါ့"

လို့ အားပါးတရ ဖြေတတ်တယ်။

ဆေးကု တဲ့ ဆရာတွေကတော့ အမေတို့ ရှေးရိုးလိုက်တဲ့အတိုင်း ဗိန္ဓောဆရာတွေ၊ ပယောဂ ဆရာ တွေပေါ့ မမရယ်။ ဒါကြောင့် အဖေရူးတာ သွေးရိုးသားရိုးမဟုတ်နိုင်ဘူး။ ပယောဂ ဖက်တယ်တို့၊ ရိုးရာကိုင်တယ်လို့ သူတို့ စိတ်ထဲမှာ ထင်ရာမြင်ရာကို တစ်ယောက်တစ်မျိုး ပြောကြတယ်။

အမေကတော့ ပယောဂဖက်လို့ရူးတယ်ဆိုတာကို ယုံတယ်။ ဘာကြောင့်လဲ ဆိုတော့၊ ရှေးဟောင်းစေတီအိုက ပတ္တမြားတွေ ယူလာတဲ့ အချက်က ရှိနေတာကိုး မမရဲ့။ အမေက ဒီ ... ပတ္တမြားတွေကြောင့် ရူးတာပဲလို့ စိတ်ထဲမှာ အကြီးအကျယ်ကို ကြောက်လန့်နေပေမယ့် ပတ္တမြားတွေကိုတော့ လက်လွှတ်စွန့်ပစ်ဖို့ သို့မဟုတ် ဘုရားစေတီဟောင်း ဌာပနာတိုက် ကျုံ့ကျသွားရာနေရာကို ပြန်သွားပြီး တွင်းထဲကို ပြန်ပစ်ပစ္စည်းဥစ္စာတွေကို စွန့်ပစ် လှူဒါန်း ဖို့ ဆိုတာကို လုံးဝ စိတ်မကူးမိခဲ့ ဘူးတဲ့။ ဘယ်လောက်များ အမေတို့ မက်မောလိုက်ပါသလဲ မမရယ်။

မစားသုံးထိုက်တဲ့ ပစ္စည်းကို စွန့်လအတ်ဖို့ စိတ်မကူးဘဲ ဆရာတွေသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းကုနေတယ်။ ကုလေသမျှ ဆရာတွေကလည်း အားလုံး လက်လျှော့ပြန် သွားကြတာချည်း ဖြစ်နေတယ်။

အဖေရူးပုံက ကြမ်းလို့တော့ မဟုတ်ပါဘူး။ ယဉ်ယဉ်ကလေး ရူးနေတာပါ။ ဒါပေမယ့် လေသံအေးအေး ပြောနေတဲ့ စကားတွေက ကြောက်စရာကောင်းတယ်လို့ ပြောပါတယ်။

အဖေ ဘာတွေပြောခဲ့သလဲဆိုတာကို အမေ ပြန်ပြောပြခဲ့တာ ကျွန်မ မှတ်မိနေပါသေးတယ် မမ။

အဖေ ပြောပြတာ ပုံပြင်လေးတစ်ပုံ နားထောင်ရသလိုပဲတဲ့ မမရယ်။

အဘိုးမြိုင်နဲ့ အဘွားစမ်းအေးတို့ ဒီမြုံကြီးနေရာကို နေမယ်စိတ်ကူးစဉ်က မြွေဆိုးတွေ မနိုင်နိုင်အောင် ပေါများနေခဲ့တယ်။ ဒါကို မြွေနိုင်တဲ့ ဆရာကြီး ဦးသာပေါ်က မြွေတွေကို နှိမ်နင်းပေးခဲ့တော့ မြွေတွေ နေရာပြောင်းသွားခဲ့တယ် ဆိုတာကို ရေပြာအိုင်တစ်ရွာလုံး သိခဲ့ကြပါတယ် မမ။

မခင်ရွှေသည် စာဖတ်ခြင်းကို ရပ်ဆိုင်းထားလိုက်ပြန်သည်။

သူရေပြာအိုင်ရွာ မှာ နေစဉ်က မြွေနိုင်သူ ဆရာကြီး အဘသာပေါ်အကြောင်းကို ဘွားရွှေအိမ်တို့သားအမိက ပြောပြခဲ့ကြ ဖူးသည်။

ယခု မေစမ်းမြိုင်သည် ထိုအတ္တုပ္ပတ္တိကို ပြန်လည်ပြီး အမှန်အတိုင်း ရေးပြနေပြန်သည်။ မေစမ်းမြိုင်၏ တည်ငြိမ်သောစိတ်ကို မခင်ရွှေက ယုံသည်ထက် ယုံလာသည်။

ထို့ကြောင့် သက်ပြင်းချကာ စာကို ဆက်ဖတ်လိုက်ပြန်သည်။

ကမ္ဘာကျော် သာသနာပြု မင်းမြတ်ဖြစ်တဲ့ သီရိဓမ္မာသောက မင်းတရားကြီးဟာ မြတ်စွာဘုရား ဓာတ်တော်တွေကို ဌာပနာပြီး စေတီတော် ရှစ်သောင်းလေးထောင်ကို အရပ်ရပ် အနှံ့အပြားမှာ တည်ပြီး သာသနာတော်ကို ပြန့်ပွားအောင်ပြုစုခဲ့တာ ဗုဒ္ဓဘာသာဝင်တိုင်း သိခဲ့ကြပါတယ်။ အခု စမ်းမြိုင်ခြံကြီးထဲမှာ အဖေတို့ ဌာပနာတိုက် တွေ့လာခဲ့တဲ့ စေတီတော်ဟာလည်း သီရိဓမ္မာသောက မင်းကြီး တည်တော်မူခဲ့တဲ့ ရှစ်သောင်းလေးထောင် စေတီတော်အပါအဝင် ဖြစ်တယ်တဲ့။

နှစ်ပေါင်းများစွာ ကြာညောင်းလာတဲ့အခါ စေတီတော် ပြိုပျက်နေတာကို ဘယ်သူက ပြင်လာခဲ့သလဲ ဆိုတော့ ဒီရွာမှာ ဇာတိချက်မြှုပ်နေလာခဲ့ကြတဲ့ ဘိုးဦးတော်တို့ သားအဖ သုံးယောက်က ပြင်ခဲ့ကြ တယ်တဲ့။ ဒီသားအဖသုံးယောက် ပြင်ခဲ့ကြတာက လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးရာ ကျော်အချိန်က ဖြစ်တယ်တဲ့။

အဖေ စိတ်နောက်နေခိုက် ပြောပြတဲ့ ရေပြာအိုင်ရာဇဝင်လေးကလည်း စိတ်ဝင်စားစရာပဲ မမရယ်။ ဘာကြောင့် ရေပြာအိုင်လို့ ခေါ်သလဲ ဆိုတာပဲ။

ဤနေရာ မှာ မခင်ရွှေ စိတ်အားထက်သန်သွားပြန်သည်။ သူနှစ်ရှည်လများ နေထိုင်ခဲ့သော ရေပြာအိုင်ရွာလေး မှာ တွေ့ကြုံခဲ့ရသော ထူးဆန်းအံ့ဩဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ၊ ကြေကွဲပူဆွေးစရာ၊ တရားသံဝေဂ ရဖွယ်ရာ၊ ဇာတိမာန်တက်ကြွဖွယ်ရာ စသည်ဖြင့် များလှစွာသော အကြောင်းတွေကို ဘွားရွှေဆိုင်တို့အိမ်က ပြောပြ၍ အမှတ်တရ စာရေးခဲ့ပါသော်လည်း ရွာနာမည်ကို ဘာကြောင့် ရေပြာအိုင်ရွာ ခေါ်သည်ကိုမူ မခင်ရွှေကလည်း မမေးမိ၊ မည်သူကမျှလည်း စကားစပ်ပြောခြင်းမရှိခဲ့ချေ။

ယခုမှ ဘာကြောင့် ရေပြာအိုင်ရွာခေါ်သည်ကို စိတ်နောက်ရူးသွပ်နေသူက ပြောပြသည်ဟု မေစမ်းမြိုင် စာထဲမှာ ရေးထားသည်ကို ဖတ်ရသောအခါ သတိမမူခဲ့သည့် အကြောင်းအရာကို ယခုမှ သိရတော့မည် ဖြစ်သောကြောင့် များစွာ စိတ်ဝင်စားသွားခြင်းဖြစ်သည်။

မခင်ရွှေ က စာကို ဆက်ဖတ်လိုက်သည်။

အဖေက ဒီရွာရာဇဝင်ကို ဘယ်လို ပြောလဲဆိုတော့ -

ဒီ ရေပြာအိုင်ရွာ ရှိနေခဲ့တာ ကြာပြီပဲ၊ ဒီရွာသက်တမ်းဟာ အနည်းဆုံး နှစ်ပေါင်း ငါးရာကျော် ခြောက်ရာနီးပါးရှိနေပြီတဲ့။

ကျွန်မက ရှစ်တန်းအထိ စာသင်ခဲ့ဖူးတယ်လို့ ပြောခဲ့ပါတယ်မမ။ မြန်မာရာဇဝင်ကို စိတ်ဝင်စားလို့ ရာဇဝင်စာအုပ်တွေကို ဖတ်ခဲ့ဖူးပါတယ်။ အဖေပြောတဲ့ ရွာသက်တမ်းကို တွက်ကြည့်ရင် ပထမအင်းဝခေတ် အချိန်လောက်ကတည်းက ရှိခဲ့တယ်လို့ မှန်းဆမိပါတယ်မမ။ ကျွန်မ အယူအဆ လွဲမလား မမလည်း တွက်ကြည့်ပါဦး။

မခင်ရွှေက စာဖတ်သည်ကို အခိုက်အတန့် ဖြတ်ထားလိုက်ပြီး၊ မေစမ်းမြိုင်ပြောသည့် ရွာသက်တမ်းကို တွက်ကြည့်လိုက်သည်။ အင်းဝပထမခေတ်လောက်ကပင်ဖြစ်ကြောင်း ခန့်မှန်းမိ သည်။

"အို ... ဒီရွာသက်တမ်း မနည်းတော့ပါလား။ အဓိကရ ရွာတစ်ရွာပဲ။ ဒါကြောင့် ပြောလို့မယုံနိုင်အောင် ထူးဆန်းတဲ့ အဖြစ်တွေ ဖြစ်ခဲ့တာပေါ့"

မခင်ရွှေ က တွေးပြီး စာကို ဆက်ဖတ်လိုက်သည်။

ဟို ... ရှေးယခင်အချိန် ဒီဘုရားစေတီတော်ကြီးကို သားအဖသုံးယောက် ပြုပြင်တည်ဆောက်စဉ် ကပဲ ထူးဆန်းတဲ့ ရေအိုင်တစ်အိုင် ရှိခဲ့တယ်တဲ့။ ဒီရေအိုင်က ဘယ်နားမှာ ရှိနေလဲဆိုတော့၊ စေတီ တော်ကြီး အနီးနား မှာပဲ ရှိနေခဲ့တယ်တဲ့။ ရေအိုင်က ကျယ်ကျယ်ဝန်းဝန်း ကြီးကြီးမားမား မဟုတ်သော်လည်း ပြာလဲ့လဲ့ရေကြည်ကြည်က မိုး၊ နွေမခန်း စိမ့်ထွက် နေပြီး၊ အိုင်နှုတ်ခမ်းက လျှံကျလာတဲ့ ရေတွေက စမ်းချောင်းအဖြစ် စီးဆင်းသွားတော့ ဒီစမ်းချောင်းတစ်လျှောက်မှာ ရှိနေတဲ့ မြေတွေဟာ မြေဆီသြဇာ သိပ်ကောင်းပြီး အသီးအနှံဖွံ့ဖြိုးလွန်းလို့ ဒီရွာဟာ အင်မတန် စည်ကားသာယာ ခဲ့တယ် လို့ ပြောပါတယ်။

မခင်ရွှေ အံ့သြရပြန်လေပြီ။

"သြော် ... လက်စသတ်တော့ စမ်းမြိုင်ခြံကြီးထဲက စမ်းအိုင်လေးဟာ ဒီရွာရဲ့ မူလနာမည်ကို ဖြစ်စေတဲ့ အဖိုးတန် ရေအိုင်လေးပါလား။ ဒီအိုင်နဲ့ဒီစမ်းချောင်းကို တိမ်ကောခြောက်သွေ့အောင် လုပ်ခဲ့ကြတာ တော်တော်အဆင်ခြင် ကင်းမဲ့တဲ့ လူတွေပဲ။ နှစ်ပေါင်းငါးရာကျော်က တည်ရှိပြီး ရှေးလူကြီးတွေ မြောက်မြားစွာကို သာယာဝပြောအောင် ကျေးဇူးပြုလာခဲ့တဲ့ စမ်းရေအိုင်ကို ခန်းခြောက်နေတဲ့ အဖြစ်က ပြန်လည် စိုပြည်ပြီး စမ်းရေ ပြန်ထွက်အောင် ငါ လုပ်ပေးနိုင်ခဲ့ပါလား"

မခင်ရွှေသည် တွေးရင်းပင် သူပြုမူခဲ့သည့် မွန်မြတ်သောအလုပ်ကို စိတ်မှာ ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်း၊ နှစ်သိမ့် ဝမ်းမြောက်ခြင်း၊ ဂုဏ်ယူခြင်း စသည့် ခံစားချက်တို့ကြောင့် မျက်ရည်များပင် လည်လာသည်။ ကြက်သီးမွေးညင်းပင် ထလိုက် မိသည်။

"ကောင်းလိုက်တာနော်၊ ငါ လူဖြစ်ရကျိုး နပ်လိုက်လေခြင်း"

မခင်ရွှေက နှုတ်မှ ကြည်နူးစွာ ရေရွတ်လိုက်ပြီး စာကို ဆက်ဖတ်လိုက်သည်။

ဒီရေအိုင်လေးထဲက ရေဟာ ဘယ်အခါ ကြည့်ကြည့်၊ မိုးကောင်းကင်လို အမြဲ ပြာလဲ့နေတယ်။ ည အမှောင်ထဲမှာ ကြည့်လည်း အပြာရောင်ကို မြင်နေနိုင်တာပဲတဲ့။ ဒီလို အချိန်မရွေး အပြာရောင်သန်းနေတာ ရေအောက်မှာ ဘာတွေ ရှိနေလို့လဲလို့ စူးစမ်းချင်တဲ့ ပုဂ္ဂိုလ်အချို့က ရေအနက်ကို တိုင်းကြည့်ချင်တယ်။ တော်ရုံရေအနက်ဆိုရင် ရေငုပ် ကြည့်မယ်ပေါ့။

ဒါပေမယ့် ညအချိန်မှာတောင် ပြာလဲ့လဲ့အရောင် မြင်နေရတဲ့ ရေအိုင်ကို အဓိကရရေအိုင်ပဲလို့ ရှိသေတဲ့စိတ်နဲ့ ဆင်းငုပ် ဝံ့သူ မရှိတော့ မစူးစမ်းတော့ဘူးတဲ့ မမရယ်။ ချိုအေး ကြည်လင်ပြီး ပြာလဲ့လဲ့ရေအရောင်ရှိနေတဲ့ ရေအိုင်လေးကို အစွဲပြုပြီး ဒီရွာကို ရေပြာအိုင်လို့ အမှတ်သညာ ပြုခဲ့ကြတာတဲ့။

ဟိုစဉ်အခါကတော့ ဒီစေတီတော် ပတ်ဝန်းကျင်မြေကိုရော ဒီ စမ်းအိုင် ပတ်ဝန်းကျင်မြေကိုရော၊ ဘယ်သူကမှ အပိုင် မယူခဲ့ကြဘူးတဲ့၊ ဒီရွာ စည်ကားသာယာဝပြောစဉ်မှာ ဒီရွာ ဇာတိချက်မြှုပ်ဖြစ်တဲ့ ဘိုးဦးတော်မှာ သားဖြစ်သူ သခင်ရွှေနဲ့ သမီးဖြစ်သူ မင်းရွှေနှစ်ဆိုတဲ့ သားနဲ့သမီးရှိတယ်။

သူတို့ မိခင်ကတော့ သူတို့ငယ်စဉ်ကပဲ ကွယ်လွန်ဆုံးပါးသွားတော့ ထင်ရှားခြင်း မရှိတော့ဘူးတဲ့။ ဒီစေတီတော်ကြီးကို သားအဖသုံးယောက် ပြင်ကြတဲ့အခါ မပြီးခင်မှာဘဲ ဖခင်ကြီး သေဆုံးသွား တယ်။ မောင်နှမနှစ်ယောက်လည်း ပူဆွေး ကြေကွဲစိတ်နဲ့ပဲ စေတီတော်ကို ဆက်လက် ပြင်ခဲ့ကြတယ်။

သားဖြစ်သူ သခင်ရွှေက အဂ္ဂိရတ်ထိုး သိပ်ဝါသနာပါတယ်တဲ့။ မိခင်ရော၊ ဖခင်ရောမရှိတော့၊ သမီး မင်းရွှေနှစ်က သံဝေဂရပြီး၊ ရှိသမျှ ပစ္စည်းတွေအားလုံးကို ရောင်းချပြီး ဘုရားပြုပြင်ရာမှာ သုံးလိုက်တယ်။ သခင်ရွှေက နှမလေး စီမံတာကို ဘာမှမကန့်ကွက်ဘဲ စေတီတော် ပြုပြင်ရေးမှာလည်း ဝိုင်းကူ၊ အဂ္ဂိရတ်ကိုလည်း ကြိုးစားထိုးနေတာပဲတဲ့။

ဒါနဲ့ စေတီတော်ပြုပြင်ဖို့ ပစ္စည်းတွေ ထုခွဲရာမှာ မင်းရွှေနှစ်က တခြားပစ္စည်းတွေကိုသာ ထုခွဲပြီး အဖိုးထိုက်တန်လွန်းတဲ့ ပတ္တမြားကိုးလုံးကိုတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုးပါးကို ရည်စူးပူဇော်ဖို့ ချန်ထားခဲ့တယ်။

စေတီတော် ပြီးခါနီးမှာ ဌာပနာတိုက် ပိတ်တော့မယ့် ဆဲဆဲ မင်းရွှေနှစ်ဟာ ရောင်တခင်ရောဂါနဲ့ အနိစ္စရောက်သွားပါရော။ ကျန်ရစ်တဲ့ သခင်ရွှေက နှမလေးကို သင်္ဂြိုလ်ပြီး နှမလေးလှူခဲ့တဲ့အတိုင်း ပတ္တမြားကိုးလုံးနဲ့ သူ ကြိုးစားအောင်မြင်ခဲ့တဲ့ ပစ္စည်းကို ငွေကြုတ်ထဲမှာထည့် ဘုရားမှာ ဌာပနာပြီး စေတီတော်ကို ပြီးအောင် တည်တယ်။

စေတီတော်လည်းပြီးရော သခင်ရွှေလည်း ဘယ်လိုမှ သတင်းအစအန မမြင်ရမကြားရအောင် ပျောက်ကွယ်သွားတယ်တဲ့။ စေတီတော်ကြီး ပြုပြင်တဲ့ မိသားစုသုံးယောက်စလုံး ပြည့်ဖုံးကားချလိုက်သလို ခြေရာလည်းပျောက်၊ ရေလည်းနောက် သွားပြီပေါ့ မမရယ်။

အဂ္ဂိရတ်ကို ကြိုးစားထိုးတဲ့ သခင်ရွှေရဲ့ အောင်မြင်ခဲ့တဲ့ပစ္စည်းဆိုတာ မမ စဉ်းစားမိပါလိမ့်မယ်။

ဒါက အဖေ စိတ်နောက်ရူးသွပ်နေခိုက် နှုတ်က တီးတိုး တီးတိုး ပြောနေတာတွေကို အမေက တိတ်တိတ်ကလေး ချောင်းနားထောင်ထားလို့ ကြားလိုက်ရတဲ့ စကားတွေပဲ မမ။

အဲဒီလို အဖေ စိတ်နောက်ရူးသွပ်ပြီး ဆရာတွေတိုက်တဲ့ ဆေးကို မသောက်ဘဲ ...

"ရှိသေးတယ်၊ အများကြီး ရှိသေးတယ်"

ဆိုတဲ့ စကားကိုပဲ ပြောနေတော့ ဆရာတွေက ဒီလူဟာ ဥစ္စာစောင့်ရင်လည်း ဖြစ်ရမယ်။ သို့တည်းမဟုတ် သူ သိုဝှက် ထားတဲ့ ပစ္စည်းတွေ ပျောက်ကွယ်သွားလို့ ဥစ္စာရူးနေသူပဲဖြစ်ရမယ်လို့ ထင်မြင်ချက်တွေ ပေးကြတယ်။

ဆေးကုလို့တော့ မရတော့ဘူး ဆိုပါတော့ မမရယ်။ နောက်ပြီး အဖေ့မှာ ထူးခြားချက် တစ်ခုရှိတယ်။ စိတ်နောက်ပြီ ဆိုကတည်းက ဘာကျွေးလို့မှ မစားတော့ဘူး။ စားသောက်စရာကို ချော့ကျွေးမလို့ သူ့အနား ကို ယူသွားရင် ...

"မစားဝံ့ဘူး၊ ကြောက်တယ် ... ကြောက်တယ်၊ စားခဲ့မိတာတွေလည်း မှားတယ်"

လို့ ချည်းအော်တာပဲတဲ့။ အရိုးပေါ် အရေတင် ရုပ်မျိုးဖြစ်နေပြီလေ။ နောက်ပြီး ပြောသေးတယ်။

"အများကြီးရှိတယ်။ ဟောဟို သစ်ပင်တွေ အောက်မှာ မြှုပ်ထားခဲ့တယ်"

ဆိုတာကိုပဲ အမြဲပြောတယ်။

ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့က ချော့မေးကြတယ်။ ဘယ်သစ်ပင်အောက်မှာလဲဆိုတာ။ ဒါပေမယ့် အဖေလည်းပြတာက ရှိသမျှ သစ်ပင်ကြီးတွေကို အကုန်လက်ညှိုးထိုးပြနေတော့ ဘယ်သစ်ပင်ဖြစ်တယ်လို့ မသိကြတော့ဘူး။

ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့က အမေ့ကို မေးကြပြီလေ။

"ပတ္တမြားတွေ ဘယ်မှာမြှုပ်ထားးလဲ၊ ကိုတောက်ထွန်းမြှုပ်ပစ်ခဲ့တာ ခင်ဗျားသိမှာပေ့ါ"

အဲဒီတော့မှ အမေလည်း ပတ္တမြားတွေကို သတိရပြီး သိမ်းထားတဲ့နေရာကို ကြည့်လိုက်တော့ တစ်လုံးမှမရှိတော့ဘူး။ တကယ်ပဲ ယူပြီး မြှုပ်လိုက်သလား၊ မစားအပ်တဲ့ ပစ္စည်းဖြစ်လို့ ပျောက်ကွယ်ကုန်တာလားဆိုတာတော့ မသိဘူး မမ။ အမေလည်း မစဉ်းစားတတ်အောင် ဖြစ်သွားတယ်။ ဒီလိုနဲ့ အဖေလည်း လုံးပါးပါးပြီး ကျွန်မ ရှစ်တန်းရောက်တဲ့ နှစ်မှာ ဆုံးရော။ အဖေဆုံးပြီး ကျွန်မ မကျန်းမမာ ဖြစ်လိုက်တာပဲ မမရယ်။ ကျွန်မ ရေးပြခဲ့တဲ့အတိုင်း ကျွန်မ စကားဆွံ့သလို ဖြစ်သွားတယ်။ စကားပြောရတာ တော်တော်နဲ့ ပါးစပ်က အသံမထွက်ဘူး။ အင်မတန်အားယူ ကြိုးစားလိုက်မှ ထစ်ထစ် ငေါ့ငေါ့ အသံထွက်လာတယ်။ ရှင်းရှင်းပြောရရင် အ သွားတာပေ့ါ။

အဖေ့အတွက် ငွေကုန်သံပြာဖြစ်၊ ကျွန်မအတွက် ငွေကုန်၊ ပတ္တမြားတွေလည်း အစအနမပေါ်အောင် ပျောက်ကုန်တော့ အမေလည်း ရှိသမျှလေး ထုတ်ရောင်းစားနေရတယ်။ ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့ကလည်း မြွေပူရာကင်းမှောင့် ဆိုတာလို ပတ္တမြားတွေကို တစ်မေးတည်း မေးနေကြတာပဲ။

မရောင်းဘဲ ကျန်ရစ်တဲ့ ပတ္တမြားကြီး ခြောက်လုံးတန်ဖိုးက အနည်းဆုံး သုံးလေးသိန်းလောက်တန် နေတာကိုး၊ သူတို့ လင်မယား နှစ်ယောက်စလုံးက ခန့်မှန်းနေမိကြတော့ ဝေစုသိပ်လိုချင်နေကြ တယ်။

အဖေ မသေဆုံးခင်ကတော့ မပူမပင် ကောင်းကောင်းဝတ် ကောင်းကောင်းစားနေရတာက တစ်ကြောင်း၊ မြို့ပေါ် မှာ မျက်နှာကြီးဖြစ်၊ အပေါင်းအသင်းဆံ့နေတဲ့ အဖေ့ကို ရွံ့တာတစ်ကြောင်းကြောင့် အဖေ ကျန်းမာ နေစဉ်က သေသေဝပ်ဝပ် နေခဲ့ကြတယ်။ အဖေစိတ်နောက်နေစဉ်ကလည်း တစ်နေ့ ပြန်ကောင်း လာရင်ဆို တဲ့ စိတ်မျိုးနဲ့ သိပ်လူဝါးမဝသေးဘူး ဆိုပါတော့ မမ။

အဖေလည်း သေ၊ ကျွန်မလည်း အ,သွား။ အမေကလည်းရှိသမျှပြောင်ပြီး စိတ်ထောင်းကိုယ်ကြေ အဖြစ်မျိုး ဖြစ်နေတော့ သူတို့ လူဝါးဝလာပြီလေ။ အရင်လိုလည်း အမေက ဖောဖောသီသီ မပေးနိုင် မကျွေးနိုင်တော့ဘူး မဟုတ်လား။

ပတ္တမြားတွေ ပျောက်ကုန်တယ်ဆိုတာ သူတို့ မယုံကြဘူး။ အဖေမြှုပ်ထားခဲ့တာ ဖြစ်ချင်လည်းဖြစ်မယ်။ သို့မဟုတ် သူတို့ကို ဝေစုမပေးချင်တော့လို့ အမေက သိုဝှက်ထားပြီးမရှိ ဆင်းရဲဟန်ဆောင်တာ ဖြစ်ချင်လည်း ဖြစ်မယ်လို့။ အဖေမြှုပ်ခဲ့ရိုး မှန်ရင်လည်း မယားတစ်ယောက်လုံးဖြစ်တဲ့ အမေ့ကိုတော့ ဘယ်နည်းနဲ့မဆို ပြောခဲ့ပြခဲ့မှာပဲလို့ သေချာပေါက်တွက်ပြီး လေသံတွေ သိပ်တင်းမာလာကြရော မမ။

ခြံအလုပ် ကိုလည်း မလုပ်ကြတော့ဘူး။ ကျွန်မကိုလည်း ဂရုစိုက်ပြုစုခြင်း မရှိကြတော့ဘူး။ နေချင်သလိုနေ၊ စားချင် သလို စားကြပြီး သုံးချင်စားချင်ရင် အမေ့ဆီမှာသာ ခန့်ခန့်ညားညား တောင်းကြတယ်။ အမေက အားကိုးစရာ မရှိတော့တာ တစ်ကြောင်း၊ အထက်က ကျွန်မ ရေးပြခဲ့သလို အကြောင်းကြောင်းတွေကို ငဲ့ရလို့ တစ်ကြောင်း ရှိစုမဲ့စု ထုတ်ပေးရတာ။ နောက်ဆုံး အမေ့ထဘီ၊ အင်္ကျီကောင်းကောင်းတောင် မကျန် တော့ပါဘူးမမ။

"ခင်ဗျားလင်က ရှူးပြီး အိမ်ထဲတစ်နေရာမှာ ပတ္တမြားတွေကို ပစ်စလက်ခတ် ထားချင်ထားခဲ့မလား မသိဘူး၊ ရှာကြည့်မယ်"

ဆိုတဲ့ စကားပြောပြီး အမေပိုင်ပစ္စည်းအသုံးအဆောင်တွေကို လှန်လှောမွှေနှောက်လိုက်ကြတာလည်း ပြောင်းဆန်သွားတာပဲ။

အဲဒီအချိန် က အမေဟာ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး အိပ်ရာထဲမှာ လဲနေပါပြီ။ ကျွန်မက တတ်အားသမျှ ပြုစုလုပ်ကိုင် ပေးနေရပါတယ်။ ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့ လင်မယားကတော့ လှည့်တောင် မကြည့်ကြ တော့ဘူး။

ခြံကြီးထဲမှာရှိတဲ့ သစ်ပင်ကြီးတွေအရင်းမှာ တွင်းတွေ ပွနေအောင် တူးပြီး ပတ္တမြားတွေကိုသာ သဲကြီးမဲကြီး ရှာနေကြတယ်။

သူတို့လင်မယား ရှိသမျှ သစ်ပင်ကြီးတွေအရင်းမှာ တွင်းတွေ မွနေအောင် တူးပြီး ပတ္တမြားတွေကို ရှာလိုက်ကြတာ ပတ္တမြားတွေကိုတော့ မတွေ့ဘူး။ သူတို့ တူးနေတိုင်း သစ်ပင်ပေါ်က အမြဲလိုလို သစ်ကိုင်း ကျိုးကျတတ်တယ်။ လင်မယားနှစ်ယောက် ထိပ်ပေါက်ခေါင်းကွဲဖြစ်၊ ကံကောင်းလို့ မသေတာ။ ဒါနဲ့ ကျွန်မတို့ အဖေကပဲ သရဲကြီးဖြစ်ပြီး လုပ်နေတာ၊ ဘာညာနဲ့မဟုတ်တာတွေ ထင်ကြပြောကြပြီး မတူးတော့ဘဲ ဖြစ်သွားတာ။ တော်တော် ထူးဆန်းတယ်။ အံ့သြစရာပဲနော် မမ။

ထိုအခါ မခင်ရွှေသည် သူ စတင်ရောက်ရှိသည့်နေ့က ကျောင်းအုပ်ဆရာကြီး ပြောခဲ့သည့် စကားကို ပြန်လည် အမှတ်ရ လိုက်သည်။

"မူလ ပင်ရင်းဥစ္စာရှင်တွေက ဦးတောက်ထွန်းတို့ကို ရောင်းချပြီး ခြံထဲကလည်း ထွက်သွားကြရော ဘာဖြစ်သွားတယ် မသိပါဘူး ဆရာမရယ်။ တစ်ပင်မှ မသီးတော့ဘဲ ဖြစ်သွားတယ်"

မခင်ရွှေ သည် ဆရာကြီးပြောခဲ့သည့် စကားနှင့် မေစမ်းမြိုင်ရေးပြသည့်စာကို ဆက်စပ်တွေးလိုက်မိ သည်။

မေစမ်းမြိုင်သည် မဟုတ်မမှန် လုပ်ကြံသည့် အကြောင်းတွေကို မရေးဘဲ အမှန်တွေကိုသာ ရေးပြနေကြောင်း ခိုင်လုံသည်ထက် ခိုင်လုံနေသည်။ သစ်ပင်ကြီးတွေသည် သူတို့အသီးကို မလုပ်အပ်သည့် အလုပ်တွေ လုပ်ထားသည့် လူတွေ မစားထိုက်သောကြောင့် မသီးတော့ဘဲ ဖြစ်သွားခြင်းလား။

မခင်ရွှေ သည် တွေး၍ ဉာဏ်မမီနိုင်တော့ချေ။ ရေပြာအိုင်ရွာနှင့် ပတ်သက်လာသည့် အကြောင်းတွေ ဆိုလျှင် မခင်ရွှေ သည် စိတ်အာရုံ ဝင်စားသလောက် အတွေးဉာဏ် မမီနိုင်အောင် ဖြစ်နေခဲ့သည်ကို သူကိုယ်တိုင် သိသည်။ ထို့ကြောင့် ဆက်မတွေးတော့ဘဲ စာကိုသာ ဆက်ဖတ်လိုက်သည်။

ဦးဖေဆိုင် နှင့် ဒေါ်ငွေတို့နှစ်ယောက် ခြံထဲက သစ်ပင်တွေ စေ့အောင် အပန်းတကြီး တူးဆွရှာလို့ ပတ္တမြားတွေကို မတွေ့တော့ အိပ်ရာပေါ်မှာ အရိုးပေါ်အရေတင် ပက်လက်အနေအထားနဲ့ အသက် ယဲ့ယဲ့သာရှိတော့တဲ့ အမေ့ကို ပတ္တမြားတွေဝှက်ထားခဲ့တဲ့နေရာ ပြောရမယ်လို့ အတင်းအကျပ် မေးကြပြန်ပါရော။ အမေကလည်း မသိတာ အမှန်ဖြစ်ကြောင်း၊ မသိလို့သာ အခုလို မကျန်းမမာ ဖြစ်နေတာကို ဆေးမကုနိုင်ဘဲ ဖြစ်နေရကြောင်း တောင်းပန်ပြောပါတယ်။

အင်မတန်ကောင်းလာခဲ့တဲ့ ဦးဖေဆိုင်တို့ အခုလို ရက်စက်တင်းမာလာတာကို မြင်ရတော့ ကျွန်မ စိတ်ထဲမှာ မကောင်းလိုက်တာ မမရယ်။ မကောင်းလို့ကော ကျွန်မ ဘာတတ်နိုင်မှာလဲ။ အမေကလည်း သေတော့မယ့် အခြေအနေ ရောက်နေပြီ။ ကျမဘာဝကလည်း လူစဉ်မမီတဲ့ ဒုက္ခိတဖြစ်နေပြီ၊ လက်ထဲမှာလည်း ပိုက်ဆံက

တစ်ပြားမှမရှိ၊ အားကိုးစရာ လည်း တစ်ယောက်မှ မရှိ၊ အဖေနဲ့အမေ ဖြစ်ပုံကတော့ တကယ် ကြောက်စရာကောင်းပါတယ် မမရယ်။

အဖေ ရှုးနေစဉ်က ကျွေးမွေးတာကို ကြောက်တယ် မစားဝံ့ဘူးလို့ အော်တယ်။ အမေကတော့ မရှုးဘဲနဲ့ ကျွေးသမျှ အစာကို စားပြီးတာနဲ့ တစ်ပြိုင်နက် ပြန်အန်တာပဲ။ မစားထိုက်လို့ ပြန်အန်ထွက်တယ်ဆိုတဲ့ စကားအတိုင်း ဖြစ်သွားသလား မသိပါဘူး။ အဲဒီလို မချိမဆံ့ ဝေဒနာ ခံရဆဲမှာ ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့လင်မယား က အမေ့ကို ကြိမ်းမောင်းကြလို့ အမေမျက်ရည်ကျရင် ကျွန်မပါ ရောင်ပိမိတယ် မမ။ အမေ့ကို သိပ်သနား တာပဲ။ ဒီလိုနေရာက တစ်နေ့တော့ ဦးဖေဆိုင်တို့ လင်မယား မြို့ထဲအထွက်မှာ အမေက ကျွန်မကို ဒီအကြောင်းတွေ အားလုံးကို စုံအောင် ပြောပြခဲ့တယ်။

အဲဒီတော့မှ အဖေနဲ့အမေတို့ရဲ့ နောက်ကြောင်း ဖြစ်လာခဲ့တဲ့ဘဝ၊ စေတီအိုကြီးရဲ့ ဌာပနာတိုက်က ပတ္တမြားတွေနဲ့ ငွေကြေးတ်အကြောင်း၊ ဦးဖေဆိုင်တို့နဲ့ သွေးသားလုံးဝ မတော်စပ်ဘဲ မလွဲသာလို့ အတူနေရကြောင်း အဖေ စိတ်နောက် ရှုးသွပ်နေစဉ်က ပြောသွားခဲ့တဲ့ စကားတွေအကြောင်းကို အားလဲပြောပြပြီး ဦးဖေဆိုင် တို့ ပြန်မရောက်ခင်ဘဲ ဆုံးခဲ့ပါတယ် မမ။ တစ်ဦးတည်း အားကိုးစရာဖြစ်တဲ့ အမေအရင်း တစ်ယောက်လုံး သေဆုံးတော့ အားကိုးရာမဲ့ဘဝနဲ့ ရက်စက်စိမ်း ကားတဲ့ သူစိမ်းလင်မယားလက်ထဲမှာ ကျန်ရစ်တဲ့ ဒုက္ခိတမ စိတ်ထဲမှာ ဘယ်လို ခံစားရတယ်။ ဘယ်လောက် ပူဆွေး ကြေကွဲရတယ် ဆိုတာ စဉ်းစားသာ ကြည့်ပါတော့ မမရယ်။

ဒီအကြောင်းတွေကိုလည်း အမေ သေတော့မယ့်ဆဲဆဲ အချိန်ရောက်မှ ဖွင့်ပြောပြခဲ့လို့ ကျွန်မ အားလုံး သိလိုက်ရတာပါ။ မသုံးစားအပ်တဲ့ပစ္စည်းကို မိဘတွေ သုံးစားခဲ့လို့ မိဘနှစ်ပါးလုံးလည်း ကြေကွဲစရာအဖြစ်မျိုးနဲ့ သေခဲ့ကြရပြီ၊ အဖေ သေတာကမှ အပြုအစု ခံရသေးတယ်၊ အမေသေတာက ပိုပြီး ကြေကွဲ စရာ၊ ယူကျုံးမရစရာ ကောင်းပါတယ် မမ။ စားချင်တာ ကိုလည်း မစားနိုင်၊ ဆေးဆရာကိုလည်း ထိုက်ထိုက် တန်တန် မပင့်နိုင်၊ မကုနိုင်။

ဒါထက် ဆိုးတာက အသက်မထွက်မချင်း စိတ်ဆင်းရဲအောင် ဦးဖေဆိုင်တို့ ပြောဆိုကြိမ်းမောင်းသမျှ အရိုးပေါ် အရေတင် ပက်လက်ဘဝနဲ့ မျက်ရည်ကျ ခံသွားရရှာတာပါပဲ။ တွေးမိတိုင်း ကျွန်မ ရင်ထဲမှာ ဆို့ပါတယ် မမရယ်။ ဒါလည်း ပတ္တမြားတွေကြောင့် အကုသိုလ်ဖိစီးပြီး စိတ်ဆင်းရဲခံသွား ရတာ ထင်ပါရဲ့။

အမေ့အလောင်းကို ခေါင်းတောင် မသွင်းရပါဘူး။ သူတို့လင်မယား ပြန်ရောက်တာနဲ့ ချက်ချင်း ဖျာနဲ့လိပ် ပြီး ဦးဖေဆိုင်တို့ လင်မယားက သုသာန်က သုဘရာဇာကို ခေါ်ပြီး အပ်လိုက်ကြတယ်။ ဘုရားလှူထားတဲ့ ပစ္စည်းကို မတော်လောဘ ထွက်လို့လည်း ဒီလိုအဖြစ်မျိုးနဲ့ ဘဝဆုံးကြတာဖြစ်မှာပဲလို့ ကျွန်မတွေးပြီး ကြောက်မိပါတယ် မမ။

အမေ သေဆုံးပြီးမှ ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့က ကျွန်မကို ...

"တို့ တခြားသွားနေခိုက် နင့်အမေသေတာဆိုတော့ တို့အလစ်မှာ နင့်အမေက ပတ္တမြားတွေ ဝှက်ထားခဲ့တဲ့နေရာကို ပြောပြခဲ့တယ် ဟုတ်လား။ ဘယ်မှာ ထားလဲ။ နင့်ပါးစပ်က မပြောနိုင်ရင် စာနဲ့ ရေးပြ" လို့ ပြောတာက တစ်မျိုး။

"နင့်မှာ ဘယ်သူ့ အားကိုးရှိနေလို့ လူဝါးဝနေတာလဲ အအ မ၊ ကောင်းကောင်းမေးနေရင် ပြောတာ မဟုတ်ဘူး" ဆိုတဲ့ လေသံက တစ်မျိုး။

"သမီးရယ်၊ သမီးကို တို့ ဘယ်လောက်ချစ်လဲ။ သမီးငယ်ငယ်ကတည်းက ထိန်းကျောင်းလာခဲ့ကြတဲ့ ဆွေမျိုးအရင်းတွေပဲ။ ဒီပတ္တမြားတွေကိုပေးရင် တို့ မစားမသုံးပါဘူး။ သမီးကို ဒီလို ဒုက္ခိတကြီးအဖြစ်နဲ့နေတာ မကြည့်ရက်တာကြောင့် ဆေးကုပေးမယ်လို့ မေးနေတာပါ။ သမီး ဒီဘဝက မလွတ်ချင်ဘူးလား။ ဆေးကုစရာ

ပစ္စည်းရှိရဲ့သားနဲ့တော့ ဒုက္ခခံမနေပါနဲ့ သမီးရယ်။ ပတ္တမြားတွေ ထားတဲ့ နေရာကိုသာ ပြောပါကွယ်" လို့ ချော့တာ က တစ်မျိုး။

ဒါပေမယ့် ဒီပတ္တမြားဆိုတာကို ကျွန်မ တစ်ခါမှ ကြားလည်း မကြားခဲ့ဘူး။ မြင်လည်း မမြင်ခဲ့ဘူး။ အမေ သေခါနီး နောက်ကြောင်းပြန်သွားလို့သာ ကြားလိုက်ရတာပဲ မမရယ်။

ကျွန်မ က မသိကြောင်းပြောလေ သူတို့က ကျွန်မကို နှိပ်စက်လေ၊ တစ်ခါတစ်ရံ ထမင်းမကျွေးဘဲ အငတ် ထားမေးတယ်၊ ကျွန်မကလည်း အစာငတ်လို့ သေရင်လည်း ဝဋ်ကျွတ်တာပဲလို့ အောက်မေ့လိုက်ပါတယ် မမ။ ဒါပေမယ့် ဝဋ်ကြွေး မကုန်သေး လို့လား မသိဘူး။ ဆယ်ရက်လောက် အငတ်ထားတာတောင် ကျွန်မ မသေဘူး။

မမ ရောက်လာတဲ့နေ့က ဒေါ်ငွေက ပြောခဲ့တာ မမ သတိရလား။ ကျွန်မ ဖြစ်နေတာ လင်လိုချင်လို့၊ စိတ်ဆန္ဒ မပြည့်ဝ လို့ ဖြစ်နေတဲ့ ရောဂါဆိုတာရယ်။ မမ မရောက်ခင်အိမ်မှာ ထမင်းလခပေးစားနေတဲ့ လူနှစ်ယောက် ကို ကျွန်မက စတင်ပြီး မြှူဆွယ်တယ် ဆိုတာလေ။

အဲဒါကို ကျွန်မ ရှင်းပြပါမယ် မမရယ်။ ကျွန်မကို သမီးချင်းမစာ ပြောရက်ကြတာလေ။

ဘုရားဌာပနာတိုက်ထဲကရတဲ့ ပတ္တမြားတွေကို အကြောင်းပြုပြီး၊ ရထားတဲ့ အိမ်ကြီးပေါ်မှာလည်း ကျွန်မ မနေချင်ဘူး၊ သူတို့ လင်မယားလက်ထဲမှာလည်း အနှိပ်စက် မခံချင်တော့ဘူး။ အ နေတဲ့ ဒုက္ခိတဘဝကလည်း လွတ်ချင်တယ်။

ရန်ကုန်မှာ ဆွံ့အ၊ နားမကြားစတဲ့ ဒုက္ခိတတွေကို လက်ခံကုသပေးတဲ့ ဆေးရုံရှိတယ်၊ အဲဒီ ဆေးရုံမှာ ကုသလို့ မရတဲ့လူကို ဒုက္ခိတတွေနေတဲ့ကျောင်းကိုပို့ပြီး အသက်မွေးဝမ်းကျောင်းပညာ သင်ပေးတယ်ဆိုတာကို ကျွန်မ သတင်းစာတွေ ထဲမှာ လည်း ဖတ်ဖူးတယ်၊ ကြားလည်း ကြားဖူး တယ်။

အဲဒီ ရန်ကုန်ကိုရောက်အောင် ကျွန်မ ထွက်ပြေးချင်တယ်မမ။ ဒါပေမယ့် ကျွန်မလို အသက်ရွယ်နဲ့ ဒုက္ခိတတစ်ယောက်ဟာ လက်ထဲမှာလည်း ပိုက်ဆံတစ်ပြားမှ မရှိဘဲ စိတ်နောက်ကိုယ်ပါ မဆင်မခြင် စွတ်ထွက်သွားရင် လမ်းစရိတ်၊ စားစရိတ်အတွက် အခက်အခဲတွေ့မှာလည်း တစ်ကြောင်း၊ နောက်ပြီး နမချင်း သားသမီးချင်း မစာနာတတ်တဲ့ လူယုတ်မာတွေ လက်ထဲရောက်သွားမှာ စိုးရိမ်တာလည်း တစ်ကြောင်းမို့ ထွက်ပြေးချင်ပေမယ့် ထွက်မပြေးနိုင်ဘဲ ဖြစ်နေခဲ့ရပါတယ်။

အိမ်မှာ ထမင်းလခပေးစားတဲ့ လူနှစ်ယောက် ရောက်လာစဉ်က စိတ်ကောင်း ရှိလိမ့်မယ်ထင်ပြီး ကျွန်မ ဒုက္ခကို ဖွင့်ပြောဖို့ စိတ်ကူးရလိုက်မိပါတယ်။

ကျွန်မ အ နေတယ်ဆိုပေမယ့် အင်မတန် အားယူကြိုးစားပြောရင် ပြောချင်တဲ့စကားဟာ ထစ်ထစ် ငေါ့ငေါ့နဲ့ အကြာကြီးနေမှ တစ်လုံး၊ အကြာကြီးနေမှ တစ်လုံး။ အဲဒီလိုတော့ အသံထွက်ပါတယ်။ ဒါ ကိုလည်း စာအစမှာ မမကို ရေးပြခဲ့ပါပြီ။

အဲဒီ လူနှစ်ယောက်ကို အားကိုးချင်တဲ့စိတ်နဲ့ သူတို့ အလစ်မှာ အင်မတန် အားယူကြိုးစားပြီး အားကိုးပါရစေ လို့ ထစ်ထစ်ငေါ့ငေါ့ပြောခဲ့မိတယ်။

ဒီတော့ ဟိုလူနှစ်ယောက်က ကျွန်မ ဆွံ့အ နေတဲ့ ဒုက္ခိတမှန်း သိသွားရင် ကျွန်မအသက်အရွယ်နဲ့ ကြည့်ပျော် ရှုပျော်ရုပ်ရည် ကို အချောင်စော်ကားချင်တဲ့စိတ်မျိုး ထားလာကြတယ်။

ဒုက္ခိတမလေး ဘယ်လိုကြောင့် အားကိုးချင်တာလဲလို့ မမေးတော့ဘဲ၊ ကျွန်မကို ကိုင်လားတွယ်လား ပြုမူကြရော။ ဒီတော့ ကျွန်မက မီးဖိုချောင်က ဓားကိုယူပြီး သူတို့ကို ပြရတာပေါ့။ အကျင့်ယုတ် နစ်ကောင်က သူတို့ အကျင့်ယုတ်တာကို မဖော်ကြဘဲ ကျွန်မ မကောင်းကြောင်းသာပြောတော့ ဒေါ်ငွေက ကျွန်မကို လင်တရူး ဖြစ်အောင် ပြောတာပေါ့ မမရယ်။

ကျွန်မ ရူးချင်ယောင်ဆောင်ခဲ့ရတဲ့ အကြောင်းတွေကိုလည်း ပြောရဦးမယ်။

အမေသေဆုံးပြီးမှ နေ့ရှိသရွေ့ ပတ္တမြားတွေအကြောင်းကိုပဲမေး၊ မေးလို့မရရင် နှိပ်စက်၊ ကြာတော့ ကျွန်မ စိတ်ကူး ရလိုက်တယ်။

မစားသုံးထိုက်တဲ့ ပစ္စည်းတွေကို စားသုံးလို့ အဖေလည်း ရူးပြီး သေခဲ့ရတယ်။ ငါလည်း အဲဒီအကုသိုလ်ကြောင့် အဖေ့လို ရူးသွားပြီလို့ သူတို့ ယုံကြည်လိုက်ရင် ငါ့အဖို့ အမေးအမြန်းခံရတာလည်း သက်သာမယ်။ အနှိပ်အစက်ခံရတာလည်း သက်သာမယ်လို့ တွေးမိ လိုက်တယ်။

ဒါကြောင့် ရူးချင်ယောင်ဆောင်နေခဲ့တာ မမ၊ တကယ်ရူးတဲ့သူရဲ့ မျက်လုံးဟာ စိတ်မှန်နေသူ လူကောင်း သူကောင်း မျက်လုံးမျိုးနဲ့ သိပ်ခြားနားတယ်၊ သိသာတယ်၊ မျက်လုံးကို ကြည့်လိုက်ရင် ရူးတယ်၊ မရူးဘူး ဆိုတာ ခွဲခြားနိုင်တယ်။

ဒါကြောင့် ကျွန်မ မျက်လုံးကို လူအမြင်မခံချင်လို့ အမြဲမျက်နှာကို ငုံ့နေခဲ့တာပါ။ ဦးဖေဆိုင် နဲ့ ဒေါ်ငွေ တို့တောင် မရိပ်မိဘဲ အားလုံးက ရူးတယ်လို့ ယုံကြည်ခဲ့ကြရက်နဲ့ မမ တစ်ယောက်ကသာ အကင်းပါးလွန်းပြီး ကျွန်မ မရူးဘူးလို့ အတပ်သိလိုက်တယ်နော်။

စာကိုဖတ်၍ ဤနေရာသို့ ရောက်သောအခါ မခင်ရွှေကပြုံးလိုက်မိသည်။

"အေး မမဒီမြို့ကို ရောက်လာတဲ့နေ့၊ စာသင်ကျောင်းပေါ်ကနေပြီး မေစမ်းမြိုင်ကို မြင်လိုက်ပါတယ်။ မျက်နှာကို မဖုံးဘဲ ဦးခေါင်းလေးမော့ပြီး ပူဆွေးကြေကွဲဟန်လေးနဲ့ ဟိုဟိုဒီဒီ မျှော်ကြည့်နေတာကို မြင်လိုက်ရကတည်းက ဒီကလေးမဟာ ဘယ်နည်းနဲ့မှ မရူးဘူး။ အကြောင်း တစ်ခုခုရှိလို့သာ ရူးဟန်ဆောင် နေတာဖြစ်မယ်လို့ မမက စုံထောက်တွေး တွေးခဲ့မိတာကိုး ညီမလေးရဲ့"

ဟု တစ်ယောက်တည်း ကျေနပ်စွာပြောပြီး စာကို ဆက်ဖတ်လိုက်သည်။

အဲဟို လူယုတ်မာနစ်ယောက်က ကျွန်မကို အချောင်နှိုက်လို့မရတော့၊ ဘယ်သူမှ လာမနေချင်အောင် အိမ်နာမည်ပျက်အောင် ပြောပြီး ပြောင်းသွားကြတယ်။ ဒီတော့ ဦးဖေဆိုင်နဲ့ ဒေါ်ငွေ ကျွန်မကို တံမြက်စည်းနဲ့ ရိုက်ကြတာလေ။

"ရူးသာရူးတယ် လင်လိုချင်ဦးဟဲ့ လင်လိုချင်ဦးဟဲ့ " လို့ ပြောလည်းပြော ရိုက်လည်းရိုက် မမရယ်။ ကျွန်မလည်း မျက်နှာကို အတွင်ငုံ့ပြီး မျက်ရည်ကျခံလိုက်ရပါတယ် မမရယ်။

မခင်ရွှေသည် ရင်ထဲမှာ နာကျင်စွာဖြင့် တောက်ခေါက်လိုက်မိသည်။

"မမ ကယ်မယ် ညီမလေး။ မမ ကယ်မယ်"

မခင်ရွှေ လှိုက်လှိုက်လှဲလှဲ ပြောပြီး စာကို ဆက်ဖတ်လိုက်သည်။ စာက အဆုံးသတ်ခါနီးနေပေပြီ။

ကျွန်မတို့ မိသားစု ဖြစ်ခဲ့ရတဲ့ အကြောင်းကတော့ ဒါပါပဲ မမရယ်၊ တရားကျစရာ၊ သံဝေဂရစရာ၊ သိပ်ကြောက်စရာ ကောင်းလောက်အောင် ဖြစ်သွားကြတဲ့ အဖေနဲ့အမေကို သတိမထားကြဘဲ ဒီပတ္တမြား တွေကို အခုထက်တိုင် မက်မောနေ သေးတဲ့ ဦးဖေဆိုင်နဲ့ ဒေါ်ငွေတို့ကတော့ တော်တော် ဆင်ခြင် ဉာဏ်နည်း တဲ့ လူတွေပဲ မမ။

ကျွန်မစာကို ဖတ်ပြီးရင် မမစိတ်ထဲမှာ ဘယ်လို ယူဆပါသလဲ။ ကျွန်မ ရေးပြတာတွေကို ယုံလား၊ မယုံဘူးလား ဆိုတာ ကျွန်မသိပါရစေ။ ယုံတာမယုံတာကတော့ မမ သဘောပါ။ ကျွန်မ အထူး ရိုရိုတောင်းပန်ပါရစေ။ ကျွန်မကို ရန်ကုန်က ဆေးကုပေးတဲ့ဆေးရုံကိုဖြစ်စေ၊ ဒုက္ခိတကျောင်းကိုပဲ ဖြစ်စေ ရောက်အောင် မမ ကူညီပို့ပေးပါ မမရယ်။

မမ ကျေးဇူးကို တစ်သက် မမေ့ပါဘူး။ ကျွန်မ အသံပြန်ထွက်လာပြီ ဆိုရင်လေ မမရှိတဲ့နေရာကို ရောက်အောင် လာပြီး မမအိမ်မှာ မမကို ခြေဆုပ်လက်နယ်၊ တစ်သက်လုံး အမေလို သဘောထားပြီး ပြုစု လုပ်ကိုင် ပေးပါ့မယ်။

စာက ဤနေရာတွင် ဆုံးသွားလေပြီ။ မခင်ရွှေ ခေါင်းအုံးအောက်မှ လက်ပတ်နာရီလေးကို ဆွဲထုတ် ကြည့်လိုက် သောအခါ ဆယ့်နှစ်နာရီ ထိုးနေပေပြီ။

မခင်ရွှေသည် စာအုပ်ကို သူ့ခေါင်းအုံးပေါ်မှာ အသာအယာ ချထားလိုက်ပြီး အခန်းထဲက ထွက် လာခဲ့သည်။ မေစမ်းမြိုင် အိပ်သည့် အခန်းသို့ အသာအယာ လျှောက်သွားပြီး အသံကို နားထောင် ကြည့်လိုက်၏။ မေးစမ်းမြိုင် သည် ညင်သာစွာ လှမ်းလာသော မခင်ရွှေ၏ ခြေသံကို ကြားဟန် တူ သည်။ မေစမ်းမြိုင် အိပ်သည့် အခန်းတံခါးသည် ဖြည်းညင်းစွာ ပွင့်လာပြီး မေစမ်းမြိုင် အခန်းထဲမှာ ထွန်းထားသည့် မှေးမှိန် သော မှန်အိမ်မီးရောင်ထဲမှာ မေစမ်းမြိုင်၏ သဏ္ဍာန်သည် အခန်းတံခါးဝမှာ ပေါ်လာသည်။

"ညီမလေးက မအိပ်သေးဘဲကိုး"

မခင်ရွှေက တိုးတိတ်ညင်သာသော အသံဖြင့် ပြောကာ မေစမ်းမြိုင်၏ လက်မောင်းကို ကြင်နာစွာ ဆုပ်ကိုင် လိုက်သည်။

ထို့နောက် ...

"အိပ်ပါ ညီမလေးရယ် အိပ်ပျက်လို့ နေမကောင်းဖြစ်နေပါဦးမယ်နော်။ မနက်မိုးလင်းမှ စကား ပြောကြ တာပေါ့။ ညီမလေး ရေးထားတာတွေကို မမ ဖတ်ကြည့်ပြီးပါပြီ။ အားလုံး ဟုတ်မှန်ပါတယ်၊ မမယုံပါတယ်"

ဟုပြောကာ မေစမ်းမြိုင်ကို သူ့အိပ်ရာပေါ် ပြန်သိပ်လိုက်သည်။

မေစမ်းမြိုင်သည် သူရေးသည့် အကြောင်းအရာတွေကို ယုံမှ ယုံပါမည်လား၊ သူ့ကို ကယ်တင်လို စိတ်မှ ရှိပါမည်လား ဟူသော စိတ်မချမှုကြောင့် အိပ်မပျော်နိုင်အောင် ဖြစ်နေရှာသည်ကို မခင်ရွှေက ရိပ်မိ လိုက်သည်။

ထို့ကြောင့်မေစမ်းမြိုင် ဖြောင့်ဖြောင့်တန်းတန်း အိပ်နိုင်အောင် ပြောပြလိုက်ခြင်းဖြစ်သည်။ မေစမ်းမြိုင်သည် မျက်ရည် ရစ်ဝိုင်းသော မျက်လုံးဖြင့် မခင်ရွှေကို ချစ်ခင်အားကိုးစွာ ကြည့်ကာ မခင်ရွှေ သိပ်ပေးထားသည့် အနေ အထားအတိုင်း အိပ်ရာပေါ်မှာ လဲလျောင်းလိုက်သည်။

မေစမ်းမြိုင်အိပ်သည့် အခန်းတံခါးသည် ချက်ချပိတ်ရန် မင်းတုပ်မရှိချေ။ ထို့ကြောင့် မေစမ်းမြိုင် မီးဖိုချောင် ထဲက ဓားတစ်ချောင်းကို ကိုင်ထားသည်ဆိုခြင်းမှာ မခင်ရွှေအဖို့ အဆန်းဟု မထင်တော့ ချေ။

မခင်ရွှေသည် မေစမ်းမြိုင်ကို ပြန်သိပ်ထားပြီးသည့်နောက် အိပ်ချင်စိတ် မရှိသောကြောင့် သူ့အခန်းကို ပြန်လာခဲ့သော်လည်း အိပ်ရာပေါ်သို့ မပြန်တော့ချေ။

မှန်မီးအိမ် ကို ငြိမ်းလိုက်ပြီး ပြတင်းပေါက်ဖွင့်ကာ ပြတင်းပေါက်တွင် မတ်တတ်ရပ်ကာ ခြံကြီးထဲသို့ မျှော်ကြည့် နေလိုက်သည်။

လမိုက်ရက်ဖြစ်သောကြောင့် ကောင်းကင်တွင် ကြယ်ရောင်များသာ ရှိနေသည်။ မည်းမှောင်နေသော ညသန်းခေါင် အချိန်ဝယ် ကျယ်ဝန်းသော ခြံကြီးသည် ညို့ညို့မှိုင်းမှိုင်းအုပ် ဆိုင်းနေသော သစ်ပင်ကြီးများ ကြောင့် ကြည့်ရသည်မှာ စိတ်ချောက်ချားဖွယ်ပင် ကောင်းသေးတော့ သည်။

သန်းခေါင်းလေ ၏ ဝှေ့ယမ်းတိုက်ခတ်ခြင်းကြောင့် သစ်ပင်ကြီးများ၏ အကိုင်းချင်း ကြိတ်သံ၊ သစ်ရွက်ချင်း ခတ်သံများ သည် ဝေဒနာခံစားနေရသော လူတစ်ယောက်၏ မချိမဆံ့ ညည်းညူသံ လိုလို၊ ကြောက်ရွံ့စွာ အော်ဟစ် နေသံလိုလို။

မခင်ရွှေသည် စိတ်ချောက်ချားဖွယ်ကောင်းသော ခြံကြီးကို ပြတင်းပေါက်မှ ကြည့်နေရင်း ဦးတောက်ထွန်း ပတ္တမြားတွေ မြှုပ်ခဲ့သည်ဆိုခြင်းမှာ ရူးလို့ပြောခြင်းလား၊ အမှန်ပင် မြှုပ်ပစ်ခဲ့ခြင်း လားဟု တွေးနေမိသည်။

မေစမ်းမြိုင် ရေးထားသည့်စာထဲမှာ သူ့အလွန်သံယောဇဉ်ကြီးသော ရေပြာအိုင်၏ရေးဖြစ်ရာဇဝင် ပါရှိသည်ကိုသတိရသည်။ သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီးတည်ထားတော်မူခဲ့သည့် စေတီတော်ပေါင်း ရှစ်သောင်းလေးထောင် အပါအဝင် စေတီတော်ဟောင်းနေရာ ဌာပနာတိုက်ကို မျက်စိထဲ မှာ မြင်ယောင်လာသည်။

ထိုသို့ မြင်ယောင်လာသောအခါ ဌာပနာတိုက်နေရာက ရလာခဲ့သည့် ပတ္တမြားတွေကိုရော ငွေကြုတ် ကိုရော စိတ်မှန်းနှင့် တွေးကြည့်ကာ အလှူ့ဒါယကာ သခင်ရွှေနှင့် မင်းရွှေနှစ်တို့ မောင်နှမသည် ထိုပစ္စည်းတွေကို မည်သည့်သစ္စာမျိုးဆိုပြီး လှူထားခဲ့ကြပါသနည်း။ ဦးတောက်ထွန်း နှင့် ဒေါ်ညွန့်ရီတို့သည် အလှူ့ဒါယကာ ၏ သစ္စာစူး၍ ဤအဖြစ်မျိုးဖြစ်သွားသည် ထင်သည်။ မိဘတွေ မလုပ်အပ်သည့် အလုပ်ကို လုပ်သည့် အတွက်ကြောင့် ဘာမျှမသိရှာသည် လူမမယ်မိန်းကလေး မေစမ်းမြိုင်သည် အဆစ် ပါရချေသလား။

စသည်ဖြင့် မခင်ရွှေ တွေးနေရင်းပင် ဤအိမ်ကြီးပေါ်မှာ ဆက်လက်နေထိုင်ရမည်ကို စိတ်ထဲက မသန့်တော့ဘဲ ဖြစ်လာသည်။

ဤကိစ္စနှင့် သူ မည်သို့မျှ မပတ်သက်ကြောင်း မခင်ရွှေ ကောင်းကောင်းသိပါသော်လည်း ဤပစ္စည်းတွေကို အကြောင်းပြုပြီး ဤအိမ်နှင့် ဤခြံ ဖြစ်လာသည်ကို သိနေရသောအခါ မခင်ရွှေ စိတ်ထဲမှာ ဤပစ္စည်းတွေ ရလာသည့် စေတီတော် ဌာပနာတိုက်ပေါ်မှာ သူနေမိသလို စိတ်ထဲတွင် ပေါ့ပါးရွှင်လန်းခြင်းမရှိ ဖြစ်နေမိသည်။

ရေပြာအိုင်ရွာ ဖြစ်စဉ်နှင့် ဘုရားစေတီတော်အကြောင်းကို ဦးတောက်ထွန်း ရူးသွပ်နေစဉ်မှာ စီကာစဉ်ကာ ပြောပြနေနိုင် သည်မှာ ဘာကြောင့်ဟူ၍ မခင်ရွှေ တွေးမရချေ။

ရေပြာအိုင်နှင့် ပတ်သက်လာလျှင် မခင်ရွှေသည် မည်သို့မျှ ဉာဏ်မမီနိုင်သည်ကို သူကိုယ်တိုင် သိနေပြီး ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဦးတောက်ထွန်း ပြောပြသွားခဲ့သည်များမှာ အရူးပီပီ ကပေါက်ကချာ ပရမ်းပတာ ပြောသွားခြင်းမျိုး မဟုတ်သောကြောင့် မှန်သောအဖြစ်များဟု မခင်ရွှေက ခိုင်မာစွာ ယုံကြည်လိုက် သည်။

မေစမ်းမြိုင်၏ စာကို လုံးစေ့ပတ်စေ့ဖတ်ပြီး မေစမ်းမြိုင်၏ဘဝ ဖြစ်စဉ်ကိုရော၊ ဤအိမ်နှင့်ဤခြံ ဖြစ်လာပုံ ကိုရော၊ ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့ဘဝနှင့် စိတ်သဘောထားကိုရော သိလိုက်ရပြီဖြစ်သော မခင်ရွှေ သည် ဤအိမ်မှ ပြောင်းရွှေ့ရန် စိတ်ဆုံးဖြတ်လိုက်သည်။

ထိုသို့ စိတ်ကို ဆုံးဖြတ်လိုက်သောအခါ မေစမ်းမြိုင်အတွက်ကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ သူ့ကို အားကိုးယုံကြည်စွာဖြင့် မိဘတွေအတွက် လျှို့ဝှက်ထိန်းသိမ်းထားရမည့် အဖြစ်တွေကိုပါ မခြွင်းမချန် ဖွင့်အန်ပြရှာသော မေစမ်းမြိုင်ကို မခင်ရွှေမည်သည့် နည်းနှင့်မျှ ပစ်ပစ်ခါခါ မစွန့်ပစ်ရက်ချေ။

ယခင်က သူတို့ မှန်းခြေမကိုက်၍ မေစမ်းမြိုင်ကို မကောင်းပြောပြီး ဆင်းသွားကြသည့် လူနှစ်ယောက်ကြောင့် ဒုက္ခိတမလေးမှာ သေလုအောင် အရိုက်အနက်ခံလိုက်ရသေးလျှင် ယခု သူ ပစ်ပစ်ခါခါ စွန့်ပစ် သွားမည်ဆိုလျှင် မေစမ်းမြိုင် အတွက် သက်သာမည်မဟုတ်ကြောင်းကိုလည်း တွေးမိသည်။

မခင်ရွှေသည် မှောင်မည်းနေသော ခြံကြီးကို ငေးစိုက်ကြည့်နေရင်း သူ ဘာလုပ်ရမည်ကို တွေးနေ သည်။

# အခန်း (၇)

မေစမ်းမြိုင်မှာ အကြောင်းကိစ္စရှိ၍ ပြောချင်ဆိုချင်လျှင် သိရအောင် မခင်ရွှေက မေစမ်းမြိုင်အား ဗလာ စာအုပ် တစ်အုပ်နှင့် ခဲတံကို ပေးထားခဲ့သည်။ သို့သော် မေစမ်းမြိုင်သည် မည်သည့်အကြောင်းထူးမျှ မရှိထင်သည်။ မခင်ရွှေထံကို မည်သည့်အကြောင်းမျှ စာမရေးသေးချေ။

သို့နှင့်ပင် တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့သည်။

"ညီမလေးရေ၊ သန်ဘက်ခါဆိုရင် မမတို့ကျောင်းမှာ အစည်းအဝေးရှိတယ်၊ မမ အစည်းအဝေးကို တက်ရမယ်။ အဲဒီ အစည်းအဝေးပြီးရင် မမ ခွင့်ယူလို့ရပြီ၊ ခွင့်ယူပြီး ရေပြာအိုင်ရွာကိုရောက်အောင် မမ သွားမယ်။ ညီမလေးအဖို့ အရင်းနီးဆုံး ဆွေမျိုးဖြစ်တဲ့ ကိုစိန်းမောင်ကို ပါအောင် မမ ကြိုးစားခေါ်လာခဲ့မယ်။ ညီမလေး ဒုက္ခနွံထဲက လွတ်ချိန်နီးပါပြီ ညီမလေးရယ်၊ စိတ်ချမ်းချမ်းသာသာနေနော်"

ဦးဖေဆိုင် နှင့် ဒေါ်ငွေ အလစ်မှာ မခင်ရွှေ က မေစမ်းမြိုင်ကို တိုးတိတ်စွာ ပြောဆိုလိုက်သည်။ မေစမ်းမြိုင်၏ မျက်နှာလေး သည် မည်သည့်အတွက်ကြောင့် မသိ၊ ရွှင်ရွှင်လန်းလန်းမရှိချေ။ မခင်ရွှေကို စိုက်ကြည့်နေသည်။ ထို့နောက် မခင်ရွှေခြေရင်းမှာ ထိုင်ချလိုက်ပြီး မခင်ရွှေ ခြေဖမိုးကို သူ့နဖူးဖြင့်ထိကာ ရှိုက်ရှိုက်ငင်ငင် သည်းထန်စွာ ငိုကြွေးလိုက်သည်။

"ဘာဖြစ်လို့လဲ ညီလေး ဦးဖေဆိုင်နဲ့ ဒေါ်ငွေ တို့က ရိုက်လို့လား"

မခင်ရွှေက မတ်တတ်ရပ်နေရာမှ ထိုင်ချလိုက်ကာ သူ့ခြေကို ဖက်ငိုနေသော မေစမ်းမြိုင်ကို ကြင်နာစွာ ဖက်ပြီး မေးသည်။

မေစမ်းမြိုင်က မခင်ရွှေမျက်နှာကို မျက်ရည်ပြည့်သော မျက်လုံးဖြင့် မော်ကြည့်လိုက်ကာ ဦးခေါင်း ခါပြသည်။

"မမ ပြောတာ ညီမလေး ဝမ်းမသာဘူးလား"

မခင်ရွှေက မေးသည်။

မေစမ်းမြိုင်သည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက်က ဦးခေါင်းကို ခါပြလိုက်သောအခါ မခင်ရွှေသည် များစွာ အံ့အားသင့်သွား တော့၏။ ဤ ဝဋ်ဒုက္ခမှ အလွန်အမင်း ကျွတ်လွတ်လိုသော မေစမ်းမြိုင်လေးသည် ယခု သူ့ဘဝ အဖို့ စိတ်ချမ်းသာမှု ရတော့မည့် အချိန်အခါရောက်မှ ဝမ်းမသာဘူးဆိုသည်ကို မခင်ရွှေက မစဉ်းစားတတ်အောင်ပင် ဖြစ်တော့သည်။

မေစမ်းမြိုင်က သူ စာရေးပြမည်ဖြစ်ကြောင်း လက်ဟန်ဖြင့် ပြောသည်။ မခင်ရွှေက နားလည်သည့် မျက်နှာဖြင့် ဦးခေါင်းကို ညိတ်ပြလိုက်သောအခါ မေစမ်းမြိုင်သည် မျက်ရည်ကျလျက်က သူ့အခန်း ရှိရာသို့ ပြန်ထွက် သွားသည်။

မခင်ရွှေသည် သူ့အနားမှ ထွက်သွားသော မေစမ်းမြိုင်ကို ကြည့်နေပြီးမှ မေးမြန်းနေရန် အချိန် ကလည်း မရှိ သောကြောင့် ကျောင်းသို့ထွက်လာခဲ့ရသည်။

ကျောင်းမှာ အစည်းအဝေးတွင် ပြောဆို ရေးမှတ်နေရသော်လည်း စိတ်ကို မနည်းချုပ်နေရသည်။

မခင်ရွှေ ၏ စိတ်သည် အခါများစွာ ကျောင်းအစည်းအဝေးခန်းထဲမှ ထွက်ခွာပြီး အိမ်ပြန်ရောက်ကာ မေစမ်းမြိုင် ကို စိတ်ထဲမှာ စွဲနေသည်။

ထိုအခိုက် အစည်းအဝေးခန်းထဲမှ လူတွေ ထိတ်လန့်တကြားအော်သံကြောင့် အစည်းအဝေးနှင့် ပတ်သက် သော စာကို ရေးမှတ်နေသည့် မခင်ရွှေသည် စာငုံ့ရေးနေသည့် ဦးခေါင်းကို မော့ကြည့်လိုက်သည်။ စိတ်ထဲကမူ - "ဘာဖြစ်ကြတာ ပါလိမ့်" ဟု တွေးမိ၏။

"ဟိုမှာ ဆရာမ။ ဆရာမနေတဲ့အိမ် မီးလောင်နေပြီ"

တစ်ယောက်တစ်ခွန်း အော်ဟစ်ပြောသံကြောင့် စာသင်ကျောင်းမှ ကောင်းကောင်း လှမ်းမြင်နေရသော မေစမ်းမြိုင် ရှိနေသည့် အိမ်ကို မခင်ရွှေက ထိတ်ထိတ်ပျာပျာဖြင့် ကြည့်လိုက်သည်။

သစ်ပင်တွေ ပြန်းတီးကုန်ပြီဖြစ်၍ ရေပြာအိုင်ရွာက စမ်းမြိုင်ခြံပျက်ကြီးလို ဖြစ်နေသော ခြံကြီးထဲရှိ မခင်ရွှေနေသော အိမ်ကြီးသည် မီးခိုး၊ မီးတောက် မီးလျှံများ ဖုံးနေသည်ကို တွေ့ရသည်။

မီးငြှိမ်းသတ်ရန် လူတွေ ပြေးလွှားကြသည်။ ကျောင်းခန်းထဲမှာ စည်းဝေးနေကြသော လူတွေသည် အစည်းအဝေးကို မဆက်နိုင်တော့ဘဲ မီးလောင်သည့်နေရာသို့ ကူညီရန် ပြေးကြသည်။

"ဆရာမ၊ ဘာဖြစ်လို့ ကြောင်ကြည့်နေတာလဲ ဆရာမ ပစ္စည်းတွေ ပါကုန်ရောပေါ့"

ကြောင်ကြည့်နေမိသော မခင်ရွှေကို လူတစ်ယောက်က ပြောပြောဆိုဆိုဖြင့် ကျောင်းခန်းထဲက ထွက်ပြေး သွားသည်။ ထိုအခါ အံ့အားသင့်သလို ဖြစ်နေသော မခင်ရွှေသည် မီးလောင်နေသော အိမ်ကြီးရှိရာသို့ ပြေးလာခဲ့သည်။

မခင်ရွှေ ၏ ပစ္စည်းသည် များများစားစားရှိသည်မဟုတ်၊ အဝတ်အစား ထည့်သည့် လက်ဆွဲသေတ္တာ တစ်လုံး၊ အိပ်ရာလိပ် တစ်စုနှင့် သနပ်ခါး၊ ကျောက်ပြင်၊ ဘီး၊ မှန်နှင့်ရေခွက်၊ ဆပ်ပြာခွက် ထည့်ထားသည့် ကြိမ်လက်ဆွဲခြင်း ခပ်ကြီးကြီး တစ်လုံးသာဖြစ်သည်။

မခင်ရွှေ သည် သူ့ပစ္စည်းကို စိတ်မစော၊ ဒုက္ခိတမလေး မေစမ်းမြိုင်ကိုသာ စိတ်စောနေမိသည်။

"ကောင်မလေး အချိန်မီ မီးထဲက ထွက်နိုင်ပါ့မလား။ အော်ဟစ်နိုင်တာလည်း မဟုတ်ဘူး။ အိမ်ထဲမှာ ပိတ်မိ ကျန်ခဲ့ရင် ဘယ်သူမှ သိမှာမဟုတ်ဘူး။ မသေသင့်ဘဲ သေရှာတော့မယ် "

ဟူသော အတွေးဖြင့် လျင်မြန်စွာ ပြေးလာခဲ့သည်။

ဝိုင်းအုံရောက်လာကသည့် လူတွေက ဖြစ်သည့်နည်းဖြင့် မီးကို ငြှိမ်းသတ်နေကြသည်။ သစ်ကိုင်းတွေဖြင့် ရိုက်ချကြသည်။ မြေကြီး တွေ သဲတွေဖြင့် ကျုံးပက်ကြသည်။

"ရေနဲ့ပက်ကြပါဟ"

အော်သူက အော်ကြသည်။

"ဘယ်လိုလုပ် ခပ်မှာလဲ၊ စက်သီးရော ရေပုန်းရော။ ကြိုးရော အားလုံး ရေတွင်းထဲ ပြုတ်ကျသွား ပြီ"

ပြန်အော်သူက အော်သည်။

အနီးဆုံးနေရာမှာ ရှိနေသည့် စာသင်ကျောင်းဝင်းထဲသို့ ပြေးကာ ရေပုန်းဖြင့် ရေခပ်သူက ပြေးခပ် သည်။ သို့သော် မျက်စိအောက်မှာပင် ငြှိမ်းသတ်ရင်းဖြင့် အိမ်ကြီးသည် အဟုန်ပြင်းစွာ တောက်လောင်နေသော မီးထဲ မှာ ပြာကျသွားသည်။

လူတွေ ဝိုင်းအုံနေကြသည့် အထဲတွင် ဦးဖေဆိုင်၊ ဒေါ်ငွေနှင့် မေစမ်းမြိုင်တို့ကို တစ်ယောက်မျှ မတွေ့ရသည်ကို မခင်ရွှေနှင့်တကွ အားလုံးက သတိထားမိလာကြသည်။ ထို့ကြောင့် ဤအိမ်ပေါ်နေသူများထဲက မခင်ရွှေ တစ်ယောက်သာ ရှိနေပြီး ကျန်လူသုံးယောက်ကို ရှာမတွေ့ဘဲ ဖြစ်နေသောအခါ လူတွေသည် ထင်ကြေးအမျိုးမျိုး ပေးနေကြသည်။

လောင်ကျွမ်းသွားသော အိမ်ကြီးနှင့် တော်တော်ဝေးသည့် တစ်နေရာ၊ နွယ်တွေဖုံးနေသည့် ချုံကြီးဘေးတွင် မခင်ရွှေ လက်ဆွဲသေတ္တာကို နေရာမပျက် ပိတ်ရက်သား ပြန်တွေ့ကြရသောအခါ လူတွေသည် များစွာ အံ့သြ ကြတော့သည်။ မခင်ရွှေ ကိုယ်တိုင်ပင် မစဉ်းစားတတ်အောင် ဖြစ်မိတော့ သည်။

မေစမ်းမြိုင်သည် တမင်ပင် ကြိုတင်စီမံချက်ဖြင့် မခင်ရွှေ၏ လက်ဆွဲသေတ္တာကို ဘေးလွတ်ကင်းရာ ပို့ထားလိုက်ပြီးမှ အိမ်ကြီးကို ရှို့လေသလား။ ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့အနေဖြင့် မည်သည့်နည်းနှင့်မျှ အဆုံးမခံ၊ မီးရှို့မည်မဟုတ်ဟု မခင်ရွှေက တွေးမိသော်လည်း မေစမ်းမြိုင်တို့ မိသားစု၏ ဘဝဖြစ်စဉ်ကို လူသိသွားမည်စိုးသည့်အတွက် မည်သည့် ထင်မြင်ချက်မျှ မပေးဘဲ တပည့်လေးတစ်ယောက် ယူပေးသည့် လက်ဆွဲ သေတ္တာကိုသာ ကျောင်းမှာ သွားထားရန် ပြောလိုက်ရသည်။

သေချာစွာ မီးငြိမ်းသွားသောအခါမှ သက်ဆိုင်ရာ တာဝန်ရှိသူတွေက မီးလောင်မြေကို စစ်ဆေးရှာဖွေကြည့်ကြသည်။ ထိုအခါမှ မီးလောင်ကျွမ်းနေသည့် လူရိုးတွေကိုသာ တွေ့ကြရသည်။ ထိုအခါမှ ဦးဖေဆိုင်၊ ဒေါ်ငွေနှင့် မစမ်းမြိုင်တို့ ပျောက်ကွယ်နေခြင်း အဓိပ္ပာယ်ပေါ်လာကြတော့သည်။

သစ်ပင်တွေ ပြန်းတီးပြီး ပျက်စီးနေသော ခြံပျက်ကြီးထဲက မီးလောင်ပြင်ကြီးသည် မြင်ရသူအဖို့ ကြေကွဲစရာပင် ကောင်းသေးတော့သည်။ ကျောင်းနှင့် အနီးကပ်ဆုံးဖြစ်သော နေရာမှာ မီးလောင် လိုက်သည့်အတွက် ပြေးလွှားကြ၊ မီးသတ်ကြ၊ ထိတ်လန့်တကြား ဖြစ်ကြသဖြင့် အစည်းအဝေးသည်လည်း ပျက်သွားလေသည်။ နောက်နေ့မှ အစည်းအဝေး ပြန်စရန် ဆုံးဖြတ် လိုက်ကြသည်။

နေလက်စ နေရာ ပျောက်သွားသည့် မခင်ရွှေသည် သူ့အတွက် ကျောင်းအုပ်ဆရာကြီး ရှာပေးထားသည့်အိမ်ကို အဆင်သင့် ပြောင်းနေလိုက်သောကြောင့် နေထိုင်ရေးမှာ ကသီလင်တ မဖြစ်၊ မီးလောင်ရာမှာ ပါသွားသည့် သူ့ပစ္စည်းကလည်း တန်ဖိုးရှိသည့်ပစ္စည်းမဟုတ်။

သူချမ်းသာသရွေ့ ထည့်သိုထားသည့် လက်ဆွဲသေတ္တာထဲမှာ သူ့အဝတ်တွေအားလုံး မဆုံးမရှုံး ရှိနေသည်။ သူ စုဆောင်းထားသည့် ငွေကြေးလည်း တစ်ပြားမျှ မပျောက်မပျက်ရှိနေသည်။ ထို့ကြောင့် မခင်ရွှေအနေဖြင့် မည်သို့မျှ ထိခိုက်မှုမရှိသော်လည်း မေစမ်းမြိုင်အတွက်ကိုမူ မခင်ရွှေ သည်စိတ်ထဲမှာ တော်တော် ထိခိုက်လိုက်သည်။

မခင်ရွှေသည် သူ အသစ်နေထိုင်ရမည့် အိမ်သို့ ပြောင်းရွှေ့ရောက်လာသောအခါ စိတ်ထဲမှာ မကောင်းလွန်းသောကြောင့် အိမ်ရှင်က ပြင်ကျွေးသည့် ညနေစာထမင်းကိုပင် လုံးဝမစားတော့ဘဲ သူ့အတွက် ပေးထားသည့် အခန်းထဲသို့ တန်းဝင်လာ ခဲ့သည်။ သူ့လက်ဆွဲသေတ္တာကို တစ်ယောက် အိပ်ကုတင် ပေါ်တွင်ချကာ သေတ္တာကိုမှီပြီး ခြေဆင်းထိုင်လိုက်သည်။

သူ့အိပ်ရာခင်းမှာ မီးထဲပါသွားပြီဖြစ်သည်။ ယခု နေထိုင်ရမည့် အိမ်သည် မေစမ်းမြိုင်တို့အိမ်မှာလို အိမ်ထောင်ပရိဘောဂ ဘာတစ်ခုမျှ မရှိဘဲ ကြမ်းပြင်ပေါ်မှာသာ အိပ်ရမည့် အိမ်မျိုးပင်ဖြစ်သည်။

သူ့အတွက် ပေးထားသည့်အခန်းထဲမှာ တစ်ယောက်အိပ် အိပ်ရာလေး ပြင်ပေးထားသည်။ မခင်ရွှေ၏ ပစ္စည်းတချို့ မီးလောင်သည့် အထဲမှာ အိပ်ရာပါသွားကြောင်း သိသဖြင့် ယာယီအိပ်ရာ အဖြစ် ပြင်ဆင်ပေးထားရာ သင်ဖြူးဖျာ ချောချောတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ ချည်စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံး ရှိနေသည်။

မခင်ရွှေသည် သေတ္တာကို မှီထိုင်ရင်း မေစမ်းမြိုင်အကြောင်းကို စဉ်းစားနေရာမှ မီးမလောင်မီ တစ်နေ့က သူ့ဘဝ ကောင်းရာကောင်းကြောင်းဖြစ်တော့မည်ဟု ပြောသည်ကို ဝမ်းမသာနိုင်ဘဲ မခင်ရွှေခြေကို ဖက်ကာ ရှိုက်ကြီးတငင် ငိုခဲ့သည်ကိုလည်းကောင်း၊ သူ ဘာဖြစ်သည်ကို စာရေးပြမည်ဟု အမှတ်သညာ ပြုခဲ့သည် ကို လည်းကောင်း၊ တစ်အိမ်လုံး မီးလောင်ကုန်ပါလျက်နှင့် မခင်ရွှေ၏ လက်ဆွဲသေတ္တာ တစ်လုံးသာလျှင် ဘေးကင်း ရန်ကင်း ပြန်ရသည်ကို လည်းကောင်း မခင်ရွှေသည် စဉ်းစားမရအောင် ဖြစ်နေသည်။

လက်ဆွဲသေတ္တာတစ်လုံးနှင့် ပတ်သက်ပြီး လူတွေက အံ့အားသင့်ကြသော်လည်း မခင်ရွှေအပေါ်မှာ မည်သူမျှ သံသယ မဖြစ်ကြချေ။

သံသယ ဖြစ်စရာ အကြောင်းကလည်း ဘာမျှ မရှိခဲ့။

သတင်းစကားတစ်ခုတော့ ရလိုက်သည်။ မီးမလောင်မီက ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့ထံ ထင်းဝယ်ထားသူ တစ်ယောက်က ထင်းဖိုးငွေနှင့်ပတ်သက်ပြီး ပြောစရာရှိ၍ သွားခဲ့ကြောင်း။ ထိုအခါ အိမ်ကြီးပေါ်မှ မေစမ်းမြိုင်၏ ကြေကွဲဝမ်းနည်းစွာ ငိုကြွေးသံ။ ဦးဖေဆိုင် နှင့် ဒေါ်ငွေတို့ တစ်ယောက်တစ်ခွန်း ကြိမ်းမောင်းသံ နှင့် ရိုက်နက်သည့် အသံမျိုးလို ကြားခဲ့ရသည်။

ထို့ကြောင့် ထင်းဖိုးငွေ စကားပြောစရာရှိသူသည် အိမ်ပေါ်မတက်ဘဲ ပြန်လာခဲ့သည်ဟူသော သတင်းစကား ပင် ဖြစ်သည်။

သို့ဖြစ်လျှင် မေစမ်းမြိုင်သည် စိတ်နာနာဖြင့် မီးရှို့လိုက်လေသလားဟု တွေးလိုက်မိသည်။

သို့သော် ထိုအတွေးသည် မဖြစ်နိုင်ပေ။ ဦးဖေဆိုင်နှင့် ဒေါ်ငွေနှစ်ယောက်စလုံးရှိနေပါလျက်နှင့် မေစမ်းမြိုင် ထိုသို့ မည်သည့်နည်းနှင့်မျှ လုပ်နိုင်မည် မဟုတ်ပေ။

မခင်ရွှေသည် စိတ်မကောင်းစွာ တွေးနေရာမှ အဝတ်လဲရန် ထလိုက်သည်။ သူ့သေတ္တာကို ဖွင့်မည်ဟု ကိုင်လိုက်သောအခါ သေတ္တာအပြင်ဘက်ဘေးတွင် ဇစ်တပ်ထားသော အိတ်ကပ်လေးကို မျက်လုံးက ရောက်သွားသည်။

ထို အိတ်ကပ်လေးထဲမှာ အဖိုးတန် ပစ္စည်းမရှိ။ လိုလျှင် ရစေရန် စာအိတ်အလွတ်။ စာရေးစက္ကူ ကတ်တစ်ခု နှင့် တံဆိပ်ခေါင်းငါးလုံးသာ ရှိသည်။

ထို အိတ်ကပ်လေးဇစ်ကို မခင်ရွှေ ဖွင့်ခဲ့သည်။

ထို့ကြောင့် ထိုအိတ်ကပ်လေးသည် အစဉ်ပိတ်လျက် ရှိနေသည်။ ယခု ထိုအိတ်ကပ်လေး၏ ဇစ်သည် တစ်ဝက်ပွင့်လျက် ရှိနေသည်ကို မခင်ရွှေ မြင်ရသည်။

သို့သော် အထွေအထူး မထင်။ မီးလောင်သည့် အိမ်ပေါ်မှ တစ်စုံတစ်ဦးက ကပျာကသီ ဆွဲယူ ပစ်ချလိုက်သည့် အတွက် ထိခိုက်မိပြီး ပွင့်နေခြင်းသာ ဖြစ်မည်ဟု မခင်ရွှေက ပေ့ါပေါ့တွေးကာ ဇစ်ကို ပြန်ပိတ်ရန် ဆွဲလိုက်သည်။

သို့သော် ဇစ်သည် အိတ်အတွင်းက တစ်စုံတစ်ခုက ခံနေဟန်ဖြင့် ဆွဲမရဘဲ ဖြစ်နေသည့်အတွက် မခင်ရွှေက အိတ်ထဲကို လက်ဖြင့် နှိုက်စမ်းလိုက်သောအခါ ဇစ်သွားလမ်းကြောင်းတွင် ဗလာစာအုပ် တစ်အုပ်အဖုံးက ခံနေကြောင်း သိရသည်။ ထို့ကြောင့် -

"ဒီ အိတ်ထဲကို ဗလာစာအုပ် ဘယ်အခါကမှ မထည့်ခဲ့ဘူး ဘယ်တုန်းက ရောက်နေပါလိမ့်"

ဟု တွေးကာ ဆွဲထုတ်လိုက်သည်။

အပြင်ဘက် ကို စာအုပ်ရောက်သောအခါမှ ထိုစာအုပ်သည် မေစမ်းမြိုင်ကို ပေးထားခဲ့သည့် စာအုပ် ဖြစ်ကြောင်း သိရသည်။ စာအုပ်အကြားတွင် မေစမ်းမြိုင်ကို သူပေးထားခဲ့သည့် ခဲတံလေးက ညှပ်လျက်သားရှိနေသည်။

စာအုပ်အဖုံးပေါ်တွင်မူ ...

**ကျေးဇူးရှင်မမသို့ ...**

ဟူသော စာလေးကို ရေးထားသည်။

မခင်ရွှေသည် နေ့လယ်က မေစမ်းမြိုင်မီးထဲပါ သေဆုံးခဲ့ကြောင်းကို သေချာစွာ သိခဲ့ရသဖြင့် စိတ်ထဲမှာ များစွာ ထိခိုက်ခြင်း ဖြစ်ရသည် မှန်သော်လည်း စိတ်ခိုင်သောသူဖြစ်၍ မျက်ရည်မကျခဲ့ပေ။

ယခု သွားလေသူ၏ လက်ရေးလေးကို မြင်လိုက်ရသောအခါ ရင်ထဲမှာ ဆို့သွားသည်။ ငိုမည်ဟု မရည်ရွယ်ဘဲလျက်နှင့် စိတ်ထဲမှာ လှိုက်လှဲသော ကြေကွဲဝမ်းနည်းခြင်းဖြင့် မျက်ရည်ကျမိသည်။

သူဘာဖြစ်သည်ကို စာရေးပြမည်ဟု အမှတ်အသားလုပ်သွားသည်ကို ပြန်သတိရလိုက်သောအခါ သိလိုသော စိတ်ဇော ကြောင့် အဝတ်လဲမည်ဟူသော စိတ်ကူးပျောက်သွားသည်။ စာအုပ်ကိုဖွင့်ကာ စိတ်ဝင်စားစွာ ဖတ်လိုက်သည်။

ကျေးဇူးရှင် မမရှင့် -

ကျွန်မ ခံစားနေရတဲ့ ဒုက္ခဆင်းရဲက လွတ်အောင် ကယ်တင်ဖို့ ကြိုးစားတဲ့ မမစေတနာကို ဒီဘဝ မှာ ကျေးဇူးမဆပ်နိုင်သော်လည်း နောင်ဘဝတွေမှာ ကြုံကြိုက်တွေ့ဆုံပြီး ကျေးဇူးဆပ်နိုင်ပါစေလို့ ဆုတောင်း သွားပါတယ် မမ။

မမရဲ့ ကယ်တင်မှုကို ကျွန်မ စိတ်ဇောကြီးစွာနဲ့ စောင့်နေခဲ့ပါတယ်။ ဒါပေမယ့် ကုသိုလ်ကံ နည်းပါးလွန်းတဲ့ ကျွန်မကို မမ ကယ်တင်ဖို့ရာ အခွင့်မရှိတော့ပါဘူး။ မမ ကယ်တင်မယ့် အချိန်ကို စောင့်နေရင်လည်း ကျွန်မကို အကြောင်းပြုပြီး မမ ဒုက္ခတွေ့ရတော့မယ်၊ ဘာကြောင့်လဲဆိုတော့ ဟိုလူယုတ်မာ ဖေဆိုင် ကြောင့် ဖြစ်တယ် မမ။

မမ အနေနဲ့ မြို့ထဲမှာ ပြောင်းနေရင် ဖြစ်နိုင်ရက်သားနဲ့ ကျွန်မကို ငဲ့ပြီး မမ ဖွတ်မိုတ်နေတယ် ဆိုတာကို ကျွန်မ ရိပ်မိပါတယ်။

မမက ကျောင်းအစည်းအဝေးပြီးရင် ခွင့်ယူ၊ ရေပြာအိုင်ကို သွားမယ်လို့ ပြောတဲ့နေ့က ကျွန်မဘာကြောင့် ဝမ်းမသာနိုင်ဘဲ ငိုရတယ်ဆိုတာကို စာရေးပြရင် မမကတော့ ယုံမှာပါ။ အခြားလူတွေသာဆိုရင် အရူးပီပီ တွေ့ကရာတွေ ရေးတယ်လို့ ဆိုကြမှာပဲ။

ကျွန်မ အမေကို နိပ်စက်၊ ကျွန်မကို နိပ်စက်နေကြတဲ့ လူယုတ်မာ လင်မယား ဖေဆိုင်နဲ့ မငွေတို့ မမ အပေါ် မှာ ယုတ်ယုတ်မာမာ ကြံစည်နေကြတာကို သိရလို့၊ ကျွန်မ ငိုရတာပါ။

သူတို့ အနေနဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စားလာခဲ့ကြတာက ကြာတော့ အလုပ်ပင်ပင်ပန်းပန်း လုပ်မစား ချင်ကြတော့ဘူး မမ။ ပတ္တမြားကို ရဖို့ကလည်း မျှော်လင့်ချက် မရှိသလောက်ဖြစ်နေတာ သူတို့ စဉ်းစား မိပါလိမ့်မယ်။

ဒီတော့ အလုပ်မလုပ်ဘဲ ထိုင်စားနေနိုင်အောင် သူတို့က ကြံကြပြီ။

ဘယ်လို ကြံလဲဆိုတော့၊ မမကို ဖေဆိုင်ဆိုတဲ့ လူယုတ်မာကြီးက အပိုင်စီးမယ်တဲ့လေ။ သူ အပိုင်စီးကျင့်ကြံတာ ခံလိုက် ရတဲ့ မမအနေနဲ့ ဘယ်နည်းနဲ့မှ လူသိခံဝံ့မှာ မဟုတ်ဘူး။ ရှက်ပြီး မြုံနေမှာပဲ။ ဒီတော့ သူ့မယား ဖြစ်ပြီဆိုတာကို လူသိမခံချင်ရင်၊ မမရတဲ့လခ ကို သူတို့လက်ထဲ အကုန်အပ်။

တကယ်လို့ မမက နှုတ်ဆိတ်မနေဘဲ သက်ဆိုင်ရာကို တိုင်ကြားမယ်ဆိုရင် ဒေါ်ငွေက သူ့လင်မှာ အပြစ် မရှိကြောင်း၊ မမက သူ့လင်ကို နိုးပြီး မယားငယ်ခံနေတာ ကြာပြီဖြစ်ကြောင်း၊ အခုမှ မမ နောက်ယောက်ျား လိုချင်လို့ သူ့လင်ကို အပြစ်ရှာ လီဆယ်တိုင်ကြားခြင်း ဖြစ်ကြောင်းကို မဟုတ်သေချာလုပ်ကြံပြောပြီး အရှက်ခွဲ မယ်ပေါ့။

သူတို့လင်မယား နှစ်ယောက် အခုလို ပိုင်ပိုင် ကြံလိုက်ရင် မမ ဘယ်နည်းနဲ့မဆို အရှုံးပေးပြီး မြုံနေရ တော့မယ် လို့ တွက်ကြတယ်။

အဲဒီတော့ ကျွန်မ စဉ်းစားမိပါတယ် မမ။ ကျွန်မကို ကယ်တင်လိုတဲ့ စေတနာနဲ့ ဒီအိမ်ပေါ် မှာ ကြာရှည် ဆက်နေ ရင် မမ ဘဝအဖို့ အညွန့်ကျိုးတော့မယ်။ သူတို့ကတော့ ဒီအတိုင်း ကြံနေကြတာ၊ သူတို့အိမ်ပေါ် မှာ မနေတော့ဘဲ လွတ်ရာ လွတ်ကြောင်းကို မမထွက်သွားရင်လည်း သူတို့ ဒီအတိုင်း ပြောမယ်လို့ တိုင်ပင် ကြတယ်။

အချုပ် ကတော့ မမ လူသိမခံဝံ့တဲ့၊ အရှက်ကိုငဲ့ပြီး သူတို့ကို တစ်သက်လုံး လုပ်ကျွေးသွားဆိုတဲ့ သဘော မျိုးပေါ့။

သူတို့ ယုတ်ယုတ်မာမာ တိုင်ပင်နေကြတာကို ကျွန်မ ချောင်းနားထောင်လို့ အားလုံး သိလိုက်ရတော့ -

မမ က ဒီအိမ်ပေါ်က ပြောင်းရွှေ့သွားသည့်တိုင်အောင် သူတို့က မမကို မစားရတဲ့အမဲ သဲနဲ့ပက်တဲ့ သဘောမျိုး ထားပြီး အကျိုးယုတ် အရှက်ကွဲအောင် ပြောကြရင် မမ အနေနဲ့ တစ်သက်လုံး ကောင်း နိုင်ပါ တော့မလား။ ကျွန်မကို ငဲ့မိလို့ မမအတွက် အခုလို လူယုတ်မာ လင်မယားက မကောင်းကြံ တာကို ကျွန်မ ကယ်မယ် မမ။

ကျွန်မ အနေနဲ့လည်း လူပြည်လောကမှာ နေလိုတဲ့ စိတ်လည်း မရှိတော့ပါဘူး မမရယ်၊ ကိုယ့်ဘဝကို ငြီးငွေ့လာတာ တစ်ကြောင်း၊ လွန်ခဲ့တဲ့ နှစ်ရက်ကစပြီး အမေ့ကိုချည်း မျက်လုံးထဲမှာ မြင်နေတယ်၊ အမေ နဲ့ လိုက်နေချင် တဲ့ စိတ်က အလိုလို ပြင်းပြင်းထန်ထန် ပေါ်နေတယ် မမ။

ကျွန်မအပေါ် မှာ စေတနာ မွန်မြတ်လွန်းတဲ့ မမရဲ့ နာမည်သိက္ခာကို ကျွန်မ အသက်နဲ့လဲပြီး ကာကွယ် ခြင်းဖြင့် ကျွန်မအပေါ်မှာ မမထားခဲ့တဲ့ စေတနာ၊ မေတ္တာ၊ ကျေးဇူးကို တတ်နိုင်သလောက် ဆပ်ခဲ့ပါတယ် မမ။ ကျွန်မ မရှိတော့တဲ့နောက် မိဘများရဲ့ ဆွေမျိုးများရှိရာ နေရာ ရေပြာအိုင်ကို မမ ရောက်ခဲ့သည်ရှိသော် မမ ပြောပြခဲ့တဲ့ ကျွန်မရဲ့ အနီးကပ်ဆုံး ဆွေမျိုးဖြစ် တဲ့ ကိုကိုစိန်းမောင် ဆိုတာကို ကျွန်မတို့ မိသားစု ဘဝဖြစ်စဉ်တွေ ပြောပြပါ မမရယ်။ စေတီဟောင်း နေရာကို တတ်နိုင်သမျှ ပြုပြင်ကိုးကွယ်ပါလို့။

ဒီစာကို ကျွန်မရေးပြီး မမသေတ္တာရဲ့ ဘေးအိတ်လေးထဲမှာ ထည့်ထားခဲ့ပါမယ်၊ မမကို နောက်ဆုံး ကန်တော့သွားပါတယ် မမ။

မေစမ်းမြိုင်စာက ဤနေရာမှာ ဆုံးသွားလေသည်။ သူ သံယောဇဉ်ကြီးသလောက် ခင်မင်တွယ်တာလျက် နှင့် စိတ်မကောင်းစရာအကြောင်းပေါ်ကာ ခွဲခွာလာခဲ့ရသော ရေပြာအိုင်ရွာကို မေ့ပျောက်ထား ခဲ့ပါလျက်နှင့် ရေပြာအိုင်ရွာ၏ အဆက်အနွယ်ကို ထူးဆန်းစွာ ကြုံကြိုက်တိုက်ဆိုင် တွေ့လိုက်ရပြန်သည်။

တွေ့ကြုံရပြန်တော့လည်း စိတ်မကောင်းစရာပင်ဖြစ်နေသည်။ မခင်ရွှေသည် စာကို သေတ္တာဘေး အိတ်ကပ်လေးထဲ ပြန်ထိုးထည့်လိုက်သည်။ သေတ္တာကို ဖွင့်ချင်သောစိတ် မရှိတော့ချေ။ အဝတ်လဲလိုသော စိတ်လည်း မရှိတော့ချေ။

မေစမ်းမြိုင် သည် ဤစာကို မရေးမီကပင် တစ်စုံတစ်ခုကို စွန့်စွန့်စားစားလုပ်ရန် စိတ်ကိုဆုံးဖြတ်ပြီး ဖြစ်ပေမည်။ ထို့ကြောင့် စာကိုရေးသည်။ မခင်ရွှေ၏ သေတ္တာဘေးအိတ်ကပ်လေးထဲထည့်သည်။ ထို့နောက် သေတ္တာကို ခြံထဲမှာ သွားထားခြင်း ဖြစ်မည်။ ဦးဖေဆိုင်နှင့် ဒေါ်ငွေကို မည်သည့်နည်းဖြင့် နိုင်နင်းအောင် စီမံ လိုက်သနည်း။ တစ်ခုတော့ရှိသည်။ ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့သည် နံနက်စာ စားသောက်ပြီးသည့်အခါ နေ့စဉ် မဟုတ်သော်လည်း များသောအားဖြင့် ထမင်းလုံးစီ အိပ်စက်လေ့ရှိကြသည်။

ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့ အိပ်နေစဉ် မီးဖိုဆောင်ထဲမှာရှိနေသော ရေနံဆီကို ယူလောင်းပြီး မီးရှို့လိုက်ခြင်းဖြစ်မည်ဟု မခင်ရွှေကတွေးသည်။ သို့ဖြစ်လျှင် ဦးဖေဆိုင်နှင့် ဒေါ်ငွေတို့ကို သေချာပေါက် နိုင်နင်းထားပါလျက် နှင့် မေစမ်းမြိုင် အဘယ်ကြောင့် ကိုယ်လွတ်ဆင်းမပြေးနိုင်ရသနည်း။ ရေနံဆီ လောင်းမီးရှို့နေစဉ် မှာ ဦးဖေဆိုင်နှင့်ဒေါ်ငွေ နိုးလာပြီး သူတို့ မလွတ်သည့် အတူတူ မေစမ်းမြိုင်ကိုပါ ဆွဲထားလိုက်သည် ထင်သည်။

သို့သော် မေစမ်းမြိုင်စာထဲတွင် သူ့ဘဝကို ငြီးငွေ့သည်။ သူ့မိခင်ကိုချည်း မြင်နေသည်။ သူ့မိခင် နောက်ကို လိုက်ချင်နေသည် ဟူသောအချက်ပါနေသည်။ သူ့ဘဝကိုလည်း အဆုံးသတ်လိုခြင်း၊ ဦးဖေဆိုင်တို့ကို လက်စားချေရာလည်း ရောက်၊ မခင်ရွှေကို ကျေးဇူးဆပ်ရာလည်းရောက်အောင် ပြုလုပ်သွားခြင်းလား။ ရေပြာအိုင်နှင့် ပတ်သက်လာလျှင် မခင်ရွှေသည်တွေး၍ ဉာဏ်မမီနိုင်တော့ချေ။ မည်သို့ပင်ဖြစ်စေ မခင်ရွှေသည် ယုတ်ယုတ်မာမာ ကြံစည်သော ဦးဖေဆိုင်တို့ ဖနီးမောင်နှံလက်ထဲက လက်မတင်လေး လွတ်မြောက်လာခဲ့ရသည့်အတွက် သွားလေသူ မေစမ်းမြိုင်၏ ကျေးဇူးကို မမေ့နိုင်အောင် ဖြစ်ရသည်။

ထို့ကြောင့် မေစမ်းမြိုင်အတွက် ရည်စူးသော အလှူဒါနလေး ပြုလုပ်ကာ အမျှဝေမည်ဟု စိတ်ထဲက စီစဉ်လိုက်ပြီး မိမိအတွက် ပေးထားသည့် အခန်းလေးကို သန့်ရှင်းအောင် ပြုပြင်နေလိုက်သည်။

# အခန်း (၈)

မခင်ရွှေ ယခု ပြောင်းရွှေ့နေသော အိမ်သည် လူများများရှိကြသည်မဟုတ်။ အသက်ခုနစ်ဆယ် ကျော် အရွယ် ရှိ အဘိုးကြီး၊ သူနှင့်ရွယ်တူ ဇနီးဖြစ်သူ အဘွားကြီးနှင့် ဝေယျာဝစ္စ ဆောင်ရွက်ပေးသည့် မြေးအရင်း မိန်းကလေး တစ်ယောက်သာရှိသည်။ ပစ္စည်းဥစ္စာ ချို့ငဲ့ခြင်း ဖြစ်သော်လည်း ယခင်က မည်သူ့ကိုမျှ ထမင်းလခပေးကျွေးခြင်း၊ တည်းခိုခွင့်ပြုခြင်း မလုပ်ခဲ့ချေ။ မခင်ရွှေ၏ အခက်အခဲကို ကျောင်းအုပ်ဆရာကြီးက ပြောပြ မေတ္တာရပ်ခံသောကြောင့် လက်ခံခြင်း ဖြစ်သည်။

ကျောင်းအုပ်ဆရာကြီးက ထမင်းလခပေးကျွေးသည့် အခြားအခြား အိမ်ရှိသော်လည်း အခြား ထမင်းလခ ပေးစားသူတွေပါ ရှိနေသောကြောင့် ရှင်းရှင်းလင်းလင်းဖြစ်သော ဤအိမ်ကို ပြောပေး ထားခြင်းဖြစ်သည်။

လူသူ အထွက်အဝင် နည်းပါး၍ ရှင်းလင်း အေးဆေးတိတ်ဆိတ်သော ဤအိမ်နေရာမျိုးမှာ နေရာချ ပေးသော ကျောင်းအုပ်ဆရာကြီးကိုလည်း မခင်ရွှေ ကျေးဇူးတင်ပါသည်။ သို့သော် အိမ်ရှင် အဘိုးကြီး အဘွားကြီး တို့ နေထိုင်ပုံမှာ ရေပြာအိုင်က ဘွားရွှေအိမ်တို့ သားအမိလို မဟုတ်ဘဲ မခင်ရွှေကို ဆက်ဆံပုံမှာ စိမ်းကားသလို ရှိသည်ဟု မခင်ရွှေက ယူဆသည်။

အဘိုးကြီး အဘွားကြီး မြေးမိန်းကလေးအရွယ်မှာ အသက်နှစ်ဆယ် ပတ်ဝန်းကျင်မှာ ရှိနေပြီး ဖော်ဖော်ရွှေရွှေ ပင်ဖြစ်ကြသည်။ မခင်ရွှေနှင့် ခင်ခင်မင်မင်ဖြစ်သည်။ ထို့ကြောင့် အဘိုးကြီး အဘွားကြီး တို့နှစ်ယောက် က စိမ်းသယောင်ဖြစ်သော်လည်း မခင်ရွှေ စိတ်ဆင်းရဲမှု ဖြစ်လောက်အောင် မောက်မာခြင်းတော့ မဟုတ်ပေ။ သူတို့ ပင်ကိုအနေကပင် ဤသို့ နေတတ်၍လား၊ သို့တည်းမဟုတ် သူတို့ ဘဝဇာတ်ကြောင်း တွင် လူသူလေးပါးနှင့် စကားရှည်ကြာ မပြောချင်သည့် အကြောင်း ရှိနေ၍လား။

မခင်ရွှေက မျှတစွာ တွေးမိသည်။

မိန်းကလေးကား အဘိုးကြီးနှင့်အဘွားကြီး၏ သမီးက မွေးခဲ့သူ ဟုသိရသည်။ မခင်ရွှေနှင့် မိန်းကလေးသည် ကျွမ်းဝင်ချစ်ခင်မှု ရှိကြသည်။ မခင်ရွှေကလည်း မနေတတ်သည့်အလျောက် အိမ်မှုကိစ္စတွေမှာရော၊ အဘိုးကြီး အဘွားကြီး ဝေယျာဝစ္စတွေမှာရော၊ စေတနာ ကောင်းကောင်းဖြင့် ဝိုင်းကူ လုပ်ကိုင် ဆောင်ရွက် ပေးနေသောကြောင့် မိန်းကလေးက ပိုပြီး မခင်ရွှေကို ချစ်ခင်ရှာသည်။

အဘိုးကြီးနှင့်အဘွားကြီးသည် မခင်ရွှေ၏ စေတနာကို မြင်ရသောအခါ ဆက်ဆံမှုအမူအရာ စိမ်းသယောင်ယောင်ရှိသည်ကို မပြင်သော်လည်း မခင်ရွှေကို ကြင်နာချစ်ခင်သည့်စိတ်ထားရှိသည်ကို မခင်ရွှေ က သေချာစွာ အကဲခတ်မိသည်။

သို့နှင့်ပင် အိမ်ရှင်မြေးမိန်းကလေးနှင့် မခင်ရွှေတို့ အိမ်ကိစ္စ၊ အဘိုးကြီး အဘွားကြီး ဝေယျာဝစ္စ တွေကို တစ်ယောက်နှင့် တစ်ယောက် မခိုမကပ် လုပ်ကိုင်နေကြခြင်းဖြင့် မိန်းကလေးသည် မခင်ရွှေကို ပိုပြီး ယုံစား ချစ်ခင်လာသည်။ သို့နှင့်ပင် မခင်ရွှေ ကျောင်းအားသည့် တစ်ရက်တွင် အဘိုးကြီး၊ အဘွားကြီးတို့ ဘုန်းကြီးကျောင်းသို့ ထွက်သွားကြသည့်အခိုက် မိန်းကလေးနှင့် မခင်ရွှေ တို့ အလုပ်မရှိကြဘဲ အေးအေးလူလူ စကားပြောနေကြရင်းက မီးလောင်သွားသော အိမ်အကြောင်း ကိုရောက်သွားကြသည်။ ထိုအခါ မိန်းကလေး က သဲလွန်စကို ဖော်ပေးလိုက်ပြန်သည်။

"ဘိုးဘိုးနဲ့ဘွားဘွားက မမကို ခပ်စိမ်းစိမ်း ဆက်ဆံနေတာကို မမ သိလား"

မခင်ရွှေ သိချင်နေသောအချက်ဖြစ်၍ မခင်ရွှေက စိတ်ဝင်စားလာသည်။

"အေး ... ပြောစမ်းပါဦး ညီမလေးရဲ့"

ဟု အမှတ်မထင် သဘောမျိုးဖြင့် မေးလိုက်သည်။

"ကျွန်မဆီ က သိရတယ်လို့ မပြောနဲ့နော် မမ"

"မပြောပါဘူးကွယ် မမ ဝမ်းထဲမှာပဲ ထားပါ့မယ်။ ညီမလေးကို မမ ချစ်ပါတယ်။ စိတ်ချပြီး ပြောပါ"

မခင်ရွှေက ခိုင်လုံသောအသံဖြင့် ကတိပေးလိုက်၏။

"မမက ဟိုမီးလောင်သွားတဲ့ အိမ်ကြီးက ပြောင်းလာတာဆိုတော့ သူတို့မေ့ပျောက်ထားတဲ့ အကြောင်းကို သတိရစေတဲ့ အတွက်ကြောင့် စိတ်မကောင်းလို့ ခပ်စိမ်းစိမ်း နေလိုက်ကြတာပါ။ မမကို မုန်းလို့တော့ မဟုတ်ပါဘူး"

"ဘာဆိုင်လဲ ညီမလေးရယ်၊ မမက မီးလောင်သွားတဲ့ အိမ်ရှင်တွေမှ မဟုတ်တာ၊ နောက်ပြီး အိမ်ကြီး မီးလောင်သွားတာ အဘိုးအဘွားတွေနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

မခင်ရွှေ နားမလည်သောကြောင့် ပြန်မေးလိုက်သည်။

"မမနဲ့ အိမ်ကြီးနဲ့တော့ မဆိုင်ပါဘူး။ ဒါပေမယ့် ဒီအိမ်ရှင်ကြီးရဲ့ ပိုင်ရှင်၊ ဟို ... ရှူးပြီး သေသွားတဲ့ ဦးတောက်ထွန်းတို့ ဇနီးမောင်နံက ရေပြာအိုင်နဲ့ ပတ်သက်နေတဲ့ လူတွေ ဟုတ်လား။ ရေပြာအိုင်ဆို တဲ့နာမည်ကို ကြားလိုက်ရရင် ဘိုးဘိုးနဲ့ ဘွားဘွားက သူတို့အစ်ကိုအတွက် စိတ်မကောင်းဖြစ်ရတာ က အစ ပြန်ပေါ် လာတတ်လို့"

မခင်ရွှေသည် ပါးစပ်ကို မသိမသာ ဟလိုက်မိသည်။

"ရေပြာအိုင်နဲ့ ငါနဲ့ ရေစက်ကို မကုန်နိုင်ပါလား၊ ကြုံမှ ကြုံရပလေ၊ မတွေးထင်မမျှော်လင့်ဘဲ မေစမ်းမြိုင်နဲ့တွေ့ကြုံပြီး ရေပြာအိုင်ရွာကြောင်း သိလိုက်ရပြန်တယ်။ အခု ဒီအဘိုးကြီးနဲ့အဘွားကြီးကလည်း ရေပြာအိုင်ရွာနဲ့ ပတ်သက်နေပြန်ပြီတဲ့"

"အင်း ... ငါ့အဖို့ မှတ်တမ်းရေးစရာ အတ္ထုပ္ပတ္တိတစ်ခု ရပြန်ဦးတော့မယ်ထင်တယ်။ ဒီတစ်ခါ ကြားရမယ့် အကြောင်းထဲမှာ ကိုစိန်းမောင်နဲ့ ပတ်သက်တာ မပါပါစေနဲ့တော့"

မခင်ရွှေ သည် စိတ်ထဲက တဒုံ့တဩတွေးကာ ဆုတောင်းလိုက်မိသည်။ ထို့နောက်

"ပြောပါဦး ညီမလေးရယ်၊ ရေပြာအိုင်နဲ့ ဟို သေဆုံးသွားတဲ့ ဦးတောက်ထွန်းတို့နဲ့ ဒီအိမ်က အဘိုး အဘွားတွေနဲ့ ဘယ်လို သက်ဆိုင်နေသလဲ "

ဟု မေးပြီးသားမေးခွန်းကို ထပ်မေးလိုက်မိသည်။

"ဘိုးဘိုးနဲ့ ဘွားဘွားက ဦးတောက်ထွန်းတို့နဲ့တော့ မပတ်သက်ပါဘူး၊ ရေပြာအိုင်နဲ့သာ ပတ်သက်တာပါ။ သူတို့ အစ်ကိုကြီး က ရေပြာအိုင်ရွာမှာ နေရင်း သတင်းမကြားရအောင် ပျောက်သွားလို့၊ ဒါကြောင့် ရေပြာအိုင် ရွာနာမည်ကို ကြားလိုက်ရရင် သူတို့ အစ်ကိုကြီးကို သတိရ စိတ်မကောင်း ကြဘူး။ မီးလောင်သွားတဲ့ အိမ်ကြီးက ဦးတောက်ထွန်းတို့ ဇနီးမောင်နံက သူတို့ ဘယ်ကပြောင်းလာတယ်ဆိုတာကို မပြောကြဘဲ လျှို့ဝှက်ထားကြပေမယ့်

လူမသိစေချင်တဲ့အကြောင်းဟာ ကြံဖန်ပေါ်ပေါက်တတ်တာပဲ မမ။ ဘိုးဘိုးနဲ့ဘွားဘွားက ဘယ်လိုသိသွားကြတယ်ဆိုတာ မပြောတတ်ဘူး။ ဦးတောက်ထွန်း တို့ ဇနီးမောင်နံရော နောက်မှ ပြောင်းလာတဲ့ ဦးဖေဆိုင်တို့ ဇနီးမောင်နံရော ခေါ်ပြီး သူတို့ အစ်ကိုကြီး အကြောင်းကို မေးကြတယ်တဲ့။ ဒါပေမယ့် နှစ်ဦးစလုံးက သူတို့ အစ်ကိုကြီး အကြောင်းနဲ့ ပတ်သက်ပြီး ဘာမှ မပြောနိုင်ကြဘူး။

ဦးတောက်ထွန်းတို့ကဆို ရေပြာအိုင်နဲ့ မပတ်သက်ဘူးလို့တောင် ဘူးကွယ်ပြီး ငြင်းကြသေးတယ်။ ရေပြာအိုင်ကို သူတို့ မရောက်ဖူးတဲ့ ဟန်မျိုး၊ ဒါပေမယ့် အခုတင်က ပြောသလို လူမသိစေချင်တာဟာ ကြံဖန်ပြီး လူသိတတ်တယ်။ သူတို့ ဘယ် လိုပဲ ဟန်ဆောင်ပေမယ့် သူတို့ တစ်တွေမှာ ရေပြာအိုင်နဲ့ ပတ်သက်နေတဲ့ လူတွေ ဆိုတာကို ဘိုးဘိုးနဲ့ ဘွားဘွားက သတင်းရနေပြီ"

မခင်ရွှေသည် မိန်းကလေးပြောနေသည်များကို နားထောင်နေရာမှ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ဆိုသော စကားကို သတိရနေသည်။ ကောင်းသောအကြောင်းသာလျှင် လူမသိအောင် ဖုံးဖိလို့ရပေမည်။ မကောင်းသော အကြောင်း သည် မည်သည့်နည်းနှင့်မျှ မလုံခြုံတတ်ပေ။

မေစမ်းမြိုင်သာ အသက်ပေး ကယ်ဆယ်ခြင်း မပြုခဲ့လျှင် ဦးဖေဆိုင်တို့ ဇနီးမောင်နံ ယုတ်မာမှုကို ခံလိုက်ရသော သူ့အဖို့ မည်မျှ အရုက်ကွဲမည်ကို ပြန်စဉ်းစားကာ ဦးဖေဆိုင်တို့ ဇနီးမောင်နံကို စက်ဆုပ်ရွံရှာခြင်း၊ မေစမ်းမြိုင်ကို ကျေးဇူးတင် သနားခြင်းတို့ကြောင့် စိတ်မကောင်းစွာ ငိုင်သွားမိသည်။

မခင်ရွှေ ၏ ပြောင်းလဲသွားသော မျက်နှာကို အကဲခတ်မိသော မိန်းကလေးက ...

"ကျွန်မ ပြောတာတွေကို မယုံလို့လား မမ" ဟု မေးလိုက်၏။

ထိုအခါမှ မခင်ရွှေသည် မျက်နှာကို ပြင်လိုက်သည်။

"ယုံပါတယ် ညီမလေးရယ်။ သူတို့ လျှို့ဝှက်ချက်ကို လူသိတယ်ဆိုတော့ မြတ်စွာဘုရား ဟောကြားတဲ့ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိဆိုတာကို သတိရပြီး တရားကျလိုက်မိလို့ပါ"

ဟုဖြေလိုက်သည်။

"ဆက်ပြောပါဦး ညီမလေး"

ဟု ဆက်လက် တိုက်တွန်းလိုက်သည်။

မိန်းကလေးက ဆက်ပြောသည်။

"ဒါနဲ့ ဘိုးဘိုးနဲ့ ဘွားဘွားလည်း သူတို့တစ်တွေကို မူမမှန်တဲ့လူတွေလို့ ယူဆပြီး ခေါ်ပြောဆက်ဆံ ခြင်းမလုပ်တော့ဘဲ ကင်းကင်းနေခဲ့တယ်။ အခု မမက သူတို့တစ်တွေ နေခဲ့တဲ့ အိမ်ကြီးက ပြောင်းလာတာဆိုတော့ ဒီအိမ်အကြောင်း ပြောလိုက်ရင် ဒီလူတွေကိုရော ရေပြာအိုင်ကိုရော သူတို့ရဲ့ ပျောက်ကွယ်သွားတဲ့ အစ်ကိုကြီးကိုရော သတိရပြီး စိတ်ထဲမှာ မကောင်းတော့ မမကို စိတ်ထဲက ခင်မင်ကြင်နာကြပေမယ့် ဒီအိမ်အကြောင်းနဲ့ ဒီအိမ်မှာနေတဲ့ လူတွေအကြောင်း မကြားချင်ကြ တော့လို့ စိမ်းစိမ်းနေလိုက်တာပါ မမရယ်"

မိန်းကလေး ရှင်းပြသောအခါ မခင်ရွှေက သဘောပေါက်လိုက်သည်။

အကယ်၍ ရောရောဝင်ဝင် စကားပြောမိကြလျှင် ဤအကြောင်းတွေ ပါလာမည်စိုးသည့်အတွက် ဘိုးဘိုး နှင့် ဘွားဘွားကြီးတို့ ဤသို့နေထိုင်ကြောင်း သိလိုက်ရသောအခါ အဘိုးကြီးနှင့်အဘွားကြီး တို့ စိတ်ထိခိုက်လောက်အောင် ဖြစ်သွားသည့် ပျောက်ကွယ်သွားသော အစ်ကိုကြီးအကြောင်းကို များစွာ သိလိုသော ဆန္ဒပေါ်လာသည်။

"အဘိုးနဲ့အဘွား စိတ်မကောင်းအောင် ပျောက်ကွယ်သွားတဲ့ အစ်ကိုကြီးနာမည်က ဘယ်သူလဲ ညီမလေး"

မခင်ရွှေက မေးလိုက်သောအခါ မိန်းကလေးသည် မဆိုင်းမတွ ဖြေလိုက်သည်။

"ဦးသာပေါ် တဲ့"

မိန်းကလေး အဖြေကြောင့် မခင်ရွှေသည် ကြီးစွာသော အံ့ဩခြင်းဖြင့် ...

"ဟာ"

ဟူသော စကားလုံးသည် မချုပ်တည်းလိုက်နိုင်မီ နှုတ်မှ လွတ်ထွက်သွားသည်။

မိန်းကလေး သည် မခင်ရွှေနှုတ်မှ ထွက်လာသော အံ့ဩသံကြောင့် မခင်ရွှေမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ မမ၊ ဦးသာပေါ်အကြောင်း ကြားဖူးလို့လား"

မိန်းကလေးက မေးလိုက်သောအခါမှ မခင်ရွှေသည် နှုတ်မှ ထွက်သွားသောအံ့ဩသံကို သူ ပြန်သတိပြု လိုက်မိသည်။

ဆုံပြန်ချေပြီ။ ရေပြာအိုင်နှင့် မခင်ရွှေ ရေစက်မကုန်နိုင်ပါကလား။ အိမ်ရှင် အဘိုးကြီးနှင့်အဘွားကြီးသည် အသက်ခုနစ်ဆယ်ကျော် အရွယ်တွေဖြစ်ရာ သူတို့၏ ပျောက်ဆုံးသွားသော အစ်ကိုကြီးဆိုသူသည် ရေပြာအိုင်မှာ နေထိုင်ရင်း ပျောက်ဆုံးသွားသည်။ နာမည်ကလည်း ဦးသာပေါ် ဖြစ်သည်။ ထို့ကြောင့် ယခုကြားရသော ဦးသာပေါ်သည် မည်သည့် နည်းနှင့်မဆို ဘွားရွှေအိမ်တို့ထံမှာ နေထိုင်ခဲ့သည့် မြွေနိုင်နင်းသူ ဆရာကြီး အဘသာပေါ်ပင်ဖြစ်ပေလိမ့်မည်ဟု မခင်ရွှေက ခိုင်လုံစွာတွေးလိုက် သည်။

ရုတ်တရက် စကားပြန် မပြောနိုင်သေးဘဲ အဘွားရွှေအိမ် ပြောပြသည့် ရေပြာအိုင်ရွာမှ မြွေနိုင်သူ ဆရာကြီး အဘသာပေါ်သည် နဂါးကိုက်သောလူနာကို နောက်ဆုံးကုသပြီးနောက် ထိုနဂါးကို ပခုံးပေါ် တင်ပြီး ထွက်သွားရာမှ စုံးစုံးမြုပ်ပျောက်ကွယ်သွားကြောင်း။

ဘွားရွှေအိမ်၏ ခင်ပွန်း ဦးဖိုးအောင်က အိပ်မက်ထဲတွင် ဘွားရွှေအိမ်အပျိုဘဝက ထူးဆန်းစွာတွေ့ခဲ့ရသည့် ဝိညာဉ်လိုလို ယောကျ်ားပျိုနှင့် မိန်းမပျိုတို့ကို တွေ့ခဲ့ရာ ဘုရားစေတီအို ရှိသည့် ကုန်းထိပ်ပေါ်ဝယ် အဘသာပေါ်ကို လူတစ်ပိုင်း မြွေတစ်ပိုင်းအဖြစ် အိပ်မက်ခဲ့ကြောင်းတွေကိုပြန်လည်သတိရ တွေးနေမိသည်။

"ဘိုးဘိုး အစ်ကို အဘသာပေါ်ကို မမ သိလို့လား"

ရေပြာအိုင်အကြောင်းကို တွေးနေသော မခင်ရွှေ၏ နှုတ်ဆိတ်စွာ ငိုင်နေပုံကို မိန်းကလေးက အံ့ဩစွာကြည့်ပြီး ထပ်မံမေးမြန်းလိုက်သည်။

ထိုအခါမှ မခင်ရွှေသည် ကြီးစွာ အံ့ဩမှုကို ပြန်လည် ထိန်းချုပ်လိုက်သည်။

"အခု ညီမလေးပြောတဲ့ ဦးသာပေါ်ဆိုသူက အဘိုးရဲ့ အစ်ကိုလား၊ အဘွားရဲ့ အစ်ကိုလား"

မိန်းကလေး၏ အမေးကို မဖြေဘဲ မခင်ရွှေက ပြန်လည် မေးခွန်းထုတ်လိုက်သည်။

မိန်းကလေးသည် သူ့မေးခွန်းကိုမဖြေဘဲ ပြန်လှန်မေးခွန်းထုတ်လိုက်သော မခင်ရွှေကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြန်သည်။ သို့သော် စိတ်ထဲတွင် အထွေအထူး ထင်ပုံမရ။ ကျောင်းဆရာမပီပီ သူများ မေးခွန်းကို မဖြေလိုဘဲ သူကသာ မေးခွန်းထုတ်လိုသည့် ကျောင်းဆရာမညာဉ်သာ ဖြစ်မည်ဟူ သော ယူဆချက်ဖြင့် မခင်ရွှေ မေးခွန်းကို ဖြေလိုက်သည်။

"ဘိုးဘိုးနဲ့ဘွားဘွား နှစ်ယောက်စလုံးရဲ့အစ်ကို မမရဲ့"

မခင်ရွှေ မျက်လုံးပြူးသွားတော့သည် နှစ်ယောက်စလုံးရဲ့အစ်ကိုဆိုတော့ ဤအိမ်က အဘိုးနှင့် အဘွားသည် မောင်နှမ အရင်း ဖြစ်မနေဘူးလား။ မောင်နှမ အရင်းချင်းတော့ မည်သည့် မိဘကမျှ လက်ထပ် ပေးမည် မဟုတ်။ မိန်းကလေးမသိ၍ ပြောနေခြင်း ဖြစ်ပေလိမ့်မည်ဟု မခင်ရွှေတွေးလိုက် ပြီး -

"ညီမလေး ပြောတဲ့အတိုင်းဆိုရင် ဒီအဘိုးနဲ့အဘွား မောင်နှမအရင်း ဖြစ်မနေဘူးလား" ဟုမေးလိုက်မိသည်။

မိန်းကလေးက ရယ်ပြီးဖြေ၏။

"မသိတဲ့လူကတော့ ဒီလိုပဲ ပြောနေကြတာပဲ၊ မောင်နှမအရင်းတော့မဟုတ်ဘူး၊ ဒါပေမဲ့ ဘိုးသာပေါ်ရဲ့ ညီနဲ့ညီမ အမှန်ပဲ"

တွေးရခက်သည့် ပဟေဠိကြီးပါလားဟု မခင်ရွှေစိတ်ထဲမှ ပြောလိုက်မိသည်။

သို့သော် အဘိုးကြီးနှင့် အဘွားကြီး မောင်နှမအရင်း ဟုတ်သည်၊ မဟုတ်သည်ကို ဆက်မတွေးဘဲ၊ အဘသာပေါ် အကြောင်း မေးလိုက်သည်။

"ဒီ အဘသာပေါ်ဆိုတာ ဘာကြောင့် သားချင်းဆွေမျိုးတွေ ရှိနေတဲ့ ဒီဒေသမှာမနေဘဲ ရေပြာအိုင် ဆိုတဲ့ နေရာမှာ သွားနေတာလဲ ညီမလေးရယ်"

"ကျွန်မလည်း မသိဘူး မမရဲ့၊ ဒီအကြောင်းကို ဘိုးဘိုးနဲ့ ဘွားဘွားကတော့ သိချင်သိကြလိမ့်မယ်၊ ဘိုးသာပေါ်က မြွေက လူဖြစ်လာတာဆိုလား၊ မသိဘူး။ ကြောက်စရာကြီးမို့ ကျွန်မ နားမထောင်ရဲပါဘူး"

မခင်ရွှေ သည် ကလေးမကလေးကို ဘာမျှ ဆက်မမေးတော့ပေ။ ဆက်မေးနေလျှင် ဇလုံဇထွေးဖြင့် တွေးရ ခက်သည့် အဖြေတွေကိုသာ ပေးနေပေလိမ့်မည်။

အိမ်ရှင် ဘိုးဘိုးနဲ့ဘွားဘွား တို့ကသာ ဤ အဖြစ်ကို သေချာစွာ ပြောနိုင်ပေမည်။ ထို့ကြောင့် အဘသာပေါ် အကြောင်းကို သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းရန် မခင်ရွှေ စိတ်ကူးရလိုက်သည်။

ဘွားရွှေအိမ်က ပြောခဲ့သည်။ အဘသာပေါ်သည် ဘယ်ကလာသည်မသိ။ သူ့ကိုယ်ရေးရာဇဝင်ကို လည်း မည်သူမျှမေး၍မရဟု ဆိုခဲ့သည်။

ဆွေမျိုးရင်းချာလို တစ်အိမ်တည်းနေလာသည့် ဘွားရွှေအိမ်တို့ ဇနီးမောင်နှံပင် မသိလိုက်ရသော အဘိုးသာပေါ်၏ ဘဝ သဲလွန်စကို ယခု မခင်ရွှေသည် တိုက်တိုက်ဆိုင်ဆိုင် ရလိုက်လေပြီ။

"ရေပြာအိုင်ရွာနဲ့ ငါတော်တော် ရေစက်ဆုံပါလား၊ တစ်ရပ်တစ်ရွာကို ရောက်လာတော့လည်း မလွတ်၊ ဘိုးသာပေါ် အကြောင်းကတော့ မေစမ်းမြိုင်လေးတို့ မိသားစုအဖြစ်မျိုးလို လူကြားမကောင်းတဲ့ အဖြစ်မျိုးတော့ ဟုတ်မယ် မထင်ဘူး၊ ဘာကြောင့်ဆိုတော့ ဘိုးသာပေါ် ကိုယ်တိုင်က သတ္တဝါတွေအသက်ကို ကယ်တင်လာခဲ့တဲ့ သူတော်ကောင်းကြီး စစ်စစ်ပဲ "

မခင်ရွှေသည် ရေပြာအိုင်ရွာနှင့် ပတ်သက်ပြီး တွေးနေရာ မိန်းကလေးကိုပင် သတိမထားမိတော့ချေ။ အတွေး ထဲမှာ နစ်နေသည်။

အတွေးမျှင် ကို ဖြတ်ပြီး မိန်းကလေးကို ကြည့်လိုက်သောအခါ မိန်းကလေးသည် မည်သည့်အချိန်က မီးဖိုဆောင် သို့ ထွက်သွားမှန်းမသိလိုက်တော့၊ မီးဖိုဆောင်သို့ မခင်ရွှေ လိုက်လာပြီးကြည့်တော့ ထမင်းအိုး တည်ရန် ဆန်ဆေးနေလေပြီ။

# အခန်း (၉)

ကျောင်းပိတ်သည့် နေ့တစ်နေ့ဝယ် မခင်ရွှေသည် မြို့ထဲထွက်ပြီး သူလိုအပ်သည့် ပစ္စည်းလေးတွေကို ဝယ်ခြမ်း ပြန်လာရာမှာ တစ်ပေပတ်လည်ရှိသော ပန်းချီကားတစ်ချပ် ပါလာသည်။

ပန်းချီကား ကို သန့်ပြန့်ဖြူစင်သော ပိတ်ဖြူဖြင့် ထုပ်ပိုးလာသည်။

အိမ်ဦးခန်းဘက် တွင် ကွမ်းအစ်တစ်လုံး အလယ်မှာချထားပြီး တိုးတိုးသက်သာ စကားပြောနေကြ သော အဘိုးကြီးနှင့် အဘွားကြီး ရှိရာသို့ မခင်ရွှေက ရိုသေစွာသွားပြီး သူတို့နှစ်ယောက်ရှေ့မှာ ဒူး တုပ်၍ ထိုင် လိုက်သည်။

"ဘိုးဘိုးနဲ့ ဘွားဘွားကို ကျွန်မ ကန်တော့ပါတယ်"

မခင်ရွှေက ပြောပြီး သူယူလာသည့် ပစ္စည်းတွေထဲက အဘိုးကြီးနှင့် အဘွားကြီး ကြိုက်တတ်သည့် မလိုင်လုံး အထုပ်ကြီး ကို သူတို့နှစ်ယောက်စလုံးရှေ့မှာချပြီး ရိုသေစွာ လက်အုပ်ချီ ကန်တော့လိုက် သည်။

မခင်ရွှေသည် ဤအိမ်သို့ ရောက်လာပြီးမှ တစ်လတစ်ကြိမ်လောက် ယခုလို အဘိုးကြီး အဘွားကြီး ကြိုက်တတ်သည့် မုန့်ပဲသွားရည်စာ ဟင်းကျွေးဟင်းလျာဝယ်ပြီး ကန်တော့တတ်သည်ကို အဘိုးကြီးနှင့် အဘွားကြီးက သိပြီး ဖြစ်သောကြောင့် အထူးအဆန်း မဟုတ်တော့ချေ။

"တို့မှာ ရှားရှားပါးပါး မဟုတ်ပါဘူး ဆရာမရယ်၊ ပစ္စည်းမပါဘဲ လက်အုပ်ချီကန်တော့ရင်လည်း ကျေနပ်ပါတယ်။ ဆရာမရဲ့ စေတနာကို တို့သိပြီးသားပါ ..."

ဟူသော စကားကို ပြောခဲ့ဖူးသည်။ သို့သော် မခင်ရွှေက ...

"ကျွန်မမှာ မိဘ၊ ဘိုးဘွားရယ်လို့ မရှိတော့ ရောက်ရာကြုံရာမှာ အခုလို သက်ကြီးဝါကြီးပုဂ္ဂိုလ်တွေကိုပဲ ကျွန်မ မိဘလို ဘိုးဘွားလို လှူခဲ့ရပါတယ်။ ကျွန်မကို သနားရင် လက်ခံပါ"

ရိုရိုသေသေ တောင်းပန်ထားသောကြောင့် အဘိုးကြီးနှင့် အဘွားကြီးတို့က မခင်ရွှေကန်တော့သော ပစ္စည်းကို လက်ခံသည်။ ထမင်းလခကို လျှော့ယူလာခဲ့ကြသည်။ ယခုလည်း မခင်ရွှေ ကန်တော့သည်ကို ခံယူပြီး ဆုမွန်များ ပေးလိုက်ပြီးသော အခါ မခင်ရွှေ က စကားစလိုက်၏။

"ဘိုးဘိုးနဲ့ ဘွားဘွားကို ကျွန်မ ကြိုတင်ပြီး အသိပေး တောင်းပန်ထားပါရစေ"

"ဘာများလဲ ဆရာမ"

အဘွားကြီးက မေးသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မ ကြည်ညိုနေတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးရဲ့ပုံကို ကျွန်မ အခန်းမှာ ရိုရို သေသေ ကိုးကွယ် ထားချင်လို့ပါ။ ဒီပုဂ္ဂိုလ်ကြီးရဲ့ပုံကို ပန်းချီဆရာတစ်ယောက်ထံမှာအပ်နှံပြီး ဆွဲခိုင်းလာခဲ့တာ၊ ဒီနေ့ပြီးလို့ သွားယူခဲ့ ပါတယ် ဘွားဘွား။ ဘွားဘွားတို့ အိမ်ပေါ်မှာ ကျွန်မနေခိုက် ဒီပုံကို ကျွန်မကိုးကွယ်တာ ဘွားဘွားတို့ကို ကြိုတင် အသိမပေး၊ မပန်ကြားရင် အိမ်ရှင်ဖြစ်တဲ့ ဘွားဘွားတို့ကို မရိုသေရာရောက်မှာ စိုးလို့ပါ"

"ဘာပုံလဲ ဆရာမ၊ သုံးဆယ့်ခုနစ်မင်း နတ်ပုံတွေလား"

အဘိုးကြီးနှင့် အဘွားကြီးသည် အနန္တော အနန္တ ငါးပါးကလွဲရင် မည်သည်ကိုမျှ မကိုးကွယ်ဘဲ ရှင်းရှင်းနေကြောင်းကို မခင်ရွှေ ရောက်လာကာစကပင် သိခဲ့သည်။

ထို့ကြောင့် အဘွားကြီးက နတ်ပုံတွေဟု ထင်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"မဟုတ်ပါဘူး ဘွားဘွားရယ်၊ ကျွန်မ ရေပြာအိုင်ရွာမှာ နေစဉ် ..."

မခင်ရွှေ စကားမဆုံးမီ စကားတစ်ခွန်းမျှ မပြောခဲ့တဲ့ နှုတ်ဆိတ်နေသော အဘိုးကြီးက ဖြတ်မေး လိုက်သည်။

"ဩော် ... ဆရာမက ရေပြာအိုင်ရွာမှာ နေခဲ့သေးတာကိုး အခုမှ သိရတယ်"

ဟု ပြောလိုက်သော အဘိုးကြီး၏ အသံသည် စိတ်ဝင်စားသွားဟန်ပါသည်ဟု မခင်ရွှေက ယူဆလိုက်သည်။

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

မခင်ရွှေက ဖြေလိုက်သည်။

"ကဲ ... ကဲ ... ဆက်ပြောစမ်းပါဦးလေ"

အဘိုးကြီးက နေရာကို ပြင်ထိုင်ရင်း တိုက်တွန်းလိုက်သည်။

"ဟုတ်ကဲ့ ရေပြာအိုင်မှာ ကျွန်မနေထိုင်ခဲ့စဉ်က အင်မတန် ကြည်ညိုစရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတစ်ပါးအကြောင်းကို ကျွန်မနေတဲ့ အိမ်ရှင် ဘွားဘွားရွှေအိမ် ပြောပြလို့ ကြားခဲ့ရပါတယ်။ လူကိုယ်တိုင် မသိလိုက်၊ မမီလိုက်သော်လည်း ဒီပုဂ္ဂိုလ်ကြီးရဲ့ မြင့်မြတ်တဲ့စိတ်ထားနဲ့ မြွေကိုက်ခံရတဲ့ သတ္တဝါမှန်သမျှ ကယ်တင်ခဲ့တယ်လို့ ကြားရတော့ ကြည်ညို လွန်းလို့ စိတ်မှန်းနဲ့ ကန်တော့မိပါတယ်။ တောရွာဆိုတော့လည်း ပန်းချီဆရာရယ် ဘယ်ရှိပါ့မလဲ ဘိုးဘိုးရယ်၊ အခု ဒီမြို့ရောက်လာတော့မှ ပန်းချီဆရာတစ်ဦးဆီမှာ ဒီပုဂ္ဂိုလ်ကြီးရဲ့ အတ္ထုပ္ပတ္တိနဲ့ လိုက်လျောတဲ့ ပန်းချီပုံ ဆွဲခိုင်း ရတော့တယ်၊ ဒီပုဂ္ဂိုလ်ကြီးပုံကို ကျွန်မ ကိုးကွယ်မလို့ပါ"

မခင်ရွှေစကားကြောင့် အဘိုးကြီးနှင့်အဘွားကြီးမျက်နှာသည် စိတ်အားထက်သန်သော အမူအရာမျိုး ဖြစ်လာ ကြသည်။

"အဲဒီ ပုဂ္ဂိုလ်ကြီး နာမည်ကိုကော သိလာခဲ့လား ဆရာမ"

အဘွားကြီး က မေးသည်။

"ဟုတ်ကဲ့။ သိလာပါတယ် ဘွားဘွား၊ ကျွန်မ နေခဲ့တဲ့ ဘွားဘွားရွှေအိမ်တို့ အိမ်မှာပဲ ဒီပုဂ္ဂိုလ်ကြီးက သူ ပျောက်ကွယ် သွားသည့်တိုင်အောင် နေထိုင်သွားခဲ့တယ်ဆိုတော့ ဘွားဘွားရွှေအိမ်က သေသေချာချာ ပြောပြလိုက်လို့ ကျွန်မ မှတ်မိ နေပါတယ် "

"ပြောစမ်းပါ ဆရာမ နာမည် ဘယ်လိုတဲ့လဲ"

"ဘွားဘွားရွှေအိမ်ကတော့ သူ့ထက် အသက်ကြီးတာလည်းတစ်ကြောင်း၊ မောင်နှမအရင်းအချာလို နေကြတော့၊ ကိုရင်သာပေါ်လို့ ခေါ်ပါတယ်တဲ့၊ နာမည်ရင်းကတော့ ဦးသာပေါ်ပေါ့ ဘိုးဘိုး"

အဘိုးကြီးနှင့် အဘွားကြီးသည် တစ်ယောက် မျက်နှာကိုတစ်ယောက်ကြည့်လိုက်ကြသည်။ ထို့နောက် သက်ပြင်းပြိုင်တူ ချလိုက်ကြသည်။

"ဆရာမပြောတဲ့အိမ် မှာ ဦးသာပေါ်ဆိုသူ နေသွားတာ ဘယ်လောက် ကြာခဲ့ပြီလဲ" အဘိုးကြီးက မေးသည်။

"ဘွားဘွားရွှေအိမ် ပြောခဲ့တဲ့အတိုင်း ကျွန်မ မှတ်လာခဲ့တာတော့၊ ဘွားဘွားရွှေအိမ် အသက်နှစ်ဆယ်လောက်မှာ ဖြစ်ပါတယ်၊ ကျွန်မ ရေပြာအိုင်ရွာက ထွက်ခွာလာခဲ့စဉ် ဘွားဘွားရွှေအိမ် အသက်ဟာ ရှစ်ဆယ်နား နီးနေပါပြီ ဘိုးဘိုး"

အဘိုးကြီးနှင့်အဘွားကြီး နှစ်ယောက်စလုံး အတန်ကြာ စကားမပြောကြဘဲ၊ နှုတ်ဆိတ်စွာ နေကြပြီးမှ တစ်ယောက် တစ်ခွန်း ပြောလိုက်ကြသည်။

"ဆရာမ ကိုးကွယ်မယ်ဆိုတဲ့ ပုံကို ပြစမ်းပါ"

"ဘယ်လို ပုံမျိုး ဆွဲခိုင်းထားလဲ"

မခင်ရွှေက သူယူလာသည့် ပန်းချီပုံကို ထုပ်ပိုးထားသည့် ပိတ်ဖြူစကို ညင်သာစွာဖြေပြီး၊ အဘိုးနှင့် အဘွားကြီး နှစ်ယောက် ရှေ့သို့ ရှိသေစွာ ထောင်ပြလိုက်သည်။

ပန်းချီပုံကား ဘွားဘွားရွှေအိမ်ပြောပြခဲ့သည့်အဖြစ်ကို မူတည်ပြီး ရေးဆွဲထားခြင်းဖြစ်သည်။ စေတီအိုရှိရာ တောင်ကုန်း ပေါ်မှာ ကိုရင်သာပေါ်ကို ကိုဖိုးအောင်က အိပ်မက်ထဲမှာတွေ့ခဲ့တယ်ဟူသော စကားအတိုင်း ရေးဆွဲထားသောပုံ ဖြစ်သည်။ စိတ်မှန်းဆွဲထားသော အဘသာပေါ်မျက်နှာသည် တည်ငြိမ်ခံ့ညားသည်။ ကျက်သရေရှိသည်။ သတ္တဝါ တွေကို ကြင်နာသနားသည့် ကရုဏာရှင် မျက်နှာထားမျိုး ပြတ်ပြတ်သားသား ပေါ်လွင် နေသည်။

ဘိုးသာပေါ်၏ ပုံသဏ္ဍာန်ကို မှန်းဆပြီး ရေးဆွဲထားသော ပန်းချီပုံကပင် ကြည်ညိုစရာကောင်းနေသည်။

အဘိုးကြီးသည် ပန်းချီပုံကို မခင်ရွှေလက်ထဲက ယူလိုက်သည်။ ထို့နောက် အဘွားကြီးနှင့်အတူ ပုံကို မြတ်မြတ်နိုးနိုး ကြည့်ကာ နှစ်ယောက်စလုံး မျက်ရည်လည်နေကြသည်။

မခင်ရွှေက အဘိုးကြီးနှင့်အဘွားကြီး အရိပ်အကဲကို သတိထားကြည့်နေသည်။ အဘိုးကြီးနှင့် အဘွားကြီးသည် ပန်းချီပုံကို မဝနိုင်သော ကြည့်ခြင်းဖြင့် ကြည့်နေကြခြင်း မခင်ရွှေလက်ထဲသို့ ပြန်မပေးဘဲ၊ သူတို့ နှစ်ယောက် ထိုင်နေသည့်အနားမှာ ရှိနေသော စားပွဲခုံဝိုင်းလေးပေါ်သို့ တရိုတသေ တင်ထားလိုက်ကြသည်။

ထို့နောက် မခင်ရွှေကို ပြောလိုက်၏။

"ဒီပုံကို ဆရာမတစ်ယောက်တည်း ကိုးကွယ်ဖို့ မဟုတ်ဘူး၊ အဘိုးနဲ့ အဘွားပါ ကိုးကွယ်ပါ့မယ်"

"ဘာကြောင့်ပါလဲ ဘိုးဘိုး"

မခင်ရွှေက မသိဟန်ဆောင်ပြီး မေးလိုက်သည်။

"ဘာကြောင့် ဆိုတာကိုတော့ ပြောသင့်ရင် ပြောပြပါ့မယ်လေ။ ဆရာမ ကြားလာခဲ့တဲ့ ဦးသာပေါ်အကြောင်းကို ပြောစမ်းပါဦး။ ရေပြာအိုင်ရွာမှာ ဦးသာပေါ် ဘယ်လိုနေထိုင်ခဲ့တယ်။ ဘာတွေလုပ်သွားတယ်၊ နောက်ဆုံး ဘယ်လို ပျောက်ကွယ်ခဲ့တယ်ဆိုတာ အဘိုးတို့ သေသေချာချာ ကြားချင် ပါတယ် ဆရာမ"

အဘိုးကြီးနှင့် အဘွားကြီးက တိုက်တွန်းလိုက်ကြသည်။

"ဟုတ်ကဲ့ ဘွားဘွားရွှေအိမ် ပြောပြခဲ့တာတွေကို ကျွန်မ မှတ်တမ်းသဘောမျိုး သေသေချာချာ တစ်လုံး မကျန် ရေးမှတ်ခဲ့ပါတယ်။ အဲဒီ မှတ်တမ်းကို ဘိုးဘိုးနဲ့ဘွားဘွား ဖတ်ကြည့်ပါ ..."

မခင်ရွှေက ပြောပြီး သူရေးသားမှတ်တမ်းတင်လာခဲ့သည့် ရေပြာအိုင်မှ ဇာတ်လမ်းများ ဖိုင်တွဲကြီးကို ယူလာသည်။ ဖိုင်ထဲမှာ ဦးသာပေါ် အကြောင်းကို မှတ်တမ်းတင်ထားသည့် ...

**"ရေပြာအိုင်မှမြွေနိုင်သူ"**

ဟုသော စာတွဲကို ယူပေးလိုက်သည်။

"ဆရာမပဲ ဖတ်ပြပါ"

အဘိုးကြီး အဘွားကြီးနှစ်ယောက်စလုံးက ပြောသောကြောင့် မခင်ရွှေက အာရှင်းရှင်းဖြင့် ရေပြာအိုင်မှ မြွေနိုင်သူ အကြောင်းကို ဖြည်းဖြည်းလေးလေး ဖတ်ပြလိုက်သည်။

အဘိုးကြီး နှင့် အဘွားကြီးသည် ကျုံ့ယုံ့စွာထိုင်ကာ တရားနာသကဲ့သို့ လေးလေးစားစား နားထောင်နေကြသည်။ မခင်ရွှေဖတ်ပြ၍ ရေပြာအိုင်မှ မြွေနိုင်သူ အဘသာပေါ်အကြောင်း ဆုံးသွားသော အခါ အဘိုးကြီးရော အဘွားကြီးပါ မျက်ပျဉ်းကျနေသည့် မျက်လုံးအိမ်မှ မျက်ရည်များစိမ့်ကျလာသည်ကို မခင်ရွှေတွေ့ရသောအခါ သူတို့နှစ်ယောက်သည် သူတို့ အစ်ကိုကြီးဖြစ်သူ ဘိုးသာပေါ်ကို မည်မျှ ချစ်ခင် လွမ်းဆွတ်နေသည်ကို ခန့်မှန်းမိလိုက်သည်။

မခင်ရွှေပင် ဘွားရွှေအိမ် ပြောပြစဉ်က မမြင်ဘူးလိုက်ဘဲနှင့် စိတ်ထဲမှာ ဝမ်းနည်းသလိုလို ခံစားလိုက်သေးသည်ဖြစ်ရာ ညီအစ်ကိုရင်း ဖြစ်သော အဘိုးကြီးနှင့် အဘွားကြီးတို့ မျက်ရည်ကျသည်မှာ ကျထိုက်ပါပေသည်ဟု မခင်ရွှေ တွေးလိုက်သည်။

အဘိုးကြီးနှင့် အဘွားကြီးက မျက်ရည်သုတ်နေစဉ်မှာ မခင်ရွှေက မမြင်ဟန်ဆောင်ပြီး ပြောလိုက်သည်။

"ရေပြာအိုင်မှာနေစဉ် ဘွားဘွားရွှေအိမ် ပြောပြကတည်းက ကျွန်မစိတ်ထဲမှာ အဘိုးသာပေါ်ကို ကြည်ညိုလိုက်တာလေ။ အင်မတန်မြင့်မြတ်တဲ့ ကယ်တင်ရှင် အဘိုးသာပေါ်ရဲ့ ဆွေမျိုးတွေဆိုရင် ဘယ်လောက်များ ဂုဏ်ယူဖို့ ကောင်းလိုက်မလဲ"

မခင်ရွှေ စကားကို သဘောကျသွားဟန်တူသော အဘိုးကြီးနှင့် အဘွားကြီးက တစ်ယောက် တစ်ခွန်း ပြောလိုက်ကြသည်။

"သြော် အစ်ကိုကြီး၊ သတင်းကြားနဲ့ မရေမရာ ဖြစ်နေတာ၊ အခုတော့ တကယ်ပဲ ခိုင်ခိုင်လုံလုံသိရတော့ ရှေ့ဖြစ် နောက်ဖြစ် တွေးပြီး လွမ်းလိုက်ပါရဲ့ အစ်ကိုကြီးရယ်"

အဘွားကြီး က လှိုက်လှိုက် လှဲလှဲ ပြောလိုက်သည်။

"အေးကွယ် ... အစ်ကိုကြီးလေ တို့ကို ခွဲခါနီး ပြောသွားတာလေ၊ မင်းတို့နဲ့ငါ အပြီးခွဲသွားတာ ဖြစ်ကောင်းဖြစ်မယ်။ ငါ့အတွက် ဘာပစ္စည်းမှ မချန်နဲ့။ အားလုံးယူကြ။ ကယ်သင့်တဲ့ သတ္တဝါတွေကယ်ဖို့ ငါသွားတော့မယ်လို့ နှုတ်ဆတ်သွားတဲ့အသံကို ငါ့နားထဲမှာ အခုထက်တိုင် ကြားယောင် နေသေး တယ်ကွယ့်"

ထိုအခါ မခင်ရွှေက အံ့သြဟန်ဖြင့် ...

"သြော် ... ကျွန်မ ကြည်ညိုနေတဲ့ ပုဂ္ဂိုလ်ကြီး အဘိုးသာပေါ်ကို ဘိုးဘိုးနဲ့ ဘွားဘွားတို့ သိကြလား။ သိရင် ကျွန်မ ကို ပြောပြပါလို့ တောင်းပန်ပါတယ်။ ကျွန်မ ကြည်ညိုတဲ့ ပုဂ္ဂိုလ်မြတ်ကြီးရဲ့ မျိုးရိုးဇာတိ။ အရပ်ဒေသကို ကျွန်မ အင်မတန် သိချင်ပါတယ် ဘွားဘွားရယ်"

မခင်ရွှေက အလွန် ရှိသေနိမ့်ချသော လေသံဖြင့် ပန်ကြားလိုက်သည်။

ထိုအခါ အဘိုးကြီးနှင့် အဘွားကြီးနှစ်ယောက်သားသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် စိတ်ကို ဆုံးဖြတ်လိုက်ကြဟန်ဖြင့် ...

"အခုမှတော့ ဖုံးမနေပါနဲ့တော့ အဘိုးကြီးရယ်၊ ဆရာမ သိချင်တာတွေ ပြောပြလိုက်ပါ"

ဟု အဘွားကြီးက ပြောလိုက်သည်။ ထိုအခါ အဘိုးကြီးက

"အေးလေ ... အစ်ကိုကြီးအကြောင်းကို အခုလို သူ့နောက်ဆုံးအချိန် ဘဝဇာတ်လမ်းကို အခုလို လေးလေးစားစား ရိုရိုသေသေနဲ့ မှတ်တမ်းတင်ထားတော့ ဆရာမကို ကျေးဇူးတင်ပါတယ်။ ဒါကြောင့် အစ်ကိုကြီးနဲ့ ပတ်သက်တဲ့အကြောင်းကို ပြောပြပါတော့မယ်ကွယ်။ ဒီအကြောင်းတွေကို အဘိုးတို့ ဘယ်သူ့ကိုမှ မဖွင့်ဟဖူးသေးဘူး" ဟု ပြောလေသည်။

မခင်ရွှေ အလွန်အမင်း ဝမ်းသာသွားသည်။

"ကျေးဇူးလည်းတင် ဝမ်းလည်းသာပါတယ် ဘိုးဘိုး၊ အဘိုးသာပေါ် အကြောင်းကို ရေပြာအိုင်မှ မြွေနိုင်သူ အတ္တုပ္ပတ္တိနဲ့ ဆက်ပြီး ကျွန်မ မှတ်တမ်းတင် ရေးထားပါ့မယ်၊ ပြောပြပါ ဘိုးဘိုး"

အဘိုးကြီးသည် လေးသွဲ့သောအသံဖြင့် စဉ်းစဉ်းစားစားပြောနေသည်။ မခင်ရွှေက စိတ်ဝင်စားစွာ မှတ်သား နားထောင် နေသည်။ တစ်ခါတစ်ရံ အဘိုးကြီး ပြောသည်မှာ လိုနေသောအချက်များကို အဘွားကြီးက ထောက်ကူဖြည့်စွက် ပြောပြနေသည်။

ရေပြာအိုင်ရွာမှ မြွေနိုင်သူ အဘသာပေါ် အကြောင်းကို ဘွားရွှေအိမ် ပြောပြခဲ့စဉ်က အဘသာပေါ်၏ နောက်ကြောင်း ဘဝဖြစ်စဉ် မပါခဲ့လျှင်၊ ရေပြာအိုင်ရွာသို့ ရောက်လာသည့် အခန်းကသာ စတင် သိရ သလောက် ပြောပြခဲ့ခြင်းဖြစ်ရာ၊ မခင်ရွှေသည် အဘသာပေါ်၏ ဘဝ ဖြစ်စဉ်ကို နောက်ကြောင်းရာဇဝင်နှင့် ပတ်သက်ပြီး ဘာမျှမသိခဲ့ရသည့် အလျောက် အမှတ်မထင်ပင် နေခဲ့သည်။ ယခု မမျှော်လင့်ဘဲ တိုက်ဆိုင်စွာ သိရတော့မည့်အတွက် မခင်ရွှေ ဝမ်းသာလွန်းနေပါသည်။

ထို့ကြောင့် အဘိုးကြီးနှင့် အဘွားကြီးကို မမှိတ်သော မျက်လုံးဖြင့်ကြည့်ကာ ပြောပြသည့် အဘသာပေါ် အကြောင်း ကို စိတ်ဝင်စားစွာ နားထောင်၍ ဤသို့ မှတ်တမ်းရေးလိုက်ရပြန်တော့သည်။

# အခန်း (၁၀)

အဘသာပေါ်၏ မိဘတွေသည် မြန်မာလူမျိုးများ မဟုတ်ကြချေ။ မြန်မာတို့နှင့် သွေးသားရင်းချာများဖြစ်ကြသော ချင်းသွေးပါသည့် သူများဖြစ်ကြသည်။

ဆောင်းဆောင်းဆိုင်းဆိုင်း၊ ပြိုင်းရရိုင်းတည့်၊ မှိုင်းမှိုင်းအုပ်ထွေ၊ ဝေဝေမို့မို့၊ ညို့ရရို့ဖြင့်၊ မြသို့ရှိမ်းရှိမ်း၊ ခပ်သိမ်းတောတောင်၊ ကုန်အောင်ပတ်ကုံး၊ မျှော်မဆုံးသည်၊ နလုံးများဖွယ် ရှိလှ၏ ... ဟူသော ရှင်တေဇောသာရ ရေးသား ထားခဲ့သည့် ရတုအတိုင်း တောတောင ဂနိုင်၊ စိမ့်မြိုင်အားကြီးလှသည့် ရခိုင်ရိုးမ တောင်တန်းကြီး အတွင်း တစ်ခုသော တောင်ကြားမှာ ဆွေမျိုးတစ်စု ရွာကလေးတစ်ခု တည်ထောင်နေထိုင်လာခဲ့ကြသည့် ချင်းအမျိုးသားမိဘမှ ပေါက်ဖွား လာသည့်သူဖြစ်သည်။

အဘသာပေါ် လူ့ဘဝရောက်လာပြီး အသက် ဆယ့်လေးနှစ်အရွယ်အထိ သောကဟူသည် မြူခြည်မျှ မရှိခဲ့ဘဲ မိဘများနှင့် အတူ လက်ရည်တစ်ပြင်တည်း လုပ်ကိုင်စားသောက်ကာ ပျော်ရွှင်စွာနေထိုင်လာခဲ့သည်။

မိုးစွန်သီခေါင်၊ ရီမှောင်အုံ့ဆိုင်း၊ မှိုင်းမှိုင်းဝေသော ရခိုင်ရိုးမ တောင်တန်းကြီးသည် လည်းကောင်း၊ အေးမြ ကြည်လင် သွင်သွင်စီးဆင်းလျက်ရှိသော တောင်ကျချောင်းရေများနှင့် တောင်ကမ်းပါးယံမှ စိမ့်ထွက် နေသော စိမ့်စမ်းရေကြည်မှ ရေအိုင်ဖြစ်နေသော စမ်းအိုင်များသည်လည်းကောင်း၊ တောင်မြင့်ဖွေစွန်မှ သွန်သွန် စီးကျနေသည့် ရေတံခွန်များသည် လည်းကောင်း၊ တစ်ပင်ပုံကူး တစ်ပင်မြူး၍ တွန်ကျူးဟစ်ကြွေးနေသည့် ကျေးငှက်များသည်လည်းကောင်း အဘသာပေါ် သည် မခွဲနိုင်မခွာရက်အောင် မြတ်နိုး ချစ်ခင် နှစ်သက်လှသည်။

ထို့ကြောင့် ဆွေမျိုးတစ်စု အေးချမ်းစွာနေထိုင်ကာ သီးနှံစိုက်ပျိုးလုပ်ကိုင်၍ ရရှိသည့် သီးနှံများကို အိမ်ထောင်စုလိုက် ထမ်းပိုးရွက်ယူကာ ရောင်းချခြင်းဖြင့် ရရှိသည့် ငွေကြေးကို အထိုက်အလျောက် သုံးစားကာ ရောင့်ရဲအေးချမ်းစွာ နေထိုင် လာခဲ့ကြသော ဘသာပေါ်တို့ ရွာကလေးကား စိတ်ချမ်းမြေ့စရာ ကောင်းလှသည်။

အဘသာပေါ်တို့ ရွာကလေးသည် အိမ်ခြေများစွာရှိသည်မဟုတ်ဘဲ၊ ဆွေမျိုးတစ်စုသာ တည်ထောင်နေသော ရွာကလေး ဖြစ်သောကြောင့် ဆယ့်ရှစ်အိမ်မျှသာရှိပြီး စုစုပေါင်း လူသုံးဆယ်လောက်သာရှိသည်။ ရွာကလေးသည် ပေခုနစ်ရာ ကျော်ကျော်မျှသာမြင့်သည့် ချိုပ်တောင်နှင့် တစ်ဖက်က မြင့်မားလှသော တောင်ကြီးတစ်လုံးရှိနေသည့် တောင်ကြားရွာ ကလေး ဖြစ်သည်။ ချိုပ်တောင်သည် ရခိုင်ရိုးမတောင်တန်းကြီးထဲမှာ အပါအဝင် တောင်တန်းငယ်တစ်ခုသာဖြစ်သည်။

အဘသာပေါ်တို့ နေထိုင်သည့် ရွာကလေးနားမှာ ချောင်းတစ်ခုရှိသည်။ ထိုချောင်းသည် ရွှေဒဂါးအမည်ရှိသော ချောင်းကြီး တစ်ခု ထဲကို စီးဝင်သည့် လက်တက်လေးဖြစ်သည်။ ထိုချောင်းအတိုင်း လိုက်သွားလျှင် ရွှေဒဂါးချောင်းသို့ ရောက်မည်။ ရွှေဒဂါးချောင်းအတိုင်း စုန်သွားလျှင် ပြည်ခရိုင်အတွင်းရှိ ဥသျှစ်ပင်သို့ ရောက်နိုင်သည်။

ထို့ကြောင့် ဘသာပေါ်တို့ ဆွေမျိုးတစ်စုသည် သွားလမ်းလာလမ်းအဆင်ပြေသည့် ဤနေရာကိုရွေးပြီး မြေခုတ်ထွင်ကာ တောင်ယာပဲခင်းစိုက်ပျိုးခြင်း၊ စပါးစိုက်ပျိုးခြင်းဖြင့် အေးချမ်းသာယာစွာ နေထိုင်လာခဲ့ကြသည်မှာ ဘသာပေါ် လူ့ဘဝ မရောက်ခင်ကပင် ဖြစ်သည်။

အေးချမ်းသာယာစွာ နေထိုင်လျက်ရှိကြသော ဘသာပေါ်တို့ ရွာကလေးဝယ် တစ်ခုသောညနေ နေဝင် ဆည်းဆာ အချိန်မှာ ထိတ်လန့်ကြေကွဲစရာ အဖြစ်တစ်ခုသည် မမျှော်လင့်ဘဲ ဖြစ်လိုက်သည်။

ဘသာပေါ်တို့ဆွေမျိုးစုမှာ ဖြစ်ခြင်းမဟုတ်၊ မည်သည့်နေရာက ရောက်လာမှန်းမသိရသော မိသားစု နှစ်စုကြောင့်ဖြစ်သည်။

ချင်းဘာသာဖြင့် ...

"ငါတို့ကို ကယ်ပါဦး ... ငါတို့ကို ကယ်ပါဦး '

ဟူသော လှိုက်လှဲစွာ ထိတ်လန့်သောအသံဖြင့် အော်ဟစ်ကာ လူတစ်စုသည် ဘသာပေါ်တို့ ရွာကလေးထဲကို ပြေးဝင် လာကြသည်။ လူကြီးငါးယောက်နှင့် ကလေးနှစ်ယောက်ဖြစ်ကြသည်။ ဘသာပေါ်တို့ ဆွေမျိုးတစ်စုသည် အော်ဟစ် ပြေးလွှားလာကြသည့် လူတွေကြောင့် တစ်အိမ်နှင့် တစ်အိမ် လှမ်းအော် သတိပေး အကြောင်းကြားရင်း အသီးသီး ပြေးထွက်ကြည့်လိုက်ကြသည်။ ပြေးထွက် ကြည့်လိုက်သည့် လူစုတွေထဲမှာ အသက်ဆယ့်ကိုးနှစ် ရှိနေပြီ ဖြစ်သော ဘသာပေါ်က ရှေ့ဆုံးက ဖြစ်သည်။

ပြေးလာကြလေသော လူစုကား၊ ရွာအစွန် အိမ်တစ်အိမ်ရှေ့ ရောက်ရုံမျှသာရှိသေးသည်။ အတုံးအရုံး လဲကျကာ နှုတ်မှ မပီမသရေရွတ် ပြောဆိုကြရင်းထိတ်လန့်စဖွယ် သေဆုံးကုန်ကြသည်။

သို့သော် သူတို့အုပ်စုထဲမှာ ပါလာသည့် အခါလည်သာသာအရွယ်မျှသာရှိသေးသည့် ကလေးငယ် နှစ်ယောက်ကား သေဆုံးခြင်းမဖြစ်ချေ။ တစ်ယောက်သော ကလေးငယ်သည် တစ်ဦးသောမိန်းမရွယ် ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပိုက်ဖက် ထားလျက်လည်းကောင်း၊ တစ်ဦးသော ကလေးငယ်သည် တစ်ယောက်သော မိန်းမရွယ်ရင်ခွင်မှာ ပိုက်ဖက် ထားလျက်လည်းကောင်း တွေ့ရသည်။

ကလေးငယ်နှစ်ယောက်သည် သူတို့ကို ပိုက်ဖက်လျက်နှင့် သေဆုံးနေကြသော သူတို့မိခင်များ၏ ရင်ခွင်မှာ ဖက်တွယ်ကာ ထိတ်လန့်ကြောက်ရွံ့သည့်အတွက် အသံပင်မထွက်နိုင်ရှာကြချေ။ မျက်လုံးဝိုင်းလေးဖြင့် ဝိုင်းအုံကြည့်နေ ကြသော ဘသာပေါ်တို့ အုပ်စုကို သနားစဖွယ်ပြူးကြောင်ကြောင် အမူအရာလေးများဖြင့် ကြည့်နေကြသည်မှာ သနားစရာ ကောင်းလွန်းတော့သည်။

ရှောင်တခင် တွေ့လိုက်ရသော ထိတ်လန့်စရာ လူမြင်ကွင်းကြောင့် ဘသာပေါ်တို့ ဆွေမျိုးတစ်စုလုံးသည် မည်သူမျှ စကားမပြောနိုင်အောင်ဖြစ်နေကြသည်။ စကားပြောရအောင်ကလည်း မည်သည့်စကားကို မည်သည့် အကြောင်းက စပြီး ပြောရမည်ကို မသိနိုင်အောင် ဖြစ်နေကြသည်။

"ဟော ... ဟော ... သေသွားတဲ့လူတွေကို ကြည့်ကြပါဦး"

အံ့အားသင့်လွန်းသဖြင့် နှုတ်ဆိတ်ငြိမ်သက်စွာဖြင့် မြေပေါ်မှာလဲကျသေဆုံးနေသူများကို ကြည့်နေကြရာမှ ဘသာပေါ်လေး က ရေးဦးစွာ အသံထွက်လာသည်။ ထိုအခါမှ ကြည့်နေကြသူတွေသည် သတိထားမိလာကြ သည်။ နေဝင်ဆည်းဆာချိန် တိမ်ရောင်တောက်နေသည့်အတွက် အရာရာကို သဲကွဲစွာ မြင်နိုင်သေးသည့် အလင်းရောင်ထဲဝယ် လဲကျသေဆုံး နေကြသူတွေ၏ ခန္ဓာကိုယ်များမှာ ကြည့်နေရင်းပင် အိုးမဲတုံးတွေလို မည်းနက်သွားကြသည်ကို တွေ့ရသည်။

"ဘယ်လို ဖြစ်သွားတာလဲဟဲ့ ... ၊ မီးလောင်ထားသလိုပါပဲလား"

ကြည့်နေသူတွေက အံ့အားသင့်စွာ ပြောကြသည်။ ထိုစဉ် ဘသာပေါ်လေးသည် အသက်မသေဘဲ ကြောက်ရွံ့ထိတ်လန့် နေသည့် ကလေးငယ် နှစ်ယောက်ကို လျင်မြန်စွာ ဆွဲယူလိုက်သည်။ ကလေးငယ် နှစ်ယောက်သည် ကြောက်လွန်းသည့် အတွက် မငိုနိုင်ရှာဘဲ အာစေးထည့်ထားသည့်အလား ပြူးကြောင်သော မျက်လုံးလေးများဖြင့် ဘသာပေါ်ဆွဲယူရာသို့ ပါလာကြသည်။

ဘသာပေါ်က ကလေးငယ်နှစ်ယောက်ကို သူ့မိဘတွေလက်ထဲသို့ ထည့်ပေးလိုက်ပြီးသောအခါ မည်သူမျှ မကိုင်ရဲ မထိရဲ ဖြစ်နေကြသော ရုပ်အလောင်းတွေကို ဘသာပေါ်က ရဲဝံ့စွာ ကိုင်တွယ် စမ်းသပ် စူးစမ်း လိုက်သည်။

"အဆိပ်မိတာပဲ၊ ဘာကောင် ကိုက်လိုက်တာပါလိမ့် … တော်တော်ပြင်းတဲ့ အဆိပ်"

ဘသာပေါ်က ပြောလိုက်သည်။

"နင်က ဘာကြောင့် အဆိပ်မိတယ်လို့ ပြောနိုင်ရတာလဲ"

ဘသာပေါ် အမေကမေးသည်။ အခြားသူများကား အလောင်းတွေအနားကို နီးနီးကပ်ကပ်လည်း မလာ၊ ကိုင်တွယ်ကြည့်ရှု ရန်လည်း မဝံ့မရဲကြချေ။ ထို့ကြောင့် ဘသာပေါ် ပြုမူ ပြောဆိုသမျှကိုသာ တိတ်ဆိတ်စွာ ကြည့်ရှုနားထောင်နေ ကြသည်။

ဘသာပေါ်က သူ့မိခင်ကို ဖြေလိုက်သည်။

"ကြည့်ပါလား အမေ၊ သူတို့ တစ်ကိုယ်လုံး မည်းနေတာ၊ ဒီဟာ ကိုက်လိုက်တဲ့အကောင်ရဲ့ အဆိပ်တွေပေါ့။ သူတို့ အကိုက်ခံရတာ မကြာသေးဘူး၊ အကိုက်ခံရတာနဲ့ ချက်ချင်းပြေးလာကြတာပဲ၊ ထမင်းအိုး တစ်လုံးချက်လောက်ပဲ ကြာမယ်။ ထမင်းအိုးဆိုတာ အကြီးကြီး ချက်ရတဲ့ ထမင်းအိုး မဟုတ်သေးဘူး။ တို့ သားအမိ သားအဖ သုံးယောက်စားတဲ့ ထမင်းအိုးလောက်ပဲကြာမယ်။ ဒီအဆိပ် သိပ်ပြင်းပြီး သိပ်မြန်တဲ့ အဆိပ်ပဲ"

ဘသာပေါ်ပြောသည်ကို အားလုံးက ငြိမ်ပြီး နားထောင်နေကြသည်။ ဘသာပေါ်က သူ့မိခင်ကို အဖြေပေးပြီး ဝိုင်းအုံကြည့်နေကြသူတွေ ကိုလှည့်ပြောလိုက်သည်။

"ကဲ - ကြည့်နေကြလို့မပြီးဘူး။ ဒီအလောင်းတွေကို ဟိုလူသေတွေ မြှုပ်တဲ့နေရာကို ယူသွားပြီး မြှုပ်လိုက်ကြရအောင်၊ မှောင်လာရင် တွင်းတူးဖို့တွေ၊ အလောင်းသယ်ဖို့တွေ မကောင်းတော့ဘူး။ တို့ရွာထဲမှာ ဒီအလောင်းတွေ တစ်ညလုံး သိပ်ထားလို့ မကောင်းဘူးနော် …"

အံ့အားသင့်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသော လူတွေကို ဘသာပေါ် ကပင် ခေါင်းဆောင်ပြောဆိုစီမံ လိုက်သောအခါမှ …

"အေးဟေ့ ဟုတ်တယ်။ မှောင်လာရင် မကောင်းဘူး။ ရွာထဲကို မကောင်းဆိုးဝါးတွေ ဝင်လာမယ်၊ ကဲ - လာကြ၊ မြန်မြန်လုပ်လိုက်ကြရ အောင်"

ဟု တစ်ယောက်တစ်ခွန်းကြောက်ကြောက်ဖြင့် ပြောဆိုခေါ်ငင်ကာ မည်သူတွေမှန်းမသိရသော ရုပ်အလောင်းတွေကို အမြန်ဆုံး သယ်ယူမြှုပ်နှံလိုက်ကြတော့သည်။

သေဆုံးကုန်ကြသည့် ဒုက္ခသည်တွေထဲက ဘသာပေါ် ဆွဲယူထားလိုက်သည့် ကလေးငယ်နှစ်ယောက်ကား တစ်ယောက် ကား မိန်းကလေး ဖြစ်သည်။ တစ်ယောက်ကား ယောက်ျားလေးဖြစ်သည်။ အသက်မှာ ရွယ်တူလောက်ပင်ဖြစ်သည်။ ဘသာပေါ်၏ မိဘတွေကပင် ဆက်လက် မွေးထားလိုက်သည်။ ဘသာပေါ် ကိုယ်တိုင်ကလည်း ညီအစ်ကို မောင်နမ မရှိသည့်အတွက် ကလေးနှစ်ယောက်ကို သနားရာမှ ညီအရင်းနှမအရင်းလို ချစ်သည့် စိတ်ကပါ ထပ်လောင်းလိုက်သည်။

ထို့ကြောင့် ဘသာပေါ်သည် ကလေးငယ်နှစ်ယောက်ကို သူ့မိဘတွေထက်ပင် ပိုပြီး အနွံတာခံ ပြုစုမွေးမြူ ယုယနေသည်။

ကလေးငယ် နှစ်ယောက်ကလည်း တစ်ဦးမေတ္တာတစ်ဦးမှာဆိုသည့်အတိုင်း ဘသာပေါ်ကို အစ်ကိုအရင်း ထင်မှတ် ချစ်ခင် နေကြ ရှာသည်။

စိတ်ထိခိုက်စရာ ကောင်းသည့် ဤအဖြစ်ဆိုးကြီးဖြစ်လိုက်ပြီး ရက်တွေ ကြာသွားသောအခါ ဘသာပေါ်တို့ ဆွေမျိုးစုသည် ထိုအဖြစ်ကို စိတ်ထဲမှာ အမှတ်ထင်ထင် မရှိကြတော့ဘဲ မေ့မေ့ပျောက်ပျောက် ဖြစ်နေကြလေပြီ။ တစ်ခါတစ်ရံ ဘသာပေါ် ချီပိုးထားသည့် ကလေးငယ် နှစ်ယောက်ကို မြင်ကြသည့်အခါမှ ထိုအဖြစ်ကို စကားစပ်မိ ပြောမိကြတော့သည်။

ကလေးငယ် နှစ်ယောက် ကို ဘသာပေါ်သည် နာမည် ထူးထူးထွေထွေမမှည့်တော့ပေ။

"ညီလေး၊ ညီမလေး"

ဟူ၍သာ ခေါ်သည်။ ထို့ကြောင့် အားလုံးသော သူတွေကလည်း ဘသာပေါ် ခေါ်သလိုပင် ကလေး နှစ်ယောက် ကို ...

"ညီလေး၊ ညီမလေး"

ဟုသာ ခေါ်ကြသဖြင့် ကလေးနှစ်ယောက် နာမည်သည် ညီလေးနှင့် ညီမလေးဟူ၍သာ အတည် ဖြစ်သွားကြ တော့သည်။

ကလေး နှစ်ယောက် ဤရွာသို့ ရောက်လာပြီး ခြောက်လကြာသောအခါ သတင်းတစ်ခုကြားရသည်။

ဘသာပေါ်တို့လိုပင် တောင်ခြေတစ်ခုမှာ အသီးအနှံစိုက်ပျိုးနေထိုင်ကြသော ရွာငယ်တစ်ရွာသည် မည်သည့် အကြောင်း ကြောင့် မသိ။ သတင်းအစအန မပေါ်အောင်ပင် လူတွေ မကြာခဏ ပျောက်လေ့ရှိကြောင်း၊ တစ်ခါတစ်ရံ ရွာရှိနေသည့် နေရာနှင့်မဝေးကွာလွန်းသည့်တောင်မှ ညအချိန်လူခြေတိတ်သောအခါမှာ မည်ကဲ့သို့သောအသံမျိုးမှန်းမသိ၊ ကြောက်စရာ ကောင်းသော အသံမျိုးကို ကြားရတတ်ကြောင်း၊ တစ်ခါတစ်ရံ လမိုက်ညရက်များတွင် တောင်ခါးလယ်လောက်မှာ မီးလုံးလို နီရဲသော အလုံးနှစ်လုံးသည် ရွေ့လျား သွားလာနေသည်ကို တွေ့ရလေ့ရှိကြောင်း။

ထို့ကြောင့် ရွာသူရွာသားတွေသည် ထိုရွာမှာ မနေဝံ့ကြတော့ဘဲ ပြောင်းပြေးကြသည့်အတွက် ရွာပျက်သွားပြီဖြစ်ကြောင်း ... ။

ဥသျှစ်ပင်ကို ဈေးရောင်းဈေးဝယ် ဆင်းလာကြသော ဘသာပေါ်တို့ ဆွေမျိုးစုသည် သူတို့လိုပင် ဈေးရောင်း ဈေးဝယ် ဆင်းလာကြသည့် အခြားရွာမှ ချင်းအမျိုးသားများနှင့် တွေ့ဆုံနှုတ်ဆက်ကာ တစ်ရွာအကြောင်းကို တစ်ရွာက သတင်းမေး ကြရာမှ အထက်ပါ သတင်းကို ကြားလာခဲ့ကြရသည်။

သို့သော် ဘသာပေါ်တို့ ဆွေမျိုးစုသည် ထိုသတင်းအတွက် သူတို့စိတ်တွင် မည်သို့မျှ ထူးထူးထွေထွေ မဖြစ်။ ပျက်သည့်ရွာက သူတို့အကြောင်းနှင့်သူတို့ ပျက်စီးသွားကြသော်လည်း ဘသာပေါ်တို့ ဆွေမျိုးစုရွာကား ဘေးမသီ ရန်မခ အေးချမ်းသာယာလျက်ပင် ရှိနေသည့် အတွက် မည်သူမျှ စိတ်ထဲမှာ လေးလေးနက်နက် တွေးတောခြင်း မပြုခဲ့ကြချေ။

သို့နှင့်ပင် ငါးနှစ်မျှသော အချိန်သည် ကြာလိုက်သည်မထင်ရဘဲ ကုန်လွန်လာခဲ့သည်။

ညီလေးနှင့် ညီမလေးတို့နှစ်ယောက်သည် အသက်ခြောက်နှစ်ခန့် ရှိလာပြီဖြစ်သောကြောင့် ဘသာပေါ် မိဘတွေကို သူတို့အင်အားဖြင့် တတ်စွမ်းသရွေ့ ကူညီလုပ်ကိုင်ပေးကြသည်။ ထို့ကြောင့် မွေးကျွေး လာခဲ့ရသော ဘသာပေါ်တို့သည် ညီလေးနှင့် ညီမလေးကို အားကိုးခြင်း၊ ချစ်ခင်ကြင်နာခြင်းတို့ တိုးလာ ရပြန်တော့သည်။

ဤအချိန် မှာ ဘသာပေါ်၏ အသက်သည် နှစ်ဆယ်ကျော်၍ လေးနှစ်ပင် စွန်းခဲ့ပြီဖြစ်သည်။ ဘသာပေါ်ကို မိဘတွေက အိမ်ထောင်ပြုစေ ချင်ကြသည်။ သို့သော် ဘသာပေါ်ကား အိမ်ထောင်ပြုလိုစိတ် မရှိချေ။ ထို့ကြောင့် လူပျိုကြီးဘဝဖြင့်ပင် ညီလေးနှင့် ညီမလေးကို လေးလေးနက်နက် ချစ်နေရှာသည်။

ဤအချိန်မှာ ဘသာပေါ်တို့ ဆွေမျိုးတစ်စု အမှတ်မထင်နေခဲ့သော သတင်းသည် အစ ပြန်ပေါ်လာပြန်သည်။

ဘသာပေါ်တို့ရွာနှင့် အနီးဆုံးဖြစ်သောရွာတွင် လူတွေပျောက်ပြန်သည်။ ပျောက်ပုံကလည်း ထူးဆန်းသည်။ နေ့ခင်း အချိန်မျိုး၊ နံနက်အချိန်မျိုးမှာ တောတောင်ထဲကို ထင်းခွေ၊ ဟင်းရွက်ချိုး သွားသူတွေသည် လူနှစ်ရပ်မျှ အမြင့်ရှိပြီး သန်စွမ်းသော ယောက်ျားကြီးတစ်ယောက်၏ ပေါင်လုံးခန့်မျှရှိသော မီးလောင်ငုတ်ကြီးလိုလို၊ သစ်ခြောက်ပင်ကြီး လိုလို မားမားမတ်မတ်ရှိသော အရာဝတ္ထုကြီးတစ်ခုကို တစ်ခါတစ်ရံ တွေ့လေ့ ရှိကြသည်ဟု ဆိုသည်။

ထိုအရာသည် လုံးဝ လှုပ်ရှားခြင်းလည်းမရှိ၊ အရောင်အဆင်းကလည်း တောမီးလောင်ထားပြီးသည့် သစ်ပင်ခြောက်ကြီးလို မည်းနက်နေသည့် အရောင်အဆင်းရှိနေသည်။ ထိုအရာကို တောထဲရောက်သွားသည့် လူတွေကလည်း တောမီးလောင် ထားပြီးသည့် သစ်ပင်ခြောက်ကြီးသာဖြစ်သည်ဟူသော ပေါ့ပေါ့တန်တန် အမှတ်သညာဖြင့် မည်သူကမျှ သတိပြု ဂရုစိုက် ကာ သေသေချာချာ ကြည့်ခြင်း မရှိခဲ့ကြချေ။

သို့သော် ထိုသစ်ပင်ခြောက်ကြီးလိုလို၊ မီးလောင်တိုင်ငုတ်ကြီးလိုလို အရာကြီးကိုတွေ့ရသည့်အခါတိုင်း တောထဲသို့ ထင်းခွေဟင်းရွက်ချိုး သွားသူတွေထဲမှာ နောက်ဆုံးက လိုက်လာသူသည် ရွာသို့ပြန်မရောက်ဘဲ ပျောက်ဆုံးခဲ့သည်ချည်း ဖြစ်သည်။

"သူက နောက်ဆုံးက လိုက်လာတာပဲ။ ကိုယ့်ပစ္စည်း ကိုယ်သယ်လာခဲ့ကြရတော့ ဘယ်သူမှ နောက်ကို လှည့်မကြည့်မိကြဘူးလေ။ ဘာသံမှလဲ မကြားမိလိုက်ပါဘူး။ တောထဲမှာ ထူးထူးခြားခြား တွေ့ရတာဆိုရင် မီးလောင်တိုင်ငုတ်ကြီးပဲ တွေ့ရတယ်။ အဲဒီအနားက ဖြတ်လာခဲ့ကြတာပဲ"

ဟူသော အတူသွားဖော်လာဖော်တွေ၏ ပြောပြချက်အရ ထိုမီးလောင်တိုင်ငုတ်ကြီး တွေ့ရသည်ဆိုသော နေရာသို့ လူစုပြီး သွားကြည့်သောအခါ မီးလောင်တိုင်ငုတ်နှင့်တူသည့် အရာဟူ၍ လုံးဝမတွေ့ကြရချေ။ ထိုနေရာတစ်ဝိုက်သည် တောမီးလောင်ထားသည့် အသွင်သဏ္ဍာန်မျိုး လုံးဝမရှိဘဲ စိမ်းစိမ်းစိုစို ညီညီမွိုင်းမွိုင်း သစ်ပင်ချုံပုတ်တွေကိုသာ တွေ့ရသည်။

သို့နှင့်ပင် ထိုရွာသည် အလိုလိုလန့်ကာ တခြားသို့ ပြောင်းရွှေ့သွားကြခြင်းဖြင့် ရွာပျက်ပြန်တော့သည်။

သို့နှင့်ပင် နောက်ဆုံးပျက်သောရွာသည် ဘသာပေါ်တို့ရွာနှင့် အနီးဆုံးဖြစ်သည်။ ထိုအခါ ဘသာပေါ်တို့သည် ယခင်ကလို အမှတ်မထင် အေးအေးဆေးဆေးနေ၍ မဖြစ်တော့ကြောင်း စဉ်းစားလာမိကြသည်။

ထို့အပြင် ထိုရွာတွေ ပျက်စီးပြောင်းရွှေ့ရခြင်းနှင့် ဘသာပေါ်တို့ရွာသို့ မရှမလှအဖြစ်မျိုးနှင့် ရောက်လာ သေဆုံးသွားကြရသော လူတစ်စုနှင့် ညီလေး၊ ညီမလေးတို့သည် ရွာပျက်ခဲ့ကြသည့် အကြောင်းတွေနှင့် တိုက်ရိုက် သက်ဆိုင်နေခြင်းဖြစ်ပေမည်ဟု ဘသာပေါ်တို့ စဉ်းစားလာမိကြသည်။

ထိုအခါ ဘသာပေါ်တို့ရွာသည် ထိုကိစ္စအတွက် စူးစမ်းမှုပြုကြရတော့မည်ဖြစ်သည်။

ဤကိစ္စကို စူးစမ်းရန် ပြောဆိုစီစဉ်နေကြဆဲဝယ် ဘသာပေါ်တို့ ရွာသားတစ်ယောက်သည် နွယ်ခုတ်ရန် တောထဲသို့သွားရာမှ နွယ်မခုတ်နိုင်တော့ဘဲ ကြောက်လန့်စွာ အသက်ဆံဖျား အော်ဟစ်ပြန်ပြေးလာခဲ့သည်။

ရွာသူရွာသားတွေက မေးကြသည်ကို တော်တော်ဖြင့် အဖြေမပေးနိုင်အောင် ကြောက်လန့်ခြင်း ပြင်းစွာ ဖြစ်နေသည်။ အသက်ရှူမှန်အောင်၊ စိတ်ငြိမ်သွားအောင် ဝိုင်းဝန်းပြုစုကြပြီးမှ မေးမြန်းကြရသည်။

မီးလောင်တိုင်ငုတ်လို အရာကြီးကို တောင်ဟိုဘက်စောင်း နွယ်ခုတ်သွားရာလမ်းတွင် တွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ပြန်ပြေးလာခဲ့ကြောင်း၊ သူတွေ့လာခဲ့သည့် အရာဝတ္ထုကြီးသည် ယခင် ပျက်စီးပြောင်းရွေ့သွားသည့် ရွာသူရွာသားတွေ ပြောပြခဲ့ကြသည့် ပုံသဏ္ဍာန်အတိုင်းပင် ဖြစ်ကြောင်းကို ထိတ်လန့်စွာ ပြန်ပြောပြသောအခါ ဘသာပေါ်တို့ ရွာသူ ရွာသားတွေသည် မျက်လုံးဝိုင်းကုန်ကြတော့သည်။

ဘသာပေါ်တို့ ရွာသူရွာသားတွေကား ဆွေမျိုးတစ်စုလုံး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသော မြေပြန့်ချင်း အမျိုးသားများ ဖြစ်ကြသည်။ ဘုရားကို ရှိခိုးတိုင်တည်သူက ရှိခိုးတိုင်တည်ကြသည်။ ကြောက်ခြင်းဖြင့် ငိုသူက ငိုကြသည်။ ရွာကို ခြံစည်းရိုးလုံအောင် ကာထားရန် အကြံပေးသူက ပေးကြသည်။ ဥသျှစ်ပင်ကို ဆင်းကာ သံဃာတော်သုံးပါးလောက် ပင့်လာပြီး၊ ရွာကို ပရိတ်ရွတ်ကာကွယ်ရန် အကြံပေးသူကပေးကြသည်။

တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသော်လည်း ဘသာပေါ်သည် ဘာမျှမပြောဘဲ နှုတ်ဆိတ်ငြိမ်သက်နေသည်။ ဤ အရေးအခင်းကြီး သူတို့နေထိုင်သည့် ရွာနားသို့ နီးကပ်မလာမီ တောတောင်တစ်ခွင် လှည့်လည်စဉ်က အမှတ်မထင် သူဖူးတွေ့ခဲ့ရဖူးသည့် တောရဆောက်တည် တရားကျင့်နေသည့် ဘုန်းတော်ကြီး တစ်ပါးကို သတိရနေသည်။

"ဘုန်းတော်ကြီးရှိနေသေးလား၊ ဘုန်းတော်ကြီးကို လျှောက်ထားကြည့်ရင် ထိုဒုက္ခပေးနေသော အရာဝတ္ထုကြီး သည် မည်သည့်အရာဝတ္ထုကြီးဖြစ်သနည်း၊ ဘုန်းတော်ကြီးကတော့ သိတော်မူလိမ့်မည် ထင်ပါတယ်"

စသည်ဖြင့် စိတ်ထဲက ပြောနေမိသည်။ ထိုသို့ သူ့စိတ်ထဲက ပြောနေမိသည့်အတိုင်း အကောင်အထည် ဖော်ရန် စိတ်ကို ဆုံးဖြတ်လိုက်သည်။

သူ့ စိတ်ဆုံးဖြတ်ချက်ကို မည်သူ့ကိုမျှ သူ မပြောချေ။ သူ့မိဘတွေသိလျှင် မည်သည့်နည်းနှင့်မျှ ခွင့်ပြုကြမည်မဟုတ်ဘဲ အတင်းအကြပ် တားမြစ်မည်ကို ဘသာပေါ် အတပ်သိသည်။ ထို့ကြောင့် နံနက်လင်းလျှင်လင်းချင်း ဘုန်းတော်ကြီးကိုလည်း တွေ့အောင်ရှာမည်။ ရွာတွေပျက်လောက်အောင် ဒုက္ခပေးနေသည့် ထိုအကောင်ကြီးကိုလည်း တောတောင်ထဲမှာ သွားရင်းဟန်လွဲ တွေ့ခဲ့ပါလျှင် ရှင်းလင်း သုတ်သင်နိုင်က ရှင်းလင်းသုတ်သင်ခဲ့မည်ဟု စိတ်ကူး လိုက်သည်။

မည်သူ့ကိုမျှ အဖော်မစပ်ချေ။ အဖော်စပ်လျှင် မည်သူမျှ လိုက်ဝံ့မည်မဟုတ်ဘဲ စကားတွေပျံ့ကာ သူ့မိဘတွေ သိသွားပြီး သူ့အကြံပျက်မည်ကို တွေးမိသည်။ ထို့ကြောင့် အမူအရာမပျက် တိတ်တဆိတ်ပင်နေလိုက်သည်။

နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်သာသာ အလင်းရောင်ကောင်းစွာရသည့်အချိန်တွင် ဘသာပေါ်သည် သူ့လက်စွဲတော် ဒူးလေးသာမဟုတ်၊ မြဲနေအောင် သွေးထားသော ဓားရှည်တစ်ချောင်း၊ အခေါင်းပိတ် အဆစ်မာ ဝါးရင်းတုတ် တစ်ချောင်းကိုပါ ယူဆောင်ကာ ရေဘူးတစ်ဘူး၊ မီးဖုတ်ထားသော အသားခြောက်တစ်ထုပ်ကို ထည့်ထားသည့် အိတ်ကို လွယ်ပြီး အိမ်မှ ထွက်လာခဲ့သည်။

သူ့မိဘတွေကမူ ခါတိုင်းလိုပင် သီးနှံစိုက်ခင်းရှိရာသို့ သွားသည်ဟုထင်ကာ မမေးမမြန်းနေလိုက်သည်။

ဘသာပေါ်သည် သွားရာလမ်းတစ်လျှောက်မှာ မျက်စေ့နှင့် နားကို အထူးလျင်မြန်စွာ သုံးသွားသည်။ ယမန်နေ့က နွယ်ခုတ်သွားသူ တွေ့လာခဲ့သည့် ထိုအရာဝတ္ထုကြီး ရှိနေသည်ဆိုသော နေရာကို ဦးတည်ပြီးလာခဲ့သည်။

သူ အမှတ်မထင် ဖူးမြင်ခဲ့ဖူးသည့် ဘုန်းတော်ကြီး တောရဆောက်တည် တရားကျင့်နေသည့်နေရာကိုမူ ဘသာပေါ်သည် ကောင်းကောင်း မမှတ်မိခဲ့ချေ။ ထို့ကြောင့် နေရာကို အရင်ရောက်အောင် သွားမည်ဟူသော စိတ်ကူးဖြင့် နွယ်ခုတ်သူ တွေ့လာခဲ့သည့် နေရာကို ဦးတည်လာခဲ့ခြင်းဖြစ်သည်။

နွယ်ခုတ်သူက ထိုအရာဝတ္ထုကြီးကို တွေ့လာခဲ့သည်ဆိုသော နေရာသို့ ရောက်သောအခါ မည်သည့် အရာကိုမျှ မတွေ့ရချေ။ ဘသာပေါ်သည် ထိုနေရာမှ မြေအနေအထားကို လေ့လာကြည့်ရှုလိုက်သည်။ လေးပင်သော အရာတစ်ခုကို တရွတ်ဆွဲလာသကဲ့သို့သော စွတ်ကြောင်းကြီးကို တွေ့ရသည်။ စွတ်ကြောင်းကြီးသည် သန်စွမ်းပြည့်ဖြိုးသော ယောက်ျားကြီးတစ်ယောက်၏ ပေါင်ရင်းလောက် ရှိနေသည်ကို တွေ့ရသည်။ စွတ်ကြောင်းကြီး ရှိနေရာတစ်လျှောက် သတိထား ကြည့်ရှုသူအဖို့ သိသာအောင်ပင် ထင်နေသည်။

ဘသာပေါ်သည် စွတ်ကြောင်းတစ်လျှောက်ကို လိုက်ကြည့်ရန် စဉ်းစားချင့်ချိန်နေလိုက်သည်။ ထို့နောက် သူ့လက်စွဲတော် လက်နက်များကိုအားကိုးခြင်း၊ သန်စွမ်းကျင်လည် ဖျတ်လတ်သော သူ့ပင်ကိုအရည်အချင်းကို အားကိုးစိတ်ချ ယုံကြည် ခြင်းဖြင့် လူတွေကို ထိတ်လန့်ကြောက်ရွံ့အောင်၊ သေကြေပျက်စီးအောင် အခြေအနေပျက်ဖြစ်အောင် ဒုက္ခပေးနေသော ထိုအရာဝတ္ထုကြီးကို သုတ်သင်ရှင်းလင်းလိုက်ခြင်းဖြင့် ဒုက္ခသည်တွေကို ကယ်တင်တော့မည်ဟူသော စေတနာဖြင့် စွတ်ကြောင်းကြီးအတိုင်းလိုက်ကာ ထိုအရာဝတ္ထုကြီးကို ရှာဖွေရင်ဆိုင်တော့မည်ဟု စိတ်ကိုခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်လိုက်သောအခါ ဘသာပေါ်သည် သူ့နောက်မှာ မည်သည့်ဘေးအန္တရာယ်မျှ မလာနိုင်အောင် သစ်ပင်ကြီး တစ်ပင်ကို ကျောမှီထိုင်ကာ မြတ်စွာဘုရားကို အာရုံပြု ရှိခိုးလိုက်သည်။ ဒုက္ခသည်တွေကို ကယ်တင်လိုသော စေတနာဖြင့် ရင်ဆိုင်နှိမ်နင်းရာမှာ စေတနာအကျိုးပေးသောအားဖြင့် နှိမ်နင်းနိုင်ရပါလို၏ ဟူသော ဆုကို တောင်းလိုက်သည်။

ထို့နောက် ဘသာပေါ်သည် စွတ်ကြောင်းကြီးကို ကြည့်ကာ စွတ်ကြောင်းကြီးဘေးမှ မြှောင်လိုက်သွားလေသည်။ ထိုသို့ လိုက်သွားစဉ်မှာ ဘသာပေါ်သည် အနည်းငယ်မျှ သတိကို မလစ်စေရအောင် အထူးဂရုစိုက်ခဲ့သည်။ ဒူးလေးနှင့် မြားတံ ကိုလည်း အသင့်အနေအထား ပြင်ထားသည်။

စွတ်ကြောင်းကြီးသည် တောင်တစ်လုံးကို ပတ်ကာ တစ်ခုသော တောင်ခေါင်းအဝမှာ ဆုံးသွားသည်။

"ဒီတောင်ခေါင်းထဲမှာ ဒီအရာဝတ္ထုကြီးရှိမှာပဲ"

ဘသာပေါ်က စိတ်ထဲက ပြောပြီး သူ့နောက်မှ ရန်သူမလာနိုင်အောင် ကြီးမားသော ကျောက်တုံးကြီး တစ်တုံးကို ကျောမှီထားလိုက်သည်။ ဘသာပေါ် ကျောမှီ အကာအကွယ်ယူထားသော ကျောက်တုံးကြီး ရှိနေသော နေရာကလည်း စွတ်ကြောင်းကြီးဆုံးသွားသော တောင်ခေါင်းဝဘက်ကို တည့်တည့်လှည့်နေသောနေရာဖြစ်၍ ဘသာပေါ်အဖို့ အဆင်ပြေ နေသည်။

"ကဲ - ထွက်ခဲ့စမ်းဟေ့"

အောင်မြင်ခန့်ညားသောအသံဖြင့် ဘသာပေါ်က အော်ခေါ်လိုက်သည်။ ဒူးလေးကို အသင့်တင်ကာ မြားတံတပ်ထားသည်။ ဝါးရင်းတုတ်ကြီးဖြင့် စွပ်ကြောင်းပေါ်ကို ဆောင့်ကာ ...

"လာခဲ့စမ်း၊ ထွက်ခဲ့စမ်း"

ဟု အောင်မြင်သောအသံဖြင့် ဟစ်ခေါ်လိုက်သည်။ မျက်လုံးက တောင်ခေါင်းအဝကို သတိကြီးစွာထားကာ မျက်ခြည်မပြတ် ကြည့်နေသည်။ နားကို အစွမ်းကုန် စွင့်ထားသည်။ ဘသာပေါ် ကျောမှီထားသည့် ကျောက်တုံးကြီး အနားမှာ ပေါက်နေသော ကြီးမားသည့် သစ်ပင်ကြီး၏ အကိုင်းအခက်တွေက ဘသာပေါ် ဦးခေါင်းပေါ်ကို မိုးနေသည်။ ဦးခေါင်းပေါ်တည့်တည့် သစ်ကိုင်းထက်က -

"ရိုက်ပုတ် ထုတ်လေ ... ဆုတ် ... ဆုတ် ... ဆုတ်လေ ... ရိုက်ပုတ် ထုတ်လေ ... "

ဟူသော တောလုံငှက်သည် ဘသာပေါ်ကို အားပေးသည့် အလား ပီပီသသကြီး အဆက်မပြတ် မြည်ကြွေးနေသည်။ တောလုံငှက်ဟစ်ကြွေးသံပေးသည့် နေရာဆိုလျှင် ဘေးအန္တရာယ် ကင်းဝေးလုံခြုံသည်ကို ဘသာပေါ် သိပြီးဖြစ်သောကြောင့် စိတ်ဓာတ် တက်ကြွကာ တောင်ခေါင်းထဲမှာ ရှိမည်ထင်ရသော အရာဝတ္ထုကြီးကို အော်မေး နေသည့် အသံသည် ပိုပြီး သြဇာအဏာသံ ပါနေသည်။ ကြီးစွာသော သတိဖြင့် တောင်ခေါင်းအဝကို ကြည့်နေသော ဘသာပေါ်၏ မျက်လုံးတွင် တောင်ခေါင်းအဝမှာ မီးကျီးခဲလို အရာနှစ်ခုကို မြင်နေပြီဖြစ်သည်။

တောင်ခေါင်းအဝမှာ မှောင်နေသည်ဖြစ်ရာ အမှောင်ထဲမှာ အလျှံပြောင်ပြောင်ထွက်နေသည် ထင်ရအောင်ပင် နီရဲတောက်ပနေသော အရာနှစ်ခုသည် တစ်ခုလျှင် ဝေလာခေါင်း ငွေဒင်္ဂါးအရွယ်လောက်ရှိပြီး တစ်ခုနှင့်တစ်ခု အကွာအဝေးမှာ ဘသာပေါ် စိတ်ထင် တစ်ထွာလောက် ရှိမည်ဟု မှန်းဆမိသည်။

တွင်းထွက် ပတ္တမြားလို၊ မီးကျီးခဲလို လှပစွာ နီရဲတောက်ပြောင်နေသော ထိုအရာနှစ်ခုသည် တောင်ခေါင်းဝ အမှောင်ထဲဝယ် ငြိမ်သက် နေသည်။

"ဟေ့ ... ငါခေါ်နေတယ်၊ အခုချက်ချင်း ထွက်လာခဲ့"

ဘသာပေါ်သည် လက်ဝါးကိုဖြန့်ကာ ထိုအရာကို လက်ယပ်ခေါ်လိုက်သည်။ စွတ်ကြောင်းပေါ်ကို ထောက်ထားသော ဝါးရင်းတုတ်ကို လက်ဖြင့် ပြင်းပြင်း ဆောင့်လိုက်သည်။ ထိုအခါ ဘသာပေါ်၏ နားထဲတွင် ညည်းညူသံလိုလို အသံကြီးကို ကြားလိုက်ရပြီး နီရဲတောက်ပြောင်သော ထိုအရာနှစ်ခုသည် တောင်ခေါင်း အဝသို့ တရွေ့ရွေ့ ထွက်လာသည်။

ရုတ်တရက်သော် ဘသာပေါ်သည် အသက်ရှူမှားလုနီးပါး ထိတ်လန့်သွားမိသည်။ ထိုအရာကား စင်စစ်အနက်ရောင်ဖြင့် မည်းမှောင်သော အဆင်းအရောင်ရှိသည့် ကြောက်မက်ဖွယ် ကြီးမားသော မြွေကြီးတစ်ကောင်ဖြစ်ချေသည်။ တောင်ခေါင်း အဝမှ နီရဲတောက်ပြောင်သောအရောင်အဆင်းဖြင့် ဘသာပေါ်မြင်ခဲ့သည့် အရာနှစ်ခုကား မြွေကြီး၏ မျက်လုံးနှစ်လုံး ဖြစ်သည်။

သန်စွမ်းသော ယောကျ်ားကြီးတစ်ယောက်၏ ပေါင်လုံးလောက်ကြီးမားသော ကိုယ်လုံးရှိသည့် မြွေကြီးသည် အရှည်မှာ သုံးလံကျော်ခန့်ရှိသည်။ ဤအခြေအနေမှာ ရှိနေသော မြွေကြီးသည် လူတစ်ယောက်ကို သာသာလေး ရစ်ပတ်မျိုချနိုင်စွမ်း ရှိနေသည်ကို ဘသာပေါ် ကောင်းကောင်းစဉ်းစားမိသည်။

ဘသာပေါ်သည် တောင်ခေါင်းထဲမှာ ရှိနေသော ရန်သူကို မြွေဟုမထင်ခဲ့ချေ။ အခြား တိရစ္ဆာန်တစ်ကောင် ဟုထင်ကာ အသံပေးနေခဲ့ခြင်းဖြစ်ရာ ယခုမြွေကြီးကို မြင်ရသောအခါ ပြင်းစွာတုန်လှုပ်မိသည်။ ဤမျှ ကြီးမား၍ ကြောက်မက်ဖွယ်ကောင်းသော မြွေကြီးမျိုးကို ယခု အသက်အရွယ်အထိ တစ်ကြိမ်မျှ မမြင်ခဲ့ဘူးချေ။ ထို့ကြောင့် ဘသာပေါ်

ပြင်းထန်စွာ ထိတ်လန့်ကြောက်ရွံ့သွားခြင်းဖြစ်သည်။ ပြင်းထန်စွာ ထိတ်လန့်သူတို့သည် အသံကုန် အော်လျှင်အော်၊ မအော်လျှင် ပါးစပ်ကို အစွမ်းကုန်ဟကာ လျှာထွက်လာတတ်ကြသည်။ ဘသာပေါ်သည် ထိုနည်းအတိုင်း အသံမထွက်နိုင် မအော်နိုင်ဘဲ ပါးစပ်ဟကာ လျှာထွက်နေတော့သည်။ ပါးစပ်ကို မပိတ်နိုင်၊ လျှာတစ်လစ် မျက်လုံးအပြူးသားဖြင့် ကြောင်ကြောင်ကြီး ကြည့်နေတော့သည်။

မြွေကြီးသည် အနည်းငယ် ဦးခေါင်းထောင်ကာ လျှာတစ်လစ်ဖြင့် ဟထားသော ဘသာပေါ်၏ ပါးစပ်ကို တစ်ချက်မျှ ကြည့်လိုက်ပြီး ဦးခေါင်းပြန်လည် ငုံ့လျှိုးလိုက်ကာ ဘသာပေါ်ရှေ့ တစ်လံကျော်ကျော်အကွာတွင် မာန်လျှော့ အညှံ့ခံသည့်အလား ဦးခေါင်းကို မြေပြင်ပေါ်ကပ်ကာ မလှုပ်မယှက်ဘဲ စင်းစင်းကြီး ငြိမ်နေသည်။

အခိုက်အတန့်မျှ ကြောင်ကြည့်နေမိသော ဘသာပေါ်သည် ဖျတ်ခနဲ သတိပြန်ဝင်လာသည်။ ရွာပျက်အောင်ပင် လူတွေကို သတ်ဖြတ် ဒုက္ခပေးနေသော ဤသတ္တဝါကို ဤအတိုင်းထားခဲ့လျှင် အဆိပ်ပင်ကြီးကို ရေလောင်းပေးသလို ဖြစ်တော့မည် ဟုတွေးကာ မြေပေါ်တွင် မလှုပ်မယှက် စင်းစင်းကြီး ငြိမ်နေသော မြွေကြီး၏ ဦးခေါင်းကို ဒူးလေးဖြင့် သေချာစွာ ချိန်ကာ ပစ်ထည့်လိုက်သည်။ ဘသာပေါ် ပစ်လိုက်သော ဒူးလေးမှ မြားတံသည် မြွေကြီး၏ ဦးနှောက်နေရာကို သေချာတည့်မတ်စွာ ထွင်းဖောက်သွားပြီး မြေကြီးကို စိုက်ဝင်သွားသည်။ မြွေကြီး၏ ဦးခေါင်းကို မြေပြင်နှင့် ကပ်ကာ တံကျင်လျှိုထားသလို ဖြစ်သွားသည်။

စင်းစင်းကြီး ဖြစ်နေသော မြွေကြီး၏ ကိုယ်လုံးသည် သုံးလေးချက်မျှ ထွန့်ထွန့်လူးသွားပြီး အဆုံးစွန် ငြိမ်သက် သွားလေတော့သည်။

ဘသာပေါ်သည် သူ့ကိုယ်ကို သူ ပြန်အံ့သြနေသည်။ သူ့ကိုယ်ကို သူ နားမလည်နိုင်အောင် ဖြစ်နေသည်။ လူပေါင်းများစွာ ကို ထိတ်လန့် ကြောက်ရွံ့စေခဲ့သော၊ အသေဆိုးဖြင့် သေစေခဲ့သော၊ လူကောင်ကို အစာအဖြစ် မျိုချစားသောက်ခဲ့သော၊ ရွာပျက်အောင်ပင် ဒုက္ခပေးနိုင်စွမ်းရှိခဲ့သော၊ ကြောက်မက်ဖွယ် ကြီးမားသော မြွေဆိုးကြီး သည် အဘယ်ကြောင့် သူ့စကားကို ကျိုးနွံစွာနာခံပြီး မလှုပ်မယှက် ရန်မမူဝံ့ဘဲ ငြိမ်ငြိမ်လေး အသေခံ သွားပါသနည်း။

ဘသာပေါ်သည် မြွေသေကောင်ကြီးကို ကြည့်ကာ ဝမ်းမသာနိုင်တော့ဘဲ စိတ်ထဲမှာ သနားနေမိသည်။

"ငါသတ်လိုက်မိတာ မှားများသွားသလား၊ အို ... ငါမသတ်ရင် ဒီသတ္တဝါက ငါတို့ရွာကိုလည်း ပျက်အောင် ဖျက်တော့မယ့် ဆဲဆဲပဲ။ တစ်နေ့က နွယ်ခုတ်သွားတဲ့လူတောင် အပြေးကောင်းလွန်းလို့၊ သတိကောင်းလွန်းလို့ အသက်ချမ်းသာရာ ရလာခဲ့တာ။ ငါသတ်လိုက် တာမမှားပါဘူးလေ။ သူ့အသက်တစ်ခုကို ညှာလိုက်ရင် ငါအပါအဝင် အသက်တွေ အများကြီး ပျက်စီးကြမယ်။ ညီလေးနဲ့ ညီမလေး တို့ ဒုက္ခရောက်ခဲ့တာ ဒီအကောင်ကြီးပဲ"

ဘသာပေါ်က စိတ်ကို ပြန်ဖြေလိုက်သည်။ ထို့နောက် မြွေကြီး ဦးခေါင်းမှာ စိုက်ဝင်နေသော မြားတံကို ဆွဲနုတ်ကာ မြွေကြီးကိုယ်လုံးကြီးကို ပက်လက်လှန်ကြည့်လိုက်သည်။

မြွေကြီး ပါးပျဉ်းထသည့်နေရာတွင် မည်းနက်သော စက်အတန့်များအပြင် စက်အတန့်တစ်ခုနှင့်တစ်ခုကြားမှာ လူသေ အလောင်းတင်သည့် လေးတိုင်စင်လို ပုံသဏ္ဍာန်မျိုးကို တွေ့လိုက်ရသောအခါ ဘသာပေါ်သည် များစွာ အံ့သြမိသည်။

မြွေကြီး၏ ကိုယ်လုံးသည် စင်စင်နက်နေသော်လည်း မြွေတို့၏ သဘာဝအတိုင်း အောက်ဘက်က အဖြူရောင် ဖြစ်လေ့ရှိသည်။

ဤမြွေကြီးသည် အနက်ရောင် လွန်ကဲလွန်းသည့်အတွက် အောက်ဖက်က အဖြူရောင်သည် သိသာရုံမျှသာ ရှိသည်။ ထိုသိသာရုံမျှသော အဖြူရောင်ထဲမှာ စက်အတန့်နှင့် အလောင်းစင်သဏ္ဍာန်တွေက ပေါ်နေခြင်း ဖြစ်သည်။

"ဒီမြွေကြီးက အဆန်းပဲ၊ တခြားမြွေတွေမှာ ဒီလိုပါတယ်လို့ မကြားဖူးပါဘူး။ ရိုးရိုး စက်အတန့်သာ ပါတယ်လို့ ကြားဖူးပါတယ်"

ဘသာပေါ်က အံ့သြစွာ ပြောမိသည်။

ဘသာပေါ်သည် တောတောင်ထဲမှာ နေထိုင်သော်လည်း ယခု အသက်အရွယ်ရောက်လာသည့်တိုင်အောင် မြွေကို တစ်ကြိမ်မျှ နီးနီးကပ်ကပ် မမြင်ခဲ့ဘူးချေ။ သွားရင်းလာရင်း တွေ့ခဲ့ဖူးသော်လည်း ဤမျှကြီးမားသော မြွေလို မတွေ့ခဲ့ဘူး။ တွေ့ရသည့်မြွေကလည်း ဘသာပေါ်နှင့် အလှမ်းဝေးသည့်နေရာက ပြေးသွားကြသည်သာ ဖြစ်သည်။ တွေ့မယ့်တွေ့တော့ ဘသာပေါ် အံ့သြလောက်စရာပင် တွေ့ နေရသည်။

ဘသာပေါ်သည် မြွေကြီးကို သေချာစွာ ကြည့်ရှုပြီးမှ စိတ်အေးအေးချမ်းချမ်းဖြင့် ထိုနေရာမှ ထွက်လာခဲ့သည်။ ရွာသို့ပြန်ကာ ရန်သူကို နိုင်နင်းလာခဲ့ကြောင်း ပြောပြရဦးမည်။ နွယ်ခုတ်သွားသူ ဦးစွာ တွေ့လာခဲ့သည့် စွတ်ကြောင်း အဆုံးသို့ ရောက်သောအခါ ဘသာပေါ် ရပ်၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ပတ်ဝန်းကျင်ကား၊ စိမ်းလန်း စိုပြည်သော သစ်ပင်၊ ဝါးပင်၊ ချုံနွယ် ပိတ်ပေါင်းဖြင့် ချမ်းမြေ့ သာယာလျက် ရှိသည်။

မီးလောင်တိုင်ငုတ်လို မတ်မတ်ကြီး ထောင်နေသည်ဆိုသည့် အရာကြီးသည် မြွေကြီး ဦးခေါင်းထောင် ငြိမ်သက် နေသည့် ပုံသဏ္ဍာန်ကြီးသာဖြစ်ပေလိမ့်မည်ဟု ဘသာပေါ်တွေးကာ ထိုနေရာမှ ထွက်ခွာ လာခဲ့သည်။

ထိုအခိုက် ဘသာပေါ် စိတ်ထဲမှာ အခိုက်အတန့် မေ့နေခဲ့သည့် ဘုန်းတော်ကြီး အကြောင်းက ဖျတ်ခနဲ ပေါ်လာသည်။ ရန်သူကို မတွေ့မီကမူ ဒုက္ခပေးနေသော ထိုအရာဝတ္ထုကြီးသည် မည်သည့် အရာမျိုးဖြစ်သည်ကို သိလိုစိတ်ဖြင့် ဘုန်းတော်ကြီးကို လျှောက်ထားကြည့်မည်ဟု စိတ်ကူးခဲ့သည်။ ယခု ရန်သူသည် မြွေကြီး တစ်ကောင်ဖြစ်ကြောင်း သိလိုက်ရပြီ။ ထိုရန်သူမြွေကြီးကိုလည်း သတ်နိုင်ခဲ့ပြီ။ ထို့ကြောင့် ဘုန်းတော်ကြီးကို အခိုက်အတန့်မျှ မေ့နေခဲ့ခြင်း ဖြစ်သည်။

ယခု ဘုန်းတော်ကြီးကို စိတ်က ဖျတ်ခနဲ သတိရလိုက်၏။

"အေးလေ ... ဘုန်းတော်ကြီး ရှိနေသေးရင်လည်း ဖူးရတာပေါ့၊ မြွေစာများဖြစ်ခဲ့ပြီလား"

ဘသာပေါ်က တွေးရင်း စိတ်ပူလိုက်မိသည်။ သို့ဖြင့်ပင် သူဖူးခဲ့ဖူးသည့် ဘုန်းတော်ကြီး တရားအားထုတ်နေရာကို ကောင်းစွာမမှတ်မိသည့်အလျောက် စိတ်မှန်းဖြင့် ရမ်းဆ ရှာဖွေလာခဲ့သည်။

ရန်သူတော်ကြီးကို ရှင်းလင်းနိုင်ခဲ့ပြီဖြစ်သောကြောင့် ဘသာပေါ်သည် စိုးရိမ်စရာအကြောင်း လုံးဝမရှိဘဲ စိတ်လက် ပေါ့ပါး လွတ်လပ်စွာပင်လာခဲ့သည်။

ကံအားလျော်စွာ တစ်ခုသော တောင်စောင်းတစ်နေရာဝယ်၊ သစ်ကိုင်းသစ်ခက်များဖြင့် ဆောက်ထားသည့် သေးငယ် သော တဲကလေးကို မြင်လိုက်ရသောအခါ အားတက်သွားသည်။

"ဟော ... ဒီနေရာ ဟုတ်ပြီ၊ ဘုန်းတော်ကြီးကို ငါဖူးခဲ့ရတဲ့နေရာအမှန်ပဲ"

ဘသာပေါ်က တီးတိုးပြောရင်း ထိုနေရာသို့ ခြေလှမ်းသွက်သွက်ဖြင့် အပြေးလေး သွားလိုက်သည်။ တဲကလေး၏ တစ်ဖက် သစ်ပင်ကြီးတစ်ပင်အောက်တွင် တရားထိုင်နေရာမှ နားကာ ဣရိယာပုဒ် မျှတအောင် စင်္ကြံကြွနေသော ဘုန်းတော်ကြီးကို တွေ့လိုက်ရသောအခါ ဘသာပေါ်သည် ဝမ်းမြောက်စွာဖြင့် ရိုသေစွာထိုင်ကာ ဦးခိုက် ကန်တော့လိုက်သည်။ ဘုန်းတော်ကြီး၏ ရုပ်အဆင်းတော်ကား ဘသာပေါ် ယခင်ဖူးတွေ့ခဲ့ဖူးသည့် သဏ္ဍာန်အတိုင်းပင် တစ်စုံတစ်ရာ ချွတ်ယွင်းခြင်းမရှိခဲ့ချေ။

ဘုန်းတော်ကြီးက ဘသာပေါ်ကို ကြည့်လိုက်သည်။ ထို့နောက် စကားတစ်ခွန်းမျှ မေးမြန်းပြောဆိုခြင်း မပြုဘဲ၊ သစ်ပင်ရင်း မြေပြင်ပြောင်ပြောင်ဝယ် အဝတ်နွမ်းတစ်ထည် ခင်းထားသည့်အပေါ်မှာ တည်ငြိမ်စွာ တင်ပျဉ်ခွေထိုင်လိုက်သည်။

ဘသာပေါ်က စတင်ကာ မည်သည့်အရာမှန်းမသိရသည့် ရန်သူကြောင့် လူတွေသေကြေ ဒုက္ခရောက်ကြကြောင်း၊ ရွာတွေပျက်ကြောင်း၊ ထို့ကြောင့် သူက ထိုရန်သူကို လိုက်လံ ရှာဖွေ နှိမ်နင်း နိုင်ခဲ့ကြောင်း စသည်တို့ကို စုံစေ့စွာ လျှောက်ထားပြီး ...

"တပည့်တော် အံ့သြတာက ဒါလောက် ကြီးမားပြီး ကြောက်စရာကောင်းတဲ့ မြွေဆိုးကြီးက တပည့်တော်ကို ရန်မမူဘဲ၊ ကျိုးကျိုးနွံနွံ နာခံပြီး အသေခံသွားတာကို အံ့သြတာပါပဲ ဘုရား၊ အဲဒါ ဘာကြောင့်လဲ ဆိုတာ အရှင်ဘုရား မိန့်ကြားတော် မူနိုင်လိမ့်မယ်လို့ တပည့်တော်မျှော်လင့်ပါတယ်"

ဘသာပေါ် က ထိုစကားကို လျှောက်ထားလိုက်သောအခါ ဘုန်းတော်ကြီးသည် ဘသာပေါ်ကို စေ့စေ့စိုက်ကြည့်နေရာမှ ...

"မြွေကြီးက သူ့အလိုအလျောက် ထွက်လာတာလား"

ဟု မေးတော်မူလိုက်သည်။

ထိုအခါ ဘသာပေါ်က မြွေကြီးကို သူမည်သို့ ခေါ်ထုတ်ခဲ့ကြောင်း လျှောက်ထားလိုက်သည်။ နောက်ဆက်တွဲ အဖြစ်ဖြင့် ...

"မြွေကြီး ထွက်လာတော့ တပည့်တော်လည်း တော်တော် ကြောက်သွားပါတယ် ဘုရား။ မြွေရယ်လို့ မထင်တဲ့ အတွက် ခေါ်နေခိုက် ထွက်လာတော့ တပည့်တော် ထိတ်လန့်ပြီး ပါးစပ်အဟောင်းသား လျှာအထွက်သားကြီးနဲ့ ကြောင်ကြည့်နေ လိုက်မိပါတယ်။ မြွေကြီးဟာ တပည့်တော်ပါးစပ်ကို တစ်ချက် မော်ကြည့်ပြီး ဦးခေါင်းကို မြေပြင်ပေါ်မှာ ချလိုက်ပါတယ်။ နောက် စင်းစင်းကြီး ငြိမ်သွားတာပါပဲ"

"လူကလေး၊ မြွေပြီးဆေး ထိုးထားဖူးလား"

ဘုန်းတော်ကြီးက မေးတော်မူသည်။

မြွေနှင့်ပတ်သက်၍ မည်သည့်ဆေး ဆောင်အယောင်မျှ မလုပ်ဖူးကြောင်း ဘသာပေါ်က ပြန် လျှောက်ကြားသည်။ ထိုအခါ ဘုန်းတော်ကြီးက

"လူကလေး ပါးစပ်ဟပြီး လျှာထုတ်ပြစမ်း၊ မြွေကြီးကိုမြင်တော့ ပါးစပ်ဟ လျှာထွက်နေတဲ့ အနေအထား အတိုင်းနော်"

ဟု မိန့်ကြား သဖြင့် ဘသာပေါ်က သူဖြစ်လာခဲ့သည့် အနေအထားအတိုင်း ပြုမူပြလိုက်သည်။

"လူကလေး လျှာအလယ်က မည်းမည်းတွေက ဘာတွေလဲ "

ဘုန်းတော်ကြီး က မေးတော်မူသောအခါ ဘသာပေါ်က ...

"တပည့်တော် မွေးရာပါ အမှတ်တွေပါဘုရား။ လျှာမှာ မွေးရာပါ အမှတ် မည်းမည်းတွေကို သေချာစွာ ကြည့်သည်။ ထို့နောက် မိန့်ကြားတော်မူသည်။

"ကိုယ့်အိုးကိုယ့်အိမ်လေးနဲ့ နေထိုင်ကြတဲ့ လူတွေဆိုရင် လူတိုင်းလိုလို အိမ်စောင့်ဖော်ရအောင် ခွေးမွေး တတ်ကြတယ်နော်"

ဘသာပေါ် မေးလျှောက်သောစကားနှင့် မဆက်စပ်သောစကားကို မိန့်ကြားသော ဘုန်းတော်ကြီးကို ဘသာပေါ် က ဖျတ်ခနဲကြည့်ကာ -

"ဟုတ်ပါတယ်၊ တပည့်တော်တို့လည်း မွေးထားတာပဲ ဘုရား"

ဟု ပြန်လျှောက်ထားလိုက်သည်။

ဘုန်းတော်ကြီးက ဆက်လက် မိန့်ကြားလိုက်သည်။

"ခွေးတွေရဲ့ အာခေါင်မှာ မည်းမည်း အမှတ်တွေ၊ မည်းမည်းအတန့်တွေ၊ အာခေါင်မှာဖြစ်စေ၊ လျှာမှာဖြစ်စေ၊ အဲဒီလို အာခေါင်နဲ့ လျှာမှာ အမှတ်တွေပါလာရင် အာစက်လျှာစက်လို့ ခေါ်တယ် လူကလေး၊ အာစက် လျှာစက် ပါတဲ့ခွေးဟာ မြွေကိုက်လို့ မသေဘူးဆိုတာကော သိလား"

ဘသာပေါ် သည် သူ့အနေဖြင့် မကြားဖူးသည့်အတွက် များစွာအံ့သြနေသည်။ ဘုန်းတော်ကြီး မျက်နှာတော်ကို စိုက်ကြည့်ကာ ငြိမ်သက် စွာနားထောင်နေသည်။

ဘုန်းတော်ကြီးက ဆက်လက်မိန့်ကြားတော်မူသည်။

"အခု လူကလေး လျှာမှာ မွေးရာပါ ပါတဲ့ အမည်းမှတ်တွေက အမှတ်မည်ကာ မဟုတ်ဘူး။ လျှာက အမှတ် ကိုတော့ လူကလေး အိမ်ပြန် ရောက်မှ မှန်ထဲပြန်ကြည့် လူကလေး၊ ဘာနဲ့တူသလဲဆိုတော့ တချို့ငှက်တွေ မြွေကို အစာအဖြစ် ထိုးသုတ်တာ မြင်ဖူးလား "

ဘုန်းတော်ကြီး မိန့်ကြားချက်ကြောင့် ဘသာပေါ် သည် မည်သည့်အခါမှ သူ ဂရုတစိုက် မရှိခဲ့သော၊ သေသေချာချာ မကြည့်ခဲ့ဘူးသော၊ သတိပင် မထားဘဲ မေ့မေ့ပျောက်ပျောက်နေခဲ့သော လျှာပေါ် က မွေးရာပါ အမည်းမှတ်တွေကို သေချာစွာ ကြည့်လိုစိတ် ပေါ် လာသည်။ စိတ်ထဲမှာ ထူးဆန်းလျက်နှင့်ပင် သူတွေ့ခဲ့ဖူးသည့် ပုံသဏ္ဍာန်တစ်ခုကို သတိရလိုက်ကာ ဘုန်းတော်ကြီးကို လျှောက်ကြားလိုက်သည်။

"တစ်ခါတုန်းက တောထဲကို ရောက်နေခိုက် အောက်ချင်းငှက်ကြီးတစ်ကောင်ဟာ မြွေတစ်ကောင်ကို အစာ အဖြစ် သုတ်ချီသွားတာ တွေ့ဖူးလိုက်တယ် ဘုရား။ အောက်ချင်းငှက်ကြီးရဲ့ ခြေသည်းက မြွေရဲ့ လည်ကုပ်ကို ကုပ်ထားလိုက်တော့ မြွေဟာ အမြီးတလွန့်လွန့်နဲ့ ပါသွားတာ တွေ့လိုက်ဖူးပါတယ်ဘုရား။ အဲဒီပုံမျိုးနဲ့ တပည့်တော် လျှာပေါ် က အမှတ်က တူနေလို့လားဘုရား"

ဘသာပေါ် သည် လျှာပေါ် က အမှတ်ကို စိတ်ဝင်စားစွာ တွေးရင်း လျှောက်ကြားသည်။

"အေး ... လူကလေးလျှာမှာပါတဲ့ သဏ္ဍာန်က အောက်ချင်းငှက်သဏ္ဍာန်တောင်မဟုတ်ဘူး။ ဂဠုန်ငှက်က နဂါးကို သုတ်ချီထားတဲ့ သဏ္ဍာန်မျိုး ပီပီသသ ပေါ် နေတယ်။ ဒါကြောင့် မြွေဆိုးကြီးဟာ လူကလေး ခေါ် ထုတ်တဲ့အတိုင်း အမိန့်ကိုနာခံပြီး ထွက်လာရတယ်။ လူကလေး ပါးစပ်ကို ကြည့်ပြီး ဦးခေါင်းလျှိုသွားရတယ်။ သဘောပေါက် ကဲ့လား လူကလေး"

ဘသာပေါ်သည် တန်ဖိုးမထား၊ ဂရုမစိုက်ဘဲ နေခဲ့သည့် မွေးရာပါ အမှတ်တွေ၏ တန်ခိုးသတ္တိကို မမျှော်လင့်ဘဲ သိလိုက်ရသောအခါ အံ့အားသင့်ခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးနှစ်သိမ့်ခြင်းဖြင့် ဘုန်းတော်ကြီးကို ကျေးဇူးတင်စွာ လက်အုပ်ချီပြီး ပြန်လည်လျှောက်တင်လိုက် သည်။

"ဒါဖြင့် တပည့်တော်ကြောင့် သေဆုံးသွားတဲ့ မြွေကြီးဟာ နဂါးကြီးလား ဘုရား"

"နဂါးအစစ်တော့ မဟုတ်ပေဘူး လူကလေး၊ နဂါးအမျိုးမှာပါတဲ့ မြွေပဲ။ နဂါးအစစ်ကလွဲရင် အဆိပ် အပြင်းဆုံး မြွေပေါ့။ မြွေထဲမှာ ငန်းမြွေ ဆိုတာ အမျိုးအစား ခြောက်မျိုးရှိတယ်။ ဒီခြောက်မျိုးထဲက ငန်းတော်ကြား၊ ငန်းဝါကြား၊ ငန်းသံကွင်းဆက်၊ ငန်းစောင်း၊ ငန်းပုပ်ဆိုတဲ့ ငန်းငါးမျိုးက ကိုက်လိုက်ရင် အချိန်မီ ဆေးကု နိုင်ရင် အသက်မသေဘူး။ သူတို့ ဥကို စားလိုက်ရင်လည်း အသက်မသေနိုင်ဘူး။ သွေးလေးရုံ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်ရုံ၊ မျက်လုံးဝေရုံပဲ။ အခု လူကလေး တွေ့လာခဲ့တဲ့ ငန်းက ငန်းပြာသာဒ်မျိုး၊ ကိုက်လိုက်ရင် ဆေးမမီ တော့ဘူး။ ကိုက်လိုက်တာနဲ့ တစ်ပြိုင်နက် အကိုက်ခံရတဲ့လူဟာ မရှန်းကန် မလှုပ်ရှားနိုင်။ အသံ မထွက်နိုင်တော့ဘဲ ချက်ချင်း ငြိမ်သွားတာပဲ လူကလေး"

ဘုန်းတော်ကြီး မိန့်ကြားသည်ကို နားထောင်နေသော ဘသာပေါ် တောထဲကို အတူတကွသွားကြပြီး နောက်ဆုံးမှာ ကျန်ရစ်ခဲ့သည့်လူ ပျောက်ဆုံးနေခဲ့သည်ကို မည်သူမျှမသိဘဲ ဖြစ်ရသည့် အကြောင်းရင်းသည် ယခု ဘုန်းတော်ကြီး မိန့်ကြားသလို ငန်းပြာသာဒ်ကြီးက ကိုက်လိုက်သည်နှင့် ချက်ချင်း ငြိမ်ကျသွားသည့်အတွက် မည်သူမျှ မသိလိုက်ဘဲ ဖြစ်ရကြောင်း သဘောပေါက်လာသည်။

ဘုန်းတော်ကြီး က ဆက်လက်မိန့်ကြားသည်။

"မြွေထဲမှာ ငန်းမြွေမျိုးဟာ ကြောက်စရာ အကောင်းဆုံးပဲ လူကလေး။ သူတို့က အမြီးကိုထောက်ပြီး မတ်မတ်ကြီး ရပ်နေနိုင်တယ်လေ။ သူတို့အစာကို ရှာရာမှာ အမြီးကိုထောက် မတ်မတ်ကြီးရပ်ပြီး စားရမယ့်အစာကိုကြည့်တယ်။ တွေ့လိုက်ရင် လိုက်တန်ရင် လိုက်တယ်။ လိုက်ဖို့မလိုရင် အမြီးထောက်ပြီး မတ်မတ်ရပ်နေရာက အေးအေးလေး စောင့်နေတတ်တယ်။ ငန်းပြာသာဒ်လို မည်းမှောင်နေတဲ့ မြွေမျိုးက အမြီးထောက်ပြီး ငြိမ်ငြိမ်လေး မတ်မတ်ရပ်နေတာကို မြင်ရရင် သူတို့ကလည်း ပါးပျဉ်းမဖြန့်ဘဲထားရင် အမှတ်မဲ့ မြင်ရတဲ့လူတွေက မီးလောင်တိုင်ငုတ်ကြီးလို ထင်ရတာပေါ့။ အဲ ... မီးလောင်တိုင်ငုတ်ထင်ပြီး ဂရုမစိုက်ဘဲ အနားက ပွတ်ကာသီကာ ဖြတ်သွားတဲ့လူတော့ သူတို့အစာ ဖြစ်သွားတော့ တာပဲကွယ်"

ဘုန်းတော်ကြီး မိန့်ကြားချက်များသည် ရွာပျက်အောင် ဒုက္ခရောက်နေသူတွေ ဖြစ်ခဲ့ရသည့် ခံစားချက်တွေကို မျက်မြင်မိန့်ကြားနေဘိသို့ ရှင်းလင်းပြတ်သားလှသည်။

ဘုန်းတော်ကြီးက ဆက်လက်မိန့်ကြားပြန်သည်။

"သူတို့အမျိုးဓလေ့အတိုင်း သူတို့ဥတွေကို ယူမိတဲ့လူကိုလည်း လိုက်ရန်မူတတ်တယ်။ ရေခြားမြေခြား ခရီးဝေး သွားရင်တော့ လိုက်နိုင်မယ် မထင်ဘူး။ အနီးအနားကိုသာ လိုက်ရန်မူနိုင်မယ်လို့ ထင်တာပဲ။ ငန်းပြာသာဒ်က သူကိုက်တာ ခံရမှ သေတာမဟုတ်ဘူး။ သူ့ဥကို စားရင်လည်း သေတာပဲ လူကလေးရဲ့"

ဘုန်းတော်ကြီးစကားကို ဘသာပေါ်က စောဒက တက်လိုက်သည်။

"ဥက အကောင်မှ မဖြစ်သေးတာ။ ဘယ်လို သေနိုင်မှာလဲဘုရား"

ဘုန်းတော်ကြီးက ရှင်းပြသည်။

"လူကလေးတို့က တောတောင်ထဲမှာသာ နေတော့ ပင်လယ်သတ္တဝါအကြောင်းကို ကျွမ်းဟန်မတူဘူး။ ပင်လယ်ရေပြင်မှာ ငါးပူတင်း ဆိုတဲ့ ငါးတစ်မျိုးရှိတယ် လူကလေး၊ သူ့အသားကတော့ စားလို့ကောင်းတယ်လို့ ကြားဖူးတာပဲ။ သူ့ သည်းခြေက အင်မတန် အဆိပ်ပြင်းလို့ စားမိတဲ့လူ သေစေနိုင်တယ်။ အကောင်ဖြစ်နေပြီးဖြစ်တဲ့ ငါးပူတင်းတစ်ကောင်ရဲ့ သည်းခြေကို စားမိမှ သေတာမဟုတ်ဘူး။ ငါးပူတင်းဥကို စားမိရင် လည်း သေစေနိုင်တာပဲ။

ဘာကြောင့်လဲဆိုတော့ အကောင်ဖြစ်တော့မယ့် ဥထဲမှာ သတ္တဝါတစ်ကောင်ရဲ့ အင်္ဂါက စုံစုံလင်လင် ပါရမှာကိုး။ ဒီတော့ သတ္တဝါတစ်ကောင်ရဲ့ အင်္ဂါအစုံဆိုရင် သည်းခြေလည်း ပါရတာပေါ့။ သေးငယ်တဲ့ ဥကလေး တွေထဲမှာ အင်္ဂါစုံအောင် သည်းခြေက ဥတိုင်းပါနေတော့ ငါးပူတင်းဥကို စားမိရင် သေတာပဲ။ သဘောပေါက်ကဲ့လား လူကလေး"

ဘသာပေါ် သဘောပေါက်သွားသည်။

ငန်းပြာသာဒ်ထဲမှာ အကောင်ဖြစ်ရန် ရင့်နေပြီဖြစ်သည့် ဥထဲတွင် ငန်းပြာသာဒ်တည်းဟူသော သတ္တဝါဆိုး၏ အင်္ဂါတစ်ပါးဖြစ်သည့် အဆိပ်သည် ဝင်နေပေလိမ့်မည်။ ထို့ကြောင့် ညီလေးနှင့် ညီမလေးတို့ မိသားစုများသည် ငန်းဥတွေကို စားမိကြမည်။ ငန်းကြီး လိုက်လာသောအခါ အပြေးကောင်းသည့်အတွက် အကိုက်မခံ ရလင့်ကစား၊ စားထားသည့် ဥတွေက အဆိပ်တက်ပြီး၊ ဘသာပေါ်တို့ ရွာအရောက် တွင် ဘာဖြစ်လာသည်ကိုမျှ မပြောနိုင်တော့ဘဲ သေဆုံးကုန်ကြခြင်းဖြစ်ပေလိမ့်မည်။

"တော်တော် အဆိပ်ပြင်းတဲ့ အကောင်မျိုးပဲ၊ ကြောက်ဖို့ ကောင်းလိုက်တာ "

ဘသာပေါ်က ပြောလိုက်သည်။

ဘုန်းတော်ကြီးက ဆက်လက် မိန့်ကြားသည်။

"သူ့ စက်အတန့်တွေထဲမှာ အလောင်းစင်ပုံ၊ လေးတိုင်စင်သဏ္ဍာန်တွေ ပါတယ်ဆိုကတည်းက ဒီမြွေမျိုး ကိုက်ရင် ဆေးမမီတော့ဘူး ဆိုတာပြတဲ့ လက္ခဏာပဲ လူကလေး"

ဘသာပေါ် က သူတို့ရွာကို ရောက်လာပြီး၊ အဖြစ်ဆိုးဖြင့် သေဆုံးကုန်ကြသော ညီလေးနှင့် ညီမလေး မိသားစု တွေအဖြစ်ကို ဘုန်းတော်ကြီးအား ပြန်လည်လျှောက်တင်ပြီး ...

"ဒီအတိုင်းဆိုရင် အခု တပည့်တော်တွေ့ခဲ့တဲ့ အကောင်ကြီးဟာ အဖိုလား၊ အမလား မသိဘူး။ တစ်ကောင် ကျန်နေဦးမယ်၊ အဲဒီကျန်တဲ့ တစ်ကောင်ကမှ ပိုဆိုးမှာ ဘုရား။ ဘာကြောင့်လဲဆိုတော့ သူ့အဖော်က အခုလို ဖြစ်သွားတာကိုး" ဘုန်းတော်ကြီးက ဦးခေါင်းခါလိုက်သည်။

"မကျန်တော့ဘူး လူကလေး၊ အခု လူကလေးနဲ့ တွေ့တာက မြွေအမကွယ့်၊ အဖိုက သေသွားပြီ"

"အရှင်ဘုရားက ဘယ်လို သိပါသလဲ ဘုရား"

"အေး ... ငါအရင်နေတာက ဒီနေရာမှာ မဟုတ်ဘူးကွယ့်၊ ဟောဒီက လှမ်းမြင်ရတဲ့ တောင်ထွတ် မြင့်မြင့်ကြီးကို တွေ့လား"

ဘုန်းတော်ကြီး က မိန့်ကြားရင်း လက်ဖြင့် ညွှန်ပြလိုက်သည်။

ဘသာပေါ်က ဘုန်းတော်ကြီးပြရာကို မျှော်ကြည့်လိုက်သည်။

"မြင်ပါတယ် ဘုရား"

"အဲဒီ တောင်ထွတ်မှာ ငါ တရားထိုင်နေခဲ့တယ်၊ ဒီတော ဒီတောင်မှာ ဒီမြွေမျိုးက တဖြည်းဖြည်း တိမ်ကောလာလို့ အဖိုအမ နစ်ကောင်ပဲ ကျန်တော့တယ်၊ သူတို့နစ်ကောင်က ငါတရားထိုင်တဲ့ တောင်ကြီး ထိပ်နား က လိုဏ်ဂူထဲမှာ နေကြတယ်၊ လွန်ခဲ့တဲ့ ခြောက်နစ်လောက်ကပေါ့"

ဘုန်းတော်ကြီး စကားမဆုံးမီ ...

"အရှင်ဘုရား မကြောက်ဘူးလား"

ဟု ဘသာပေါ်က ဖြတ်မေးလိုက်သည်။

"မကြောက်ပါဘူး လူကလေးရယ်။ သူတို့ကို ငါ ဘယ်လိုမှ ရန်မမူဘဲ မေတ္တာပို့ပေးတယ်၊ နောက်ပြီး မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ခန္ဓသုတ်ပရိတ်တော်ကို အမြဲရွတ်ဖတ်စီးဖြန်းပြီး ဝိရူပက္ခမြွေမျိုး၊ ဧရာပထ မြွေမျိုး၊ ဆဗျာပုတ္တမြွေမျိုး၊ ကဏှာဂေါတမ မြွေမျိုး၊ အဲဒီ မြွေမျိုးလေးပါးကို အမြဲမေတ္တာပို့နေတာက တစ်ကြောင်း၊ စင်ကြယ်တဲ့ သီလသမာဓိ ကြောင့်လည်း ပါတယ်ထင်ရဲ့၊ ဒီမြွေကြီးနစ် ကောင်က ငါ့ကို ဘယ်လို မှ ရန်မမူခဲ့ဘူးလေ၊ ဒီလိုနဲ့ နေလာခဲ့ကြတာ လွန်ခဲ့တဲ့ ခြောက်နစ်ကျော်လောက်ကတော့ ..."

ဘုန်းတော်ကြီးသည် သူ့ မျက်မြင်အဖြစ်ကို ပြန်ပြောပြနေသည်မှာ ဘသာပေါ်ပင် မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်း မြင်လာမိသည်။

ထိုနေ့သည် မြွေအဖိုအမ နစ်ကောင်တို့ အစာရှာရန် လိုဏ်ခေါင်းထဲက ထွက်လာခဲ့ကြသည်။ လိုဏ်ခေါင်း ထဲက အပြင်သို့ လွတ်လွတ်ကျွတ်ကျွတ် ရောက်လာသည်နှင့် တစ်ပြိုင်နက် တောင်ထိပ်ပေါ်ရှိ သစ်ပင်ကြီး တစ်ပင်ထက် က ရတ်ရတ်သဲသဲ လေပြင်းကျသလို အသံတွေ ကြားရသည်။ စကြံကြွနေသော ဘုန်းတော်ကြီး သည် အသံထွက်ပေါ်လာရာ သစ်ပင်ဆီသို့ ကြည့်လိုက်သောအခါ အောက်ချင်းငှက်ကြီးတွေထက်ပင် ကြီးမားသော ငှက်ကြီးတစ်အုပ်သည် အရှိန်အဟုန်ပြင်းစွာဖြင့် မြွေကြီးနစ်ကောင်ရှိရာသို့ ထိုးဆင်းသွားကြသည်။ ငှက်အုပ်ကြီး ထိုးဆင်းလာသည်တွင် နောက်ကလိုက်လာသော မြွေကြီးက လိုဏ်ခေါင်းထဲ သို့ လျင်မြန်စွာပြန်ဝင်ပြေးသွားသည့်အတွက် ငှက်အုပ်ကြီးရန်က လွတ်သွားသည်။

ရှေ့က သွားနေသော မြွေကြီးသည် လိုဏ်ခေါင်းနှင့် အတန်ငယ် လှမ်းနေပြီဖြစ်သောကြောင့် လိုဏ်ခေါင်း ရှိရာသို့ အချိန်မီ မရောက်နိုင်တော့ချေ။ ထို့ကြောင့် အမြီးကိုထောက်ကာ မတ်မတ်ကြီး ရပ်လိုက်သည်။ ကြီးမားချ ကြောက်မက်ဖွယ် ကောင်းသော ပါးပျဉ်းကြီးကို ဖြန့်ကာ နာခေါင်းလေကို တရှူးရှူးမှုတ်ပြီး၊ တတ်နိုင်သမျှ ခုခံရန် ဟန်ပြင်ထားသည်။

မြွေကြီး ဟန်မူရာသည် မြင်ရသူအဖို့ပင် ကြောက်စရာကောင်းလှသည်။ သို့သော် ငှက်ကြီးတွေက မကြောက်ဘဲ၊ အရပ်မြင့်သော လူတစ်ယောက် လက်တစ်ဖောင်ကျော်ကျော် အမြင့်မျှ မတ်မတ်ရပ်ကာ ခုခံရန် ဟန်ပြင် မာန်ဖီနေသော မြွေကြီးကို ထိုးသုတ်ရန် အကွက်ကောင်းကို ချောင်းနေသည့် အလား၊ မြွေကြီး ဦးခေါင်းအထက် လွတ်သည်ဆိုရုံမျှ အမြင့်တွင် လှည့်ပတ် ပျံဝဲနေကြသည်။

မြွေကြီး ကား အရှူးမီးဝိုင်းဖြစ်နေသည်။ ရန်သူတွေက သူ့ပတ်ဝန်းကျင်မှာ ပတ်ချာလှည့်နေကြသည်ဖြစ်ရာ ရှေ့မှာ ရှိနေသော ရန်သူကို ဂရုစိုက်လျှင် နောက်ကရန်သူက ဝင်တော့မည်၊ နောက်က ရန်သူကို လှည့်ကြည့်နေလျှင် ရှေ့ရန်သူက တိုက်ခိုက်တော့မည်။ မတ်မတ်ထောင်နေလျက်နှင့်ပင် သူ့ဦးခေါင်းအထက်မှာ ပတ်ချာလှည့်နေကြသော ငှက်အုပ်ကြီးနည်းတူ ပတ်ချာလှည့်နေရာမှ ကြာရှည်ခံနိုင်စွမ်း မရှိတော့ဟန်ဖြင့် မြေပြင်ပေါ်သို့ ပါးပျဉ်းကြီးကို ရုတ်ခနဲ ချကာ လျင်မြန်လှစွာသော အဟုန်ဖြင့် လိုဏ်ဂူရှိရာသို့ လျောတိုက် ပြေးသွားတော့သည်။

သို့သော် ငှက်အုပ်ကြီးကား မြေပြင်ပေါ်မှာ လျှောတိုက်ပြေးသွားနေသော မြွေကြီးထက်ပင် လျင်မြန်ကြသည်။

တစ်ကောင်သော ငှက်ကြီးက မြွေကြီး၏ ဦးခေါင်းတည့်တည့်သို့ စိုက်ဆင်းပြီး ရဲရဲနီဝါ ရှည်လျားချွန်ထက်သော နှုတ်သီးဖြင့် ပေါက်၍ အံ့ဩစရာကောင်းအောင်ပင် လျင်မြန်စွာ ကောင်းကင်သို့ပျံတက်သွားသည်။ ငှက်ကြီး၏ လျင်မြန်မှုသည် လျှပ်ပြက်သည်ထက်ပင် မြန်ပေလိမ့်မည်ဟု ဘုန်းတော်ကြီးက ထင်လိုက်မိသည်။

မြွေကြီးသည် သူ့ဦးခေါင်းကို နှုတ်သီးဖြင့် ပေါက်လိုက်သော ငှက်ကြီးကို မည်သို့မျှ ပြန်လည်ခုခံရန် အချိန်မရလိုက်တော့ချေ။ နှုတ်သီးဖြင့်အပေါက်ခံလိုက်ရသောနေရာမှ သွေးတွေ ရဲလာသည်။ ပြေးသွား နေသော မြွေကြီး၏ လျင်မြန်မှုအရှိန်သည် လျော့သွားသည်။ ထိုအခိုက် ငှက်ကြီးတစ်ကောင်က ဆင်းလာပြီး နှုတ်သီးဖြင့် ပေါက်လိုက်ပြန်သည်။

ပြင်းထန်သော ဒဏ်ရာဒဏ်ချက်ကြောင့် ပါးပျဉ်းမထောင်နိုင်တော့သော မြွေကြီးသည် သူ့ဦးခေါင်းကို နှုတ်သီးဖြင့် ပေါက်နေကြသော ငှက်ကြီးတွေကို အမြီးဖြင့်ရိုက်သလို လုပ်နေသော်လည်း တစ်ကောင်ကိုမျှ မထိချေ။ ငှက်ကြီးတွေ ဝိုင်းအုံနှုတ်သီးဖြင့်ပေါက်ခြင်းခံရသော မြွေကြီး၏ ဦးခေါင်းသည်သာ ကြေမွလာသည်။

မြွေကြီးသည် ထွန့်ထွန့်လူးနေတော့သည်။ ဦးခေါင်းပိုင်းကား လုံးဝ မထူနိုင်တော့ချေ။ ခါးလယ်နှင့် အမြီးပိုင်း သည်သာ ဖြောင်းဆန်နေသည်။ ငှက်ကြီးတွေကား အနားမပေးဘဲ အဆင်သင့်သည် အကောင်က တစ်ကောင်ပြီး တစ်ကောင် ထိုးဆင်းကာ နှုတ်သီး ဖြင့် ပေါက်နေကြသည်။

သို့ဖြင့်ပင် မြွေကြီး၏ လည်ပင်းသည် ဖွာရရာ စုတ်ပြတ်ကာ ကိုယ်လုံးကြီးနှင့် တခြားစီဖြစ်၍ ပြတ်သွား တော့သည်။ ထိုအခါမှ ငှက်အုပ် ကြီးသည် မြွေကြီးကိုယ်ကို နှုတ်သီးဖြင့် ပေါက်ကာ စားသောက် ကြလေသည်။

ဘုန်းတော်ကြီးက မျက်မြင်ကိုယ်တွေ့ ပြောပြနေသည်ကို နားထောင်နေသော ဘသာပေါ်၏ မျက်လုံးထဲမှာ ဤအတိုင်း မြင်နေမိသည်။

ဘုန်းတော်ကြီး ဆက်လက် မိန့်ကြားလိုက်၏။

"ငါလည်းဘာမှ မတတ်နိုင်ဘူး လူကလေး၊ သူတို့အနားကိုမသွားဝံ့ဘူးလေ။ ဒါကြောင့် အဝေးကပဲ ကြည့်နေလိုက် ရတယ်၊ စိတ်မကောင်းစရာတစ်ခုက မြွေကြီးကို ငှက်အုပ်ကြီးက ထိုးဆိတ်စားသောက်နေကြခိုက်မှာ လိုဏ်ခေါင်းထဲကို ဝင်ပြေး လွတ်မြောက်သွားတဲ့ မြွေကြီးက လိုဏ်ခေါင်းအဝမှာခေါင်းပြူရုံလေးပြူကြည့်နေရှာတယ်၊ သူ့အဖော်အတွက် ဘယ်လောက် စိတ်မကောင်းဖြစ်လိုက်မလဲ၊ လူလို အော်ဟစ် ငိုယိုဖို့ မတတ်လို့သာပေါ့ လူကလေး"

ဘုန်းတော်ကြီး စကားကြောင့် ဘသာပေါ်ပင် စိတ်မကောင်းမိပေ။ သို့သော် ...

"တခြား သတ္တဝါတွေနဲ့ လူတွေကို ဒီမြွေကြီးတွေ ကိုက်ခဲဝါးမျိုစားသောက်ကြစဉ်ကလည်း သူတို့အစားခံရတဲ့ သတ္တဝါတွေနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ စိတ်ထဲမှာလည်း ဒီလိုပဲ ခံစားကြရပေလိမ့်မယ် "

ဟု ဘသာပေါ် က စာနာသော အတွေးကို တွေးနေမိသည်။

ဘုန်းတော်ကြီး က ဆက် မိန့်ကြားလိုက်ပြန်သည်။

"ဒီလို ကြောက်စရာ အကောင်းဆုံး ငန်းမြွေမျိုးတွေကတော့ တစ်ကောင်ပဲ ကျန်တော့တာ၊ အခုတော့ လူကလေးနဲ့တွေ့လို့ မျိုးပြုတ်ပြီပေါ့ကွယ်။ တခြားငန်းမျိုးနဲ့ မြွေမျိုးတွေကတော့ ဆေးကုခံပါတယ်၊ လူလေးမှာလည်း မွေးရာပါ မြွေနိုင်စက်အမှတ် တွေက ပါနေတော့ ငါ မေတ္တာရပ်ခံပါရစေ"

"မိန့်တော်မူပါ ဘုရား"

ဘသာပေါ်က ပြန်လည်လျှောက်ထားလိုက်သည်။

"လူကလေးမှာ မွေးရာပါ စက်အမှတ်တွေကို အချည်းနှီးမဖြစ်ပါစေနဲ့၊ မြွေဆိုးကိုက်ခံရတဲ့ ဝေဒနာသည်တွေကို လက်လှမ်းမီ သလောက် မေတ္တာစေတနာထားပြီး ကယ်တင်ပါ။ မြွေမျိုးထဲမှာ တန်ခိုးအကြီးဆုံးဖြစ်တဲ့ နဂါးမျိုး နှစ်မျိုး ရှိတယ်ကွယ့်။ ကုန်းနေနဂါးနဲ့ ရေနေနဂါးနော်။ ရေနေနဂါးကတော့ လူသားတွေအဖို့ တွေ့ဖို့လမ်း လုံးဝမရှိဘူး။ ကုန်းနေနဂါးကတော့ မြေပေါ်နေတာကြောင့် အင်မတန် ကြုံကြိုက်ရင်တော့ တွေ့နိုင်တယ်။ နဂါး အပေါက်ခံရရင်လည်း ဆေးမမီဘူး၊ သို့သော် လူကလေးအနေနဲ့ သက်သတ်လွတ်ကိုစားပြီး စင်ကြယ်တဲ့ အကျင့်သိက္ခာကိုစောင့်ထိန်းမယ်ဆိုရင် ဆေးမမီအောင် အဆိပ်ပြင်းတဲ့ နဂါး ကိုက်ခံရတဲ့ ဝေဒနာသည်ကို ကယ်တင်နိုင်ပါလိမ့်မယ် ..

ဘသာပေါ် သည် သူ့လျှာမှာပါသည့် အမှတ်အကြောင်းကို တွေးနေရာမှ ဘုန်းတော်ကြီး မိန့်ကြားချက် အတိုင်း လိုက်နာရန် စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ဘုန်းတော်ကြီးကို လက်အုပ်ချီပြီး ကတိပေးစကားလျှောက်ထားလိုက်သည်။

"တပည့်တော်သည် ငွေကြေးပစ္စည်းကိုလည်းအဓိကမထား၊ ယုတ်ညံ့သောအကျင့်ကိုလည်း နလုံးမသွင်းဘဲ စင်ကြယ်သော ကိုယ်ကျင့်တရား၊ မွန်မြတ်သော စိတ်စေတနာဖြင့် တပည့်တော်နှင့် ကြုံကြိုက်တွေ့ဆုံသမျှ မြွေကိုက်ခံ ဝေဒနာသည် တွေကို ကယ်တင်ပါ့မယ် ဘုရား"

ဘုန်းတော်ကြီးသည် ဘသာပေါ်စကားကြောင့် လေးနက်စွာ သာဓုခေါ်လိုက်သည်။

"အေးအေး လူကလေး ပြောခဲ့တယ်ကွယ်၊ လူကလေး မွေးစားထားတဲ့ ကလေးနှစ်ယောက်ရဲ့ မိဘဆွေမျိုးတွေ သေရပုံလေ။ ငန်းပြာသာဒ်ဥတွေကို စားမိလို့ သေကြတာနော်၊ ဒါကြောင့် ဒီငန်းဆိုးမျိုး ကတော့ လုံးဝ မရှိတော့ဘူး။ ကဲ … လူကလေး သွားပေတော့။ ဆောင်ရွက်စရာ ရှိတာတွေကို ဆောင်ရွက်ပေတော့"

ဘသာပေါ်သည် ဘုန်းတော်ကြီးကို ရှိခိုးကန်တော့ကာ စိတ်လက်ပေါ့ပါးစွာဖြင့် အိမ်သို့ ပြန်လာခဲ့သည်။

ဘသာပေါ်သည် စိတ်ထဲမှာ သတိပြုမိလိုက်သည့် အချက်တစ်ခုရှိနေသည်။

သူ့လျှာပေါ်မှာရှိသည့် မွေးရာပါအမှတ်တွေသည် သူ့ကိုမွေးသည့် မိဘတွေကလွဲပြီး မည်သူမျှလည်း မသိကြ။ သူ့မိဘ တွေနှင့် သူကိုယ်တိုင်ကလည်း ဤအမှတ်တွေ၏ တန်ဖိုးကို လုံးဝ မသိကြသည့်အလျောက် မည်သည့်အခါမျှ ဂရုမစိုက် ခဲ့ကြချေ။

ယခုမှ မြွေဆိုးကြီးရန်ကို နှိမ်နင်းလိုက်သည်နှင့် စကားစပ်ကာ ဘုန်းတော်ကြီးက မိန့်ကြားလိုက်သည့်အတွက် ဘသာပေါ် မမျှော်လင့်ဘဲ သိလိုက်ရခြင်းဖြစ်သည်။ သူ့မိဘတွေနှင့်တကွ အခြားသူတွေက ဖြစ်ရပ်အမှန်ကိုပြော၍ ယုံချင်မှ ယုံကြမည်။ မယုံဘဲ ပြက်ရယ်ပြုကြလျှင် သူ့အနေဖြင့် စိတ်ဆိုးစရာ၊ စိတ်ပျက်စရာ ဖြစ်လာပေမည်။

မလိုလားသူကဆိုလျှင် ဝမ်းတွင်းရူးဟုပင် ပြောကြမည်ဖြစ်သည်။ ထို့ကြောင့် သူ့မွေးရာပါ အမှတ်တွေနှင့် ပတ်သက်ပြီး မည်သည့် စကားမျှ စ မထွက်စေဘဲ သိုသိပ်စွာသာ နေလိုက်ခြင်းက ကောင်းပေမည် ဟု တွေးလိုက် သည်။

ဘသာပေါ် ရွာသို့ ပြန်ရောက်သောအခါ သူတို့ ဆွေမျိုးတစ်သိုက်သာလျှင်မဟုတ် အခြားရွာက ပြောင်းရွှေ့လာကြသည့် လူအချို့ကိုပါတွေ့ရသည်။ ဒုက္ခပေးနေသည့် အရာဝတ္ထုကြီးကြောင့် လာရောက် စုပေါင်းကာ လွတ်ရာလွတ်ကြောင်း တိုင်ပင်နေကြသည်ကို တွေ့ရသည်။

နတ်ကို အယူသီးသူတွေက နတ်ပွဲပေးပြီး တောင်းပန်ရန် အကြံပေးကြသည်။ ဘသာပေါ်က သူတို့ တစ်တွေ ပြောကြသည့် စကားကို ဆုံးအောင်နားထောင်နေပြီးမှ ထိုအရာဝတ္ထုကြီးသည် မကောင်းဆိုးဝါးမဟုတ်ဘဲ အဆိပ်ပြင်းသည့် ကြောက်မက်ဖွယ် မြွေဆိုးကြီးတစ်ကောင် ဖြစ်ကြောင်း၊ သူ နှိမ်နင်းသတ်ဖြတ်ထားခဲ့ပြီဖြစ်ကြောင်း သေချာစွာ ပြောပြသော အခါ အားလုံးသည် အကြီးအကျယ် အံ့သြကုန်ကြတော့သည်။

"ဟုတ်ကဲ့လားဟယ် သာပေါ်ရယ်၊ တော်တော်လည်း ကြွားပါဟယ်"

ဟူသော စကားကိုပင် အချို့က ပြောကြသည်။ ရိုးရိုးတန်းတန်း ဒူးလေးဖြင့်ပစ်ပြီး နှိမ်နင်းခဲ့ပါသည် ဆိုခြင်းကိုပင် ဤမျှလောက် ပြက်ရယ်ပြုနေကြလျှင် သူ့မွေးရာပါ အမှတ်တွေအကြောင်းသာ ပြောလိုက်လျှင်မည်မျှ လှောင်ပြောင်ကြ မည်နည်း ဟု ဘသာပေါ် တွေးလိုက်မိသည်။

ထို့ကြောင့် ဘသာပေါ်က ငြင်းခုံပြောဆိုနေခြင်း မပြုတော့ဘဲ သူ့နောက်လိုက်ခဲ့ပြီး သေနေသော မြွေသေကောင်ကြီးကို လက်တွေ့လိုက်ကြည့်ကြရန် တိုက်တွန်းလိုက်သည်။

ထိုအခါ မှ ဘသာပေါ် မိဘတွေအပါအဝင် တစ်ရွာလုံးလိုလို လိုက်ကြည့်ကြသည်။ ဘသာပေါ်ကို မည်သူမျှ ပြက်ရယ် မပြုကြတော့။ ကယ်တင်ရှင်ကြီးအဖြစ် အားကိုး ကြည်ညိုကြသည်။ ကျေးဇူးတင်ကြသည်။

သို့နှင့်ပင် ဘသာပေါ်တို့ ရွာကလေးသည် အေးချမ်းသာယာစွာ နေမြဲတိုင်း နေထိုင်လုပ်ကိုင် စား သောက်လာခဲ့ကြသည်။

ဘသာပေါ်သည် သူ့ကိုယ်ကိုသူ စိတ်ချစွာဖြင့် တောတောင်တစ်ခွင် လှည့်လည်ကာ အဆိပ်နိုင်သည့် ဆေးမြစ်၊ ဆေးဥ၊ ဆေးရွက်စသည်တို့ကို ရှာဖွေစုဆောင်းကာ ဆေးကုသရန် အဆင်သင့်အနေအထားမျိုးဖြစ်အောင် လုပ်ကိုင် ဆောင်ရွက် ထားသည်။ ကျေးဇူးရှင်မိဘတွေက နေရင်း ဇာတိရွာကလေးကို သံယောဇဉ်ကြီးလွန်း၍ မခွာနိုင်သလို ဘသာပေါ်ကိုလည်း အဝေးရပ်ဒေသသို့ မသွားရန် တားမြစ်ထားသည်။

ထို့ကြောင့် ကျေးဇူးရှင် မိဘများ တစ်သက်ဝယ် ဘသာပေါ် ဤ ရွာကလေးမှာပင် နေရပေဦးမည်။ မိဘတွေ မရှိတော့သည့် အခါမှ ဘုန်းတော်ကြီးထံတွင် သူ ကတိပြုလာခဲ့သည့်အတိုင်း သွားနိုင်သမျှ ဒေသအရပ်သို့ သွားကာ မြွေကိုက်ခံ ဝေဒနာရှင်များကို ကယ်တင်ရပေမည်။

# အခန်း (၁၁)

အိမ်ရှင်အဘိုးကြီးနှင့် အဘွားကြီးသည် ဘသာပေါ်အကြောင်းကို ပြောဆိုနေရာမှ မောသွားဟန်ဖြင့် ရပ်နား လိုက်ကြသည်။

မခင်ရွှေသည် အလိုက်သိစွာ သူဝယ်ထားသည့် ဖျော်ရည်ပုလင်းကို ယူလာပြီး အဘိုးကြီးနှင့် အဘွားကြီးကို ဖျော်ရည် တစ်ဖန်ခွက်စီ ရှိသေစွာ တိုက်ကျွေးလိုက်သည်။ အဘိုးကြီးနှင့်အဘွားကြီး ဖျော်ရည်သောက်ပြီး အမောပြေ သလောက် ရှိသောအခါ မခင်ရွှေက စကားစပြန်ဖော်ပြီး မေးလိုက် သည်။

"အဘိုးသာပေါ် မိဘတွေ ဆုံးကုန်တော့မှ ရွာကထွက်ဖြစ်တာပေါ့နော် ဘိုးဘိုး"

အဘိုးကြီးက ဦးခေါင်းညိတ်ပြီး ဆက်ပြောသည်။

"ကျေးဇူးရှင် မိဘတွေ ဆုံးကုန်ကြတော့ တို့နှစ်ယောက်အသက်တွေက အရွယ်ရောက်လာကုန်ကြပြီလေ။ အစ်ကိုကြီးနဲ့ ရွာရိုလူကြီးကပဲ တို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်တယ်။ ကျေးဇူးရှင် မိဘတွေ စုဆောင်းထားရှိခဲ့တဲ့ ပစ္စည်းကိုလည်း အစ်ကိုကြီးက ဘာမှမယူဘဲ တို့နှစ်ယောက်ကို အားလုံးပုံပေးထားခဲ့ပြီး အစ်ကိုကြီးက ရွာမှာမနေတော့ဘူး။ ရပ်ဝေးကို သွားတော့မယ်ဆိုတော့ တို့နှစ်ယောက် ငိုကြရတာပေါ့။ မသွား ပါနဲ့ လို့ တောင်းပန်တော့မှ အစ်ကိုကြီးလည်း အခုတင်က ဘိုးဘိုးပြောပြခဲ့တဲ့အကြောင်းတွေကို အားလုံး စုံစေ့အောင် ပြန်ပြောပြတယ် ဆရာမရဲ့"

"အဘိုးသာပေါ်က သူ့မွေးရာပါ အမှတ်တွေအကြောင်းကို ဘိုးဘိုးနဲ့ ဘွားဘွားကိုတော့ ပြောပြ တယ်နော်"

မခင်ရွှေ က ဖြတ်ပြောလိုက်သည်။

"အေးကွယ့် ... အစ်ကိုကြီးက တို့နှစ်ယောက်ကို ညီရင်း ညီမရင်းလို ချစ်တယ်လေ။ မိဘတွေကလည်း မရှိတော့ဘူး။ နောက်ပြီး ... သူလည်း ရပ်ဝေးကို အချိန်ကာလ အကန့်အသတ်မရှိ ထွက်ခွာသွားတော့မယ် ဆိုတော့မှ တို့နှစ်ယောက်ကို အားလုံးဖွင့်ဟသွားတာ လ

အဘိုးကြီး စကားဆုံးသောအခါ အဘွားကြီးက -

"အစ်ကိုကြီးကျေးဇူး ကြီးပါပေမယ်။ အစ်ကိုကြီး မေတ္တာ၊ စေတနာကိုတော့ ဘယ်တော့မှ မမေ့နိုင်ပါဘူး။ ရွာက ထွက်သွားပြီးတဲ့နောက် နှစ်ပေါင်း တော်တော်ကြာကြာ သတင်းအစအနမရဘဲ ပျောက်နေလိုက်တာ၊ နောက်တော့ ရေပြာအိုင်ဆိုတဲ့ ရွာမှာ မြွေကိုက်ခံရတဲ့ ဝေဒနာရှင်တွေကို ကယ်တင်နေတဲ့ ဆရာသာပေါ် ဆိုတာ ရှိတယ်လို့ ဥသျှစ်ပင်ကို ဈေးဝယ်ဆင်းရင်း သတင်းအစ ရလိုက်တယ်။ ဒါနဲ့ အစ်ကိုကြီးနဲ့ ခွဲမနေတော့ဘူး၊ အစ်ကိုကြီးရှိရာကို လိုက်မယ်လို့ ဆုံးဖြတ်ပြီးရှိတဲ့ ပစ္စည်းလေးတွေကို ထုပ်ခွဲပြီး လိုက်လာခဲ့ကြတာ။ ဒီမြို့လေးကိုလည်း ရောက်ရော ဆရာသာပေါ် ရေပြာအိုင်က ထွက်သွားတာ ဘယ်လိုမှ သတင်း မရတော့ဘူး။ အစအန ပျောက်သွားပြီလို့ ခိုင်ခိုင်လုံလုံ သိရတော့ ရေပြာအိုင်ကို ဆက်မသွားတော့ဘဲ ဒီမြို့လေး မှာပဲ သောင်တင်နေခဲ့ကြတာ အခုထက်တိုင်ပါပဲ ဆရာမ"

ဟု နိဂုံးချုပ် လိုက်သည်။

သုံးယောက်စလုံး စကားမဆက်နိုင်ကြတော့ဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ အဘိုးကြီးနှင့် အဘွားကြီးတို့ စိတ်ထဲမှာ မည်ကဲ့သို့ တွေးနေစဉ်းစားနေသည်ကို မခင်ရွှေ မသိသော်လည်း မခင်ရွှေ စိတ်ထဲတွင်မူ ...

"အဘိုးသာပေါ် သေသလား၊ အသက်ရှင်လျက် ရှိနေသေးလား၊ ဘွားရွှေအိမ် ပြောပြသည့် စကားအရ အိပ်မက်ထဲတွင် လူတစ်ပိုင်း မြွေတစ်ပိုင်း တွေ့ရသည်။ ဆိုခြင်းမှာ ဘွားရွှေအိမ်၏ ခင်ပွန်းသည် သူချစ်ခင်ကြည်ညိုသော ဘိုးသာပေါ်ကို စိတ်စွဲ၍ မက်ခြင်းလား၊ တကယ်လား" စသည်ဖြင့် မခင်ရွှေ တွေးနေ သော်လည်း အဖြေမပေါ်ချေ။

ရေပြာအိုင်နှင့် ပတ်သက်လာသည့် အကြောင်းတွေ ဆိုလျှင် မခင်ရွှေ ဉာဏ်မမီနိုင် ဖြစ်ခဲ့ရသည်ကို မခင်ရွှေ သည် သူ့ကိုယ်သူ အသိဆုံးဖြစ်သည်။

တိတ်ဆိတ်နေကြရာမှ အဘိုးကြီးက မေးလိုက်သည်။

"အစ်ကိုကြီးရဲ့ လျှာပေါ်မှာ မွေးရာပါ အမည်းမှတ်တွေရှိတာကို အစ်ကိုကြီးက သူမထွက်ခွာမီမှာ ပြခဲ့လို့ တို့နှစ်ယောက် သေသေချာချာ ကြည့်လိုက်ကြပါတယ်။ လူသားတွေမှာ ဒီလို အမှတ်မျိုး ပါတတ်သလား"

မခင်ရွှေ သည် အဘိုးကြီးကို စိတ်ထဲက ကြင်နာသနားမိသည်။ အဘိုးကြီးနှင့် အဘွားကြီး စာမတတ် ကြောင်းကို မခင်ရွှေ သိခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် စာပေဖတ်ရှုခြင်း မရှိသည့် သူအဖို့ ဗဟုသုတ နည်းမည်ကို တွေးမိသောကြောင့် စိတ်ထဲက ကြင်နာခြင်း ဖြစ်လိုက်မိသည်။

မခင်ရွှေ က ရှင်းလင်း ပြောပြလိုက်သည်။

"မွေးရာပါ အမှတ်ဆိုတာကတော့ အချို့လူတွေမှာ ပါတတ်ကြပါတယ်။ တချို့လူတွေမှာ အနီရောင် အမှတ်လေးတွေ ပါတတ်ကြပါတယ်။ ဒါကို စာနီအမှတ်လို့ ပြောကြတယ်။ တချို့ လူတွေမှာ အမည်းရောင်အမှတ်၊ အစိမ်းရောင်အမှတ်၊ အပြာရောင်အမှတ် စသည်ဖြင့် ပါတတ်ကြပါတယ် ဘိုးဘိုး၊ ဒါပေမယ့် ဒီအမှတ်မျိုးကတော့ တကယ် ဘုန်းသမ္ဘာရှိသူ ပုဂ္ဂိုလ် မျိုးမှာသာ ရှိတတ်တဲ့ အမှတ်မျိုးပါ။ လူတစ်သိန်းမှာ တစ်ယောက် မရှိပါဘူး။

တစ်သိန်းမပြောနဲ့လေ ကမ္ဘာပေါ်မှာ ဒီလို တန်ခိုးသတ္တိရှိတဲ့ အမှတ်မျိုး ဘယ်သူမှ မပါပါဘူး။ ဘိုးသာပေါ် အင်မတန်စင် ကြယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ဒီလို အမှတ်မျိုးပါလာတာပါ။ ကျွန်မတို့ မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ် သွားကြတဲ့ ရှင်ဘုရင်တွေဆိုတာ ဘုန်းသမ္ဘာကြီးလို့၊ ရေမြေ့ ရှင်ဘုရင်ဖြစ်ပေမယ့် ဘိုးသာပေါ်လို အမှတ်မျိုး မရှိခဲ့ကြပါဘူး ဘိုးဘိုး။ မြန်မာရာဇဝင်မှာ ထင်ရှားတဲ့ ဘုရင်နှစ်ပါးသာ လျှာမှာ အမည်းရောင် အမှတ်တွေ ပါတယ်လို့ ရာဇဝင် ရှိပါတယ်။

ဒီဘုရင်နှစ်ပါးသာ ထူးထူးခြားခြား လျှာမှာ အမည်းမှတ်တွေပါလို့ မွန်ဘုရင် ရာဇာဓိရာဇ်ကို ဗသုံဗန်စက်လို့ ရာဇဝင်မှာ စာတင်ပါတယ်။ မြန်မာဘုရင် တပင်ရွှေထီးကို ယိုးဒယားရာဇဝင်မှာ မြန်မာဘုရင် လျှာနက်မည်းလို့ အမှတ်အသား ပြုထားပါတယ်"

မခင်ရွှေ ရှင်းပြသည်ကို အဘိုးကြီးနှင့် အဘွားကြီးသည် စိတ်ဝင်စားစွာ နားထောင်နေသည်။ သူတို့ ချစ်သော၊ ကြည်ညိုသော ကျေးဇူးရှင် အစ်ကိုကြီး ဘိုးသာပေါ်အတွက် ဂုဏ်ယူသည့်အသွင် ပေါ်နေသည်။

အတန်ကြာမှ ...

"ကဲ ... ဆရာမလည်း အစ်ကိုကြီးကို စာရေးဦး၊ ဘိုးဘိုးတို့လည်း အညောင်းဖြေလိုက်ဦးမယ်။ ဪ ... ဒါထက် ဆရာမ ဟောဒီ အစ်ကိုကြီးသင်္ကန်းကို ရည်မှန်းဆွဲထားတဲ့ ပန်းချီကားကိုတော့ ဘိုးဘိုးတို့ကို ရောင်းပါ။ ဆရာမ ဘယ်လောက် ကုန်ခဲ့လဲ" ဟု အဘိုးကြီးက ပြောသည်။

"ကျွန်မ မရောင်းပါဘူး ဘိုးဘိုး။ ကျွန်မ ကြည်ညိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ ညီ၊ ညီမများဖြစ်တဲ့ ဘိုးဘိုးနဲ့ ဘွားဘွားကို ကန်တော့ပါတယ်"

မခင်ရွှေက အလိုက်သိစွာ ပြန်ပြောသောအခါ အဘိုးကြီးနှင့် အဘွားကြီးသည် ဝမ်းသာစွာ သာဓု ခေါ်လိုက်ကြသည်။

ထို့နောက် အဘိုးကြီးနှင့် အဘွားကြီးက ဆက်ပြောလိုက်သည်။

"အစ်ကိုကြီး အသက် နှစ်ဆယ်အရွယ်က ဖြစ်ခဲ့တဲ့ အဖြစ်ဆိုတော့ အခုအချိန်မှာ နှစ်ပေါင်း ကိုးဆယ် ကျော်ပြီလေ။ တို့များ အသက်တောင်မှပဲ အခုရှစ်ဆယ် ပြည့်တော့မယ့်ဟာပဲ"

မခင်ရွှေသည် နားထောင်နေရာမှ စဉ်းစားလိုက်သည်။

လွန်ခဲ့သော နှစ်ပေါင်းကိုးဆယ်ကျော် အချိန်ကဆိုလျှင် ရခိုင်ရိုးမတောင်သည် မည်မျှ တောတောင် နက်ခေါင်ပြီး တောရိုင်းတောင်ရိုင်းကြီး ဖြစ်နေမည်နည်း။ ယခုခေတ်လို လူသူအသွားအလာ အပေါက် အရောက်လည်း မများဘဲ နည်းပါးလွန်းသည့်အတွက် တောရိုင်းတိရစ္ဆာန်တွေ ကြီးပွားချင်တိုင်း ကြီးပွားနေမည်မှာ သေချာသည်။ ဘသာပေါ် တွေ့လာခဲ့သည့် ငန်းပြာသာဒ်ကြီးမျိုးဆိုလျှင် မျိုးပြုတ်သွားပြီဖြစ်သည့်အတွက် ယခုလူတွေ မြင်ဖူးမည်ဝေး၍ ကြားဖူးကြမည်ပင် မဟုတ်ချေ။ မခင်ရွှေ ပင်လျှင် ဤငန်းမြွေမျိုးရှိသည်ဟု မကြားခဲ့ဘူးပဲ၊ ယခု ဘသာပေါ်၏ညီနှင့် ညီမ ပြောပြမှ တတ့်တသြ ကြားဖူး ရသည်။

ဘသာပေါ်လိုလျှာမှာ မြွေနိုင်သည့် အမှတ်အသားတွေပါသည့် လူမျိုးဆိုလျှင် ယခုခေတ် လူတွေ အနေဖြင့် ပြော၍ပင် ယုံနိုင်ကြမည် မဟုတ်။ သို့သော် ခွေး၏ လျှာမှာ အမည်းမှတ်တွေပါလျှင် ထိုခွေးမျိုးသည် မြွေကိုက်၍ မသေနိုင်သည်ကိုမူ ယခုခေတ်လူတွေက လက်ခံသည်။ သို့သော် ထို အမည်းမှတ်တွေပါသည့် ခွေးကား ရှားပါးလှသည်။ အကောင်တစ်ထောင် မှာ တစ်ကောင်ပင် မပါလိုချေ။ ထိုအမှတ်မျိုးပါသည့် ခွေးကား အများအားဖြင့် တောရွာတွေမှာ မွေးသည့် မြန်မာခွေး ရိုးရိုးအမျိုးမှာသာ ပါလေ့ရှိသည်။

"ကျွန်မ ကို ခွင့်ပြုပါ"

မခင်ရွှေက အဘိုးကြီးနှင့်အဘွားကြီးကို ရိုသေစွာ ခွင့်တောင်းပြီး ဘိုးသာပေါ်အကြောင်းကို မှတ်တမ်း ရေးရန် သူ့အခန်းသို့ ပြန်လာခဲ့သည်။

ဇာတိဇစ်မြစ်ကို မည်သူမျှ မေး၍မရဟု ဘွားရွှေအိမ် ပြောလိုက်သော မြွေနိုင်ပုဂ္ဂိုလ်ကြီး ဘိုးသာပေါ်၏ နောက်ကြောင်း ရာဇဝင်ကို ကံအားလျော်စွာ တိုက်ဆိုင် ကြားသိလိုက်ရသော မခင်ရွှေ၏ ဝမ်းမြောက်မှုကား ဆိုဖွယ်ရာ မရှိတော့ချေ။

လဆန်းငါးရက် လကွေးလေးသည် ကောင်းကင်တိမ်မည်းညိုကြီးတွေ အကြားမှာ မသာဝံ့ဝံ့ သာဝံ့ဝံ့ဖြင့် မှုန်ရီရီ အလင်းရောင်လေးကို ပေးနေသည်။

မခင်ရွှေ သည် ဘိုးသာပေါ်၏ အတ္ထုပ္ပတ္တိကို ရေးသားပြီးစီးသောအခါ စာရေးခုံလေးပေါ်မှာတင်ထားသည့် လက်ပတ်နာရီ လေး ကို ကြည့်လိုက်၏။ အချိန်ကား သန်းခေါင် ဆယ့်နှစ်နာရီထိုးနေပြီကို ပြနေသည်။

မျက်လုံးက ကြောင်သွားသဖြင့် အိပ်ချင်သော စိတ်မရှိသေး၍ မီးကို ငြိမ်းလိုက်ပြီးလျှင် အိပ်ရာ ခေါင်းရင်းတွင်ရှိသော ပြတင်းပေါက်ကို ညင်သာစွာ ဖွင့်လိုက်သည်။ အချိန်မတော်မှ အသံမြည်အောင်ဖွင့်လျှင် အိပ်နေကြသော အဘိုးကြီး အဘွားကြီးနှင့် မြေးမလေးတို့ကို အနှောင့်အယှက်ပေးသလို ဖြစ်နေမည်စိုးသောကြောင့် ဖြည်းညင်းစွာ ဖွင့်လိုက်ခြင်းဖြစ်သည်။

မှောင်ထဲမှာပင် ပြတင်းဘောင်ကိုမှီကာ သစ်ပင်ရိပ်တွေကြောင့် မှောင်သည့် နေရာကမှောင်၊ လရောင် ပြောက်ကျား ကျသည့်နေရာက ကျနေသည့် ခြံဝိုင်းလေးကို တိတ်ဆိတ်စွာ ငေးမောကြည့်ရင်း စိတ်က ရေပြာအိုင်သို့ ရောက်သွား ပြန်သည်။

ရေပြာအိုင်သို့ စိတ်က ရောက်သွားသည်ဆိုလျှင်ပင် မောင်စိန်းမောင်၏ ပုံသဏ္ဍာန်ကို ဖျတ်ခနဲ မြင်လိုက်မိတော့သည်။ ရေပြာအိုင်ကို နောက်ဆုံး ခွဲခွာထွက်လာစဉ်က မိုးလုံးမှိုင်း သစ်ခွပန်းတွေကို တစ်ပွေ့တစ်ပိုက်ကြီး လက်ဆောင်ပေး လိုက်သော မောင်စိန်းမောင်၏ ...

"ဆရာမ နှစ်သက်တဲ့ မိုးလုံးမှိုင်းဆိုတဲ့ သစ်ခွပန်းနာမည်လို ကျွန်တော့်ဘဝ မိုးကောင်းကင် တစ်ခုလုံး ဟာလည်း ဆရာမကို လက်လွှတ်ဆုံးရှုံးတာကြောင့် တစ်ဘဝတာအဖို့ ကြည်လင်မှုကင်းပြီး မှိုင်းမှိုင်းဝေဝေ ဖြစ်ရတော့မှာပါ။ သွားပေဦးတော့ ဆရာမ။ ကြေကွဲသော ခွဲခွာခြင်းပါပဲ"

ဟူသော မောင်စိန်းမောင်၏ ကြေကွဲလှိုက်လှဲသောအသံနှင့် လှည်းလမ်းကြောင်းဘေးတွင် ရပ်ငေးကာ ကျောက်ရုပ် တစ်ရုပ်လို မခင်ရွှေ စီးသွားသောလှည်းကို ပူဆွေးလွမ်းဆွတ်စွာ မျှော်ငေးကြည့်နေသော မောင်စိန်းမောင်၏ သဏ္ဍာန်သည် မျက်လုံးထဲမှာရော နားထဲမှာပါ မြင်ယောင်ကြားယောင် လာမိပြန်တော့သည်။

မခင်ရွှေသည် သက်ပြင်းကို လေးလေးကြီးချလိုက်သည်။

"ဘယ်လိုမှ မဖြစ်နိုင်တဲ့ ဇာတ်လမ်းကို ဘာကြောင့် ငါသတိရနေပါသလဲ"

မခင်ရွှေသည် စိတ်ကိုဖြေဖျောက်ကာ အိပ်ရာထဲသို့ ပြန်ဝင်တော့မည်ဟု ပြတင်းတံခါးရွက်ကို ပိတ်ရန် ဟန်ပြင်လိုက်သော လက်သည် ပြတင်းတံခါးရွက်ကို မပိတ်နိုင်တော့ဘဲ သူ့မျက်စိရှေ့မှာ ပေါ်လာသည့် သဏ္ဍာန်ကို စူးစမ်းသော မျက်လုံးဖြင့် ကြည့်နေမိသည်။

မခင်ရွှေ မြင်လိုက်သည့် သဏ္ဍာန်ကား ခြံဝိုင်းထဲသို့ ကြောင်တစ်ကောင်လို တိတ်ဆိတ်ညင်သာစွာ ဝင်လာသော ယောကျ်ားပျို တစ်ယောက်၏ သဏ္ဍာန်ဖြစ်သည်။ မခင်ရွှေက ကြည့်နေစဉ်မှာ တစ်ခုသော ခြံကြီးအကွယ်မှ အိမ်ရှင် ဘိုးဘွားတို့၏ မြေးမလေးက ရောက်လာသော ယောကျ်ားပျို ကိုဆီးကြိုလိုက်သည်ကို မြင်လိုက်ရသည်။

မခင်ရွှေသည် သူတစ်ပါး၏လျှို့ဝှက်ချက်ကိုချောင်းကြည့်သည်မှာ မသင့်လျော်ကြောင်းကို စဉ်းစားမိသော်လည်း မြေးမလေး ၏ ငိုရှိုက်သံသဲ့သဲ့ကို အမှတ်မထင် ကြားလိုက်ရသောအခါ အံ့အားသင့်သွားသည်။ ကြည့်မြဲတိုင်း ကြည့်နေမိသည်။

ချစ်မြတ်နိုးသောသမီးရည်းစားတို့ တိတ်တဆိတ်ချိန်းချက်တွေ့ဆုံကြလျှင် ကြည်နူးပျော်ရွှင်သင့်ပါလျက်နှင့် အဘယ် ကြောင့် မြေးမလေးသည် ဝမ်းမသာနိုင်၊ မကြည်နူးနိုင်ဘဲ ငိုကြွေးရပါသနည်း။ စိတ်မချမ်းသာစရာ အကြောင်းတစ်ခု ရှိနေ လေပြီဟု မခင်ရွှေ တွေးလိုက်သည်။

ရောက်လာသော ယောကျ်ားပျို၏သဏ္ဍာန်သည် သောကဗျာပါဖြစ်နေဟန်တူသော ချစ်သူကို တစ်စုံတစ်ရာ အားပေး နှစ်သိမ့်ခြင်းငှာ မစွမ်းနိုင်သည့်အလား၊ မြေးမလေး၏ ပခုံးနှစ်ဖက်ကိုကိုင်ကာ ဦးခေါင်းငိုက်စိုက်ချ နေသည်ကို တွေ့ရသည်။

"မြင်ရချက်ကတော့ စိတ်ချမ်းသာစရာ မရှိဘူးလေ။ ဒါပေမယ့် သူတို့ ချစ်သူနှစ်ယောက် တိတ်တဆိတ် ချိန်းတွေ့နေတာကို ငါက ဘာကြောင့် ကြည့်နေ၊ ငေးနေရမှာလဲ မသင့်တော်ဘူး"

ဟူသော အတွေးဖြင့် ပြတင်းတံခါးရွက်ကို အသံမမြည်အောင် ဖြည်းညင်းစွာ ပိတ်လိုက်ပြီး အိပ်ရာပေါ်သို့ လဲလျောင်းလိုက်သည်။ သို့သော် မခင်ရွှေ အိပ်မပျော်နိုင်တော့ချေ။ သူ့ စိတ်အာရုံတွင် ရေပြာအိုင်နှင့် သောကဗျာပါ ဖြစ်နေဟန်တူသော မြေးမလေးတို့နှစ်ယောက်သာ ထွေးလုံးရစ်ပတ်ဖြစ်နေကာ လင်းအားကြီးအချိန်နီးမှ အိပ်ပျော်သွား တော့သည်။

နံနက်လင်းသောအခါ မြေးမလေး၏ အမူအရာကို မခင်ရွှေမသိမသာ အကဲခတ်လိုက်သည်။ မိန်းကလေးသည် ခါတိုင်းကဲ့သို့ပင် အိမ်အလုပ်ကို စီကာစဉ်ကာ လုပ်နေသော်လည်း မျက်နှာကမူ အတွင်းသောက အပူကို ဖုံးထားသည့် အမူအရာမျိုးဖြစ်သည်ဟု မခင်ရွှေ ထင်မိသည်။

မခင်ရွှေက မသိဟန်ပင် ဆောင်နေလိုက်သည်။ စိတ်ထဲတွင်မူ မိန်းကလေးနှင့် တွေ့သောသူသည် လူကောင်းလား၊ လူဆိုးလား၊ အဘိုးကြီးနှင့် အဘွားကြီးကို ပြောရလျှင်သင့်မည်လား စသည်ဖြင့် တွေးရင်း ကျောင်းသို့လာခဲ့သည်။

မခင်ရွှေ ကျောင်းက ပြန်လာသောအခါ၊ ဧည့်ခန်းတွင် ခံ့ညားချောမောသော လူမျိုးခြားသွေး တော်တော်များများ ရောထား သည့် ရုပ်ရည်ပိုင်ရှင် အသက်သုံးဆယ်ကျော်ကျော်လူတစ်ယောက်နှင့် အဘိုးကြီး အဘွားကြီးတို့ စကားပြောနေ ကြသည်ကို တွေ့ရသည်။ ဧည့်သည်၏ မျက်နှာထားက မာသည်။ အဘိုးကြီးနှင့် အဘွားကြီးမျက်နှာထားကညှိုးနေသည်။

မဆိုင်သော ကိစ္စကို စပ်စုရန် မသင့်ကြောင်း စဉ်းစားမိသော မခင်ရွှေက အဘိုးကြီးနှင့် အဘွားကြီးကို တစ်ချက်မျှ ကြည့်ကာ သူ့အခန်း ရှိရာသို့ လာခဲ့သည်။ အဝတ်အစားလဲပြီး ချက်ရေး ပြုတ်ရေး လုပ်နေသော မြေးမလေး ကို ကူညီရန် မီးဖိုဆောင်သို့ လာခဲ့သည်။ မြေးမလေးသည် မခင်ရွှေ ဝင်လာသည်ကို မြင်သောအခါ ဖြိုင်ဖြိုင်စီးကျနေသော မျက်ရည်တွေ ကို ကပျာကသီ သုတ်လိုက်၏။ သို့သော် မခင်ရွှေ ကောင်းကောင်းမြင်လိုက်သည်။

"ဘာဖြစ်လို့လဲ ညီမလေး"

မြေးမလေးကို ကြင်နာစွာဖက်ပြီး မခင်ရွှေ မေးသောအခါမှ မြေးမလေးသည် ပိုပြီး ဝမ်းနည်းလာဟန် ဖြင့် မျက်ရည်တွေ ကျလာပြန်သည်။

"ပြောပါ ညီမလေးရယ်၊ မမ ကူညီနိုင်တာဆိုရင် ကူညီပါ့မယ်"

ညက တွေ့ခဲ့သည့် မြင်ကွင်းနှင့် ယခု အိမ်ရှေ့မှာ မြင်ခဲ့ရသည့် မြင်ကွင်းသည် ဆက်စပ်မှုရှိနေကြောင်း မခင်ရွှေ က တွေးလိုက်မိသည်။ ထို့ကြောင့် လှိုက်လှဲသော စေတနာဖြင့် မေးလိုက်ခြင်းဖြစ်သည်။ မြေးမလေးက သိုဝှက်နိုင်စွမ်း မရှိတော့သော စိတ်ဖြင့် သိသိသာသာ ငိုရှိုက်ကာ အိမ်ရှေ့ဘက်ကို မေးငေါ့ပြပြီး ...

"ကျွန်မကို အိမ်ရှေ့ခန်းမှာရှိတဲ့ လူက ယူမယ်တဲ့ မမ၊ ကျွန်မ မကြိုက်ဘူး၊ သူ့ မယူချင်ဘူး"

ဟု တုံးတိတိ ပြောကာ ငိုလိုက်သည်။

"ဘယ်သူလဲ ညီမလေး၊ ဘာဖြစ်လို့လဲ"

မခင်ရွှေ အိမ်ရှေ့ဘက်ကို တစ်ချက်လှမ်းကြည့်ပြီး မေးသည်။

"အိမ်ရှေ့မှာ ဘိုးဘိုးတို့နဲ့ စကားပြောနေတဲ့လူပေါ့။ အသက်လည်းကြီးသေးတယ်၊ နောက်ပြီး သူတို့ ထုံးစံအတိုင်း လိုက်နေ ရမယ်တဲ့မမ။ နောက်ပြီး ဒီလူက လူပျိုလည်း မဟုတ်ဘူး"

ပြောရင်းပို ပိုရင်းပြောနေသော မြေးမလေးကို မခင်ရွှေက သေသေချာချာ မေးသောအခါမှ ဇာတ်ရည်လည်လာတော့သည်။

အဘိုးကြီးနှင့် အဘွားကြီးတို့သည် အစ်ကိုကြီးဖြစ်သူ ဘသာပေါ်ကို သတင်းနားထောင်လိုက်လာခဲ့ကြစဉ်က တစ်ယောက်တည်း မွေးထားသော သမီးနှင့်သမက်ပါ လိုက်လာခဲ့ကြသည်။ ဘသာပေါ်တို့ကား မြေပြန့်ချင်း အမျိုးသားများ ဖြစ်ကြသည့်အလျောက် သမီးနှင့် လက်ဆက်ထားသောသမက်ဖြစ်သူကလည်း ချင်းအမျိုးသားပင်ဖြစ်သည်။

ရွာမှာ ချမ်းသာသမျှကို ထုခွဲရောင်းချကာ လိုက်လာခဲ့ကြရာမှ ဘသာပေါ်သတင်း အစသတ်သွားသော ဤမြို့လေးမှာပင် ဤအိမ်လေးကိုဆောက်ကာ အခြေစိုက်နေထိုင်ခဲ့ကြသည်။ သမီးနှင့်သမက် ဆုံးပါးသွားသောအချိန်က မြေးယောက်ျားလေး တစ်ယောက် ကျန်ရစ်ခဲ့သည်။ ထို မြေးယောက်ျားလေးသည် ဤမြို့မှာ နေထိုင်လုပ်ကိုင် စားသောက်ရင်းပင် ဆွေမျိုးမဲ့ ဆင်းရဲသော မိန်းကလေးတစ်ယောက်နှင့် အကြောင်းပါကာ ယခု မိန်းကလေးကို မွေးခဲ့သည်။ မိန်းကလေး ဆယ်နှစ် အရွယ်မှာ ဇနီးမောင်နှံ နှစ်ယောက်လုံး ကွယ်လွန်ခဲ့ကြသည်။

အမှည့်တဝင်းဝင်း အကင်းတဖြိုက်ဖြိုက် ဆိုသည့်အတိုင်း အဘိုးကြီးနှင့် အဘွားကြီးသာ အသက်ရှစ်ဆယ်နားနီးအောင် အသက်ရှည်လာခဲ့ကြသည်။ သားသမီးမြေးများကား ကွယ်လွန်ကုန်ကြလေပြီ၊ အသက်အရွယ် ကြီးရင့်လာသည့်အခါ မလုပ်နိုင် မကိုင်နိုင် ဖြစ်လာကြသည်။ ထိုအခါ ရှာဖွေစုဆောင်းထားခဲ့သည်များကိုသာ ထိုင်စားလာခဲ့ကြရာမှ လွန်ခဲ့သော သုံးနှစ်လောက်ကစ၍ ငွေကြေးကျပ်တည်းလွန်းခြင်း၊ အဘိုးကြီးနှင့်အဘွားကြီးတို့ ကျန်းမာရေး ချွတ်ယွင်းလာခြင်း တို့ကြောင့် ဤအိမ်လေးကို အိမ်ပြန်ငွေပြန် သဘောမျိုးဖြင့် ပေါင်ထားခဲ့ရသည်။

ထိုငွေမှာလည်း စား၍ ကုန်သည်နှင့် အဘိုးကြီးနှင့် အဘွားကြီးကို ဆေးကုခဲ့ရသည်နှင့် ပြောင်စင်သလောက် အခြေအနေ ရောက်နေခိုက်မှာ မခင်ရွှေက ထမင်းလခပေးစားရန် ရောက်လာသည့်အတွက် မသေထမင်း၊ မသေဟင်းကို အလျဉ်မီ စားနေနိုင်လိုက်ခြင်းဖြစ်သည်။

ငွေရှင်သည် သူ့ငွေကို မည်သည့်နည်းနှင့်မျှ ပြန်ဆပ်နိုင်သည့် အင်အား အခြေအနေမရှိကြောင်းကို အစကပင် သိခဲ့ပြီး ဖြစ်သည်။ ဤသို့ မြော်မြင်စရာ အင်အားမရှိသော အဘိုးကြီး အဘွားကြီးနှင့် မြေးမလေး လူမမည်ကို မည်သူကမျှ ငွေကြေးမထုတ်ပေးချင်၊ မချေးငှားချင်သည်ကို ရေရှည်စီမံကိန်း အမြော်အမြင်ကြီးလှသော လူမျိုးခြားငွေရှင်က ရက်ရက် ရောရော ထုတ်ပေးခဲ့ သည်။

ယခု သူ့ငွေကို စကားပြောရန် အချိန်တန်လာသောအခါ ငွေကို ပြန်တောင်းသည်။ မဆပ်နိုင်လျှင် အပျိုစင် နနထွတ်ထွတ် မြစ်မလေးကို သူနှင့်လက်ထပ်ခွင့် ပေးရမည်ဟုဆိုသည်။ လက်ထပ်သည်မှာလည်း သူတို့ထုံးစံ သူတို့ဘာသာအတိုင်း သက်ဝင်လိုက်နာ လက်ထပ်ရမည် ဖြစ်သည်။ ထိုငွေကို အဘိုးကြီးနှင့် အဘွားကြီး က ပြန်မဆပ်ဘဲ နေမည်ဆိုလျှင် ငွေရှင်သည် ဥပဒေ သဘောဖြင့် အရေးယူနိုင်ခြင်းမရှိချေ။ သို့သော် ငွေရှင်သည် အသိုက်အဝန်း ကောင်းသည်။ အရေးရှိက အသုံးချရန် လူမိုက်ကို ကျေနပ်အောင်ပေးကျွေးပြီးမွေးထားသည်။ ဆွေအားမျိုးအားတောင့်သည်။ ထို့ကြောင့် တော်ရုံလူက ငွေရှင်ကို အန်မတုဝံ့ချေ။ ငွေ ပြန်မဆပ်ဘဲနေလျှင် မိန်းကလေးကို သူ့လက်ထဲ မထည့်လျှင် ဆွေမျိုး၊ အားကိုးမဲ့ဖြစ်သော သက်ကြီးရွယ်အို အဘိုးအဘွားနှင့် မြစ်မလေးတို့အား ငွေရှင်ပေးမည့် အန္တရာယ်က မသေးငယ်ပေ။

မခင်ရွှေတို့ စကားပြောနေစဉ် အိမ်ရှေ့ခန်းတွင် အဘိုးကြီး အဘွားကြီးနှင့် စကားပြောနေသော ငွေရှင်၏ ခြေသံပြင်းပြင်း နင်းပြီး အိမ်ပေါ်က ဆင်းသွားသံကို ကြားလိုက်ကြရသည်။

ကလေးမလေးက ငိုရင်းရှိုက်ရင်း ပြောပြသည်ကို မခင်ရွှေ စိတ်မချမ်းသာစွာဖြင့် နားထောင်နေရ သည်။ ကလေးမလေးက ဆက်ပြော၏။

"လက်ထပ်ပြီးရင် ဘိုးဘိုးနဲ့ ဘွားဘွားကို ဒီအိမ်ပေါ်မှာပဲ နေမြဲတိုင်း နေစေမယ်တဲ့၊ စရိတ် ထောက်ပံ့မယ်တဲ့၊ ဒါကြောင့် ဘိုးဘိုးနဲ့ ဘွားဘွားကလည်း အိုမင်းမစွမ်းဖြစ်နေတော့ ဘာမှ မတတ်နိုင်၊ ဒီလူသဘောကိုလည်း မလိုက်လျောနိုင်ဘဲ စိတ်ဆင်းရဲနေရတယ် မမ"

မိန်းကလေးသည် စကားကို ဖြတ်လိုက်ပြီး စဉ်းစားနေဟန်ဖြင့် တွေနေပြီးမှ ဆက်ပြောသည်။

"ကျွန်မမှာ ရည်းစားရှိတယ် မမ"

မခင်ရွှေ မအံ့သြတော့ပေ။

"ညီမလေး ချစ်သူ ကို ဒီအကြောင်း မပြောပြဘူးလား"

မခင်ရွှေ မေးလိုက်သည်။ သို့သော် ညက မြင်ကွင်းကြောင့် မိန်းကလေး၏ ချစ်သူသည် ထိုကိစ္စကို မည်သို့မျှ မစွမ်းဆောင် နိုင်ကြောင်း စဉ်းစားမိပြီးဖြစ်သည်။ မိန်းကလေးက ဝမ်းနည်းစွာ ဦးခေါင်းခါ လိုက်သည်။

"သူကလည်း ချမ်းချမ်းသာသာကြီးထဲက မဟုတ်ဘူးမမရဲ့။ ကျွန်မတို့လို ဆင်းရဲတာပဲ၊ ဆင်းရဲတဲ့အပြင် သူ့မှာ အဖေမရှိဘူး။ မိခင်ကြီးက လေငန်းဖမ်းထားလို့ အိပ်ရာထဲက မထနိုင်ဘူး။ သူ့ညီလေး နှစ်ယောက်နဲ့ ညီမလေး နှစ်ယောက် လူမမည်လေး တွေကို သူ လုပ်ကျွေးနေရတယ်"

မခင်ရွှေ သက်ပြင်းချလိုက်မိသည်။

မိန်းကလေးနှင့်အတူ မီးဖိုဆောင်အလုပ်ကို လုပ်နေရသော်လည်း မခင်ရွှေ စိတ်မချမ်းသာတော့ချေ။ မိန်းကလေး၏ အပြစ်ကင်းစင်နနယ်သော မျက်နှာလေးကိုကြည့်ကာ စိတ်ထဲက တွက်နေမိသည်။ အသက်အရွယ်ငယ်နသေးသည့် မိန်းကလေးမှ သားသမီးတွေ ပွားများလာမည်။

ထိုသားသမီး တွေသည် မြန်မာတိုင်းရင်းသားစိတ် မရှိတော့သည်သာမဟုတ် ဘိုးစဉ်ဘောင်ဆက်က ယုံကြည် ကိုးကွယ် လာသည့် မှန်မြတ်သော ဘာသာတရားကိုပါ ဖဲကြဉ် စွန့်ပစ်မည့်လူတွေ ဖြစ်ကုန် ကြတော့မည်။

ထိုမှ စဉ်ဆက်ပေါက်ဖွားလာသည့် အမျိုးသည် မြန်မာတိုင်းရင်းသား မဟုတ်တော့သောကြောင့် တိုင်းပြည်အနေဖြင့် သွေးရင်းသားရင်းတွေကို ရင်နင့်စဖွယ် အဖြစ်မျိုးဖြင့် ဆုံးရှုံးခံကြရတော့မည်။

မခင်ရွှေသည် တွေးရင်းစိတ်ထဲမှာ များစွာမကောင်းတော့ဘဲဖြစ်လာသည်။ ထိုအခါ မြစ်မလေး၏ဘဝကို ကယ်တင်လို သည်။

မည်သည့်နည်းဖြင့် ကယ်တင်နိုင်မည်နည်း။ ငွေကြေးသာလျှင် ကယ်တင်နိုင်မည့်အချက်ဖြစ်နေသည်။ မခင်ရွှေသည် သူ့မှာ ရှိသည့်ငွေကိုပြန်လည် တွက်ကြည့်လိုက်သည်။

ရေပြာအိုင်မှာနေစဉ်က စုမိထားသည့်ငွေ၊ ယခု ရာထူးတက်လခတိုးလာသည့်အတွက် စစ်စီစွာ စားသုံးစုဆောင်းလာခဲ့သည့် ငွေ၊ အားလုံးကို ပေါင်းလိုက်လျှင် မခင်ရွှေလက်ထဲမှာ ငွေသုံးထောင် ကျော်ကျော်လေး ရှိနေသည်။

အဘိုးကြီး၊ အဘွားကြီးတို့က ပေးဆပ်ရမည့်ငွေသည် မည်မျှ များပြားနေသည်ကို မသိရသေးချေ။ သူ့လက်ထဲမှာ ရှိနေသည့်ငွေထက်အဆမတန် များနေမည်ဆိုလျှင်လည်း သူ မကူညီနိုင်။ နောက်တစ်ချက် မခင်ရွှေ စဉ်းစားမိသည်မှာ သူ့ ကိုယ်ရေးကိုယ်တာအတွက် ဖြစ်သည်။

သူ တပင်တပန်း စုဆောင်းလာသည့်ငွေ၊ သူ စစ်စီ ခြိုးခြံစွာ စားသုံးစုဆောင်းလာသည့်ငွေ၊ ထိုငွေကို သူ့လက်ထဲမှာ ခြေစောင့်လက်စောင့်ပင် မချန်ဘဲ အိတ်သွန်ဖာမှောက် စွန့်လွှတ်လိုက်မည်ဆိုလျှင် သူ့အဖို့ မတွေးထင် မမျှော်လင့်သော ဘေးဒုက္ခမျိုး ရှောင်တခင် ပေါ်ပေါက်လာခဲ့သော် ငွေကြေးလက်မဲ့ဖြစ်ရသောသူ့အဖို့ မည်သူ့ကို အားကိုးရမည်နည်း။ လူတစ်ဖက်သားကို အကူအညီပေးသည်မှာ လွယ်သည်။ လူတစ်ဖက်သားထံမှ အကူအညီပြန်ရရန် အရေးသည် ခက်ခဲ လှသည်။

မခင်ရွှေ ချင့်ချိန်စဉ်းစားတွေးတောနေရင်းပင် ရက်သတ္တတစ်ပတ်မျှသောအချိန်သည် ကုန်လွန်သွားခဲ့သည်။ ထိုအချိန် တွင်းမှာ ကလေးမလေးကို မေးမြန်းခြင်းဖြင့် ကြွေးငွေသည် အရင်းအတိုးပေါင်း သုံးထောင်ဖြစ်ကြောင်း သိခဲ့ရလေသည်။

ထိုကုန်လွန်သွားခဲ့သော ရက်သတ္တတစ်ပတ်မျှသောအချိန်အတွင်းမှာ စိတ်ထောင်းကိုယ်ကြေဖြစ်ကြရသော အဘိုးကြီးနှင့် အဘွားကြီးတို့၏ ကျန်းမာရေးသည် သိသိသာသာ ထိခိုက်လာကြတော့သည်။

ဆင်းရဲချို့ငဲ့သောကြောင့် အားဖြစ်စေသည့်အာဟာရကို စိတ်တိုင်းကျ ဝဝလင်လင် မစားမသောက်ခဲ့ရခြင်း၊ အသက်အရွယ် အိုမင်းခြင်း၊ ကျန်းမာရေးချို့တဲ့သည့်အရင်းခံကရှိခြင်းတို့ကြောင့် အဘိုးကြီးနှင့်အဘွားကြီးတို့သည် ဟောင်းနွမ်းသော အိပ်ရာလေး တစ်ယောက်တစ်ခုစီဖြင့် လဲလျောင်းနေကြလေပြီ။ ဤသည်ကို အားနာရကောင်းမှန်းမသိ၊ ငဲ့ညှာရ ကောင်းမှန်း မသိသော ငွေရှင်သည် တစ်နေ့ တစ်ခေါက် လာကာ သူ့ဆန္ဒအတိုင်း ဖြည့်စွမ်းရန်ကိုသာ အပြင်းအထန် အရေး ဆို နေတော့သည်။

ငွေရှင်လာတိုင်း မိန်းကလေးကလည်း အမျိုးနှင့် ဘာသာကို အပျက်မခံ။ အသက်သာ အသေခံတော့မည် ဟူသော စကားကိုသာ ခိုင်မာစွာ ပြောနေသည်။

မခင်ရွှေသည် အဘိုးကြီးနှင့် အဘွားကြီးအတွက် ဆန်ပြုတ်ပန်းကန်လေးကိုယူကာ အဘိုးကြီး၊ အဘွားကြီး နားသို့ လာခဲ့သည်။

မဆိုင်သည့်ကိစ္စကို စပ်စုသည်ဟု မထင်ရန် ကြိုတင်တောင်းပန်ပြီး မခင်ရွှေ မြစ်မလေးထံက ကြားသိခဲ့ရသည် များကို ပြန်လည်ပြောပြကာ အဘိုးကြီးနှင့် အဘွားကြီး မည်သို့ စီစဉ်လိုသည်ကို မေးလိုက်သည်။ ထိုအခါ အဘိုးကြီးနှင့် အဘွားကြီးက တစ်မျိုးတည်း တစ်သဘောတည်း ဖြစ်သော စကားကို ပြောကြ သည်။

"ဆရာမကို မိန်းကလေးပြောပြတာ ဟုတ်ပါတယ်။ အားကိုးရာမဲ့ဖြစ်လွန်းလို့ ဒီလူ့ဆီကငွေကို ယူလိုက်မိတာပဲ ဆရာမ၊ အခု ပြန်မဆပ်နိုင်ဘူး။ မိန်းကလေးကို သူ့ လက်အပ်ပါလို့ ပြောတယ်။ မအပ်ဘူး ဆရာမ၊ အသေခံမယ်။ တို့သေတော့ ဒီအိမ်ကို သူ့ကြွေးရှိတဲ့အတိုင်း ယူလိုကယူ၊ မယူလိုနေ။ ဆရာမတစ်ခု ကူညီပါ လို့ တောင်းပန်ချင်တာက ..."

အဘိုးကြီးနှင့်အဘွားကြီးသည် အမောပြေအောင်နားနေလိုက်ပြီးမှ အံ့ကြိတ်ကာ ပြတ်သားသောစကားကို ပြောလိုက်သည်။

"တို့ဟာ တို့အမျိုးကို တို့သိပ်သစ္စာ စောင့်တယ်။ တို့အမျိုး ပျက်စီးမယ့်အလုပ်ကို ဘယ်တော့မှ တို့ မလုပ်ဘူး။ မိန်းကလေး ကို ဒင်းလက်အပ်လိုက်ရင် တို့ အမျိုးသားသွေးပျက်ပြီပေါ့။ ငါတို့ အမျိုးကို သေသည်တိုင်အောင် ငါတို့ စောင့်ရှောက်မယ်။

မိန်းကလေးအနေနဲ့ တိုင်းရင်းသား အချင်းချင်း ဘယ်လို လူမျိုးကိုပဲ လက်ဆက်ပါစေ တို့ကြည်ဖြူတယ်။ တိုင်းရင်းသား မစစ်တဲ့ လူမျိုးခြားကိုတော့ အသက်အသေခံရှောင်ကြဉ်ပြီး အမျိုးကို သစ္စာစောင့်မယ်။ ဒါကြောင့် တို့သေခဲ့ရင် မိန်းကလေး ကို တို့အမျိုးတွေရှိရာကို ရောက်အောင် ပြန်ပို့ပေးပါလို့ အကူအညီ တောင်းပါတယ် ဆရာမ"

အဘိုးကြီး နှင့် အဘွားကြီးစကားကို ကြားရသော မခင်ရွှေသည် ကြက်သီးမွေးညင်းထလိုက်မိသည်။

ချင်းအမျိုးသား အမျိုးသမီး၊ ကချင်အမျိုးသား အမျိုးသမီးတို့သည် သူတို့လူမျိုးအပေါ်မှာ သစ္စာစောင့်သိမှု၊ သူတို့အမျိုးကို ချစ်မှု၊ သူတို့အမျိုးကို မပျက်စီးစေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုသည် အထူးပင် ချီးကျူးစရာ ဂုဏ်ယူစရာ ကောင်းလှသည်။ ချင်း၊ ကချင် အမျိုးသားတို့က သူတို့ အမျိုးတူ အမျိုးသမီးတွေအပေါ်မှာ သစ္စာခိုင်လုံစွာထားပြီး ငဲ့ညှာ ကြင်နာစွာ ကာကွယ်စောင့်ရှောက်သည့်နည်းတူ ချင်း၊ ကချင်၊ အမျိုးသမီး တွေကလည်း အမျိုးပျက်စေမည့် အလုပ်မျိုးကို သတိကြီးစွာထားပြီး စောင့်ရှောက်ကြသည်။

မြန်မာတိုင်းရင်းသားတွေထဲမှာ ပါဝင်သော ချင်း၊ ကချင်တို့၏ သစ္စာရှိပုံ၊ ကိုယ့်လူမျိုးကို မြတ်နိုး ကာကွယ်ကြပုံကို တွေးကာ အဘိုးကြီးနှင့် အဘွားကြီးကို စေ့စေ့ ကြည့်လိုက်သည်။ ကြည့်ရင်းပင် မခင်ရွှေသည် အဘိုးကြီး နှင့် အဘွားကြီး ကို ကြည်ညိုလာသည်။

"တို့မြန်မာနိုင်ငံသားထဲမှာပါတဲ့ ချင်းအမျိုးသား အမျိုးသမီးဖြစ်တဲ့ ဒီအဘိုးကြီးနဲ့ အဘွားကြီးရော၊ မြစ်မလေး ရော၊ ကိုယ့်လူမျိုးကို မြတ်နိုးလွန်းလို့၊ ပျက်စီးမှာစိုးလွန်းလို့ ပစ္စည်းဥစ္စာကိုမကြည့်ဘဲ ကြံ့ကြံ့ တင်းခံနိုင်သေး တာပဲ။ ငါက ဘာကြောင့် မကူညီနိုင်ရမှာလဲ။ ဒီကိစ္စမျိုးကို ကူညီလိုက်ရင် အဘိုးကြီးနဲ့ အဘွားကြီးကိုရော၊ မိန်းကလေးကိုရော ကယ်တင်ရာလည်း ရောက်မယ်။ တို့တိုင်းရင်းသူ မိန်းကလေးက ပေါက်ပွားလာမယ့် တို့ သွေးသား အရင်းအချာတွေကို အမျိုးမပျက်အောင် စောင့်ရှောက်ရာလည်းရောက်မယ်။

လူမျိုးနဲ့ ဘာသာကို မပျက်စီးအောင် ကာကွယ်ရတဲ့ ငါ့အဖို့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတဲ့ ဒုက္ခသည်ကို ကူညီရတဲ့ ငါ့အဖို့ ကုသိုလ်လည်း ရပါတယ်။ ကြီးကျယ်တဲ့ အလှူဒါနကြီးကို ငါမလုပ်နိုင်သော်လည်း ဒီအလှူလောက်ကိုတော့ ကြည်လင်တဲ့ စိတ်စေတနာ ထားပြီး လှူလိုက်ပါတော့မယ်။ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာကို ကာကွယ်ရတဲ့ အလှူဖြစ်လို့ မွန်မြတ်သော အလှူပါပဲ"

မခင်ရွှေသည် လေးလေးနက်နက် တွေးကာ စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။

"ကဲ ... ဘိုးဘိုးနဲ့ ဘွားဘွား၊ ဒီလူကို ပေးစရာရှိတဲ့ ငွေကြေးကို ကျွန်မ ဆပ်ပေးလိုက်ပါမယ်။ ဘိုးဘိုးနဲ့ ဘွားဘွား ရော ညီမလေးရော စိတ်ချမ်းသာကြပါတော့နော်"

အဘိုးကြီးနှင့် အဘွားကြီးသည် လည်းကောင်း၊ အဘွားကြီးခြေကို ဆုပ်ပေးနေသော မြစ်မလေးသည် လည်းကောင်း သူတို့ နားကိုပင် မယုံနိုင်အောင် ဖြစ်နေကြတော့သည်။ အဘိုးကြီးနှင့် အဘွားကြီးသည် အသက် ပြင်းပြင်း ရှူလိုက်သည်။

"ဆရာမ ဘာပြောလိုက်ပါလဲ"

အဘိုးကြီးက တုန်ယင်သော အသံဖြင့် မေးသည်။ အဘွားကြီးက ခေါင်းအုံးပေါ်မှာ ခွေယိုင်နေသော ဦးခေါင်းသည်ပင် ကြွသယောင်ယောင် ဖြစ်သွားသည်။

"ဘိုးဘိုး နဲ့ ဘွားဘွား ပေးဆပ်စရာရှိတဲ့ ငွေသုံးထောင်ကို ကျွန်မ ပေးဆပ်ပါ့မယ်လို့ ပြောတာပါ"

မခင်ရွှေ က ကြည်လင်သော အသံဖြင့် ပြောလိုက်သည်။

"တကယ်နော် ဆရာမ။ တကယ် ပြောတာလား"

"အဟုတ် ပြောနေတာလား ဆရာမရယ်"

"မမ အဟုတ် ဆပ်ပေးမှာလား"

အဘိုး၊ အဘွားနှင့် မြစ်မလေးတို့သည် တစ်ယောက်တစ်ခွန်းမေးလိုက်ကြသည်။

"တကယ်ပြောတာပါ။ ဘိုးဘိုးတို့ စိတ်ထားကို ကြည်ညိုလို့ပါ။ ဒီငွေကို ကျွန်မကို ပြန်ဆပ်ရမယ် ဆိုတဲ့ အစွဲကြီး ထားပြီး စိတ်အနှောင့်အယှက်မဖြစ်ကြပါနဲ့။ ကျွန်မ အလှူလုပ်တဲ့ သဘောပါ"

သုံးယောက်လုံး စိတ်အေးရစေရန် မခင်ရွှေက ပြည့်ပြည့်စုံစုံ ပြောလိုက်သည်။ မြစ်အဘိုးအဘွား သုံးယောက်တို့ ဝမ်းမြောက်လိုက်ပုံမှာ ပြောစရာမလိုတော့ချေ။ မိန်းကလေးက ပိုပြီး ဝမ်းသာသည်။ သူချစ်သော ရည်းစားသည် ကို လွတ်လွတ်ကျွတ်ကျွတ် လက်ထပ်နိုင်ပေပြီ။ ငွေရှင်၏ ကြွေးကို မပေးဆပ်ဘဲ ချစ်သူနှင့် လက်ထပ်လိုက်လျှင် ငွေရှင်က ယုတ်မာကောက်ကျစ်သောနည်းကိုသုံးကာ ဒုက္ခပေးမည်ကို တွေးမိသောကြောင့် ချစ်သူကို လက်မထပ်ဝံ့ ဖြစ်နေသော မိန်းကလေးသည် သူ့အသက်ကို သတ်သေရန်ပင် စိတ်ကူးမိပြီး ဖြစ်သည်။

အကြွေးသုံးထောင် ကို ဆပ်လိုက်ပြီး ပိုသောငွေလေးဖြင့် မခင်ရွှေကပင် အကုန်အကျခံကာ မိန်းကလေးကို သူချစ်သော ရည်းစားနှင့် မြန်မြန် လက်ထပ်ပေးလိုက်သည်။ အဘိုးကြီးနှင့် အဘွားကြီးကို အကြောင်းစုံ ပြောပြကာ ငွေရှင်၏ရန်မှ လုံခြုံမှုဖြစ်သွားစေရန် စီမံလိုက်ခြင်းဖြစ်သည်။

မခင်ရွှေတို့ ကုသိုလ်ကောင်းလိုက်ပုံမှာ ထိုကိစ္စကို အစအဆုံး ကူညီပေးလိုက်သည့်အတွက် ငွေရှင်သည် ငါ့အစာကို ဤယုန်ဟန့်သည်ဟူသော စကားအတိုင်း အဘိုးကြီးအဘွားကြီးနှင့် မြစ်မလေးကိုရော၊ မြစ်မလေးနှင့် လက်ထပ်လိုက်သော လူငယ်ကိုရော အရေးမထားဘဲ မခင်ရွှေကို သဲသဲမဲမဲ အမုန်းပွား လေသည်။

တစ်ရပ်တစ်ရွာက ရောက်လာတဲ့ တစ်ကောင်ကြွက် ဆရာမက လူဝါးဝလိုက်သည်ဟူသော ယူဆချက်ကြောင့် မခင်ရွှေကို မျက်နေခဲ့သည်။ ထိုသို့ မျက်နေသည်ကိုလည်း မခင်ရွှေက သိသည်။ ငွေရှင်သည် မခင်ရွှေကို လက်စားချေလိုသည်မှာ လက်ယားနေသော်လည်း မခင်ရွှေ၏ သင်ကြားပြသမှုနှင့် မခင်ရွှေ၏ စိတ်နေသဘောထားကို ကြည်ညိုနေကြသော တပည့်တွေနှင့် တပည့်တွေ၏ မိဘဆွေမျိုးတွေကို ရွံ့တန်သလောက် ရွံ့ရသောကြောင့် အကြမ်းဖက် လက်စားချေခြင်းကို သိသိသာသာ မလုပ်ဝံ့ဘဲ ဥပဒေလွတ် လူလိမ်မာ ပညာရှိ ညှဉ်းဆဲနည်းမျိုးကို ရှာနေသည်။

ထို့ကြောင့်ပင် မခင်ရွှေသည် အထူး သတိထားနေရသည်။

မြစ်မလေး နေရာတကျ ဖြစ်သွားပြီး မကြာမီမှာပင် အဘိုးကြီးနှင့်အဘွားကြီးတို့သည် တစ်ယောက် နှင့်တစ်ယောက် ကွာခြားလှသည် မဟုတ်ဘဲ အမှည့်ကြွေ ကြွေသွားကြသည်။ ထို့ကြောင့် အိမ်မှာ စည်စည်ကားကား လုံလုံခြုံခြုံ ရှိစေရန် မြစ်မလေး၏ ခင်ပွန်းသည်ဘက်မှ မိသားစုကို ပြောင်းရွှေ့နေထိုင်စေရန် မခင်ရွှေ စီစဉ်သည့်အတိုင်း မြစ်မလေးက လိုက်နာသည်။

အဘိုးကြီး အဘွားကြီး ကွယ်လွန်ပြီး ရက်အနည်းငယ်မှာပင် ရေပြာအိုင်နှင့် ရေစက်ဆုံဖို့ ကြုံကြိုက် လာပြန်တော့သည်။

ရေပြာအိုင်ရွာသည် အလယ်တန်းကျောင်းအထိ တိုးချဲ့ဖွင့်လှစ်တော့မည်ဖြစ်ရာ ရေပြာအိုင်ရွာတွင် ပညာရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ရပ်ရွာအရေးနှင့် ပတ်သက်၍ လည်းကောင်း မွန်မြတ်သော စေတနာကို ထားသွားသည့် ဆရာမ မခင်ရွှေကို ရေပြာအိုင်ရွာမှာ ဖွင့်လှစ်မည့် အလယ်တန်းကျောင်းမှာ ကျောင်းအုပ်ဆရာမအဖြစ် ခန့်ထားသည့် အမိန့်စာ ရောက်လာသည်။

မခင်ရွှေသည် မတွေးထင် မရည်ရွယ်ဘဲ ဖြစ်ရသောကိစ္စအတွက် သူ့ကံကြမ္မာကို အံ့သြမိသည်။

"ငါနဲ့ ရေပြာအိုင်နဲ့ ရေစက်ကို မကုန်နိုင်ပါလား။ ရေပြာအိုင်က ငါထွက်လာတာ အခုဆိုရင် သုံးနှစ် ပြည့်တော့မယ်။ ဒီလောက် ကြာနေမှတော့ ကိုစိန်းမောင်နဲ့ ကြင်ကြင်တို့ လက်ထပ်ပြီးကြရော့မယ်။ ရေပြာအိုင်ကို ငါပြန်ရောက်တဲ့ ကိစ္စနဲ့ ပတ်သက်လို့တော့ ဘာပြဿနာမှ ပေါ်မယ်မဟုတ်ပါဘူး။ ငါ ပြန်ချင်လို့ ပြန်ရတာမှမဟုတ်တာ၊ အစိုးရတာဝန်နဲ့ ထားရာနေ စေရာသွားရတာပဲ ငါ့အဖို့ ကံကောင်းသွားတယ်။ ဟို ငွေရှင်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေရတာ၊ အခုတော့ စိတ်အေး ချမ်းသာ သွားရတာပေါ့လေ။ ဒါလည်း ငါထားခဲ့တဲ့စေတနာ ငါ့ကို အကျိုးပေးလိုက်တာပဲ ထင်တယ်"

မခင်ရွှေသည် သူပြောင်းရွှေ့ရမည့် ကိစ္စကို တွေးနေရာမှ ဆိုးဝါးသော ဒုက္ခကိုခံစားကာ သေဆုံးသွားရှာသော မေစမ်းမြိုင်လေးကို သတိရလွမ်းဆွတ်မိသည်။

"ညီမလေးရေ မမ ရေပြာအိုင်ကို ပြန်သွားရမယ်။ ညီမလေး ဆန္ဒရှိတဲ့အတိုင်း ညီမလေးရဲ့ အရင်းချာဆုံး ဖြစ်ခဲ့တဲ့ ဆွေမျိုး၊ ညီမလေးရဲ့အစ်ကို ကိုစိန်းမောင်ကို ပြောခွင့်ကြုံလာတဲ့အခါ ညီမလေး အကြောင်း ပြောလိုက်မယ် ညီမလေးရယ်" ဟု စိတ်မကောင်းစွာ တမ်းတပြောဆိုမိသည်။

မေစမ်းမြိုင်ကို သတိရသလိုပင် သူ့အပေါ်မှာ သမီးအရင်း မြေးရင်းသဖွယ် သံယောဇဉ်ဖြစ်ရှာသော ဘွားရွှေအိမ် တို့ သားအမိကိုပါ သတိရကာ ပြန်လည်တွေ့ဆုံရမည့်အတွက် ဝမ်းသာသောစိတ်ပေါ် လာသည်။

"ဘွားဘွားတို့ သားအမိ ကျန်းကျန်းမာမာမှ ရှိပါရဲ့လား။ သူတို့ သားအမိချစ်တဲ့ ဘိုးသာပေါ်ရဲ့ ဘဝဇာတ်ကြောင်းကိုရော၊ ရေပြာအိုင်ရဲ့ ရှေးဖြစ်ဟောင်းတွေကိုရော ငါသိလာခဲ့တာကို ဘယ်လောက်များ ဝမ်းသာ လိုက်ကြမလဲ"

ဟုမခင်ရွှေက တွေးမိပြန်သည်။ သို့သော် ရေပြာအိုင်နှင့် မခင်ရွှေကင်းကွာလာခဲ့သည့် သုံးနှစ်မျှသော အချိန်ကာလ အတွင်းဝယ် ရေပြာအိုင်ရွာမှာ မည်သို့ ဖြစ်နေသည်ကို မခင်ရွှေ မသိရှာချေ။

ရော်ရည်မျှော်မှန်း လွမ်းတခဲ့ရသော ရေပြာအိုင်ကို ဒုတိယအကြိမ် ပြန်ရောက်ရှိရတော့မည့်အတွက် မခင်ရွှေ ဝမ်းသာ မိသည် ကတော့ အမှန်ပင်ဖြစ်ပါသည်။

# အခန်း (၁၂)

မခင်ရွှေ ရေပြာအိုင်ရွာမှ ပြောင်းရွှေ ထွက်ခွာသွားသောအခါ မခင်ရွှေ၏ စိတ်စေတနာကို ချစ်ခင်ကြည်ညိုကြပြီး မခင်ရွှေနှင့် မောင်စိန်းမောင်ကို လက်ဆက်စေလိုကြသော ရွာသူရွာသားတွေနှင့် ကြင်ကြင်၏ ဆွေမျိုးများ၊ မောင်စိန်းမောင်၏ ဆွေမျိုးများ နှစ်ဦးပေါင်း တစ်ဖက်တို့သည်ပိုပြီး အစေး မကိုက်ဘဲ ဖြစ်လာ ကြသည်။

ကြင်ကြင်တို့ စနက်ကြောင့် မခင်ရွှေ မနေဝံ့တော့ဘဲ ပြောင်းရွှေ့ရန် ကြံစည်ကြိုးစား ထွက်သွားခြင်းဖြစ်သည်ဟု ခိုင်မာသော ထင်မြင်ချက်သည် မခင်ရွှေကို ချစ်သော ရွာသူရွာသားတွေစိတ်မှာ ခိုင်မြဲ နေကြသည်။

ကြင်ကြင်တို့ဘက်ကလည်း မခင်ရွှေကြောင့်သာ မောင်စိန်းမောင်က ကြင်ကြင်ကို လက်ထပ်ရန် စိတ်မဝင်စားဘဲ ဖြစ်ရသည် ဟု ခိုင်မာစွာတွေးသည်။ ဤအတွေးတွေ ထင်မြင်ချက်တွေ ပိုပြီးခိုင်မာစေသည့် အချက်ကား မခင်ရွှေ ထွက်ခွာ သွားပြီး သုံးနှစ်တိုင်အောင်သော အချိန်ကာလတို့ ကြာလာသည့်တိုင်အောင် မောင်စိန်းမောင်သည် နှစ်ဖက်သော ဆွေမျိုးတွေကို ကျေနပ်မှုလည်း ဖြစ်အောင်၊ နှုတ်ကတိစကားမျိုးလည်းမလွန်အောင် အစွန်းအစ လွတ်သော စကားမျိုးကို လိမ္မာပါးနပ်စွာ အကြောင်းပြပြောကာ ကြင်ကြင်နှင့် လက်ထပ်ရန်ကိစ္စကို ဆိုင်းငံ့ထားခဲ့ခြင်း ပင်ဖြစ်သည်။

ဤ သုံးနှစ်သော အချိန်ကာလအတွင်းမှာ မောင်စိန်းမောင်သည် သူ့အသက်တမျှ မြတ်နိုးတန်ဖိုး ထားချစ်သည့် မခင်ရွှေက စတင်ပျိုးထောင်ခဲ့သော ရွာဆေးကုခန်းကို ပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးစား ဖြည့်စွမ်းသည်။

မခင်ရွှေ ကျေးဇူးကြောင့် ခြောက်သွေ့သောကန္တာရအဖြစ်မှ ပြန်လည် စိမ်းလန်းစိုပြည်လာသော စမ်းမြိုင်ခြံကြီးမှ ထွက်သမျှ ငွေကြေးသည် ပေးကမ်းထောက်ပံ့ ကျွေးမွေးထားစရာမရှိသော မောင်စိန်းမောင်အဖို့ သူချစ်သော မခင်ရွှေ၏ စိတ် စေတနာကို နည်းယူကာ ရေပြာအိုင်ရွာ ဖွံ့ဖြိုးရေးအတွက် သုံးသည်။

မခင်ရွှေကို လွမ်းဆွတ်သည့်စိတ်မှ သက်သာရာရအောင် ခြံအလုပ်ကို ကြိုးစားသော မောင်စိန်းမောင်အဖို့ မြို့ကို ခြံထွက် ပစ္စည်းများတင်ပို့နိုင်ရန် တစ်ပတ်ရစ် ဒေါ့ဂျစ်တစ်စင်းကိုလည်း ကိုယ်ပိုင်ဝယ်ယူနိုင်ခဲ့ပြီ။ ရွာနှင့်မြို့ကို ကူးသန်းသည့် လမ်းကိုလည်း သူ့မော်တော်ကားသာမဟုတ် နွားလှည်းတွေ သွားလာရာမှာ သက်သာမှုရအောင် လမ်းကို မပြတ် ပြုပြင်ပေးသည်။

ထို့ကြောင့် တစ်ခါတစ်ရံ မြို့မှလူတွေပင် ရေပြာအိုင်ရွာကို အရောက်အပေါက် ရှိလာကြသည်။ ရွာတွင်းလမ်းတွေကိုလည်း မောင်စိန်းမောင်သည် မည်သူ့ထံကမျှ အလှူခံခြင်းမပြု၊ သူ့ငွေဖြင့်သာ ပြုပြင်ရာ မောင်စိန်းမောင်၏ စေတနာကို အသိအမှတ် ပြုသော ရွာသူရွာသားတွေက ဝိုင်းဝန်းကူညီ လုပ်ကိုင်ခြင်းကြောင့် ရွာသည် သာယာလှပနေသည်။

"ကျွန်တော် ဒီလို ကိုယ့်ရွာကိုကိုယ် ချစ်မြတ်နိုးလာအောင် ကိုယ့်ခြံကို မဆုံးရှုံးအောင် ဆောင်ရွက်နိုင်တာဟာ ကျောင်းဆရာမ မခင်ရွှေရဲ့ ကျေးဇူးပါ"

ဟူသော စကားကို မောင်စိန်းမောင်သည် စကား အလျဉ်းသင့်သည့်အခါတိုင်း မခင်ရွှေကို မြတ်နိုးစွာ တမ်းတမ်းတတ ပြောတတ်သည်။

ယောက်ျားပီသ၍ သန့်ပြန့်မွန်ရည်သော ရုပ်ရည်၊ ခေတ်ပညာကို အထိုက်အလျောက်သင်ကြားလာခဲ့သည့် အရည်အချင်း၊ ငွေသီးနေသည့် ခြံကြီးပိုင်ရှင်၊ ရွာအကျိုးကို ပစ္စည်းစိုက် အားစိုက် ဆောင်ရွက်သည့် မွန်မြတ်သော စေတနာ၊ တစ်ရွာလုံးက လေးစားချစ်ခင်ခြင်းခံရသူ၊ ကိုယ်ပိုင်မော်တော်ကားကို ကိုယ်တိုင်မောင်းကာ မြို့ကို မကြာခဏသွားနေရခြင်းဖြင့် ဗဟုသုတ အကြားအမြင်ပြည့်စုံခြင်း စသည့်အချက်အလက်တွေဖြင့် စုံမက်မြတ်နိုးဖွယ် ကောင်းနေသော မောင်စိန်းမောင်ကို ကြင်ကြင်၏ စွဲစွဲလမ်းလမ်းချစ်ခြင်း၊ ရယူပိုင်ဆိုင်လိုခြင်း စသည့် စိတ်သည် နေမြင့်လေ အရှူးရင့်လေဆိုသလို ဖြစ်နေသည်။

စိတ်ထဲမှာ မချင့်မရဲ ကြိတ်မနိုင်ခဲမရ ဖြစ်နေသော ကြင်ကြင်သည် သူ့ကိုယ်သူ အလှပဆုံး ခြယ်မှုန်း ပြင်ဆင်ကာ မောင်စိန်းမောင် စိတ်ညွှတ်လာအောင် ကြိုးစားသည်။ စားကောင်းသောက်ဖွယ်ကို စီမံချက်ပြုတ်ကာ မောင်စိန်းမောင်ကို ဖိတ်ကြား ကျွေးမွေးသည်။ သို့သော် မောင်စိန်းမောင်ကား မြင်သူတိုင်း ချစ်ချင်စဖွယ် လှပချောမောသော ကြင်ကြင်ကို စိတ်မဝင်စား၊ မြတ်နိုးဖွယ်ကောင်းသော အရည်အချင်းပြည့်ဝသည့် ကျောင်းဆရာမလေး မခင်ရွှေကိုသာ တမ်းတ ရည်ရော် ကာ ဖြေမဆည်နိုင်အောင် အလွမ်းပွားနေတော့သည်။

နေမြင့်လေ အရှုံးရင့်လေဖြစ်ရသော ကြင်ကြင်သည် ဤရေပြာအိုင်ရွာမှာ မောင်စိန်းမောင်၏ ကြိုးစား ဆောင်ရွက်ချက်ကြောင့် အလယ်တန်းကျောင်း ဖြစ်ရတော့မည်။ ကျောင်းအုပ်ဆရာမအဖြစ် မခင်ရွှေပင် ပြန်လည်ရောက်လာတော့မည်ဟု ကြားရသောအခါ နားထဲကို ကျိုက်ကျိုက်ဆူနေသော သံရည်ပူတွေ လောင်းချလိုက်သလို ခံစားရသည်။

"ဒင်းအကြံပဲဖြစ်မယ်၊ ဒင်း ဆောင်ရွက်ချက်ပဲဖြစ်မယ်။ ဒီရွာကို ပို့စရာ ဆရာမ ရှားသမို့လား။ ဒီဆရာမကိုမှ ပြန်ပို့တာ ကိုစိန်းမောင် ကြိုးစားချက် ဖြစ်မှာပဲ"

ကလေးတွေ ပညာရေးကြောင့် အလယ်တန်းကျောင်းဖြစ်အောင် မောင်စိန်းမောင်က ဆောင်ရွက်သည်မှာ မှန်ပါသည်။ ထိုသို့ ဆောင်ရွက်စဉ်က တစ်ရွာလုံး သိကြသည်။ မောင်စိန်းမောင်၏ ဆောင်ရွက်ချက်ကို အားလုံးက သဘောတူကြသည်။ ကြင်ကြင်သည် သူ့ခင်ပွန်းလောင်း၏ ဆောင်ရွက်ချက်ကို ဂုဏ်ယူ ခဲ့ပါ သေးသည်။

သို့သော် မခင်ရွှေနှင့် ရေပြာအိုင်သည် မကုန်နိုင်အောင် ရေစက်ဆုံသည့် ရေးကုသိုလ်ဟုန်ကြောင့် ထင်သည်။ ပညာရေး ဌာနက မူလတန်းစာမေးပွဲမှာ အောင်ချက်ကောင်းအောင် စေတနာထားခဲ့သော ဆရာမ မခင်ရွှေကို ယုံစားခြင်းဖြင့် အလယ်တန်း အောင်ချက်ကောင်းစေဟူသောရည်ရွယ်ချက်ဖြင့် မခင်ရွှေ ကိုပင် ပြန်ပို့လိုက်ခြင်းဖြစ်သည်။

ကြင်ကြင်၏ ရင်တွင်းမှာ နေမင်းဆယ်ဆူ ပူသည့်နယ် ခံစားနေရသည်နှင့်အမျှ မောင်စိန်းမောင်စိတ်ထဲမှာမူ သီတဂူစန္ဒာလို အေးမြချမ်းမြေ့လှပါသည်။

မခင်ရွှေ ပြန်ရောက်လာမည် ဆိုသောအခါ တပည့်ဟောင်းတွေရော၊ မခင်ရွှေ၏ စေတနာကို ကြည်ညိုခဲ့ကြသော ရွာသူရွာသားတွေရော ဝမ်းသာကြသည်။ ဤအထဲမှာ ဘွားရွှေအိမ်တို့ သားအမိက သူများထက်ပိုကဲနေသည်။

"ဆရာမ ရောက်လာရင်လေ၊ သူထွက်သွားစဉ်ကထက် တိုးတက်သာယာနေတဲ့ ရွာရော၊ ဆေးခန်း ရော၊ လမ်းတွေကိုရော မြင်ရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲနော် ဘွားဘွား၊ ဒါတွေအားလုံးကို ကျွန်တော် ဆောင်ရွက်မိတာဟာလည်း ဆရာမ ကျေးဇူးကြောင့်ပါပဲ"

ဟူသော စကားကို မောင်စိန်းမောင်သည် အချိန်ရတိုင်း ဘွားရွှေအိမ်တို့သားအမိကိုသွားကာ မမောနိုင်မပန်းနိုင် ပြောနေသည်။

သို့နှင့်ပင် မခင်ရွှေ ရောက်လာသည်။ ယခင်ကလိုပင် ဘွားရွှေအိမ်တို့ သားအမိထံမှာပင် နေမြဲတိုင်း နေခဲ့သည်။ ယခင်ကလိုပင် ရွာကလေးတွေ ပညာရေး၊ ရပ်ရွာအေးချမ်းသာယာ ဖွံ့ဖြိုးရေး စသည်တို့ကို ယခင်ထားခဲ့သည့် စေတနာအတိုင်း ဆောင်ရွက်မြဲတိုင်း ဆောင်ရွက်နေသည်။ သို့သော် မခင်ရွှေသည် မောင်စိန်းမောင်ကိုမူ ပြောဆိုဆက်ဆံရာမှာ ယခင်ကထက် တည်ငြိမ်ရင့် ကျက်သော မျက်နှာထား၊ လေသံဖြင့် ပြောဆိုဆက်ဆံသည်။

မောင်စိန်းမောင်ကို လုံးဝ မပြောဘဲနေ၍လည်း မဖြစ်၊ မောင်စိန်းမောင်သည် ရွာ၏ ရှေ့ဆောင်ရှေ့ရွက် လူကြီးများ အနက် တစ်ယောက် အပါအဝင် ဖြစ်နေသည်။ ရွာလူကြီးတွေကလည်း -

"ဟိုစဉ်ကတည်းက မောင်စိန်းမောင်နဲ့ ဆရာမက ရေပြာအိုင်ရွာ ဖွံ့ဖြိုးရေးကို တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြတာပဲ၊ အခု ဆရာမ ပြန်ရောက်လာတာ သိပ်အဆင်သင့်ပါတယ်။ ပြောရေးဆိုရေးကိစ္စ၊ ဆောင်ရွက်စရာ ကိစ္စတွေကို ဆရာမနဲ့ မောင်စိန်းမောင်ပဲ ညှိနှိုင်းတိုင်ပင်ပြီး ပြောဆို ဆောင်ရွက်ကြပါ။ ကျုပ်တို့ကတော့ ဆရာမ နဲ့ မောင်စိန်းမောင် စေတနာကို သိပြီးဖြစ်လို့ ဘာမဆို အားလုံးသဘောတူပြီးသားလို့ပဲ ယုံပါ"

ဟူသော စကားကို တညီတည်းပြောကာ မောင်စိန်းမောင်နှင့် မခင်ရွှေကိုပင် အာဏာကုန်လွှဲထား လိုက်ကြသဖြင့် မောင်စိန်းမောင်နှင့် မခင်ရွှေမှာ ခေါ်နေပြောနေ ဆက်သွယ်နေရတော့သည်။ သို့သော် ယခုအကြိမ် ပြန်ဆုံတွေ့ရာတွင် မခင်ရွှေကလည်း မောင်စိန်းမောင်မေတ္တာကိုဖွင့်ဟနိုင်ရန် အခြေအနေမဖြစ်အောင် အထူး သတိထားသလို မောင်စိန်းမောင် ကလည်း အကြောင်းကြောင်းတွေကို ငဲ့ပြီး မခင်ရွှေကို အထူးသတိထားထိန်းချုပ်သည်။

မခင်ရွှေသည် အလယ်တန်း ကျောင်းအုပ်ဆရာမကြီးဖြစ်နေပြီ၊ သူ့လက်အောက်တွင် ဆရာ၊ ဆရာမ ခြောက်ယောက် ရှိနေသည်။ သူအုပ်ချုပ်နေရသော ကျောင်းသူ ကျောင်းသားတွေသည် ယခင်ကလို ငယ်ရွယ်သူလေးတွေ မဟုတ်တော့၊ ရွာနီးချုပ်စပ်ကပါ လာရောက်ပညာသင်ကြားနေကြသည့် ဆယ်ကျော်သက်အရွယ်၊ အပျိုသင်စ အရွယ်တွေ ပါဝင်နေသည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာမကြီးက စင်းလုံးချောဖြစ်အောင် နေထိုင်မှသာလျှင် လက်အောက်ကို အုပ်ချုပ်၍ ရမည် ဟူသော အချက်ကို နှစ်ယောက်လုံး စဉ်းစားမိကြသည့်အတွက် မခင်ရွှေကလည်း ပိုပြီး တည်ငြိမ် ရင့်ကျက်သည်။

မောင်စိန်းမောင်ကလည်း အသက်တမျှ ချစ်သူဂုဏ်သိက္ခာနာမည်မည်းစေရန် အထူးသတိထား ချုပ်တည်းရှာသည်။

သို့သော် ကြင်ကြင်ကား၊ အကျိတ်အခဲကြီးသည်ထက် ကြီးလာသည်။ အကျိတ်အခဲ ကြီးလာသော်လည်း မခင်ရွှေကို နိုင်နင်းစရာ အချက်ဟူ၍ ဆံချည်မျှင်မျှပင်အပြစ်ရှာမတွေ့သောအခါ ချုပ်တည်းရလေ၊ အညိုးကြီးလေ ဖြစ်နေ တော့သည်။

မေစမ်းမြိုင်လေး၏ အဖြစ်ဆိုးနှင့် ဘသာပေါ်၏ နောက်ကြောင်းရာဇဝင်၊ ရေပြာအိုင်ရွာ မည်သို့ နာမည်တွင်လာပုံ စသည် တို့ကို မခင်ရွှေက ပြောပြသောအခါ ရေပြာအိုင် တစ်ရွာလုံး ဝမ်းသာကြသည်။ မေစမ်းမြိုင်လေးပြောခဲ့သည့် နေရာသည် မခင်ရွှေ ထင်သည့်အတိုင်းပင်။ မောင်စိန်းမောင်က ခြံစည်းရိုးကို ဝိုက်လိုက်သည့်အတွက် ခြံအပြင်ဘက်ရောက်သွားသည့် ချိုင့်ကြီးပင်ဖြစ်သည်။

ထို့ကြောင့် ထိုနေရာမှ တစ်ရွာလုံးကောင်းမှု စေတီတစ်ဆူတည်ရန်ပင် စုဝေးဆုံးဖြတ်လိုက်ကြပြီး ဖြစ်သည်။

ကြင်ကြင် အကျိတ်အခဲ ကြီးနေသည့် ကိစ္စကလွဲလျှင် အေးချမ်းသာယာနေသော ရေပြာအိုင်ရွာသည် စိတ်မချမ်းသာစရာ အဖြစ်ကြီးဖြစ်ရန် အရိပ်အယောင်ထင်လာပြီကို မည်သူမျှ ကြိုတင်မတွေးမိဘဲ ဖြစ်နေသည်။ ကြင်ကြင်ကသာ မကျေနိုင်အောင် အကျိတ်အခဲကြီးနေသော်လည်း ရေပြာအိုင်ရွာကို ဒုတိယအကြိမ် မခင်ရွှေရောက်လာပြီး မေစမ်းမြိုင်လေး၏ ဆွေမျိုးတွေကမူ မခင်ရွှေကို အမျက်သိုစိတ် မရှိကြတော့ဘဲ သူတို့ သုံးပွင့်ဆိုင် ဇာတ်လမ်းကို လျစ်လျူရှု နေလိုက်ကြတော့သည်။

# အခန်း (၁၃)

မောင်စိန်းမောင် ခြံကြီးထဲသို့ မောင်စိန်းမောင်၏ သိပေါင်းကျွမ်းပေါင်း ဧည့်သည်နှစ်ယောက် ရောက်လာသည်။ သူကြီးမင်းထံ ဧည့်စာရင်းတိုင်ထားသည်မှာ ရန်ကုန်မြို့မှ အလည်အပတ် ရောက်လာ ကြသော ကိုမျိုးနှစ်နှင့် တပည့်ဖြစ်သူ မောင်တင့်ဖြစ်သည်။

မခင်ရွှေ ထွက်ခွာသွားသည့် သုံးနှစ်မျှသော အချိန်ကာလမှာ စမ်းမြိုင်ခြံကြီးသည် များစွာ ဖွံ့ဖြိုးတိုး တက်သည့် အခြေအနေသို့ ရောက်နေသည်ကို မခင်ရွှေကိုယ်တိုင် စမ်းမြိုင်ခြံကြီးသို့ လာရောက် ကြည့်စေချင်သည့် စေတနာသည် မောင်စိန်းမောင်မှာ ပြင်းပြစွာ ရှိနေပါသော်လည်း ဆိုခဲ့ပြီးသည့် အကြောင်းကြောင်းတွေကြောင့် မခင်ရွှေကလည်း စမ်းမြိုင်ခြံကြီးကို မသွား။ မောင်စိန်းမောင်ကလည်း မခင်ရွှေ ကို မဖိတ်ကြားဝံ့ဘဲ ဖြစ်နေသည်။

ယခု မောင်စိန်းမောင် ခြံကြီးသို့ သိပေါင်းကျွမ်းပေါင်း မိတ်ဆွေ အလည်အပတ်ရောက်နေသည် ဆိုခြင်းကို မောင်စိန်းမောင် က လာရောက် ပြောကြားသောကြောင့်သာ မခင်ရွှေ ကြားလိုက်သည်။

သို့သော် မောင်စိန်းမောင်ထံသို့ ရောက်လာသော ဧည့်သည်သည် သူနှင့် မည်သို့မျှ မသက်ဆိုင်သည် တစ်ကြောင်း၊ မောင်စိန်းမောင် ဧည့်သည်ကို စပ်စပ်စုစု မေးမြန်း စစ်ဆေးနေရန်မှာ သူ့အနေဖြင့် သင့်လျော်သည့် ကိစ္စ မဟုတ်သည် တစ်ကြောင်း၊ အကယ်၍ မောင်စိန်းမောင် ဧည့်သည်ကို သူက ပိုင်စိုးပိုင်နင်း မေးမြန်း စစ်ဆေးနေသည်ကို ကြင်ကြင် သိသွားလျှင် မပြောသင့်သည့် စကားတွေ ပြောမည်ကို မလိုလားသည်တစ်ကြောင်းတို့ကြောင့် မခင်ရွှေက မည်သို့မျှ ပြန်လည် မေးမြန်းခြင်းမပြုဘဲ နှုတ်ဆိတ်စွာသာ နားထောင် နေလိုက် သည်။

ထို့ကြောင့် မောင်စိန်းမောင်ထံ ရောက်နေသည့် ဧည့်သည်သည် ရုပ်ရည်ခံ့ညားချောမောသည့် လူတစ်ယောက် ဖြစ်ကြောင်း၊ ငွေကြေးချမ်းသာဟန်တူကြောင်း၊ ဝတ်စားဆင်ယင်ထားသည်မှာ အဖိုးထိုက် အဖိုးတန် အဝတ်များသာ ဖြစ်ကြောင်း။ သူ့တပည့် ဖြစ်သူကလည်း သူ့ဆရာကို အလွန် ရိုသေ လေးစားမှု ရှိကြောင်း စသည်တို့ကို မောင်စိန်းမောင်ခြံကြီးသို့ ဈေးဝယ်ရောက်သည့် တပည့်တွေနှင့် ကျောင်းက ဆရာ၊ ဆရာမ တွေ အချင်းချင်း ပြောဆိုနေကြသံကိုသာ မခင်ရွှေ အမှတ်မထင် ကြားခဲ့သည်။

မောင်စိန်းမောင်၏ ဧည့်သည်ဆိုသူကို မခင်ရွှေ တစ်ကြိမ်မျှ မမြင်ခဲ့ဘူးချေ။

တစ်ကြိမ်သော အခါကမူ ...

"ကိုမျိုးနှစ်က ကျွန်တော်တို့ ရွာအကြောင်းနဲ့ စာသင်ကျောင်းအကြောင်းကို တော်တော် စိတ်ဝင်စားဟန် တူတယ်။ ကျောင်းဆရာ ဘယ်နှစ်ယောက် ရှိလဲ၊ ကျောင်းအုပ်က ဘယ်သူလဲလို့ မေးတာနဲ့ ဆရာမ အကြောင်းကို ကျွန်တော် စုံလင်အောင် ပြောလိုက်ရတယ်၊ ဒီရွာက ကလေးတွေ ပညာရေးရော၊ ရွာဖွံ့ဖြိုးရေးရော ဆရာမ ကျေးဇူးတွေကြောင့် ဒီအခြေအနေ ဖြစ်လာကြောင်း၊ ဒါကြောင့် ဆရာမ အတွက်ဆိုရင် တစ်ရွာလုံး က ကူညီဖို့ အသင့်ဖြစ်ကြောင်းတွေကိုပါ ပြောပြလိုက်ရတယ်"

မောင်စိန်းမောင်က သူ့အသက်တမျှ ချစ်မြတ်နိုးသော မခင်ရွှေအကြောင်းကို သူ့မိတ်ဆွေဧည့်သည်အား အထူး ဂုဏ်ယူ ဝင့်ကြွားစွာ ပြောပြလိုက်ကြောင်းတွေကို အားရပါးရ ပြန်လည် ဖောက်သည်ချပြသည်။

မောင်စိန်းမောင် ရောက်လာသည့်အခါတိုင်း မခင်ရွှေသည် မည်သည့်အခါမျှ မောင်စိန်းမောင်နှင့် နှစ်ယောက်ချင်း စကားမပြောပေ။ ဘွားရွှေအိမ်တို့ သားအမိရှေ့မှာသာ ဧည့်ခံစကားပြောသည်။

ထိုသို့ စကားပြောရာမှာလည်း မောင်စိန်းမောင်၏ ကိုယ်ရေးကိုယ်တာ ကိစ္စများ၊ မောင်စိန်းမောင်၏ စီးပွားရေး ကိစ္စများ၊ မောင်စိန်းမောင်၏ ခြံကြီးကိစ္စများ၊ မောင်စိန်းမောင်နှင့် ပတ်သက်သော အပေါင်းအသင်း မိတ်ဆွေများ အကြောင်းကို စပ်စုမေးမြန်းခြင်းမပြုခဲ့ချေ။

ရေပြာအိုင်တစ်ရွာလုံးနှင့် ပတ်သက်သည့် ဆောင်ရွက်စရာကိစ္စများအကြောင်းကိုသာ ပြောခဲ့မေးခဲ့ သည်။

ခြောက်သွေ့နေသော ကန္တာရကြီးဖြစ်နေသည့် စမ်းမြိုင်ခြံကြီးကို နာမည်နှင့်လိုက်အောင် ပြန်လည်စိုပြည်အောင် သူ အပင်ပန်းခံ ပြုစုပျိုးထောင်ပေးခဲ့သည့်အတွက် တစ်ကြောင်း။ မေစမ်းမြိုင်လေးထံမှ သိခဲ့ရသော ရေပြာအိုင်ရွာ နာမည် ဖြစ်ပေါ်လာသည့် အရင်းမူလ ခြံကြီးဖြစ်သည် တစ်ကြောင်း၊ လူမျိုးခြားလက်ထဲ ရောက်တော့မည့်ဆဲဆဲ ဘေးရန်ကို ကာကွယ်ပေးခဲ့သည့်အတွက် ဉစ္စာရှင် အစစ်အမှန် ပြန်လည် ပိုင်ဆိုင်သွားရသည်တစ်ကြောင်းတို့ကြောင့် စမ်းမြိုင်ခြံကြီးကို စိတ်ထဲမှာ သံယောဇဉ် ဖြစ်နေခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။

ထို့ကြောင့် သူခွဲခွာလာခဲ့သည့် သုံးနှစ်မျှသော အချိန်ကာလမှာ စမ်းမြိုင်ခြံကြီးသည် မည်မျှ စိမ်းလန်းစိုပြည် ဝေဆာ စည်ကားနေသည်ကို အလွန်ကြည့်ချင်၊ မြင်ချင်သည့်စိတ် ရှိသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် ကြင်ကြင်နှင့် ဆွေမျိုးတစ်သိုက် အပြောကို မခံယူလိုသည့်အတွက် ယခု ဒုတိယအကြိမ် ပြန်ရောက်လာသောအခါ လုံးဝမသွားဘဲ စိတ်တင်းတင်းထားပြီး လမ်းဖြတ်လျှောက်နေခဲ့သော်လည်း မခင်ရွှေပြန်ရောက်လာမှ ကြင်ကြင်က စမ်းမြိုင်ကြီးကို တစ်ပတ်တစ်ခါလောက် သွားနေသည်။

ထိုသို့ သွားနေသည့် အကြောင်းကလည်း မောင်စိန်းမောင်ထံကို မခင်ရွှေ လာနေသလားဟူသော စူးစမ်းချက်ကြောင့်ဖြစ်သည်။

မောင်စိန်းမောင် ခြံကို ကြင်ကြင်သွားနေသည့် အချက်နှင့်ပတ်သက်ပြီး ရေပြာအိုင် ရွာသူရွာသားတွေသည် ကဲ့ရဲ့ သဂြိုလ်စကားတင်းဆိုခြင်းကား မရှိကြချေ။

မောင်စိန်းမောင်နှင့် ကြင်ကြင်ကို နစ်ဖက်သော ဆွေမျိုးတွေက လက်ဆက်စေလိုသည့်ဆန္ဒ ရှိနေကြသည်ကို သိပြီး ဖြစ်ကြသည်။

သူတို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်းကို သိကြပြီး ဖြစ်သည့်အတွက် ကြင်ကြင်နှင့် မောင်စိန်းမောင် ချောချောမောမော လက်ဆက်ဖြစ်လျှင်လည်း ဆရာမ မခင်ရွှေအတွက် အနေအထိုင် ချောင်သွား မည်ဖြစ်သည်ကို တွေးမိကြသည်။

ထို့ကြောင့် မောင်စိန်းမောင်၏ စမ်းမြိုင်ခြံကြီးသို့ ကြင်ကြင်သွားနေသည်ကို မည်သူမျှ အထူးအဆန်း လုပ်ပြီး စောင့်ကြည့်နေကြခြင်းမပြုကြတော့ချေ။

ကြင်ကြင်သည် မောင်စိန်းမောင် ခြံကြီးသို့ သွားရာမှ မောင်စိန်းမောင်ထံ ရောက်နေသည့် ဧည့်သည် ကိုမျိုးနစ်ကို စတင် သိကျွမ်းမိသည်ဆိုလျှင်ပင် ကိုမျိုးနစ်သည် ခင်မင်စရာကောင်းအောင်ပင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆို ဆက်ဆံသည်။ ကြင်ကြင်ပြောဆို သည့်လေသံကိုဖမ်းကာ ကြင်ကြင် သဘောနစ်မြို့က်အောင် လိုက်လျောပြောဆိုသည်။ ကြင်ကြင်ကို ပြောဆိုသည့်လေသံ အမူအရာတွေသည် ကြင်နာခြင်း၊ လေးစားခြင်း၊ အရေးတယူရှိခြင်းတို့ကို ကြင်ကြင်ကလည်း သတိပြုမိသည်။

စမ်းမြိုင်ခြံကြီးသို့ ကြင်ကြင်ရောက်လာသည့်အခါများမှာ မောင်စိန်းမောင် ရှိသည့်အခါ ရှိသည်။ မရှိသည့် အခါ မရှိချေ။ မောင်စိန်းမောင်ရှိသည့်အခါမှာလည်း မောင်စိန်းမောင်သည် ကြင်ကြင်ကို ကောင်းမွန်စွာ ပြောဆို နေရာထား ဆက်ဆံ သော်လည်း နမသားချင်းလို တည်တည်ငြိမ်ငြိမ် သိက္ခာရှိရှိသာ ပြောဆို ဆက်ဆံ သည်။ ထိုသည်ကို ကြင်ကြင်က မကျေနပ်ချေ။

လက်ထပ်ရမည့် ဇနီးလောင်းကို ဇနီးလောင်းနှင့်တူအောင် ယုယစေလိုသည်။ မောင်စိန်းမောင်က ဇနီးလောင်းလို မဆက်ဆံဘဲ နမသားချင်းလို ဆက်ဆံသည်ကို ကြင်ကြင်က မကျေနပ်သည့် အမူအရာ အရိပ်အယောင်တွေ ထင်ထင်ရှားရှား ပြနေသည်ကို အကင်းပါးလှသော ကိုမျိုးနစ်က သေသေချာချာ သိနေသည်။

မောင်စိန်းမောင် မရှိသည့် အခါများမှာလည်း ကြင်ကြင်သည် မျက်နှာမှာ ဟန်မဆောင်နိုင်အောင်ပင် ပျက်နေတတ်သည်။ မောင်စိန်းမောင်သည် အကြောင်းကြောင်းသော ကိစ္စတွေကြောင့် တခြား တစ်နေရာသို့ သွားသည့်အခါ သွားနေသည်။ မခင်ရွှေထံသို့ ရောက်သည့်အခါ ရောက်နေသည်။ သို့သော် ကြင်ကြင်ကား သူလာသည့်အခါ မောင်စိန်းမောင်ကို မတွေ့လျှင် မခင်ရွှေထံကလွဲပြီး မည်သည့်နေရာကိုမျှ သွားမည်မဟုတ်။ မခင်ရွှေထံကိုသာ သွားပြီး စကားသစ္စာ တိုင်တည် နေသည်ဟုသာ နိုင်မာစွာ ယူဆနေသည်။ ထို့ကြောင့် သူလာ၍ မတွေ့သည့်အခါမှာ ဟန်မဆောင်နိုင်အောင်ပင် မျက်နှာပျက်နေတော့သည်။

ဤ အမူအရာကိုလည်း အကင်းပါးသော ကိုမျိုးနစ်က သေသေချာချာ အကဲခတ်မိသည်။ ထို့ကြောင့် ကြင်ကြင် နှင့် အကျွမ်းတဝင် ရှိလာပြီး ရင်းရင်းနှီးနှီး ပြောဆိုနိုင်လာသည့်အခါ လိမ်မာစွာ စကားညှစ် လိုက်သည်။

"မကြင်ကြင် စိတ်မဆိုးဘူးဆိုရင် ကျွန်တော် တစ်ခုလောက် မေးချင်တယ်၊ ဘာကြောင့်မေးလဲ ဆိုတော့ ကိုစိန်းမောင်နဲ့ ပတ်သက်ပြီး မကြင်ကြင်ကို ခင်မင်ရတယ် မဟုတ်လား။ ဒါကြောင့် ကိုစိန်းမောင်နဲ့ မကြင်ကြင်ကို အမြတ်တနိုး လက်ဆောင် ပေးချင်ပါတယ်။ တစ်ယောက်စီ ခွဲပေးရမှာလား၊ နှစ်ယောက်ပေါင်း အတွက် တစ်ချိန်တည်း ပေးရမှာလား"

တစ်နေ့သောအခါမှာ ကြင်ကြင် ရောက်လာသည်။ ထိုအချိန်မှာ မောင်စိန်းမောင်သည် ခပ်လှမ်းလှမ်းရှိ ရွာတစ်ရွာသို့ ကိစ္စတစ်ခုဖြင့် သွားနေသည့်အခိုက်ဖြစ်သည်။ မောင်စိန်းမောင်သည် ထိုရွာသို့ သွားရာမှာ ကြမ်းတမ်းသော လှည်းလမ်းသာ ဖြစ်သည့်အတွက် မော်တော်ကားမယူဘဲ ခြေကျင်ထွက်သွားခြင်းဖြစ်သည်။ ထိုရွာသို့ သွားမည့်အကြောင်းကိုလည်း ကိုမျိုးနစ်ကို အသိပေးခဲ့ သည်။

ကြင်ကြင် ရောက်လာသောအခါ မောင်စိန်းမောင် မည်သည့်နေရာသို့သွားသည်ကို ကိုမျိုးနစ်က မသိသလိုလို၊ သိသလိုလို၊ မရေရာသော စကားကိုပြောကာ မျက်နှာ မကြည်မလင်ဖြစ်နေသော ကြင်ကြင်ကို အထက်ပါ အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

နစ်လိုဖွယ် ဟန်မူရာဖြင့် စကားပြော ချိုသာကာ အကြိုက်ကို လိုက်လျောပြောဆိုတတ်သော ကိုမျိုးနစ်ကို ခင်မင်နေပြီ ဖြစ်သည့် ကြင်ကြင်က ...

"ကိုမျိုးနစ် ဘာကို ဆိုလိုတာလဲ"

ဟု စိတ်မဆိုးဘဲ ကြည်ကြည်သာသာပင် ပြန်မေးသည်။

"ဩော် မကြင်ကြင်ကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ။ ကိုစိန်းမောင်နဲ့ မကြင်ကြင်တို့ မကြာခင် လက်ထပ်ကြတော့မယ့်လူတွေလို့ ကျွန်တော် ထင်ပါတယ်။ ဒါကြောင့် ကျွန်တော်ခင်တဲ့ မိတ်ဆွေဖြစ်လို့ အမှတ်တရ လက်ဆောင် ပေးချင်လို့ မေးတာပါ မကြင်ကြင်"

တပည့်ကျော် မောင်တင့်က ရွာထဲကို အကြိုအကြားမကျန် လှည့်ပတ် ကြည့်ရှုခြင်း၊ ကြုံကြိုက် ကြားသိလာခဲ့ရသည့် ရွာသတင်းကို ဆရာဖြစ်သူ ကိုမျိုးနစ်ကို ပြန်လည် ပို့ပေးခြင်းကြောင့် ကြင်ကြင်၊ မောင်စိန်းမောင်နှင့် မခင်ရွှေတို့ သုံးပွင့်ဆိုင် သတင်းကို တစ်စွန်းတစ်စ ကြားထားသော ကိုမျိုးနစ်က အစ်လိုက်ခြင်းဖြစ်သည်။

"မကြင်ကြင်ကို ကြည့်ရတော့ ကိုစိန်းမောင်ကို စိတ်တိုင်းကျပုံမရဘူး။ အကူအညီလိုရင်ပြောပါ မကြင်ကြင်။ ကျွန်တော်က မကြင်ကြင်ကို စတင် သိကျွမ်းခဲ့တဲ့ အချိန်ကစပြီး လေးလေးနက်နက် ခင်မင်မှုရှိပါတယ်။ ကိုစိန်းမောင်ကို ဆိုရင်လည်း သူ ဒီရေပြာအိုင်ရွာကို ပြန်မရောက်ခင် မြို့ပေါ်မှာ နေစဉ်ကပဲ ကျွန်တော်နဲ့ ညီရင်းအစ်ကိုလို ခင်မင်းရင်းနှီးလာခဲ့ကြတဲ့ လူတွေပါ။ ဒါကြောင့်လည်း သူ့ကို လွမ်းတာနဲ့ လိုက်လာတာ။ အခုထက်တိုင် မပြန်နိုင်ဘဲ ဖြစ်နေတာကိုသာ ကြည့်ပါတော့ မကြင်ကြင်။ ကျွန်တော် ကူညီနိုင်တဲ့ ကိစ္စဆိုရင် သစ္စာရှိရှိနဲ့ ကူညီပါ့မယ်။ ပြောသာပြောပါ"

ကိုမျိုးနှစ်၏ တစ်ဖက်သားစိတ်ကို အရည်ပျော်သွားနိုင်အောင် ချိုသာသိမ်မွေ့စွာ ပြောလိုက်သော စကားကို ကြားလိုက်ရသောအခါ မောင်စိန်းမောင်နှင့် မခင်ရွှေကို သက်သက်မဲ့ အထင်မှားပြီး စိတ်မကောင်းဖြစ်နေသော ကြင်ကြင်သည် ငိုချင်ရက် လက်တို့သလို ဖြစ်သွားသည်။

ကြင်ကြင်ကို စေ့စေ့ကြည့်နေသော ကိုမျိုးနှစ်က ကြင်ကြင်၏ မျက်လုံးကို သိလိုက်သည်။

"မကြင်ကြင် အခုလိုစိတ်ထိခိုက်တာ မြင်ရတော့ ကျွန်တော် စိတ်မကောင်းလိုက်တာ မကြင်ကြင်။ ကျွန်တော် ဘယ်လို ကူညီရမလဲ။ ပြောသာ ပြောပါ"

"အခု ကိုစိန်းမောင် ဘယ်သွားမယ် ဆိုတာ ကိုမျိုးနှစ် သေသေချာချာ မသိလိုက်ဘူးလား"

ကြင်ကြင်က အသက်ပြင်းပြင်းရှူကာ မေးလိုက်သည်။ အသက်ပြင်းပြင်း ရှူလိုက်သောအခါ ကြင်ကြင်၏ မို့မောက် လှပသော ရင်သည် လှိုင်းထသကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်မှာ မြင်ရသူအဖို့ စွဲမက်စရာ ကောင်းလှသည်။ ကိုမျိုးနှစ်က ကြင်ကြင်၏ ရင်ကို မျက်တောင်မခတ် စူးစိုက်ကြည့်ရှုနေရာမှ မျက်နှာလွှဲလိုက်ပြီး တည်ကြည်သော မျက်နှာဖြင့် ပြောလိုက်သည်။

"ဟို ကျောင်းဆရာမဆီကို ကိုစိန်းမောင် သွားတတ်တာပဲ မကြင်ကြင်၊ အခုလည်း အဲဒီကို ရောက်ချင် ရောက်နေမှာပေါ့။ ကျွန်တော်လည်း မေးရမှာ အားနာလို့ မမေးတော့ပါဘူး"

ကိုမျိုးနှစ် စကားက ဆင်ဝှေ့ရန် ရှောင်စကားမျိုးဖြစ်သည်။ ဆုတ်သာတက်သာ အလိမ္မာဖက်ပြောသည့် စကားမျိုး ဖြစ်သည်။ သို့သော် ထိုစကားကပင် ကြင်ကြင်၏ ဒေါသကို ဆွပေးသလို ဖြစ်သွား သည်။

"သြော် … ဒီကျောင်းဆရာမဆီကို ကိုစိန်းမောင် သွားတတ်နေတာ ကိုမျိုးနှစ် သိနေပြီကိုး"

ကြင်ကြင်က အကျိတ်အခဲ ကြီးသောစကားကို ပြောလိုက်သည်။

"သိတာပေါ့ မကြင်ကြင်၊ ကိုစိန်းမောင်နဲ့ ကျောင်းဆရာမက ဟို အရင်က ကျောင်းဆရာမ ဒီရွာမှာ နေကတည်းက ရင်းနှီးနေကြတာလို့ ကျွန်တော် သိရတယ်လေ။ ကျောင်းဆရာမက အားကိုးလောက်တဲ့ အရည်အချင်း ပြည့်စုံတယ်ဆိုပဲ"

"ဘယ်သူက ပြောလဲ"

"ကိုစိန်းမောင် ကိုယ်တိုင် ပြောတာပဲ၊ ကိုစိန်းမောင်က ကျောင်းဆရာမ အကြောင်းကို ပြောရရင် ထမင်းဟင်း တောင် မေ့မလား မသိဘူး။ ကျောင်းဆရာမကို သူတော်တော် အလေးအမြတ်ထားတယ်"

ကြင်ကြင် အံကြိတ်လိုက်သည်။ ခံပြင်းသည့် မျက်ရည်တွေက မျက်လုံးထဲမှာ ဝေလျှံလာသည်။

"ကြင်ကြင်ကို သက်သက် သူအရှက်ခွဲနေတာ၊ ရွာထဲကလူတွေ သိရုံတောင် မဟုတ်တော့ဘူး။ တစ်ရပ်တစ်ရွာက အလည် ရောက်လာတဲ့ ကိုမျိုးနှစ်ကိုတောင် သိအောင် ဇာတ်လုန်ပြောပြ အရှက်ခွဲ နေပါလား။ တောက်"

ကြင်ကြင်က တောက်ခေါက်လိုက်သည်။ တောက်ခေါက်လိုက်သည့် အသံနှင့်အတူ မျက်လုံးထဲမှ ဝေလျှံနေသည့် မျက်ရည်က ပေါက်ခနဲကျလာသည်။

ကိုမျိုးနှစ် တော်တော်ပင် စိတ်မကောင်းသည့်ဟန်ဖြင့် ကြင်ကြင်ကို ကြင်နာစွာကြည့်ပြီး …

"ကျွန်တော် စိတ်မကောင်းပါဘူး မကြင်ကြင်ရယ် တကယ်ပါ။ မကြင်ကြင် မျက်ရည်ကျတာကို မြင်ရတော့ ကျွန်တော့် ရင်ထဲမှာ ဘယ်လို ဖြစ်မှန်းကို မသိတော့ဘူး။ ဘယ်လို ကူညီရမှာလဲဟင်၊ ပြောပါ မကြင်ကြင်ရယ်"

ကိုမျိုးနစ် ပြောလိုက်သည့် စကားလုံးသည် ရင်တွင်း အသည်းနှလုံးက လှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာသည့်အသံ ဖြစ်ရာ၊ ကြားရသူ ကြင်ကြင်မှာ အားကိုး ကြည်ညိုသောစိတ် ဖြစ်လာသည်။

"ထမင်းတစ်ဝမ်း အရေးကြောင့် တစ်ရပ်တစ်ရွာက လေလွင့်ပြီး ရောက်လာတဲ့ ကျောင်းဆရာမ မခင်ရွှေလို မိန်းမမျိုးကို ကြင်ကြင် အရှုံးပေးရမယ်၊ ကြင်ကြင် ချစ်တဲ့ခင်ပွန်းလောင်းတစ်ယောက်လုံး လက်လွှတ်အဆုံးခံပေးရမယ်ဆိုတာ ရာဇဝင် ရိုင်းတော့မှာပေါ့ ကိုမျိုးနစ်"

ကြင်ကြင်ကား တစ်ဖက်သတ် တစ်ဘီးလိမ့် မေတ္တာမျိုးဖြင့် ချစ်နေသူပီပီ၊ အကျိတ်အခဲ ကြီးလှသည်။ အစိုင်အခဲ အဆောက်အဦ ကြီးမားလှသော ခံပြင်းစိတ်၊ ဝန်တိုစိတ်တို့က ကြင်ကြင်၏ အသိဉာဏ်ကို အမှောင်ဖုံး လိုက်လေပြီ၊ ထိုစဉ်မှာ မီးလောင်ရာ လေပင့်ဆိုသကဲ့သို့ လေပင့်သလို ကိုမျိုးနစ်၏ စကားတွေက ကြင်ကြင်၏ နားထဲမှာ ဝင်လာပြန်သည်။

"မကြင်ကြင်လို ဆိုစရာ အပြစ်မရှိအောင် တောနဲ့မတန် အလှကျက်သရေ ပြည့်စုံနေတဲ့ အမျိုးသမီးတစ်ဦးကို ကိုစိန်းမောင် ဆက်ဆံပုံဟာ ယုယသင့်သလောက် မယုယဘူးလို့ ကျွန်တော် မြင်ခဲ့ပါတယ် မကြင်ကြင်၊ ဘာအတွက်ကြောင့်လဲ ..."

ကိုမျိုးနစ်က ပြောလိုက်သည်တွင် ကြင်ကြင်သည် သူ့စိတ်ကို ချုပ်တည်းရန် မစွမ်းတော့ချေ။ ထို့ကြောင့် မခင်ရွှေ၏ ရပ်ရွာပေါ်မှာ ထားသည့် စေတနာတွေ၊ ကျေးဇူးတွေကို မပြောတော့ဘဲ၊ မခင်ရွှေ၏ သိမ်းသွင်း ဆွဲဆောင်မှုကြောင့် ကိုစိန်းမောင်သည် မခင်ရွှေကို တမ်းတမ်းစွဲဖြစ်ကာ နစ်ဖက်သော မိဘဆွေမျိုးတွေ သဘောတူသော ကြင်ကြင်ကို ပြောင်ပြောင်ကြီး ရှောင်ဖယ်ကာ မခင်ရွှေကိုသာ စိတ်ဝင်စားနေကြောင်း၊ ယခု ရေပြာအိုင်ရွာကို မခင်ရွှေ ပြန်ရောက်လာအောင် ကိုစိန်းမောင်ပင် ကြိုးစားခဲ့သည် ထင်ကြောင်း၊ ကြင်ကြင် အနေဖြင့် မခင်ရွှေကြောင့် ကိုစိန်းမောင်ကို ဆုံးရှုံးရတော့မည့် အဖြစ်အတွက် ရှက်စရာကောင်းကြောင်း၊ ထို့ကြောင့် မခင်ရွှေကို လက်စားချေချင်ကြောင်း စသည်တို့ကို ဆင်ခြင်တိုင်းဆခြင်း မရှိတော့ ဘဲ စိတ်လိုက်မာန်ပါ ဒေါသ ဖြစ်စွာဖြင့် ပြောလိုက်လေတော့သည်။

"မကြင်ကြင် ဘယ်လို စီစဉ်ချင်လဲ အားမနာနဲ့ပြောပါ။ ကျွန်တော်နိုင်ရင် ကူညီပါ့မယ်"

ကြင်ကြင် ပြောစကားတွေကို နားစိုက်ထောင်နေသော ကိုမျိုးနစ်က မေးလိုက်သည်။

"မခင်ရွှေကို ဒီရွာက လွင့်ထွက်သွားအောင် လုပ်ချင်တယ် ကိုမျိုးနစ်၊ လွင့်ထွက်သွားတာမှ ရိုးရိုးလွင့်နည်းမျိုးမဟုတ်ဘဲ၊ တစ်ရွာလုံးက မေတ္တာမဲ့တဲ့ အဖြစ်မျိုး၊ ကိုစိန်းမောင်က သူ့မျက်နှာကို မကြည့်ချင်အောင် ရွံမုန်းသွားတဲ့ အဖြစ်မျိုးနဲ့ကို လွင့်သွားစေချင်တယ်၊ ကိုမျိုးနစ် ဆောင်ရွက်ပေးနိုင်မလား"

ကြင်ကြင် သည် မျက်ရည်မကျတော့ဘဲ ခက်ထန်သည့် မျက်နှာ၊ တင်းမာသည့် လေသံဖြင့် အံကြိတ်ကာ လက်သီးဆုပ်ကာ အညိုးကြီးစွာပြောသည်။

ကိုမျိုးနစ် က စဉ်းစားသလို တွေနေသည်။ ထို့နောက် -

"လုပ်ဖို့က လွယ်တော့ မလွယ်ဘူး မကြင်ကြင်၊ ဘာကြောင့်လဲဆိုတော့ ဒီကျောင်းဆရာမကို ကလေးတွေ ပညာရေး၊ ရပ်ရေးရွာရေးနဲ့ ပတ်သက်ပြီး လူတွေက ကြည်ညိုနေကြတယ်၊ ဒါကြောင့် သာမန် နည်းမျိုးစုံ သုံးလို့တော့ မရဘူး။ တော်တော် နက်နဲတဲ့နည်းမျိုးကို သုံးမှဖြစ်မယ်၊ မကြင်ကြင်ကို ကျွန်တော် ကြိုတင် ပန်ကြားပါရစေ"

ဟု ပြောသောအခါ ကြင်ကြင်က .....

"ပြောသာ ပြောပါ ကိုမျိုးနစ်"

ဟု မည်သည့်နည်းကိုဖြစ်စေ၊ သူ အားပေးတော့မည်ဟု စိတ်ဖြင့် ပြန်မေးလိုက်သည်။

"မကြင်ကြင် ဖြစ်စေချင်တဲ့အတိုင်းဖြစ်အောင် ကျွန်တော် ကြိုးစားကူညီပါ့မယ်၊ သို့သော် ဒီကိစ္စမှာ ကျွန်တော်ပါဝင်တယ် ဆိုတာကိုတော့ မကြင်ကြင် နှုတ်လုံနိုင်ပါ့မလား "

"အို ကြင်ကြင့်ကို စေတနာရှိလို့ ကြင်ကြင် စိတ်ချမ်းသာအောင် ကူညီတာပဲ၊ ကြင်ကြင် ကျေးဇူး မကန်းတတ်ပါဘူး။ စိတ်ချပါ၊ ဘယ်တော့မှ မပေါက်ကြားစေရဘူးလို့ ကတိပေးပါတယ် "

ကြင်ကြင်က စိတ်အားထက်သန်စွာ လေးလေးနက်နက် ကတိပေးလိုက်သည်။

"တကယ်နော်၊ မကြင်ကြင်"

"တကယ်ပါ ကိုမျိုးနစ်"

ကိုမျိုးနစ်သည် ကြင်ကြင့်မျက်နှာကို အတန်ကြာ စိုက်ကြည့်နေပြီးမှ ပြောလိုက်သည်။

"ဒီ ရေပြာအိုင်ရွာမှာ တစ်ရွာလုံးက ဘိုးစဉ်ဘောင်ဆက် အမြတ်တနိုး ထိန်းသိမ်းထားတဲ့ အဖိုးတန် ပစ္စည်း၊ ရှေးဟောင်း ပစ္စည်း မျိုးပေါ့၊ ပျောက်ဆုံးသွားရင် တစ်ရွာလုံး စိတ်ထိခိုက်စေနိုင်တဲ့ ပစ္စည်းမျိုးကို ပြောတာ၊ အဲဒါမျိုး မရှိဘူးလား မကြင်ကြင်"

ကိုမျိုးနစ် စကားကြောင့် ကြင်ကြင်သည် စဉ်းစားသလို အတန်ကြာ ငြိမ်နေသည်။

ထို့နောက် ကြင်ကြင်၏ လှပ ချောမောသော မျက်နှာလေးသည် တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် အတိုင်းမသိ ဝမ်းမြောက်သွားသည့်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"သြော် ... ကိုမျိုးနစ် ပြောတဲ့ အဓိပ္ပာယ်က ဒီလို ပစ္စည်းမျိုးကို မခင်ရွှေက ခိုးယူထားလိုက်တယ်ပေါ့။ ဒီအကြောင်းကို တစ်ရွာလုံး သိလိုက်တဲ့အခါ ... "

ကြင်ကြင်က စကားအစမသတ်ဘဲ ကိုမျိုးနစ် မျက်နှာကို ချီးကျူးသလိုလို ကြည့်လိုက်သည်။

"မကြင်ကြင်က အရိပ်ပြ အကောင်ထင်ပါလား။ ဒီလို အကင်းပါးကွက်ကျော်မြင်တဲ့ ဖျတ်ဖျတ်လတ်လတ် မိန်းမမျိုးကို ကိုစိန်းမောင် သတိမပြုမိတာ တော်တော်အံ့သြစရာ ကောင်းတယ်နော်"

ကိုမျိုးနစ်က ကြင်ကြင့်ကို ပစ်ကွင်းထိစေမည့် စကားမျိုး ပြောလိုက်ပြန်သည်။ ကြင်ကြင်သည် အံကြိတ် လိုက်မိပြန်သည်။ ထို့ကြောင့် လက်သီးဆုပ်ပြီး ပြောလိုက်၏။

"ကိုမျိုးနစ် အကြံသိပ်ကောင်းတယ်။ ဒါမှ သူဟာ ယုတ်ညံ့တဲ့ သူခိုးမ ဖြစ်ကြောင်း၊ ဖွတ်ထွက်လာတဲ့ တောင်ပို့ တစ်ခုသာ ဖြစ်ကြောင်း။ ရေပြာအိုင်တစ်ရွာလုံးနဲ့ ကိုစိန်းမောင်က သိမယ်။ နောက်ပြီး တစ်ရွာလုံးက အသက်နဲ့ လဲပြီး ကာကွယ်လာတဲ့ ဒီပစ္စည်းကိုမှ ခိုးတာဆိုရင် ဘယ်နည်းနဲ့မှ သူ့ကိုဒီရွာမှာ ထားမှာမဟုတ်တော့ဘူး၊ သက်ဆိုင်ရာကို တိုင်ကြားပြီး မောင်းထုတ်ဖို့ စီစဉ်တော့မှာ၊ သူ့အဖို့လည်း ဆည်မရအောင် အရှက်ကွဲရော။ သူ့ကို အထင်ကြီးနေတဲ့ ကိုစိန်းမောင်လည်း သူ့မျက်နှာကို တံတွေးနဲ့ ထွေးချင်လာအောင် ရွံသွားရော၊ ကောင်းလိုက်တဲ့အကြံ ကိုမျိုးနစ်ရယ်"

ကြင်ကြင်သည် ဝမ်းသာလွန်းသဖြင့် ကိုမျိုးနစ်ကို ကြည်လင်သော မျက်နှာ၊ ရယ်ပြုံးသော မျက်လုံး ဖြင့် စေ့စေ့ကြည့်နေမိသည်။

ကိုမျိုးနစ်ကလည်း ကြင်ကြင်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"တော်တော်ချောသည့်မိန်းမ" ဟု ကိုမျိုးနစ် စိတ်မှာ မှတ်ချက်ချမိသလို၊ ကြင်ကြင်၏ စိတ်ထဲမှာလည်း "ဒီလူ့ ရုပ်ရည်ဟာ ကိုစိန်းမောင်ထက် အများကြီးသာတယ်၊ ခံ့လည်းခံ့၊ ချောလည်းချော၊ သူ့ကို ရထားတဲ့မိန်းမတော့ ကံကောင်းတာပဲ" ဟု တွေးလိုက်မိသည်။

"ဘာပစ္စည်းမျိုး တွေ ရှိနေလဲ ဆိုတာကို ပြောပါဦး မကြင်ကြင်"

တစ်ယောက် ကို တစ်ယောက် ကြည့်နေကြရာမှ ကိုမျိုးနစ်က မေးလိုက်သည်။

ထိုအခိုက် မောင်စိန်းမောင် ပြန်လာသည့်အတွက် နစ်ယောက်စလုံး စကားပြတ်သွားကြသည်။

"သြော် ... ကြင်ကြင် ရောက်နေသလား၊ ကျွန်တော်လည်း ကိစ္စတစ်ခုကြောင့် အိမ်ကထွက်သွားခဲ့တာ အခုမှ ပြန်ရောက်လာတယ်"

ခရီး ရောက်မဆိုက် ကိုစိန်းမောင်က ကြင်ကြင်ကို နှုတ်ဆက်လိုက်သည်။ ထို နှုတ်ဆက်လိုက်သည့် စကား ကပင် ကြင်ကြင်ကို ကြီးစွာသော မကျေနပ်ခြင်းဖြစ်စေလိုက်သည်။

တကယ်ဆိုလျှင် မောင်စိန်းမောင်သည် လူကြီးတွေ သဘောတူပြီးသည် ဇနီးလောင်းကို နှုတ်ဆက် စကားပြောရာမှာ ကြင်နာယုယသည့် အမူအရာကို ပြည့်ဝစွာ ပြသင့်သည်။ သုံးနှုန်းသည့် စကားလုံးကလည်း သူစိမ်း မဆန်သင့်။

ယခုမူ မောင်စိန်းမောင် နှုတ်ဆက်လိုက်သည့် အမူအရာသည် သူမရှိခိုက် ရောက်လာသည့် သာမန် ဧည့်သည်ရိုးရိုးကို နှုတ်ဆက်သည့် အမူအရာသာ ဖြစ်သည်။ သုံးနှုန်းသည့် စကားလုံးကိုလည်း ကြည့်ပါဦး။ ကြင်ကြင် တဲ့၊ ကျွန်တော် တဲ့။ ကြင်ကြင် သုံးစေချင်သည့် စကားလုံးနှင့် အပြောအဆိုက -

"ကြင် ရောက်နေတာ ကြာပြီလား၊ ကိုယ်လည်း မြန်မြန် ပြန်မယ်လို့ပဲ ကြင်ရယ်၊ ကြင်လာမယ်မှန်း မသိလို့၊ သိရင် ကိုယ်မသွားဘဲ စောင့်နေမှာ ကြင်ရဲ့"

ဤအတိုင်း ဖြစ်စေချင်သည်။ သို့သော် မဖြစ်။

ထို့အပြင် မောင်စိန်းမောင်သည် သူ ဘယ်ကို ဘာကိစ္စကြောင့် သွားသည်ကို မပြော။

"ဟုတ်ကဲ့ ကြင်ကြင် ရောက်နေတာ ကြာပါပြီ။ အိမ်ရှင်များက စကားမပြောချင်လို့ ရှောင်ထွက်သွားတော့ ဧည့်သည် အချင်းချင်း ပဲ စကားပြောလိုက်ရတာပေါ့ ကိုစိန်းမောင်ရယ်"

ကြင်ကြင်က ထေ့သံ၊ ငေါ့သံဖြင့် ပြန်ကြားလိုက်သည်။

ကိုမျိုးနစ်ကမူ နစ်လိုဖွယ်သော အပြုံးဖြင့် ...

"ကိုစိန်းမောင်မရှိခိုက် မကြင်ကြင် ရောက်လာတော့ ကျွန်တော်ကပဲ ဧည့်ခံစကားပြောထားပါတယ် ကိုစိန်းမောင်"

ဟု သာယာချေငံစွာ ပြောသည်။ ထိုအခါမှာ  မောင်စိန်းမောင်က သူသွားခဲ့ရသည့်ကိစ္စကို ပြောပြ သည်။

"ကျေးဇူးတင်ပါတယ် ကိုမျိုးနစ်၊ ကျွန်တော်ကလည်း မသွားမဖြစ်တဲ့ ကိစ္စရှိလို့လေ၊ ဟိုဘက်ရွာက တော်တော်လေး အလှမ်းဝေးတော့ နေထိုင်မကောင်းဖြစ်ကြရင် ရတ်တရက် ဒီရွာကိုလာဖို့ နည်းနည်း ကြာမယ်၊ ဒါကြောင့် သူတို့ရွာမှာ ဆေးကုခန်းလေးတစ်ခု ဖွင့်ချင်တယ်ပြောလို့ ကျွန်တော်နဲ့ ဆရာမ မခင်ရွှေကို နစ်ယောက်စလုံးလာဖို့ ဖိတ်တာပဲ။ ဆရာမက မလိုက်နိုင်လို့ ကျွန်တော် တစ်ယောက်တည်း သွားရတာ၊ အခု ဟိုဘက်ရွာမှာ ဘယ်လို စီစဉ်ခဲ့တယ်ဆိုတာ

ဆရာမ မခင်ရွှေကို သွားပြောရဦးမယ်။ ဒီကိစ္စက မြန်မြန်လေး ဆောင်ရွက်မှ သင့်မှာ၊ အသက်အန္တရာယ် ကာကွယ်ရေး မဟုတ်လား။ ဆရာမ မခင်ရွှေရဲ့ အကြံဉာဏ်နဲ့ အကူအညီ အများကြီးလိုပါတယ်။ ဒီရွာကိုလည်း သူပဲ စတင် ပျိုးထောင် ခဲ့တာ ဆိုတော့ ဆရာမ ရဲ့ စီစဉ်ညွှန်ကြားချက်၊ အကြံပေးချက်က အဓိကဖြစ်နေတယ်လေ”

မောင်စိန်းမောင်က လေရှည်ကြီး အားရပါးရ ပြောနေသည့် စကားများသည် ကြင်ကြင့်အဖို့ နားထဲမှာ သံတံကျင် သွင်းနေသလို ခံစားရသည်။

အေးစက် တင်းမာနေသော မျက်လုံးဖြင့် မောင်စိန်းမောင်ကို စေ့စေ့ကြည့်နေသည်။ သို့သော် မောင်စိန်းမောင် ကား ကြင်ကြင်ကို စေ့စေ့ကြည့်နေသည် မဟုတ်သောကြောင့် ကြင်ကြင်၏ မျက်လုံးကို သတိ မထားမိ။ ကိုမျိုးနစ်ကမူ ကောင်းကောင်း သတိထားလိုက်မိသည် ... ကိုစိန်းမောင်က ဆက်ပြောသည်။

“တစ်ပတ်အတွင်း ဆေးခန်းဖြစ်ဖို့ ဆောင်ရွက်ပေးရမယ် ကြင်ကြင်၊ အဆောက်အအုံ နေရာကတော့ ရှိနေပါတယ်။ ပစ္စည်း ကိရိယာအတွက် ပြည့်စုံအောင် ကူညီပေးရမှာ။ အခုဆိုရင် လကုန်ဖို့ သုံးရက်လောက်ပဲ လိုတော့တယ်။ ဆရာမ မခင်ရွှေက မြို့ကို အလုပ်ကိစ္စနဲ့ သွားစရာရှိနေတယ်လို့ သိရတယ်။ သူ မြို့အသွား မှာ ကူညီသင့်တဲ့ ကိရိယာပစ္စည်းတွေကို ပြည့်စုံ အောင် တစ်လက်စတည်း ဆောင်ရွက်ရမယ်လေ။ ဒါကြောင့် ဟိုဘက်ရွာက ရွာလူကြီးနှစ်ဦးနဲ့ ကျွန်တော်က ကျွန်တော့် မော်တော်ကားနဲ့ လိုအပ်တာတွေကို တိုင်ပင် စုဆောင်းဝယ်ခြမ်းရမယ်။ လိုအပ်တဲ့ပစ္စည်းတွေ စာရင်းဇယားလုပ်ဖို့ ဆရာမနဲ့ တိုင်ပင် ရေးမှတ်ရဦးမယ်။ ဒါကြောင့် ဆရာမ မခင်ရွှေဆီကို အခု သွားရဦးမယ်။ ကြင်ကြင်ကော ကျွန်တော်နဲ့ ရွာထဲ ပြန်လိုက်ခဲ့ပါလား”

မောင်စိန်းမောင်က အများကောင်းကျိုး ဆောင်ရွက်ရမည်ကြောင့် အားပါးတရ ပြောနေသည်။ ကိုမျိုးနစ်က ကြင်ကြင် မျက်နှာကို မသိမသာ လှမ်းကြည့်သည်။ ကြင်ကြင် မျက်နှာထားက တည်နေသည်။ တင်းနေ သည်။

မောင်စိန်းမောင် က သူ့ကို သူစိမ်းပြင်ပြင် ဆက်ဆံသလို၊ သူကလည်း မောင်စိန်းမောင်ကို လက်စားချေချင်လာသည်။ ထို့ကြောင့် ...

"မလိုက်ပါဘူးရှင်၊ ရှင့်ဆရာမနဲ့ လွတ်လွတ်ကျွတ်ကျွတ်သာ အားပါးတရ စကားသွားပြောကြပါ။ ကြင်ကြင်နဲ့ တွဲပြီး သွားလာတာ ကို ရှင့်ဆရာမမြင်ရင် ကြင်ကြင့်ကို ရန်မူနေပါဦးမယ်"

ဟု ဒေါသ အလျောက် ပြောလိုက်သောအခါ မောင်စိန်းမောင်မျက်နှာသည် ပန်းသွေးရောင် သန်းသွားသည်။

"ဘယ်လို ပြောလိုက်တာလဲ ကြင်ကြင်ရယ်၊ ဆရာမ မခင်ရွှေ စိတ်စေတနာ ဘယ်လို ဖြူစင်တယ် ဆိုတာကို ကြင်ကြင်သာ မသိတာ၊ တစ်ရွာလုံးသိနေကြပါတယ်၊ ကြင်ကြင်ပြောတဲ့ စကားကို ဆရာမကြားရင် အားနာ စရာ ကောင်းလှပါတယ်"

မောင်စိန်းမောင် အသံက စိတ်ဆိုးသံ ဒေါသသံ မပါသော်လည်း ပြောသည့် စကားအဓိပ္ပာယ်က ကြင်ကြင်ကို အပြစ်တင်သည့် သဘောမျိုးဖြစ်သည်။ ထိုစကားကြောင့်ပင် ကြင်ကြင်က ပိုပြီး နာကြည်းသွားသည်။

"ဟုတ်ကဲ့ ရှင့်ဆရာမ စိတ်သဘောထား အင်မတန် မြင့်မြတ်ဖြူစင်တယ်လို့ပဲ ထားပါတော့၊ ရှင့်စိတ် သဘောထားကကော ဆရာမ အပေါ်မှာ အစွန်းထင်နေတယ် ဟုတ်လား"

ကြင်ကြင်၏ ချက်ကျသော စကားကြောင့် မောင်စိန်းမောင်၏ ပန်းသွေးရောင် ဖျန်းနေသည့် မျက်နှာသည် ညိုရောင်သန်းသွားသည်။

"ကြင်ကြင်ရယ် အကျယ်အကျယ် မငြိမ်းဖွယ် စကားတွေ မပြောပါနဲ့။ ကျွန်တော်နဲ့ ဆရာမ မခင်ရွှေ တစ်ယောက် နဲ့ တစ်ယောက် သမီးရည်းစားလုံးဝမဖြစ်ဘူး။ ပြောဆိုနေတဲ့ စကားတွေကလည်း ရပ်ရွာ ကောင်းမွန်ရေး ကိစ္စတွေပဲ။ ဒါကို ကြင်ကြင်က မဆင်မခြင်ဘဲ သက်သက်မဲ့ စွပ်စွဲနေတာတော့ မကောင်းဘူး။ မခင်ရွှေဟာ ရေပြာအိုင်တစ်ရွာလုံးကို ကျေးဇူးပြုထားတဲ့ ကျောင်း ဆရာမတစ်ယောက်။ သူ့ရဲ့ မွန်မြတ် ဖြူစင် တဲ့ စေတနာကို လေးစား မြတ်နိုးရမယ်။

သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို နေရာထား ရှိသေရမယ်ဆိုတာကို လူမမည် ကျောင်းသား လေး တွေက အစ သက်ကြီးရွယ်အိုအဆုံး ရေပြာအိုင် တစ်ရွာလုံးရော ရွာနီးချုပ်စပ်ရော အားလုံး သိကြပါတယ်။ ရွာခံဖြစ်တဲ့ ကြင်ကြင်က အခုလို ပုတ်ခတ်ပြောဆိုနေတာဟာ ကြင်ကြင်ရဲ့ အတွင်းသဘော ဘယ်လိုဆိုတာ ဖွင့်ပြသလို ဖြစ်နေပါတယ်။ ကဲ ကျွန်တော်နဲ့ ရွာထဲ ပြန်လိုက်ရင်လိုက်၊ မလိုက်ချင်သေးရင်လည်း ကိုမျိုးနှစ်နဲ့ စကားပြော ရစ်ကြ။ ကျွန်တော်ကတော့ အချိန်ကုန်ခံလို့မဖြစ်ဘူး။ ဆရာမဆီကို ပြောဆို တိုင်ပင်စရာကို သွားပြောရ တိုင်ပင်ရဦးမယ်"

မောင်စိန်းမောင်က ဒေါသအသံမပါအောင် အထူးသတိထားပြီး လေသံ မှန်မှန်အေးအေးဖြင့် ပြောလိုက်သည်။

သို့သော် ထိုစကားတွေက ကြင်ကြင်၏ ခံပြင်းစိတ်၊ ဝန်တိုစိတ်၊ ဒေါသစိတ်တွေကို အမြင့်ဆုံးရောက် အောင် ဆွပေးလိုက်သလို ဖြစ်သွားသည်။

"ရှင် ဘာကိုဆိုလိုတာလဲ ဟင် … ရှင့်ဆရာမရဲ့ ကျေးဇူးတော် ဂုဏ်တော်အနန္တကို သူငယ်နပ်စားလေးတွေကတောင် သိပါရက်နဲ့ ကြင်ကြင်က အခုလိုပြောနေတာ ကြင်ကြင် သဘောထားယုတ်တယ်လို့ ဆိုလိုတာ ဟုတ်လား။ ရှင့်ဆရာမကို ထိရင် ဆတ်ဆတ်ခါအောင် နာတဲ့ အခြေအနေကို ရောက်နေပြီလား ကိုစိန်းမောင်"

ကြင်ကြင်က အံကြိတ်ပြီး မောင်စိန်းမောင်ကို ခက်ထန်တင်းမာစွာ ပြောလိုက်သည်။

မောင်စိန်းမောင်သည် ဘာစကားမျှ ဆက်မပြောတော့ချေ။ ဆက်ပြောနေလျှင် ကြင်ကြင်ကို မည်သို့မျှ ထိန်းချုပ်မရတော့ဘဲ ဆိုးသည်ထက် ဆိုးအောင် ပြုလုပ်နေသလို ဖြစ်နေမည်။ နောက် တစ်ချက်ကလည်း တစ်ရပ်တစ်ရွာက ရောက်လာသော သူစိမ်းဧည့်သည် ကိုမျိုးနှစ်ရှေ့မှာ ရန်ဖြစ်နေရမည့် အလုပ်သည် မည်သို့မျှ မသင့်လျော်ကြောင်း စဉ်းစားမိသည်။

ထို့ကြောင့် ဘာမျှမဖြစ်သလို မျက်နှာနှင့် အသံကို ကြည်ကြည်လင်လင်ထားကာ …

"ကဲ ကျွန်တော် တောင်းပန်ပါတယ် ကြင်ကြင်ရယ်၊ လာ ရွာထဲကို ပြန်ကြစို့"

ဟု မောင်စိန်းမောင်က တောင်းပန်ပြောလိုက်သည်။

"မလိုက်ဘူး၊ ရှင့်ဘာသာ လွတ်လွတ်လပ်လပ်သွား"

ကြင်ကြင် ခပ်ကျယ်ကျယ် ပြန်အော်လိုက်သည့်အတွက် …

"သူ့စိတ် အေးချမ်းသွားအောင် စိတ်ပြေအောင် စကားပြောလိုက်ပါဦး ကိုမျိုးနှစ်၊ ဆရာမဆီကို ကျွန်တော် အကျိုးအကြောင်း သွားပြောလိုက်ဦးမယ် "

ဟု ပြောပြောဆိုဆို မောင်စိန်းမောင်က အိမ်မှ ထွက်လာခဲ့သည်။

မောင်စိန်းမောင် ခြံကြီးနယ်နိမိတ် အပြင်ဘက်ကို ရောက်သွားသည်ဆိုလျှင်ပင် ကိုမျိုးနှစ်က ဒေါသ မျက်ရည်ပူတွေ ဖြိုင်ဖြိုင်ကျနေသော ကြင်ကြင်အနားမှာ အသားချင်းထိလုမျှ ကပ်ထိုင်လိုက်သည်။ ထို့နောက် ကြင်ကြင်ကို ယုယ ကြင်နာစွာ ပြောလိုက်သည်။

"ကိုစိန်းမောင်ကလည်း ခက်တော့တာပဲ မကြင်ကြင်၊ တကယ်ဆို ဒီဆရာမကြောင့် မကြင်ကြင် စိတ်မချမ်းသာ ဖြစ်နေတာကို ဆရာမဆီကို သွားမယ်လို့ ပြောင်ပြောင်ပြောပြီး မကြင်ကြင်ကို လှည့်မကြည့်ဘဲ ထွက်သွားတာတော့ ရက်စက်လွန်းပါတယ်။ ဒီအကြောင်းကို ဆရာမသိရရင် ဘယ်လောက် ဝမ်းသာ လိုက်မလဲနော်"

မီးလောင်ရာလေပင့်လိုက်သော ကိုမျိုးနှစ် စကားကြောင့် ကြင်ကြင်သည် အသံမထွက်ဘဲ မျက်ရည် ကျနေရာမှ အသံထွက်အောင်ပင် ငိုလိုက်သည်။ သူ့အနားမှာ အသားချင်း ထိလုမျှကပ်ထိုင်နေသော ကိုမျိုးနှစ်ကို ရှောင်ဖယ်မသွားဘဲ ထိုင်မြဲထိုင်နေရာမှ ကိုယ်လုံးကို သိမ့်သိမ့် တုန်အောင် ငိုရှိုက်လိုက်သောအခါ ကြင်ကြင်၏ ပခုံးနှင့် ကိုမျိုးနှစ်၏ ကိုယ်လုံးတို့ ထိခိုက်မိသည်။

အလိုက်သိလွန်းသော တပည့်ကျော် မောင်တင့်က ကြင်ကြင်နှင့် ကိုမျိုးနှစ်တို့ရှိနေသည့် ဧည့်ခန်းထဲသို့ မည်သူမျှ ရုတ်တရက် မဝင်နိုင်အောင် သတိရှိစွာဖြင့် တံခါးစောင့်အမှုတော်ကို သစ္စာရှိစွာ ထမ်းဆောင် နေသည်။

ကြင်ကြင်၏ အမူအရာကို အကဲခတ်ပြီး အကင်းပါးလွန်းသော ကိုမျိုးနှစ်သည် ကြင်ကြင်၏ လှပသော မျက်လုံးမှ ပုလဲတစ်လုံး ရွဲတစ်လုံးကျလာသော မျက်ရည်တွေကို သုတ်ပေးလိုက်သည်။

"တိတ်ပါ ကြင်ရယ်၊ ကြင်ငိုနေတာမြင်ရတော့ ကိုယ့်ရင်ထဲမှာ မချိလွန်းလို့ပါ"

ကြင်ကြင်သည် ယုယစွာ မျက်ရည်သုတ်ပေးနေသော ကိုမျိုးနှစ်မျက်နှာကို မော်ကြည့်လိုက်သည်။ သူ အသက်တမျှ ချစ်မြတ်နိုးလွန်းသော ကိုစိန်းမောင်၊ သူ နစ်ရှည်လများ ကြီးမားသော မျှော်လင့်ချက်ကြီးဖြင့် စောင့်နေခဲ့ရသော ကိုစိန်းမောင်၊ မခင်ရွှေနှင့် သူ့ကို မည်သည့်အခါမျှ နိူင်းယှဉ်ပြောလိမ့်မည်ဟု မထင်ခဲ့သော ကိုစိန်းမောင်၊ သူစိတ်ဆိုးလျှင် သူ့ကို ယုယကြင်နာစွာ ချော့မော့ နှစ်သိမ့်လိမ့်မည်ဟု ထင်ခဲ့သော ကိုစိန်းမောင်။

ထို ကိုစိန်းမောင်သည် ယခု သူစိမ်းဧည့်သည် ကိုမျိုးနှစ်ရှေ့မှာ သူ့ကို ပြောင်ပြောင်ကြီး စိမ်းကားစွာ ပြောဆိုကာ ဧည့်သည် သူစိမ်းနှင့်သာထားခဲ့ပြီး ပစ်ပစ်ခါခါ ထွက်ခွာသွားသည့်အတွက် ကြင်ကြင် ရှက်လွန်းနာကြည်းလွန်းသည်။ သူ အသက်တမျှ ချစ်သော ကိုစိန်းမောင်၏ ယုယကြင်နာမှုကို မခံရသောအခါ သူ့ကို ယုယကြင်နာစွာ နှစ်သိမ့်နေသော ကိုမျိုးနှစ်ကို အားကိုးကြည်ညိုသောစိတ်ဖြင့် မော်ကြည့် လိုက်ခြင်းဖြစ်သည်။

ကိုစိန်းမောင်ထက် သာလွန်ချောမောသော ရုပ်ရည်ဖြင့် နှစ်လိုချစ်စဖွယ် ပြောဆိုဆက်ဆံသော ကိုမျိုးနှစ်၊ ကြင်ကြင်ကို တွေ့ဆုံသည့် အခါတိုင်း အကြိုက်ကိုသာ လိုက်လျောပြီး စိတ်ချမ်းသာအောင် ပြောဆိုတတ်သော ကိုမျိုးနှစ်၊ သူ ဝမ်းနည်း အားငယ်နေသည့် အချိန်မှာ သူ့ကို ယုယကြင်နာစွာ နှစ်သိမ့်နေသော ကိုမျိုးနှစ်ကို မော်ကြည့်နေသော ကြင်ကြင်သည် သူ့ကို ရွှန်းလဲ့ တောက်ပသော မျက်လုံးဖြင့် ကြီးမားသော ချစ်ခင်ကြင်နာခြင်းကိုပြကာ စူးစူးစိုက်စိုက် ကြည့်နေသော ကိုမျိုးနှစ်၏ မျက်လုံးအဓိပ္ပာယ်ကို ကြင်ကြင် ကောင်းစွာ သိလိုက်လေပြီ။

ကိုစိန်းမောင်ထံမှ သူလိုချင်သော ယုယကြင်နာမှု၊ ချစ်ခင်မြတ်နိုးမှုတွေသည် ကိုစိန်းမောင်ထံမှ လုံးဝမရဘဲ ချောမောလှပသော ကိုမျိုးနှစ်ထံမှ သူ့ရလေပြီ။ နာကြည်းစိတ်၊ ဝန်တိုစိတ်၊ အရွဲ့တိုက်ချင်စိတ်တို့ ရာနှုန်းပြည့် ဖြစ်နေသော ကြင်ကြင်၏ အမူအရာကို သံသယကင်းစွာ သိလိုက်သော ကိုမျိုးနှစ်ကား ကြင်ကြင်ကို သူ့စက်ကွင်းထဲသို့ ဆွဲသွင်း လိုက်သည့်အရေးသည် လုံးဝ ခက်ခဲထစ်ငေါ့မရှိဘဲ တိုတောင်းလှသော အချိန်လေးအတွင်းမှာ အောင်မြင်သွားလေသည်။

ကြင်ကြင်သည် မောင်စိန်းမောင်ကြောင့် ဝမ်းနည်းပူဆွေးခြင်းမဖြစ်တော့ချေ။ သူ့အသည်းနှလုံးတွင် ကိုစိန်းမောင် မရှိတော့ဘဲ ကိုမျိုးနှစ်က နေရာဝင်ယူလိုက်လေပြီ။ သို့သော် သူ နှစ်ရှည်လများ မြတ်နိုး ချစ်ခင်စွာ စောင့်မျှော်နေသူကို လက်လွှတ်ဆုံးရှုံးခံလိုက်ရသည့်အတွက် မခင်ရွှေကို လက်စားချေလိုသည့်စိတ်ကား လျော့ပါးမသွားဘဲ အပြိုးကြီးမြဲတိုင်း ကြီးနေသည်။

ကိုမျိုးနှစ် အကြောင်းကို မေးမြန်းစဉ်က ကိုစိန်းမောင်က ပြောခဲ့ဖူးသည်။

"ကျွန်တော်က ရေပြာအိုင်ကို ပြန်မလာခင်က မေမေ ဖေဖေတို့နဲ့ပါ ကိုမျိုးနှစ်က ခင်လာခဲ့တယ်။ ပစ္စည်းချမ်းသာတယ်။ ပညာက ဘွဲ့တော့မရခဲ့ဘူး။ ဒါပေမယ့် တက္ကသိုလ် ကျောင်းထွက်ပဲ။ သိခဲ့သလောက်တော့ အဲဒီအချိန်က သူ လူပျိုပဲ ရှိသေးတယ်။ အခုလည်း တပည့်တစ်ယောက်နဲ့ အလည် ရောက်လာတာ၊ အေးအေးဆေးဆေး နေပုံကိုထောက်ပြီး လက်မထပ်သေးဘူးလားလို့ မေးတော့ ကြိုက်တဲ့ မိန်းမ မတွေ့သေးဘူးလို့ ပြောတာပဲ ကြင်ကြင်"

ဟူသော ကိုစိန်းမောင် ပြောခဲ့ဖူးသည့် စကားကို ကြင်ကြင်က သတိရသည်။ ထို့ကြောင့် -

"သူ့အင်မတန် တန်ဖိုးထားမြတ်နိုးနေတဲ့ မခင်ရွှေကို သူ ကိုယ်တိုင်ရော တစ်ရွာလုံးကရော အော့နှလုံးနာ ရွံရှာ စက်ဆုပ်တဲ့ အဖြစ်မျိုးနဲ့ ရေပြာအိုင်ရွာက မောင်းထုတ်လိုက်မှ သူ နောင်တရမယ်။ ဒီတော့မှ ငါ့ကို လက်ထပ်ဖို့ ပြောလာမယ်။ အဲဒီအချိန်မှာ ငါက သူ့ကို လုံးဝ အရေးမစိုက်ဘဲ ကိုမျိုးနှစ်နဲ့ တင့်တင့်တယ်တယ် ခမ်းခမ်းနားနား လက်ထပ်လိုက်မယ်။ ဒါမှ သူ အသည်းကွဲမှာ၊ ကိုယ်ချင်းစာတတ်သွားမှာ၊ သိကြရောပေါ့ ကိုစိန်းမောင် ရယ်"

ကြင်ကြင် က စိတ်ထဲက ကြိမ်းလိုက်သည်။

ကိုမျိုးနှစ် မေတ္တာကို သူလက်ခံလိုက်ပြီး သူ့ကို မိသားဖသားပီပီ တင့်တယ်စွာ လက်ထပ်ရန် ပြော သောအခါ ကိုမျိုးနှစ်က ...

"စိတ်ချပါ ကြင်ရယ်၊ ကိုယ့်မိဘတွေကို ပြန်ခေါ်လာပြီး ကြင်စိတ်တိုင်းကျ စီစဉ်လက်ထပ်မယ်။ ကိုယ့်မိဘတွေပါ ကိုယ်နဲ့ အတူ ဒီရွာမှာပဲ အခြေစိုက်နေကြမယ်။ သားသမီးဆိုလို့ ကိုယ်တစ်ယောက်တည်း ရှိတော့ မိဘတွေကလည်း ကိုယ်နဲ့ မခွဲဘူးလေ။ မိသားစုနှစ်စု စည်းစည်း ရုံးရုံးနဲ့ ဘယ်လောက် ပျော်စရာ ကောင်းလိုက် မလဲ"

ဟူသော ကတိစကားကို ကိုမျိုးနှစ်က အခိုင်အမာ ပေးသည်။ ကြင်ကြင် ဝမ်းသာလိုက်သည်မှာ ပြောဖွယ် မရှိ တော့ချေ။ ကိုစိန်းမောင် ထက်သာသည့် ရုပ်ရည်ချောမောလှပသည့် မြို့ကြီးသားနှင့်အတူ ကိုယ့်ရပ်ရွာမှာ ဥမကွဲ သိုက်မပျက် နေထိုင်ရမည်ဆိုတော့ ကြင်ကြင် ဝမ်းသာသည်မှာ သာထိုက်ပါပေသည်။

ကိုမျိုးနှစ် က ကြင်ကြင်ကို အနူးအညွတ် ပန်ကြား၏။

"ကိုယ်က ကိုစိန်းမောင်တစ်ယောက်နဲ့သာ ကျွမ်းထားတော့ ရွာထဲကို အလာအသွားနည်းတယ် ကြင်။ နောက်ပြီး မခင်ရွှေ ကိစ္စ မအောင်မြင်ခင်မှာ ကိုယ်နဲ့ ကြင်တို့ကိစ္စကို လူသိမခံစေချင်ဘူး။ အထူးသဖြင့် ကျောင်းဆရာမ မခင်ရွှေ မသိစေဖို့ အရေးကြီးတယ်"

"ဘာကြောင့်လဲ ကိုမျိုး"

ဟု ကြင်ကြင်က ပြန်မေးသည်။

"တစ်ရွာလုံးက ကျောင်းဆရာမ မခင်ရွှေ ဩဇာခံနေကြတယ်ဟုတ်လား။ ကိုမျိုး အခြေအနေက ကိုစိန်းမောင်ထက် သာတော့ မခင်ရွှေ မနာလိုစိတ်နဲ့ ကိုယ်တို့ ချစ်သူနှစ်ယောက်ကို ကွဲစေသဘောမျိုး ထားပြီးတစ်ရွာသားကို ထိမ်းမြားဖို့

မသင့်ဘူးတွေ ဘာဖြစ်တယ် ညာဖြစ်တယ် စသည်ဖြင့်ပေါ့လေ၊ ပြောလိုက်ရင် ကိုယ်တို့နှစ်ယောက် ကွဲကြရလိမ့်မယ်။ သူကတော့ ကိုစိန်းမောင်နဲ့ လက်ထပ်ပြီး ပျော်စေ၊ ကြင် ကို အသည်းကွဲစေ စီမံကိန်းမျိုး ချလိုက်ရင် ..."

ကိုမျိုးနှစ်က စကားကို အဆုံးမပြောဘဲ ကြင်ကြင် မျက်နှာကို စိုးရိမ်ဟန်ဖြင့် စိုက်ကြည့်လိုက်သည်။

"ဟာ ဟုတ်တယ်ကိုမျိုး၊ အခုမှ ကြင် စဉ်းစားမိတယ်။ စိတ်ချပါ။ ဘယ်သူ့ကိုမှ အသိမပေးပါဘူး"

ကြင်ကြင်က ချစ်သူစိတ်အေးစေရန် ကတိပေးလိုက်သည်။

"မခင်ရွှေ ဒီရွာကထွက်သွားမှ ကိုမျိုးနှစ်တို့နှစ်ယောက် ချစ်တာကို ကြင့်ဘက်က မိဘတွေကို အသိပေး၊ ကိုမျိုး မိဘတွေကို ပြန်ခေါ်၊ ဒီအတွင်းမှာ ကိုစိန်းမောင်ကို ကြင်က ဟန်မပျက် ပြောဆို ဆက်ဆံပါ။ ကိုစိန်းမောင်ကို ရန်မထောင်နဲ့နော်။ ရန်ထောင်လို့ ဒေါသဖြစ်ရင် စိတ်မာန်အလျောက် ပေါက်ကွဲပြီး ကိုယ်တို့နှစ်ယောက် ချစ်တာကို သိသွားလိမ့်မယ်။ နောက်ပြီး ကြင်က ဒီခြံကြီးကို လာမြဲတိုင်းလာ၊ ကိုစိန်းမောင် မရှိတဲ့ အခါဆိုရင် ကိုယ်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကား ပြောရတာပေါ့ "

ထိုအခိုက် ကိုစိန်းမောင် ပြန်လာသည့်အတွက် တံခါးစောင့်က သတိပေး အချက်ပြလိုက်သည်။

"ဟော ကိုစိန်းမောင်တောင် ပြန်လာနေပြီ၊ ကြင် ဟန်မပျက်နဲ့နော်။ ရွှင်ရွှင်ပြုံးပြုံး နေလိုက်ပါ အချစ်ရယ်။ မခင်ရွှေ ကိစ္စကို နောက်တစ်ကြိမ် ဒီခြံကြီးကို ကြင်ရောက်လာမှ ပြောကြရအောင် "

ကိုမျိုးနှစ်က သတိပေး မှာကြားလိုက်သည်။

ကိုမျိုးနှစ်ကို အာရုံရှိသည်းလှိုက် ချစ်နေပြီဖြစ်သည့် ကြင်ကြင်သည် ချစ်သူ ကိုမျိုးနှစ် ဩဇာကို တစ်သဝေ မသိမ်း နာခံကာ ဘာမှ မဖြစ်ခဲ့သည့် ဟန်မျိုးဖြင့် ...

"အိမ်ရှင်ထွက်သွားပေမယ့် ဧည့်သည်က မပြန်ရက်လို့ ထိုင်စောင့်နေရပါတယ် ကိုစိန်းမောင်။ ဟိုဘက်ရွာ ဆေးကုခန်း အတွက် စီမံပြီးခဲ့ပြီလား"

ဟု ပြုံးရွှင်ကြည်လင်သည့် မျက်နှာ၊ ချိုအေးသော အသံဖြင့် ဆီးကြိုပြောလိုက်သော ကြင်ကြင်ကို မြင်ရ ကြားရသော ကိုစိန်းမောင်သည် အမောပင်ပြေသွားသည်။ သူ့မိတ်ဆွေကောင်း ကိုမျိုးနှစ်က မိတ်ဆွေကောင်းပီပီ တရားချ ဖျောင်းဖျသည့်အတွက် ကြင်ကြင်၏ ဒေါသတွေ ကြေပျောက်သွားသည်ဟု ယူဆကာ ကိုစိန်းမောင်သည် ကိုမျိုးနှစ်ကို ကျေးဇူးတင်လိုက်လေသည်။

# အခန်း (၁၄)

ကိုစိန်းမောင်သည် စမ်းမြိုင်ခြံကြီး ကျေးဇူးကြောင့် သူ့တစ်ဘဝတာမှာ ပူစရာမရှိအောင် တောလိုက်ဘာဝ ပြည့်စုံနေသော်လည်း မေ့မေ့လျော့လျော့ဖြင့် ဖြစ်သည့်အခြေအနေမှာ တင်းတိမ်နေသည့် စိတ်မရှိချေ။

ခြံကြီး၏ တစ်ဖက်စောင်း ကောနေပြီဖြစ်သည့် ချောင်းငယ်နေရာသည် အချည်းနှီး ပစ်ထားရမည့် အစား တစ်ရွာလုံး၏ ကောင်းကျိုးဖြစ်စေရန် စိုက်ပျိုးကွက်အဖြစ် အသုံးချသင့်ကြောင်း တစ်နေ့သော အခါက မခင်ရွှေ ပြောဖူးသည့် စကားကို အကောင်အထည်ဖော်ရန် ကြိုးစားနေသူ ဖြစ်သည်။

ပြည့်လျှံအောင် ထွက်နေပြီဖြစ်သည့် စမ်းအိုင်က ရေတွေကို ကောနေသည့် ချိုင့်ဝှမ်းနေရာကို ရေရစေရန် မြောင်းသွယ် ဖောက်ချမည်။ ရေ တခြားကို စီးထွက်မသွားစေရန် လက်ကွက်ကို တမံတုပ်မည်။ ရေရရှိပြီး စိုပြည်လာသော ထိုနေရာကို နွေ-မိုး-ဆောင်း အလှည့်ကျ အသီးအနှံများ စိုက်မည်။ ထိုစိုက်ခင်းမှ ဖြစ်လာသည့် ငွေကြေးကို ဆင်းတုတော်ကြီး ကိန်းဝပ်ရာ ဓမ္မာရုံကို ခိုင်ခံ့လုံ ခြုံအောင် ပြုပြင်ရန် လိုအပ်သည့် အရေး မှာ အသုံးချမည်။ ထိုနေရာကို စိုက်ပျိုးရန်မှာ ရွာရှိ လူငယ်လူရွယ်များက အလှည့်ကျ တာဝန်ယူရမည်။ ထိုကိစ္စအတွက် ကိုစိန်းမောင်နှင့် မခင်ရွှေတို့က ကြီးကြပ်ရမည် ဖြစ်သည်။

ထိုစီမံကိန်း ကို တစ်ရွာလုံးက သဘောတူကြသည်။ အားပေးထောက်ခံကြသည်။ စိတ်ရောကိုယ်ပါ အားတက် သရော ကူညီကြသည်။ အမြော်အမြင်ရှိသော မခင်ရွှေကို ဆတက်ထမ်းပိုးတိုးပြီး ကြည်ညို ကြသည်။

မခင်ရွှေသည် ထိုကိစ္စအတွက်ကြောင့် တိမ်ကောနေသည့်ချောင်းမြေနေရာကိုလာသည့်အခါတိုင်းမှာ ကိုစိန်းမောင်၏ ခြံကြီး ထဲကို မည်သည့်အခါမျှမဝင်ပေ။ အပြင်လမ်းကသာကွေ့ရှောင်သွားသည်။ လာသည့်အခါမှာလည်း တစ်ယောက်တည်း မလာ တပည့်တွေ ခြံရံလာသည့်အခါ လာသည်။ သူ့ကျောင်းက ဆရာမတွေကို အဖော်ခေါ်လာသည့်အခါလာသည်။ ရွာသူရွာသားတွေနှင့် လာသည့်အခါ လာသည်။

ခြံကြီးအပြင်ဘက် အလှည့်ကျသော လူငယ်လူရွယ်တွေက ခြံကြီးအပြင်ဘက်ရှိ ချောင်းကောနေရာကိုပြုပြင်ရာသို့ ကိုစိန်းမောင်နှင့် မခင်ရွှေတို့က ကြီးကြပ်သည်ဆိုသော်လည်း မည်သည့်အခါမျှ နှစ်ယောက်ပြိုင် မသွားကြချေ။ အပြောအဆိုလွတ်အောင် မခင်ရွှေကရှောင်သလို ကိုစိန်းမောင်ကလည်း မခင်ရွှေ၏ နာမည်ဂုဏ်သိက္ခာကို တန်ဖိုးထားကာ သတိထားရှောင်သည်။

ထို့ကြောင့် နှစ်ယောက်သဘောတူ နေ့ရက်သတ်မှတ်ကာ မခင်ရွှေက ကျောင်းပိတ်သည့်ရက်မှာသာ လာရောက် ကြည့်ရှုသည်။ ထိုနေ့မှာ ကိုစိန်းမောင် မလာ၊ ကြားရက် တွေမှာ ကိုစိန်းမောင် ကြည့်ရှုသည်။ ထိုအချိန် မှာ မခင်ရွှေ လုံးဝမလာ၊ ဤအတွင်းမှာ ပြောရေးဆိုခွင့် ပေါ်လာလျှင် ကိုစိန်းမောင်က မခင်ရွှေ အိမ်ကို သွားသည်။ ဘွားရွှေအိမ်တို့ သားအမိကို ရှေ့မှာထားပြီး ပြောစရာရှိသည်ကိုသာ ပြောခဲ့သည်။

ကိုစိန်းမောင်က ချောင်းကောမြေနေရာကို ကြည့်ရှုစီမံနေချိန်မှာ ကြင်ကြင်က စမ်းမြိုင်ခြံကြီးထဲသို့ ရောက်လာသည်။ ကြိုတင်စီစဉ် ချိန်းချက်ထားသည့်အတိုင်း ကြင်ကြင်က ကိုစိန်းမောင် မရှိသည့်အချိန် ရောက်လာပြီး ချောင်းကောမြေနေရာကို မလိုက်သွားဘဲ ကိုစိန်းမောင်၏ အိမ်မှာသာကိုမျိုးနှစ်နှင့် တွေ့ဆုံ စကားပြောရင်း မခင်ရွှေကို မည်သို့ ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်ရမည်ကို တိုင်ပင်နေကြသည်။

ထို့ကြောင့် ရေပြာအိုင်မှ ဘိုးစဥ်ဘောင်ဆက် အမြတ်တနိုး သိမ်းဆည်းထားသည့် ရှေးဟောင်းအဖိုးတန်ပစ္စည်း မျိုး မရှိဘူးလားဟု ကိုမျိုးနစ် မေးမြန်းခဲ့စဉ်က ကိုစိန်းမောင် ပြန်ရောက်လာသည့်အတွက် ကြင်ကြင်က ပြောပြရန် အချိန်မရှိခဲ့ချေ။

ယခုမှ ကြင်ကြင်က ထိုစကားကို ပြန်ဆက်ပြောပြသည်။

"ကြင်ကြင်တို့ ရွာဦးကျောင်း ဓမ္မာရုံကြီးမှာ ပူဇော်ထားတဲ့ ... ရှေးဟောင်း ဆင်းတုတော်ရဲ့ မျက်လုံးတော်ကို ကိုမျိုး မြင်ဖူးလား"

ကိုမျိုးနစ် က မမြင်ဖူးကြောင်း၊ ထိုဓမ္မာရုံကိုလည်း တစ်ခေါက်မျှ မရောက်ဖူးကြောင်း ပြန်လည် ဖြေ ကြားလိုက်သည်။

"တစ်ခေါက်လောက် ဘုရားဖူးရအောင် လာခဲ့ပါလား၊ ဘုရားဖူးဖို့ဆိုရင် ဘယ်သူမှ မကန့်ကွက်ပါဘူး"

ကြင်ကြင်က စေတနာအပြည့်ဖြင့် ဖိတ်ခေါ်သည်။ သို့သော် ကိုမျိုးနစ်က ချစ်စရာကောင်းသော အပြုံး မျက်နှာဖြင့် ဦးခေါင်းညိတ်ကာ -

"အဆင်ပြေရင် ရောက်မှာပေါ့ ကြင်ရယ်၊ ကဲ ပြောစမ်းပါဦး။ ဆရာမ မခင်ရွှေကို ဘယ်လို စီရင်ရမယ် ဆိုတာ"

ဟု မေးသောအခါ ကြင်ကြင်က ပြောပြသည်။

ဓမ္မာရုံထဲမှာ ရှိနေသော ဆင်းတုတော်ကား ကြင်ကြင်တို့ မိဘတွေ လူမဖြစ်ခင်ကပင် ရေပြာအိုင်ရွာမှ အစဉ်အဆက် ကိုးကွယ်ခဲ့သည့် ဆင်းတုတော်ဖြစ်သည်။ ဉာဏ်တော် တစ်ပေရှိသော ရွှေသားအစစ်တင်ပျဉ်ခွေ ဆင်းတုတော် ဖြစ်သည်။ ဆင်းတုတော်၏ ဦးခေါင်းတော်နှင့် သင်္ကန်းတော် အနားပတ်တွေမှာ ကျောက်မျက် ရတနာတွေ စီခြယ်ထားသည်။ သို့သော် ထိုကျောက်မျက်ရတနာတွေကား တန်ဖိုးမနည်း ဆိုသော်လည်း မြင်ရသူ သွားရည်ယိုစရာ မဖြစ်၊ မြင်ရသူ သွားရည်ယိုစရာ ကောင်းသော ရတနာကား သုံးခုသာရှိသည်။

ထိုသုံးခုကား မျက်မှောင်တော် နှစ်ခုအကြားမှာ သွင်းမြှုပ်ထားသည့် ရတီနှစ်ဆယ် အနည်းဆုံးရှိသော စိန်ကြီး တစ်လုံး၊ မျက်လုံးတော်နေရာတွင် သွင်းမြှုပ်ထားသည့် အလားတူ ရတီ နှစ်ဆယ် အနည်းဆုံးရှိသည့် မြရတနာကြီး နှစ်လုံးဖြစ်သည်။ ဆင်းတုတော် ပမာဏနှင့် နှိုင်းစာလျှင် စိန်နှင့်မြ နှစ်လုံး၏ အရွယ်ပမာဏက ကြီးမား နေသည်။

ဆင်းတုတော် ကိန်းဝပ်တော်မူရာ ဓမ္မာရုံသည် ခိုင်ခံ့လုံခြုံသော အုတ်တိုက်ဖြစ်သည်။ ထွက်ဝင်သည့် ကျယ်ဝန်းသော တံခါးပေါက်ကြီး တစ်ပေါက်သာ ရှိသည်။ ထိုတံခါးပေါက်ကြီးကိုလည်း ထုထည် ကြီးမား ခိုင်ခံ့ သည့် ကျွန်းသားတံခါး တစ်ထပ်၊ သံဆန်ကာတံခါး တစ်ထပ်၊ ကျပ်လုံးသံတိုင်ကြီးများဖြင့် သံပေါင်တွေ ကွပ်ထား သည့် သံတံခါး တစ်ထပ်၊ တံခါးသုံးထပ် အရံအတား လုပ်ထားသည်။

ထိုဆင်းတုတော် ကြီး မှ စိန်နှင့်မြ ရတနာသုံးလုံးကို တိတ်တဆိတ် ယူထုတ်ကာ မခင်ရွှေ ခိုးယူသည့် ဇာတ်ခင်း လိုက်လျှင် သူတို့အကြံ အထမြောက်နိုင်သည်ဟူသောစကားများကို ကြင်ကြင်က ပြောသောအခါ ကိုမျိုးနစ် သည် ကြင်ကြင်မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေရာမှမေးလိုက်သည်။

"ကြင်ကြင်ပြောတဲ့ အတိုင်းဆိုရင် စိန်စစ်မြစစ် ဆိုရင်တော့ ဒီရတနာသုံးလုံးကို ဘယ်လောက်တန် တယ်ဆိုတာ ခန့်မှန်းဖို့တောင် ကြောက်စရာကောင်းနေတာပဲ။ တကယ်ပိုင်ဆိုင်ရတဲ့လူတော့ တစ်သက်တာ စည်းစိမ်ရှိရှိ ထိုင်စားနေနိုင်ပြီ ကြင်၊ ဒီရတနာသုံးလုံးကို ဘယ်လိုယူနိုင်မလဲ၊ ကိုမျိုးက ဉာဏ်သည်ဆိုတော့ ကြင်ကြင်ပြောပြလို့သာ ကြားရတာ အနေအထားကို မခန့်မှန်းနိုင်ဘူး လေ"

"ကိုမျိုးပြောတဲ့အတိုင်း အဖိုးတန်တာက ပြောစရာတောင် မလိုပါဘူး။

စိန်ကြီးကအဖိုးဖြတ်နိုင် တယ်ထားဦး၊ မြကြီးနှစ်လုံးကို ဘယ်လိုမှ အဖိုးမဖြတ်နိုင်ဘူး ကိုမျိုး။ ဘာကြောင့်လဲ ဆိုရင် ဆင်းတု တော်ကြီးက အနောက်ဘက်ကို မျက်နှာတော် လှည့်ထားတယ်။ ညနေအချိန် သစ်သားတံခါးကို ဖွင့်ထားတဲ့အခါ သံတံခါးတွေက နေရောင်ဟာ ဆင်းတုတော်မျက်နှာတော်ကို ရောက်လာပြီဆိုရင် စိန်ရောင် တောက်တာက တော်တော် ရယ်၊ မြကြီးနှစ်လုံးက နေရောင်ဟပ်ပြီး ထွက်လာတဲ့ အစိမ်းရောင်ဟာလေ နေရောင် ကိုတောင် ဖုံးသွားတယ်။ ဓမ္မာရုံ တစ်ခုလုံးမှာ စိမ်းပြီး မြင်ရတဲ့လူ မျက်လုံးထဲမှာ အေး လိုက်တာလေ။ သံတံခါးတွေ အပေါက်က အေးမြတဲ့ အစိမ်းရောင်ကြီးဟာ အတန်းလိုက် ထွက်လာသလိုပဲ ထင်ရတယ်"

ကြင်ကြင် ပြောနေသည့် စကားတွေကို နားထောင်နေသော ကိုမျိုးနှစ်သည် စိတ်ဝင်စားလွန်းနေ သည်မှာ အသက်ပင် ရှူမိပါရဲ့လားဟု ထင်စရာပင်ဖြစ်နေသည်။

ကြင်ကြင် က ဆက်ပြောသည်။

"မခင်ရွှေကို တစ်ရွာလုံးက သိပ်ယုံကြည်ကြတယ်။ တစ်ရပ်တစ်ရွာက ရောက်လာတဲ့ ဧည့်သည်ဆိုရင် ဆင်းတုတော်ကို ဖူးခွင့်ပြုဖို့ သိပ်ခဲယဉ်းတယ်။ ကိုယ့်ရွာသားတောင်မှ တစ်ခါတလေ သစ်သားတံခါးတစ်ချပ်ပဲ ဖွင့်ပေးတယ်။ သံတံခါးကို မဖွင့်ပေးဘူး။ အပြင်ဘက်ကပဲ ဖူးရတယ်။ မခင်ရွှေ အရင်တစ်ကြိမ် ရေပြာအိုင် ရွာမှာ နေစဉ်က ဒီ ဆင်းတုတော်ကြီးကို အပြင်ဘက်ကသာ ဖူးခွင့်ပြုခဲ့တယ်"

"အခု ဒုတိယအကြိမ် ပြန်ရောက်လာတော့ ဟို ကိုစိန်းမောင် အမျိုး ဒုက္ခိတမလေး ပြောလိုက်တဲ့ စကားတွေ၊ ရေပြာအိုင် ရွာနောက်ကြောင်း ရာဇဝင်တွေကို သိရတယ်ဆိုပြီး သိပ်လိုလားသွားကြတယ်။

နောက်ပြီး ရပ်ရွာအတွက် ဆောင်ရွက်ချက်တွေကိုလည်း ကျေးဇူးတင်လှချည်ရဲ့ဆိုပြီး သိပ်ကြည်ညိုနေကြခိုက်မှာ ဆင်းတုတော်ကြီး ကိန်းဝပ်ရာ ဓမ္မာရုံကို ခိုင်ခံ့အောင် ပြုပြင်ဖို့ လိုတယ်ဆိုတဲ့ စကားတွေကို မခင်ရွှေ က ပြောလာရော၊ ဆင်းတုတော်ကြီးနေရာ တစ်ကွက်ထဲကိုသာ ဒီလို လုံခြုံရေးလုပ်ထားလို့ စိတ်မချရဘူး။ ဓမ္မာရုံကိုပါ ခိုင်ခံ့လုံခြုံတဲ့ အုတ်တိုက် လုပ်သင့်ကြောင်း၊ ဒီလိုလုပ်မှသာလျှင် လူဆိုးတွေအနေနဲ့ ကြံစည်ချင်ရင် ဓမ္မာရုံလုံခြုံမှု တစ်ထပ်၊ ဂန္ဓကုဋီတိုက်လုံခြုံမှု တစ်ထပ် ဖြစ်နေလို့ ကြံစည်ရာမှာ ခဲယဉ်းသွားမယ် ဆိုတာတွေပြော။ ဒီကိစ္စအတွက် ငွေရအောင် ချောင်းကောမြေ စီမံကိန်းကြီး ဆွဲလိုက်တော့ တစ်ရွာလုံး က မခင်ရွှေကို သိပ်ကြည်ညိုပြီး ဆင်းတုတော်ကိန်းဝပ်ရာ အုတ်တိုက် ကိုပါ ဖွင့်ပြတဲ့ အခြေအနေ ရောက်သွားတာပေါ့ ကိုမျိုး"

ရှည်လျား သော စကားတွေကို ပြောလိုက်ရသဖြင့် မောသွားဟန်ဖြင့် ကြင်ကြင်က ပင့်သက်ရှူပြီး နား လိုက်သည်။

ကိုမျိုးနှစ်က ကပျာကသီထသွားပြီး ရေတစ်ခွက် ခပ်လာသည်။

"ကဲ ဖန်ပြာခွက်နဲ့ ကျောက်စက်ရေလေးကို အမောပြေအောင် သောက်လိုက်ပါဦး ကြင်ရယ်"

ဟု တယုတယပြောကာ သူကိုယ်တိုင်တိုက်ရန် မသင့်လျော်လွန်းသဖြင့်၊ တစ်ပါးသူတွေ မတော်တဆ မြင်တွေ့ သွားမည် ကို စိုးရိမ်သဖြင့် ကြင်ကြင်၏ လက်ထဲကိုသာ ထည့်ပေးလိုက်သည်။

ကိုမျိုးနှစ် ၏ ယုယကြင်နာမှုကို ကြင်ကြင်သည် များစွာ ကြည်နူးသွားသည်။

"ကိုမျိုးက လှပတဲ့ ကြင့်နူတ်ခမ်းလေးနားကို ဖန်ခွက်တွေ့ပြီး ကိုယ်တိုင် တိုက်လိုက်ချင်ပါတယ် ကြင်၊ သူများမြင်မှာစိုးလို့ ဆင်ခြင်လိုက်ရတာ စိတ်ထဲမှာ မချင့်မရဲ ရှိလိုက်တာ"

ကိုမျိုးနစ်က ကြင်ကြင့်လက်ထဲက ရေသောက်ပြီးသော ဖန်ခွက်ကို ပြန်ယူပြီး သိမ်မွေ့ညင်သာ ချစ်ခင် မြတ်နိုးစွာ ပြောလိုက်သည်။

"ကိုမျိုး မေတ္တာကို ကြင်သိပါတယ် ကိုမျိုးရယ်" ကြင်ကြင်က ကျေနပ်နှစ်သိမ့်စွာ ပြန်ပြောလိုက်၏။

ကိုမျိုးနစ် က ဖန်ခွက်ကို အနားမှာရှိသော စားပွဲလေးတစ်ခုပေါ် သို့ တင်လိုက်ပြီး .....

"ကဲ ဆက်ပြောပါဦး ကြင်၊ ဆောင်ရွက်စရာ ရှိသမျှကို ကြင်က အားလုံးညွှန်ပြ၊ ကိုမျိုးက ကြင်စီမံချက်ကို မငြင်းမဆန် နာခံပါ့မယ်။ အခုကတည်းက ကြင့်ဩဇာကို ကိုမျိုး နာခံနေပြီနော်။ လက်ထပ်ပြီးတဲ့အခါ ..."

ကိုမျိုးနစ် စကားမဆုံးမီ ...

"ဘာလဲ လက်ထပ်ပြီးတဲ့အခါကျတော့ ကြင့်ကို တော်ရာချောင်ထဲမှာ ပစ်ထားမလို့လား"

ဟု စိတ်ဆိုးသံ မပါဘဲ နောက်သံဖြင့် ပြောလိုက်သည်။

"အမယ်လေး ကြင်၊ အဲဒီလို ထင်လိုက်တာကိုက ကိုမျိုးရင်ထဲမှာ ဘယ်လို ဖြစ်သွားမှန်းမသိဘူး ကြင်၊ ကိုမျိုးဆိုလိုတာက လက်ထပ်ပြီးတဲ့အခါကျတော့ ကြင့်ခြေရင်းမှာ ကိုမျိုးက ကျိုးနွံစွာဝပ်စင်းပါ့မယ်လို့ ပြောမလို့ပါ ကြင်ရယ်၊ ကိုစိန်းမောင် ကြောင့် ကြင်စိတ်မချမ်းမသာ ဖြစ်ရတာတွေကိုလေ ကိုမျိုးက ကြင် စိတ်ချမ်းသာရအောင် အတိုးချပြီး ယုယကြင်နာမှာပါ"

ကိုမျိုးနစ်က ကြင်ကြင်၏ အရှိုက်ကိုထိအောင် စကားတစ်လုံး ပစ်သွင်းလိုက်သောအခါ ကြင်ကြင်သည် မသိမသာ နှုတ်ခမ်း ကို ကိုက်လိုက်သည်။ စိတ်ထဲတွင် မခင်ရွှေ ပျက်စီးစေလိုသော စေတနာသည် တိုးပွားသည်ထက် တိုးပွားလာသည်။

"ကဲ ဆောင်ရွက်ရမှာတွေကို ဆက်ပြောပါဦး"

ကိုမျိုးနျစ်က ဆက်လိုက်သည်။

"ဒီရတနာသုံးလုံးကို အားလုံးယူလို့ ရရင်လည်းရ၊ တစ်ခု နှစ်ခုလောက်ရလည်း ဖြစ်တာပါပဲ။ ဓမ္မာရုံနဲ့ အုတ်တိုက် အနေအထားကို ကြည့်ရအောင် တစ်ခါလောက် ကိုမျိုးလာပါလား။ ဥပုသ်နေ့ကို လာလေ။ ဓမ္မာရုံက အုတ်ဇရပ်ကြီးပါပဲ။ အခင်းနဲ့ အမိုးပဲ ရှိတယ်။ ဓမ္မာရုံရဲ့ ဦးဘက်က ဆင်းတုတော်ကြီး ကိန်းဝပ်ရာ အုတ်တိုက်က ထီးထီးကြီး ရှိနေတယ်။ ဥပုသ်နေ့ဆိုရင် သစ်သားတံခါး ဖွင့်တယ်။ တခြားနေ့တွေမှာ တံခါး သုံးထပ်လုံး ပိတ်ထားတယ်"

ကိုမျိုးနစ်က ဦးခေါင်းခါလိုက်သည်။

"ကိုမျိုးက ဧည့်သည်၊ သူစိမ်းတစ်ယောက်ပဲ ကြင်၊ ဒီလူ သဘောတစ်မျိုးနဲ့ လာကြည့်သလား၊ ဘာကိုလာပြီး စပ်စု နေတာလဲဆိုတဲ့ အထင်မျိုးခံရရင် မကောင်းဘူး"

"ဒါလည်း ဟုတ်တာပဲ ..."

ကြင်ကြင်က ချစ်သူကို အထင်မှား၊ အမြင်မှား မခံလိုပေ။ ထို့ကြောင့် အကြံထုတ်ဟန်ဖြင့် နှုတ်ဆိတ် နေသည်။

စမ်းမြိုင်ခြံကြီးအပြင်ဘက် ချောင်းကောမြေတွင် လုပ်အားပေးနေကြသော လူငယ်လူရွယ်များ၏ အားတက် ပျော်ရွှင်စွာ ဟစ်အော်ကြွေးကြော် ပြောဆိုနေကြသော အသံတွေသည် လေသင့်ရာ တစ်ချက်တစ်ချက် ကြားနေ ရသည်။

ဧည့်ခန်း အပြင်ဘက်တွင် သစ်စွာရှိသော တပည့်ကျော် မောင်တင့်ကား သတိမလစ်စေဘဲ တံခါးစောင့်တာဝန် ကို မငြိုမငြင် ထမ်းဆောင်နေသည်။

"ကိုမျိုး ပေးတဲ့ အကြံကို ကြင် လက်ခံနိုင်မလား"

ငြိမ်နေသော ကြင်ကြင်ကို အကဲခတ်ပြီး ကိုမျိုးနှစ်က မေးသည်။

"ပြောသာပြောပါ ကိုမျိုး"

ကြင်ကြင် က လိုလားစွာ တုံ့ပြန်သည်။

"ဒီဘုရားအုတ်တိုက်ကို ခတ်တဲ့သော့ အမျိုးအစားကို ကြင်သိလား။ ဒီသော့ အမျိုးအစားကို သိရရင် သော့ရအောင် ကိုမျိုး ရှာနိုင်တယ်။ ညဘက်မှာ ဒီအုတ်တိုက်ကို စောင့်တဲ့ လူရှိလား"

"လူစောင့်ရယ်လို့တော့ သီးသန့်မထားဘူး။ ဘုန်းတော်ကြီးကျောင်းနဲ့ ဓမ္မာရုံက နီးတယ်။ ညတိုင် ရောက်ရင်တော့ ဘုန်းတော်ကြီးကျောင်းက ဆယ့်နှစ်နာရီလောက်မှ သံဃာတော်တွေက ကျိန်းစက် ကြတယ်။ နောက်ပြီး မနက်သုံးနာရီ ခွဲတယ်ဆို အုန်းမောင်းခေါက်တာပဲ။ အိပ်ချိန် သိပ်မရှိကြဘူး။ ကြား သုံးနာရီကျော်ကျော် အချိန်လေးမှာလည်း သံဃာတော်တွေနဲ့ ကပ္ပိယတွေ အိပ်ကြပေမယ့် ခွေးတွေက ဘယ်မှာ အိပ်ကြတယ် ထင်လဲ ကိုမျိုးရဲ့။ ဓမ္မာရုံပေါ် တက်အိပ် ကြတော့ ဘုရားဆင်းတုတော်ရှိရာ အုတ်တိုက်က အလိုလို အစောင့်ရှိပြီးသား ဖြစ်နေတယ်"

ကြင်ကြင် က ရယ်မော ပြောပြသည်။

ကိုမျိုးနှစ်ကမူ မရယ်ဘဲ၊ နက်နက်နဲနဲ အကြံထုတ်နေသလို၊ မျက်မှောင်မသိမသာ ကုတ်နေသည်။ ထို့နောက် ...

"ဘုရားအုတ်တိုက်ကိုခတ်တဲ့ သော့ကိုသာ ဘယ်လိုအမျိုးအစား၊ သော့ပုံသဏ္ဍာန်က ဘယ်လိုဆိုတာ ရအောင် စုံစမ်းပါ ကြင်။ တကယ်လို့ မရရင်လည်း နည်းလမ်းတစ်ခုရှိပါသေးတယ်။ ဖြစ်အောင်တော့ လုပ်ရမှာပေါ့။ တစ်ရက်နှစ်ရက်အတွင်း သိရအောင် ကြိုးစားနော်။ ဒါမှ မခင်ရွှေကို မြန်မြန် လက်စားချေ နိုင်မယ်။ တစ်ခုတော့ ကြင့်ကို ကြိုတင်ပြောပါရစေ"

"ပြောပါ ကိုမျိုး"

"ဒီရွာအကြောင်းကို ကိုမျိုး သိရသလောက်ဆိုရင် အစဉ်အလာ သိပ်ကြီးတဲ့ရွာ။ ဒီရွာသူရွာသားတွေဟာ တစ်ရပ်တစ်ရွာက မိန်းကလေး၊ ယောကျ်ားလေးတွေကို လက်ထပ်တာ မရှိသလောက်ဘဲ။ ဒီတော့ ကိုမျိုးနဲ့ ကြင့်ကို သဘောတူချင်မှ တူကြမယ်။ မတူလို့ ခွဲလိုက်ရင် ကိုမျိုး ရင်ကွဲရချည်ရဲ့။ ဒါကြောင့် မခင်ရွှေ ဒီရွာက ထွက်သည် ဖြစ်စေ၊ မထွက်သည်ဖြစ်စေ၊ ထွက်ရအောင်တော့ ကြိုးစား ရမှာပေါ့လေ။ ဘာပဲဖြစ်ဖြစ် ကိုမျိုးခေါ်ရာကို ကြင်လိုက်ခဲ့ပါ။ ကိုမျိုးတို့ မိဘတွေထဲမှာနေပြီး ငါးလ တန်သည်၊ ခြောက်လတန်သည် ကြာတော့မှ ကြင့်မိဘတွေထံကို ပြန်လာကြတာပေါ့။ အဲဒီအချိန်ဆိုရင် သူတို့ ဘယ်နည်းနဲ့မှ ခွဲကြတော့မယ် မထင်ဘူး။ ကိုမျိုးပြောတာ သဘောပေါက်ရဲ့လား"

ကြင် စီမံသမျှ မငြင်းမဆန် နာခံပါမည်ဆိုသော ကိုမျိုးနစ်သည် သူကချည်း စီမံနေသည်ကို ကြင်ကြင်က အပြုံးမပျက်ဘဲ ဦးခေါင်းတညိတ်ညိတ်တည်း ညိတ်နေတော့သည်။

ရှင်းရှင်း ဆိုရလျှင် ကြင်ကြင်သည် ကိုစိန်းမောင်ထက် ရုပ်ရည်ပညာ။ ပစ္စည်းသာလွန်သော ကိုမျိုးနစ်၏ ကြင်နာခြင်း၊ ယုယခြင်းတို့မှာ နစ်နစ်ကာကာ စွဲလမ်းမြတ်နိုးနေပြီဖြစ်ရာ ကိုမျိုးနစ်ပြောသမျှကို မငြင်းမဆန် လိုက်နာ တော့မည်သာ ဖြစ်သည်။ ကိုမျိုးနစ်က ဆက်ပြောလိုက်သည်။

"ဘုရားက ရတနာတွေရရင် မခင်ရွှေ ခိုးယူတယ်လို့ စွပ်စွဲနိုင်အောင် ဒီရတနာတွေကို သူ့ပိုင်နက်ထဲ ရောက်အောင် ကြံရဦးမယ် ကြင်။ သူနေတဲ့အိမ်ကို သွားထားဖို့က ခဲယဉ်းတယ်။ ဒီတော့ ညဘက်မှာ စာသင်ကျောင်း က သူ့ရုံးခန်းထဲကို တိတ်တိတ်ဝင်၊ သူ့စာရွက်စာတမ်းသိမ်းထားရာ စားပွဲအံဆွဲဖြစ်စေ၊ ဘီရိုထဲဖြစ်စေ ရတနာတွေကို သေသေသပ်သပ် ထည့်ထား၊ နောက်ပြီး ရွာသူရွာ သားတွေက မခင်ရွှေကို သံသယ ဖြစ်လာအောင် ကြင်က ဉာဏ်ဆင်သတင်းလွှင့်၊ အဲဒီတော့ ရွာလူ ကြီးတွေက သူ့ရုံးခန်းကိုဝင်ရှာ၊ ရတနာတွေ တွေ့၊ မခင်ရွှေတစ်ယောက် ဘုရားပစ္စည်းခိုးမှုနဲ့ အချုပ်ထဲ ရောက်ရင်ရောက်၊ မရောက်ရင်လည်း ရပ်ပြေအိုင်ရွာက ပြေးရတော့မှာပေါ့။ ကိုမျိုးအကြံ ဘယ်လိုလဲ၊ ကြင် သဘောကျရဲ့လား"

"ကောင်းတယ်။ ဒီအကြံ သိပ်ကောင်းတာပဲ။ တစ်ရပ်တစ်ရွာက လေလွင့်ရောက်လာပြီး ငါ့ကို စိတ်ဆင်းရဲအောင် လုပ်နေတဲ့ ဆရာမကြီးတော့ မျက်နှာလုပ်နေပေတော့"

ကြင်ကြင်သည် စိမ်းကားရက်စက်သော စကား၊ ကိုယ်ချင်းစာတရား ကင်းမဲ့သောစကားကို ဝမ်းသာအားရ ပြောလိုက်လေသည်။

# အခန်း (၁၅)

ကြီးမားသော စီမံကိန်းကိုချကာ ရတနာပစ္စည်းတွေကို ခိုးယူရန် ကြံနေခြင်းခံရသော ဆင်းတုတော် ကား ကြင်ကြင် ၏ မိဘတွေ လူမဖြစ်မီကပင် ဤရေပြာအိုင်ရွာမှာ ရှိနေခဲ့သော ဆင်းတုတော် ဖြစ်သည်။

မိမိ ကိုယ်ခန္ဓာလှပရေးကိုသာ ဦးစားပေးပြီး မိမိကိုယ်ကိုအလှပြင်ရေးကလွဲလျှင် အခြားဘာအကြောင်းကိုမျှ စိတ်မဝင်စား သော ကြင်ကြင်ကား ထိုရေပြာအိုင်ရွာ ဇာတိချက်မြှုပ်ဖြစ်လျက်နှင့် ထိုဆင်းတုတော်အကြောင်းကို မေးမြန်းခြင်းလည်း မပြုခဲ့။

ဆင်းတုတော်နှင့် ပတ်သက်ပြီး ဘာအကြောင်းအချက်ကိုမျှ မသိခဲ့သော်လည်း မခင်ရွှေသည် ပထမအကြိမ် ရေပြာအိုင်ရွာမှာ နေစဉ်က မျိုးချစ်စိတ်၊ ဇာတိမာန်စိတ် ပြင်းထန်လှစွာဖြင့် သမီးရင်း တစ်ယောက်လုံးကို အသေခံ လိုက်သော သူကြီးမင်း ဦးရွှေဇင် အကြောင်းကို ဘွားရွှေအိမ် ပြောပြ၍ သိရသည့် အချိန်ကစပြီး သူ မမြင်ဖူးလိုက်သော သူကြီးမင်း ဦးရွှေဇင်ကို ကြည်ညိုစိတ်ဖြင့် ဦးရွှေဇင်အကြောင်း မှတ်တမ်းရေးပြီးသော်လည်း စကားအဆက်အစပ်ပေါ်တိုင်း ဦးရွှေဇင်အကြောင်းကို ဘွားရွှေအိမ်အား မေးမြန်းခြင်းဖြင့် ထို ဆင်းတုတော်အကြောင်းကို သိနေခဲ့ပြီးဖြစ်သည်။

သူကြီးမင်း ဦးရွှေဇင်သည် အသက်တမျှ ချစ်သော တစ်ဦးတည်းသော သမီး မထားဆွေကို မျိုးချစ် စိတ်၊ ဇာတိမာန်စိတ် ကင်းမဲ့သည့် အမျိုးသားသစ္စာဖောက်တစ်ယောက် ဖြစ်ရကောင်းလားဟူသော ရှားမှရှားသည့် စိတ်မာန်ဖြင့် အသေခံ လိုက်ပြီးသည့်နောက် သမီးစိတ်ဖြင့် သူကြီးကတော်ကြီးကလည်း သေဆုံး သွားခဲ့သည်။

ထိုအခါ ဘိုးစဉ်ဘောင်ဆက်စပြီး မျိုးနွယ်အလိုက် ချမ်းသာကြွယ်ဝလာသည့် ပစ္စည်းတွေ အစုလိုက် အပုံလိုက်ဖြင့် တစ်ဦးတည်း ကျန်ရစ်သော သူကြီးမင်း ဦးရွှေဇင်သည် သူ့ပစ္စည်းတွေကို အသုံးချရန် စိတ်ကူး လိုက်သည်။

နာကြည်းဖွယ် ကြေကွဲဖွယ် အဖြစ်မျိုးဖြင့် သမီးရင်းတစ်ယောက်လုံးကို သွေးအေးအေးဖြင့် အသေခံ လိုက်ခြင်း၊ ချစ်လှစွာသော ငယ်ပေါင်းဇနီး သူကြီးကတော်ကြီးသည် သမီးစိတ်ကြောင့် သေဆုံးသွား ခဲ့ခြင်း စသည် တို့က ဦးရွှေဇင်ကို လောကီဘက် ငြီးငွေ့သည့်စိတ် ပေါ်ပေါက်လာစေသည်။

အရွယ်ကလည်း ရှိသေးသည်။ သူကြီးမင်းဟူသော ဂုဏ်ကလည်းရှိနေသည်။ ပစ္စည်းတွေကလည်း အစုလိုက်အပုံလိုက် ချမ်းသာနေသည်။ ထို့ကြောင့် ချို့ယွင်းချက် မရှိသော ဦးရွှေဇင်ကို လက်ဆက်လိုသူ အမျိုးသမီးတွေ ရှိပါသော်လည်း ဦးရွှေဇင်ကား လောကီချမ်းသာကို စိတ်မကူး တော့ဘဲ နောင်သံသရာပါစေမည့် အလုပ်ကိုသာ လုပ်ရန် စိတ်ကို ဆုံးဖြတ်လိုက်သည်။

သမီးနှင့် ဇနီးအတွက် စိတ်ထဲမှာ မကောင်းဘဲ ဖြစ်နေသော ဦးရွှေဇင်သည် သူကြီးအလုပ်မှ အနားယူလိုက်ပြီး ရွာဦး ကျောင်းတွင် ကိုးပါးသီလ ခံယူကာ ဥပုသ်ရက်ရှည် စောင့်နေသည်။ ဘုန်းကြီးထံမှ ကမ္မဋ္ဌာန်းကို တောင်းယူပြီး ကျောင်းဝိုင်း ကြီး၏ ချောင်အကျဆုံးနေရာ လူသူအရောက်အပေါက် အနည်းပါးဆုံး အစွန်ဆုံးနေရာက တောင်သလဲ ပင်အုပ်ကြီး အောက်မှာ တစ်ယောက်တည်း နေသာရုံ ကမ္မဋ္ဌာန်း ကျောင်းလေးဆောက်ပြီး နေ့ရောညပါ တရားထိုင်နေလေ သည်။

ဦးရွှေဇင်သည် စိတ်ကို နိုင်နင်းအောင်ချုပ်ကာ သမာဓိတည်အောင် ကြိုးစားခဲ့ရာ ဇနီးနှင့်သမီးအတွက် ဖြစ်ခဲ့ရသာ ပရိဒေဝ သောကမီးသည် အေးငြိမ်းလာသည်။ စိတ်သည် တည်ငြိမ် ချမ်းမြေ့လာသည်။ ထိုအခါ ဦးရွှေဇင်သည်

လောကီကို စက်ဆုပ်သောစိတ် ဖြစ်ပေါ်လာ သည့်အတွက် လူတွေ သူတွေနှင့် နီးနီးကပ်ကပ် နေလိုသော စိတ် မရှိတော့ချေ။

စုဆောင်းလာခဲ့သော ရွှေတွေကို အရည်ကျိုကာ ရွှေသားဆင်းတုတော်သွန်းသည်။ ဘိုးစဉ်ဘောင်ဆက်က အမွေအနှစ် ရလာသည့် ရတနာတွေကို ဆင်းတုတော်မှာ စီချယ်သည်။ ဆင်းတုတော်နှင့် ပလ္လင်ထားသည့် နေရာကို ခိုင်ခံ့သော အုတ်တိုက် ဂန္ဓကုဋီဆောက်သည်။ ဆင်းတုတော်ကိန်းဝပ်ရာ ဂန္ဓကုဋီနှင့်ဆက်ပြီး ဓမ္မာရုံအဖြစ် ကျယ်ဝန်းသော ဇရပ်ကြီးကို ဆောက်သည်။

ထိုအလှူကြီး ပြီးသောအခါ ရွာထဲမှာရှိနေသည့် အိုးအိမ်ကျွဲနွား ပရိဘောဂပစ္စည်းများကို မရှိဆင်းရဲသည့် ရွာသူရွာသား တွေအား ကံအလှည့်သင့်သလို ရကြစေရန် မဲဖောက်လှူဒါန်းခဲ့ပြီး သူကိုယ်တိုင်ကား ကမ္မဋ္ဌာန်းထိုင်နေကျ သလဲပင်အုပ်ကြီး အောက်က ကမ္မဋ္ဌာန်းကျောင်းလေးမှာသာ နေထိုင်ပြီး တရား အားထုတ် နေတော့သည်။

ဦးရွှေဇင်၏ စိတ်ဓာတ်ကို ကြည်ညိုကြသော ရွာသူရွာသားတွေက တစ်နေ့တစ်အိမ် အလှည့်ကျ နံနက်တစ်နပ်စာ ထမင်းအုပ်လှူသည်ကို ခံယူစားသောက် တရားကျင့်နေရာမှ ကွယ်လွန်သွားရှာ သည်။

ရွာ၏ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်ခဲ့သော ဦးရွှေဇင်၊ ဇာတိမာန် မျိုးချစ်စိတ် ပြည့်ဝလွန်းသည့် ဦးရွှေဇင်၊ ဇာတိမာန် မျိုးချစ်စိတ် ပြည့်ဝလွန်းသည့် ဦးရွှေဇင်၊ ရက်ရောသော အလှူဒါနကို ပြုခဲ့သည့် ဦးရွှေဇင်ကို ရွာသူရွာသားတွေသည် ကျေးဇူးတင်ကြသည်။

လွမ်းဆွတ် သတိရကြသည်။ သနားကြင်နာကြသည်။ ထို့ကြောင့် ဦးရွှေဇင် လှူဒါန်းထားခဲ့သည့် ဆင်းတုတော်ကို အသက်ပေး ကာကွယ်ရန် အသင့် စိတ်မျိုးဖြင့် ကြည်ညိုကိုးကွယ်လာကြသည်။ ဆင်းတုတော် ကိန်းဝပ်ရာ ဂန္ဓကုဋီတိုက် သော့ကို ရွာဦးကျောင်းထိုင်ဆရာတော် အဆက်ဆက် ကိုယ်တိုင် ကိုင်တွယ် ထိန်းသိမ်းလာခဲ့ကြသည်။

ဘွားရွှေအိမ် ပြောပြသည့်အတိုင်းဆိုလျှင် ဤဆင်းတုတော်နှင့် ရတနာတွေကို သူကြီးမင်း ဦးရွှေဇင် လှူထား ခဲ့သည်မှာ ဘွားရွှေအိမ်အသက်ဆယ့်လေးနှစ်သမီးက ဖြစ်ရာ၊ ယခု ဘွားရွှေအိမ် အသက်သည် ရှစ်ဆယ်ကျော် နေလေပြီ။ ဤဆင်းတုတော် သက်တမ်းကား နှစ်ပေါင်းခုနစ်ဆယ်ကျော်နေလေပြီ။

နက်ဖြန်သည် လပြည့်နေ့နှင့် တနင်္ဂနွေနေ့ တစ်ထပ်တည်း ဖြစ်သည်။ ထို့ကြောင့် မခင်ရွှေသည် ဥပုသ်စောင့်ရန် ရည်စူးလေသည်။

ဓမ္မာရုံကို တံမြက်စည်းလှည်း၊ သုံးရေ သောက်ရေ ခပ်ထည့်ခြင်း စသည့် အလုပ်တွေ ပြီးစီးအောင် မခင်ရွှေက စောစောလာပြီး လုပ်ကိုင်ဆောင်ရွက်နေလိုက်သည်။ သီလစောင့်မည်လူတွေ ရောက်လာကြပြီး၊ ဘုန်းတော်ကြီးက သီလပေးပြီးသောအခါ ဆင်းတုတော် ကိန်းဝပ်ရာ တိုက်ခန်းအတွင်းမှာ သန့်ရှင်းရေး လုပ်ရန် ဆရာတော်ကြီးက မခင်ရွှေကို ဦးတည်ပြီး တာဝန်ပေးလိုက်သည့်အတွက် မခင်ရွှေက တာဝန် ယူလိုက်ရသည်။

ဓမ္မာရုံကို လာကြသည့် ပရိသတ်ထဲတွင် လှပစွာ ဝတ်စားဆင်ယင်ထားသော ကြင်ကြင် ပါရှိသည်။ မခင်ရွှေကို အစဉ်အမြဲ ရန်သူလိုသာ ဆက်ဆံခဲ့သော ကြင်ကြင်သည် ထူးထူးခြားခြား မခင်ရွှေကို လေးစားခင်မင်စွာ နှုတ်ဆက်စကား ပြောသော အခါ မခင်ရွှေသည် စိတ်ထဲက တော်တော် ထူးဆန်း မိသည်။ သို့သော် ...

"သူ ချစ်တဲ့ ကိုစိန်းမောင်နဲ့ ငါ ဘာမှမဖြစ်ဘူးဆိုတာကို သူ ရှင်းရှင်းလင်းလင်းသိသွားလို့ စိတ်ပြောင်း သွားတာထင်တယ်"

ဟု အကောင်းဘက် က တွေးကာ ဝမ်းသာမိသည်က အမှန်ပင်ဖြစ်သည်။

ဆင်းတုတော် ကိန်းဝပ်ရာ တိုက်ခန်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်ရာမှာ ကြင်ကြင်က သူပါ ကူသိုလ်ယူပါရစေ ဆိုသောကြောင့် မခင်ရွှေ ဝမ်းမြောက်ဝမ်းသာ ကြင်ကြင်ကို တံမြက်စည်းတစ်ချောင်း ကိုယ်တိုင်ယူပေးကာ တိုက်ခန်းအတွင်းသို့ အတူ ဝင်ထိုင်ခဲ့ကြသည်။

ဘုန်းတော်ကြီးကသော့ကိုကိုင်ကာ သန့်ရှင်းရေးလုပ်နေကြသည်ကိုကိုယ်တော်တိုင်စောင့်ကြည့်နေတော်မူသည်။ ကြင်ကြင် သည် လုပ်သင့်သလောက်လုပ်သော်လည်း မခင်ရွှေလောက် အပင်ပန်း မခံချေ။ သန့်ရှင်းရေး ဝင်လုပ်သည် ဆိုသော်လည်း ဦးတည့်ရာအကြောင်းတွေကို အဆက်မပြတ်စကားပြောရင်းလုပ်နေသည်ကြောင့် အလုပ်က ပြောလောက်အောင် မတွင်ချေ။

မခင်ရွှေကမူ စကားမပြောဘဲ လုပ်စရာရှိသည်ကိုသာ သွက်လက်လျင်မြန်စွာ လုပ်ကိုင်နေသည်။ ထို့ကြောင့် ဘုန်းတော်ကြီးသည် ...

"ဒီကျောင်းဆရာမ စိတ်ဓာတ်မျိုးကတော့ ချီးကျူးဖို့ တကယ်ကောင်းပါတယ်။ တို့ရွာအတွက် အားကိုးလောက်တဲ့ သူတော်ကောင်းတစ်ယောက်ပဲ"

ဟု စိတ်ထဲက မှတ်ချက် ချတော်မူနေသည်။

သန့်ရှင်းရေးပြီးသောအခါ မခင်ရွှေနှင့် ကြင်ကြင်ကို အရင်ထွက်စေပြီးမှ ဘုန်းတော်ကြီးက ထွက်သည်။ ထို့နောက် တိုက်ခန်းကို ကိုယ်တော်တိုင် သော့ခတ်တော်မူသည်။ ဘုန်းတော်ကြီးသည် တိုက်ခန်းကို သော့ခတ်ပြီးသည့် အချိန်မှာပင် ကျောင်းဝိုင်းတစ်နေရာရှိ ဖရုပ်ကို မီးလောင်လေသည်။ မီးလောင်သောဖရုပ်နှင့် သိမ်ကြီးက နီးသည်။ သိမ်ထဲတွင် အဖိုးတန် ရှေးဟောင်း ပေစာတွေရှိနေသည်။ ဘုန်းတော်ကြီးသည် သိမ်ကို မီးကူးမည် စိုးရိမ်သောစိတ်ဖြင့် ဒကာ ဒကာမတွေနှင့်အတူ ကပျာကသီ ကြွသွားတော်မူသည်။

လူအား ရေအား နိုင်သောကြောင့် မီးသည် သိမ်ကို ကူးစက်မလောင်လိုက်ရဘဲ ငြိမ်းသွားသည်။ မီးငြိမ်းသွားပြီး အရာရာသည်အေးဆေးငြိမ်သက်သွားသောအခါမှ ဆင်းတုတော်ကိန်းဝပ်ရာတိုက်ခန်းကိုခတ်သည့်သော့တွဲ ဘယ်နေရာမှာ ကျနေခဲ့မှန်း ဘုန်းတော်ကြီး မသိတော့ချေ။

ဘုန်းတော်ကြီးကျောင်း ရောက်နေသော ရွာသူရွာသားတွေ ပျာယာခတ်ကုန်ကြတော့သည်။ သော့ကား ဘယ်လိုမျှ ရှာမတွေ့ တော့ချေ။

မီးလောင်သော ဖရုပ်နှင့် ဓမ္မာရုံကား အတော်လေး လှမ်းသည်။ မီးဆိုသောကြောင့် အားလုံး ထပြေးကြသည်။ ဓမ္မာရုံတွင် လူတစ်ယောက်မျှ မကျန်ခဲ့၊ အခင်းဖြစ်သည့် အချိန်သည် အစအဆုံး တစ်နာရီကျော်ကျော် ကြာခဲ့သည်။

စိတ်လက်မကောင်းစွာဖြင့် ဆင်းတုတော် တိုက်ခန်းကို ညစောင့် အိပ်ရန် စီစဉ်ကြရတော့သည်။ ထိုသော့ကား သူကြီးမင်း ဦးရွှေဇင်ကိုယ်တိုင် ရန်ကုန်သို့တက်သွားပြီး ဝယ်လာခဲ့သည့် အာမခံသော့တွေဖြစ်သည်။ ဝယ်ယူလှူဒါန်းထားခဲ့သည့် နှစ်ပရိစ္ဆေဒကလည်း ကြာမြင့်လှပြီဖြစ်ရာ ရှေးခေတ် ရှေးပုံတွေဖြင့် ဂျာမနီနိုင်ငံက ထုတ်လုပ်ထားသည့် သော့တွေဖြစ်ရာ ယခုခေတ်တွင် ထိုသော့မျိုးကား လုံးဝ မရှိတော့ချေ။

ထို့ကြောင့် သော့ခလောက်ကို ဖျက်ဆီးယူလိုက်ပြီးမှ နောက်ထပ် သော့ခလောက် သော့အသစ် ဝယ်ယူ အသုံးပြု ရတော့မည် ဖြစ်သည်။ သော့အသစ် ဝယ်ယူရေးအတွက်ကိုလည်း ကျောင်းကိစ္စနှင့် မြို့ပေါ်သို့ တစ်လတစ်ခေါက်လို သွားနေရသည့် မခင်ရွှေကို တာဝန်ပေးလိုက်ကြသည်။

မြို့ပေါ်ရှိ ပညာရေးဌာနမှလူတွေ ရန်ကုန်သို့ မကြာခဏ သွားလေ့ရှိကြသည့်အတိုင်း၊ ထိုလူတွေက စိတ်ချရသည့် အာမခံသော့မျိုး ရန်ကုန်မြို့မှ ဝယ်ယူလာရန် မခင်ရွှေက မှာကြားရမည်ဖြစ်သည်။ ဓမ္မာရုံမှာ ပြန်လည် စုရုံးမိသည့် ဥပုသ်သည်တွေ ဆင်းတုတော်တိုက်ခန်းမှ သော့ပျောက်သည့်အကြောင်းကို စိတ်မကောင်းစွာ၊ စိတ်ပူပန်စွာ ပြောဆိုနေကြသည့် အချိန်တွင်ကား ကြင်ကြင်တစ်ယောက် ဓမ္မာရုံမှာ မရှိတော့ချေ။

မီးလောင်၍ လူတွေဗရုန်းသုန်းကား ပြေးလွှားကြသည့် အချိန်ကပင် ကြင်ကြင်သည် ကြောက်လန့်ပြီး ရွာထဲ သူ့အိမ်သို့ ပြန်ပြေးသွားဟန်တူသည်။

"သော့ပျောက်သည့် အကြောင်းကို ကြင်ကြင် တစ်ယောက်မှ သိပါလေရဲ့လား"

ဟုပင် မခင်ရွှေက တွေးမိလိုက်သည်။

# အခန်း (၁၆)

"မောင်စိန်းမောင်ရဲ့ စမ်းမြိုင်ခြံကြီးထဲမှာ မောင်စိန်းမောင် သိဟောင်းကျွမ်းဟောင်း မိတ်ဆွေတစ်ယောက် အလည်ရောက်နေတာကို မောင်စိန်းမောင် လာပြောလို့ သိတော့ သိလိုက်ပါတယ်။ ဒီဧည့်သည်ခုထက်ထိ မပြန်သေးဘူးတဲ့ ဆရာမရဲ့"

ဘွားရွှေအိမ် က မခင်ရွှေကို ပြောသောအခါ မခင်ရွှေက ...

"သူတို့ချင်း ခင်မင်ရင်းနှီးလို့ အေးအေးဆေးဆေးနေတာ ဖြစ်လိမ့်မယ်"

ဟု မခင်ရွှေ ခပ်ပေါ့ပေါ့ပင် ပြန်ပြောလိုက်သောအခါ ဘွားရွှေအိမ်က ...

"ဒီကိစ္စက ပေါ့လို့မဖြစ်ဘူးထင်တယ် ဆရာမ။ ဘွားဘွား ကြားရတဲ့ သတင်းအတိုင်း ဆိုရင်တော့ ရွာသူရွာသားတွေအနေနဲ့ စိတ်မချမ်းသာစရာအကြောင်း တစ်ခုတော့ ဖြစ်လိမ့်မယ် ထင်တယ်"

ဟု ပြောသောအခါ ... မခင်ရွှေ စိတ်ဝင်စားလာသည်။

"ဘာဖြစ်လို့လဲ ဘွားဘွား၊ ကိုစိန်းမောင်နဲ့ ကျမတို့ အကြောင်းကို ဘွားဘွားတို့ အသိဆုံးပါ။ ကြင်ကြင်တို့ တစ်တွေကြောင့် ကိုစိန်းမောင်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ကျွန်မ မမေးမြန်းဘဲ တတ်နိုင်သလောက် ရှောင်လာခဲ့လို့ စမ်းမြိုင်ခြံကြီးထဲ ရောက်နေတဲ့ ကိုစိန်းမောင်ဧည့်သည်အကြောင်းကို ဘာမှမမေးမိပါဘူး ဘွားဘွား၊ ဘွားဘွား ဘာသတင်းတွေ ကြားလို့လဲ"

"ဒီဧည့်သည်က တို့လို မြန်မာတိုင်းရင်းသား မဟုတ်ဘူးတဲ့ ဆရာမရဲ့၊ လူမျိုးကွဲလို့ ပြောတယ်"

"ဟိုတစ်ခါ ကိုစိန်းမောင်က သူဧည့်သည်မိတ်ဆွေအကြောင်းကို ဘွားဘွားတို့ရှေ့မှာပဲပြောတော့ လူမျိုးကွဲလို့ ထည့်မပြော ဘူး။ နောက်ပြီး နာမည်ကလည်း မျိုးနစ်လို့ ပြောတာပဲ။ ကျွန်မ စိတ်ထဲကတောင် တစ်မျိုးတစ်ဆွေလုံး နစ်မွန်းအောင် နစ်မယ့်လူ ဖြစ်နေလို့များ သူ့မိဘက မျိုးနစ်လို့ မှည့်ခဲ့သလား တွေးမိသေးတယ်။ ကိုစိန်းမောင်ကိုတော့ ရပ်ရွာအရေး ကိစ္စကလွဲရင် အပိုစကား တစ်ခွန်းမှ မမေးမိလို့ ဒီဧည့်သည်အကြောင်း ကျွန်မ ဘာမှမသိခဲ့ဘူး ဘွားဘွား"

မခင်ရွှေက အမှန်အတိုင်းပင် ပြောသည်။

"အေး ... အဲဒီမျိုးနစ်ဆိုတဲ့ လူက ဒီစမ်းမြိုင်ခြံကြီးထဲ အလည်ရောက်နေတာ ကိစ္စမရှိဘူး။ ကိစ္စရှိတာက ကြင်ကြင်ပဲ"

ဘွားရွှေအိမ်စကားကို မခင်ရွှေ ရုတ်တရက် သဘောမပေါက်ချေ။

"ဘာကြောင့်များလဲ ဘွားဘွားရဲ့"

ဟု ပြန်မေးလိုက်သည်။

"ဩော် ... ဆရာမ ဘာမှ သတင်းမကြားသေးဘဲကိုး။ မောင်စိန်းမောင်ရဲ့ ခြံကြီးကို ကြင်ကြင် တံခါးမရှိ ဓားမရှိ ဝင်ထွက်နေတာကိုတော့ သိတယ်ဟုတ်လား"

"သိပါတယ် ဘွားဘွားရယ်"

"ဆရာမကို မနာလိုဝန်တိုစိတ်နဲ့ စမ်းမြိုင်ခြံကြီးကို အချိန်မရွေး တစ်ယောက်တည်း သွားနေရာက ဧည့်သည်နဲ့ မေတ္တာရှိနေကြပြီတဲ့။ မောင်စိန်းမောင်ကလည်း သူ့စီးပွားရေးက တစ်ဖက်၊ ရပ်ရွာရေးက တစ်ဖက် ဆိုတော့၊ ကြင်ကြင်လာတဲ့အခါ ခြံကြီးထဲကအိမ်မှာ ရှိတဲ့အခါမှ ရှိတယ်တဲ့။ မောင်စိန်းမောင်ရဲ့ ခြံအလုပ်ကို ဝိုင်းကူလုပ်ကိုင်ပေးနေကြတဲ့ မောင်စိန်းမောင်ရဲ့ အထိန်းတော်ကြီး မိသားစုကလည်း နဂို ကတည်းက ရွာမျက်နှာဖုံး ကြင်ကြင်တို့မိသားစုကို ကြောက်ရွံ့ ရှိသေလာရတော့ ကြင်ကြင် လာနေတာကို မကန့်ကွက်ရဲဘူးလေ။ ဟိုဧည့်သည်ရဲ့ တပည့်ကလည်း တကယ် သစ္စာရှိဆိုပဲ၊ မောင်စိန်းမောင် မရှိခိုက် ကြင်ကြင် ရောက်လာပြီး ဧည့်သည်နဲ့ ဧည့်ခန်းထဲမှာ ကြည်ကြည်နူးနူး စကားပြောနေရင် တပည့်က ဧည့်ခန်း တံခါးဝ စောင့် ကြည့်နေတာတဲ့"

ဘွားရွှေအိမ် စကားကြောင့် မခင်ရွှေသည် စိတ်မကောင်းဖြစ်လိုက်မိသည်။

"ဟုတ်နိုင်ပါ့မလား" ဟူသော သံသယစိတ်ဖြင့် မခင်ရွှေက မေးလိုက်သည်။

"အို ... ဆရာမကသာ မသိတာ၊ မောင်စိန်းမောင်ရဲ့ အထိန်းတော်ကြီးက သေသေချာချာကို လာပြောတာ။ ဒါတင် ဘယ်ဟုတ်မလဲ၊ ဆရာမရဲ့ တပည့်တွေထဲကလည်း မပြောရဲကြလို့တဲ့၊ ဒီဧည့်သည်ကို ဆရာမ မမြင်ဖူးဘူးလား" မခင်ရွှေ သက်ပြင်း ရှိုက်လိုက်မိသည်။

"မမြင်ဖူးပါဘူး ဘွားဘွားရယ်။ ဒီဧည့်သည်ကလည်း ရွာထဲကို အသွားအလာ မရှိသလောက်ဘဲ။ နောက်ပြီး စမ်းမြိုင်ခြံကြီးကို ကျွန်မ အသွားအလာမရှိတော့တာ ဘွားဘွားတို့ အသိသားပဲ။ ရုပ်ရည် ကတော့ ကိုစိန်းမောင် ထက် အများကြီးသာတယ်၊ ချောတယ်လို့တော့ သူပြော ငါပြော ကြားဖူးတာ ပဲလေ။ ကျွန်မ ကိုယ်တိုင်တော့ မမြင်ဖူးပါဘူး"

"အေး ... တကယ်သာ ဟုတ်ရိုးမှန်ရင် ရင်နာစရာပေါ့ကွယ်။ ဆရာမကိုတော့ တစ်ရပ်တစ်ရွာက လေလွင့်ရောက်လာတာ ဖြစ်လို့ သဘောမတူနိုင်ပါဘူးဆိုတဲ့ ကြင်ကြင်ဘက်တော်သားတွေကို ဘွားဘွားက ပြောချင်လိုက်တာ ဒီဧည့်သည် ကောင်လေးကတော့ မိုးပေါ်က ကျလာတဲ့ ရွှေမင်းသားလေးလားလို့" ဘွားရွှေအိမ်က ခံပြင်းစိတ်ဖြင့် ပြောလိုက်သည်။

မခင်ရွှေသည် ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘောမထားတော့ဘဲ သူကိုယ်တိုင် အတိအကျသိရအောင် စုံစမ်းရန် စိတ်ပိုင်းဖြတ်လိုက်သည်။ စိတ်ပိုင်းဖြတ်လိုက်သည့်အတိုင်း ကိုစိန်းမောင် ခြံကြီးမှာ ရက်ရှည်စွာ အလည်ရောက်နေသော ကိုမျိုးနစ်ဆိုသူကို မြင်ရတွေ့ရအောင် ကြံစည်ခဲ့သည်။

မခင်ရွှေသည် သူ့ကို မမှတ်မိစေရန် ရုပ်ဖျက်ပြီး ကိုစိန်းမောင် စမ်းမြိုင်ခြံကြီးမှာ မရှိဘဲ တခြားကို သွားနေသည့်အချိန် စမ်းမြိုင်ခြံကြီးကို ဈေးဝယ်မည့် ဟန်ဆောင်သွားခဲ့သည်။ ထိုအခါ သူနှင့် တစ်ပြိုင်တည်းလိုလိုပင် ကြင်ကြင်က ရောက်လာသည်။ သို့သော် ရုပ်ဖျက်ထားသော မခင်ရွှေကို မည်သူမှန်းမသိချေ။ မည်သူမှန်းသိရအောင်လည်း သေသေ ချာချာ မကြည့်နိုင်အား။ သူလာသည်ကို ဝမ်းသာအားရ ဆီးကြိုနေသည့် ကိုမျိုးနစ်ကို ကြည့်နေရသည်။

လှပစွာ ဝတ်စားဆင်ယင်ထားသော ကြင်ကြင်က ကိန္နရာမလေးလို မြူးမြူးကြွကြွ ရောက်လာသည်။ အိမ်တံခါးဝက ကြီးစွာသော ချစ်မေတ္တာဖြင့် ဆီးကြိုနေသော ကိုမျိုးနစ်ဆိုသူကို သေချာစွာ မြင်လိုက်ရသောအခါ မခင်ရွှေသည် သူ့မျက်လုံးကို သူမယုံနိုင်အောင် ဖြစ်သွားသည်။

"ငါ မျက်စိများ မှားနေသလား" ဟူသော အတွေးဖြင့် စိုက်ကြည့်နေမိသည်။ ထိုသည်ကို ကိုမျိုးနစ်နှင့် ကြင်ကြင်က အထွေအထူးမထင်ဘဲမခင်ရွှေကို ဂရုမစိုက်ကြချေ။ မြင်ရသူစိတ်မှာ သာမန်မိတ်ဆွေ သဘောမျိုးထင်အောင် ဣန္ဒြေရရ နှုတ်ဆက်ကြပြီး ဧည့်ခန်းထဲကို ဝင်သွားကြသည်။ ကိုမျိုးနစ်၏ တပည့်ကျော် မောင်တင့်က အိမ်တံခါးဝကို ချက်ချင်း ရောက်လာသည်။

မခင်ရွှေသည် သူ့မျက်လုံးဖြင့် တပ်အပ်မြင်လိုက်ပြီဖြစ်သောကြောင့် ခြံကြီးအတွင်းပိုင်းထိအောင် ဆက်မသွားတော့ဘဲ ပြန်ထွက်လာခဲ့သည်။

"ဘာကိစ္စရှိလို့လဲ။ ဈေးဝယ်ဖို့လား၊ ကိုစိန်းမောင်ကို တွေ့ဖို့လား"

ဟု စိုက်ခင်းတွေကို ရေလောင်းနေသည့် ကိုစိန်းမောင်၏ အထိန်းတော်ကြီး အော်မေးလိုက်သည်ကိုပင် ပြန်မပြောတော့ဘဲ ခြေလှမ်းသွက်သွက်ဖြင့် ထွက်လာခဲ့သည်။

မခင်ရွှေသည် စိတ်ထဲမှာ လေးလံ ထိုင်းမှိုင်းနေသည်။

"ငါပြောလို့ နာဒေးထောင်ပါမည်လား၊ ငါ့အစီအစဉ် အောင်မြင်ပါမည်လား၊ ငါ့အစီအစဉ် မအောင်မြင်ရင်တော့ ရေပြာအိုင်ရွာရဲ့ ဖြစ်လာမယ့် ကံကြမ္မာဆိုးကို ဘယ်သူမှ တားဆီးလို့ ရနိုင်မှာ မဟုတ်ဘူး"

ဟူသော အတွေးကို စိတ်မကောင်းစွာ တွေးမိသည်။

သို့သော် မအောင်မြင်ကာမှ နေရော၊ သူတတ်နိုင်သလောက် ကြိုးစားမည်ဟု စိတ်ကို ခိုင်မာစွာ ဆုံးဖြတ် လိုက်သည်။

ထိုသို့ ဆုံးဖြတ်လိုက်သည့်အတိုင်း ဘွားရွှေအိမ်တို့ သားအမိကို အသိပေး တိုင်ပင်သောအခါ ဘွားရွှေအိမ်တို့ သားအမိ နှစ်ယောက်စလုံးသည် ရင်ဘတ်စည်တီး ဖြစ်ကုန်ကြတော့သည်။

"ဆရာမကြိုးစားမှုကိုသာ အောင်မြင်အောင် အကောင်အထည်ဖော်ပါ၊ တို့ ဝိုင်းကူပြောမည်"

ဟူသော ကတိကို သားအမိ နှစ်ယောက်စလုံး လှိုက်လှဲစွာ ကတိပေးကြလေသည်။

# အခန်း (၁၇)

ဤနေ့တွင် ကျောင်းဆရာမ မခင်ရွှေက အထူးကိစ္စတစ်ရပ်ကို ပြောဆိုလိုသည့်အတွက် ဆက်ဆက်ကြွလာကြ ပါရန် ဖိတ်ကြားချက်အရ ကြင်ကြင်၏ မိဘနှစ်ပါးနှင့် မောင်စိန်းမောင်တို့၊ ဘွားရွှေအိမ် သားအမိ နေအိမ်သို့ ရောက်လာကြသည်။

ငါးရံ့ခြောက် မီးဖုတ်ဆီးဆမ်း၊ ပေါက်ပေါက်ဆုပ်၊ ငါးကြော်၊ လက်ဖက်ရည်ကြမ်းဝိုင်းကို မခင်ရွှေက စားချင် စဖွယ် ပြင်ဆင်ပြီး ဧည့်ဝတ်တည်ခင်းသည်။

မောင်စိန်းမောင်၏ မျက်နှာကမူ လာနေကျအတိုင်း မည်သို့မျှ မထူးခြားသော်လည်း မခင်ရွှေက ပြောစရာ အထူးရှိပါသည် ဆိုသော ကိစ္စကို အလွန်အမင်း သိချင်နေသည်။

ကြင်ကြင်၏ မိဘနှစ်ပါးကို ဖိတ်ကြားထားသောကြောင့် ထိုပြောစရာအထူးသည် သူတို့သုံးပွင့်ဆိုင် ဇာတ်လမ်း အကြောင်းပင် ဖြစ်ပေလိမ့်မည်ဟု တွေးသည်။

ကြင်ကြင်၏ မိဘနှစ်ပါးကမူ မခင်ရွှေကို သမီးကြင်ကြင်၊ မောင်စိန်းမောင်တို့နှင့် ပတ်သက်လာသည့် အချိန်ကစပြီး မျက်နှာထား တင်းမာလာခဲ့သည့်အတိုင်း ယခုလည်း တင်းမာလျက်ပင် ဖြစ်သည်။

တို့ကြောင့် ဖိတ်ကြားချက်ကို မလာ၍ မကောင်းသည့်အတွက်သာ လာသည်။ မခင်ရွှေကို စတင်မေးမြန်းခြင်း မပြုဘဲ ဘွားရွှေအိမ်သို့ သားအမိကိုသာ မေးမြန်းပြောဆိုနေကြသည်။

"ပြောစရာကိစ္စကို ဆရာမက ပြောမှာပါ။ ငါ့ကိုမေးတော့ ငါကဘာပြောတတ်မှာလဲ"

မခင်ရွှေကို ဆက်ဆံသည့် ကြင်ကြင့်မိဘနှစ်ပါး မျက်နှာထားနှင့် လေသံကို မကြိုက်သော ဘွားရွှေအိမ်က စကားကို ပိတ်ပြောလိုက်သည့် အတွက် ကြင်ကြင့် မိဘနှစ်ပါးသည် မျက်နှာထား တင်းတင်း၊ နှုတ်ဆိတ်ဆိတ် ဖြင့် မခင်ရွှေ စတင်ပြောအံ့သည်ကို နားစင့်နေကြသည်။

မခင်ရွှေက လက်ဖက်ရည်သောက်ကြရန် ဧည့်ဝတ်ပြုပြီး စကားစတင်ပြောလိုက်၏။

"ကိုစိန်းမောင် ခြံကြီးထဲကို အလည်ရောက်နေတဲ့ သူစိမ်း ဧည့်သည်အကြောင်းကို ကိုစိန်းမောင် ဘယ်လောက်စုံစုံလင်လင် သိပါသလဲ"

မဆိုင်သည့် အကြောင်းကို မေးသည်ဟု ကြင်ကြင့် မိဘနှစ်ပါးက ထင်လိုက်သည်။ စမ်းမြိုင်ခြံကြီး ထဲကို ရောက်နေသည့် ဧည့်သည်သူစိမ်းနဲ့ တို့နဲ့ ဘာဆိုင်လို့ တို့ကို အထူးတလည် ဖိတ်ကြားပြော ရတာလဲဟု တွေးလိုက်မိကြသည်။

မောင်စိန်းမောင်ကမူ မခင်ရွှေ မေးခွန်းကို လေးလေးစားစားပင် ဖြေသည်။

"ဆရာမကိုကျွန်တော် ပြောခဲ့တဲ့အတိုင်း မိဘတွေလက်ထက်ကတည်းက သူ့မိဘတွေနဲ့ ကျွန်တော့်မိဘတွေ ခင်လာခဲ့ ကြတယ်၊ သူနဲ့ ကျွန်တော်လည်း ခင်ခဲ့ကြတယ်။ ဒါကြောင့် အလည်လာတာကို ကျွန်တော် ဧည့်ခံထားခဲ့တာပါ"

"ဒီဧည့်သည် ရောက်လာစဉ်က ကိုစိန်းမောင် ဧည့်စာရင်းတိုင်ခဲ့တယ် မဟုတ်လား။ အဲဒီလို ဧည့်စာရင်းတိုင်စဉ်က ကိုစိန်းမောင်ရဲ့ ဧည့်သည်ကို ဘာကြောင့် လူမျိုးကွဲ၊ ဘာသာကွဲလို့ ထည့်မတိုင်လဲ"

မခင်ရွှေ ပြောဆိုမေးမြန်းနေဟန်သည် မောင်စိန်းမောင်ကို ချစ်ခင်ကြင်နာသည့် ဟန်မျိုးမပါဘဲ သူ စာသင်ပေးနေသည့် တပည့်လေးတစ်ယောက်ကို ဆုံးမရန် အကြောင်းရှိနေသည့်အတွက် အပြစ်ကို ထောက်ပြမေးမြန်းနေသည့်ဟန်မျိုး ဖြစ်နေသည်။

ကြင်ကြင်၏ မိဘနှစ်ပါးသည် မခင်ရွှေက မောင်စိန်းမောင်ကို ဆွဲဆောင်သည့် ဟန်မူရာမျိုးဖြင့် စကားပြောလိမ့်မည်ဟု ယူဆခဲ့ကြသည်။

ယခု မခင်ရွှေ တည်ငြိမ်လေးနက်သော မျက်နှာ၊ အသံဖြင့် မေးမြန်းပြောဆိုနေသည်ကို တွေ့မြင်ရသည် တစ်ကြောင်း၊ မေးမြန်း ပြောဆိုနေသည့် အကြောင်းအရာကိုလည်း စိတ်ဝင်စားလာသည်တစ်ကြောင်းတို့ကြောင့် ငြိမ်သက်စွာ နားစိုက် ထောင် နေကြသည်။

မခင်ရွှေ အမေးကို မောင်စိန်းမောင်က ဖြေသည်။

"ကျွန်တော်လည်း အဲဒီအချက်ကို ထည့်မပြောခဲ့မိဘူး ဆရာမ၊ အရေးကြီးတယ်လို့ မထင်လို့ပါ။ နောက်ပြီး ကျွန်တော်နဲ့ ခင်မင်လာခဲ့တဲ့ မိတ်ဟောင်းဆွေဟောင်းဆိုတော့ ဒီ အမျိုးဘာသာ မတူတာနဲ့ ကျွန်တော်တို့ ရွာကို ဘယ်လိုမှ ထိခိုက်မယ် မထင်မိလို့ပါပဲ"

"ဒီလူမျိုးကွဲ ညော့သည်ဟာ သူရောက်လေရာ နေရာမှာ ထိခိုက်အောင် လုပ်နေတာကို မသိကြလို့ ပေါ့ပေါ့တန်တန် သဘောထားပြီး ဒီလောက် ရက်ရှည်ကြီးကို ကိုစိန်းမောင် လက်ခံထားတာ အများကြီး မှားနေပြီ။ ဒီညော့သည်ကြောင့် ရေပြာအိုင်ရွာဟာ အမျိုးဘာသာကို ထိခိုက်တော့မယ်ဆိုတာကို ဘယ်သူမှ မသိကြသေးဘူး"

မခင်ရွှေသည် ထိုစကားကို အကြောင်းမဲ့သက်သက် ပြောခြင်းမဟုတ်ကြောင်း ကိုစိန်းမောင်က ရိပ်မိလိုက်သည်။ ကြင်ကြင် ၏ မိဘနှစ်ပါးကား မခင်ရွှေ စကားတွေ လေးနက်ကြောင်းကို သဘောမပေါက်နိုင်သေးချေ။

"ပြောပါ ဆရာမ၊ ရွာကို ထိခိုက်စေမယ့် ကိစ္စဆိုရင် ကျွန်တော် လိုက်နာပါ့မယ်"

ကိုစိန်းမောင် ပြောသည်။ ထိုအခါ မခင်ရွှေက ရေပြာအိုင်ရွာကို ဒုတိယအကြိမ် မလာမီ သူအမှုထမ်းခဲ့သည့်မြို့မှ မြွေနိုင်ဆရာကြီး ဘာသာပေါ်၏ ညီနှင့်ညီမဖြစ်သော အဘိုးကြီး၊ အဘွားကြီးတို့နှင့် မြစ်မလေးတို့ကို သူ မည်သို့ ကူညီကယ်တင် ခဲ့ကြောင်းကို ပြန်လည်ပြောပြပြီး ...

"အဲဒီအချိန်က ကျွန်မ ကယ်တင်ကူညီလိုက်တဲ့ မိန်းကလေးကို လက်လွတ်သွားရလို့ ကျွန်မကို ရန်သူလို သဘောထားနေသူဟာ ခု ကိုစိန်းမောင်ဆီ လာရောက်လည်ပတ်နေတဲ့ ကိုမျိုးနှစ်ဆိုတဲ့ လူပါပဲ ကိုစိန်းမောင်"

ဒုတိယအကြိမ် မခင်ရွှေပြန်ရောက်လာပြီး ဘာသာပေါ်တို့အကြောင်းကို ပြောပြစဉ်က သူ့ကိုယ်ကိုသူ ကိုယ်ရည်သွေးသည်ဟု ထင်မည်စိုးသောကြောင့် မြစ်မလေးကို ကယ်တင်ခဲ့သည့်အကြောင်း မပြောခဲ့ဘဲ ယခုမှ အကြောင်းတိုက်ဆိုင်လာသည့်အတွက် ထုတ်ပြောလိုက်ခြင်းဖြစ်သည်။

မောင်စိန်းမောင်သည် တစ်ခုသော အကြောင်းကို တွေးမိဟန်ဖြင့် ဦးခေါင်းငုံ့နေသည်။ ကြင်ကြင်၏ မိဘနှစ်ပါး ကမူ တင်းနေခဲ့သည် မျက်နှာတွေကို လျှော့ချလိုက်ကြသည်။ မခင်ရွှေကို လေးစားကြည်ညိုသောစိတ် မသိမသာ ပေါ်လာကြသည်။ မခင်ရွှေက ဆက်ပြောလိုက်၏။

"ဒီလိုလူမျိုးကို ကိုစိန်းမောင်က မိတ်ကောင်းဆွေကောင်းဆိုပြီးလက်ခံထားတာကိုတော့ အခုချိန်ကစပြီး ပြတ်ပြတ်သားသား ရုပ်သိမ်းလိုက်ဖို့ ကောင်းပါတယ်။ ဟို ... ဘသာပေါ်ရဲ့ မြစ်မလေးကို ဝါးမျိုမယ့်အကြံ၊ ကျွန်မကြောင့် မအောင်မြင်တော့ အခု ဒီရေပြာအိုင်ရွာမှာ ဒီအကြံမျိုးကို ကြိုးစားပြန်ပြီ။ အောင်မြင်နေတာကို သိရတော့ ကျွန်မ တော်တော် စိတ်ဆင်းရဲမိပါ တယ်"

ဦးခေါင်းငုံ့နေသော ကိုစိန်းမောင်သည် မျက်နှာ ပျက်ပျက်ဖြင့် ပြောလိုက်သည်။

"ဆရာမ အချိန်မီ သတိပေးတာကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒီအကောင် ဒါလောက် ယုတ်မာလိမ့်မယ်လို့ မထင်လို့ ကျွန်တော် ဖုံးထားခဲ့တဲ့ အချက်တစ်ခု ရှိနေပါသေးတယ်။ ကျွန်တော်ဖွင့်ပြီး ဝန်ခံ ပါရစေ။ ဆရာမ ပေးသမျှအပြစ်ကို ကျွန်တော် ခံပါ့မယ်"

အားလုံးသော လူတွေသည် ကိုစိန်းမောင်ကို ကြည့်လိုက်ကြသည်။

ကိုစိန်းမောင်က ဆက်ပြော၏။

"စမ်းမြိုင်ခြံကြီးကို ဝယ်ပြီး သူတို့ ဘာသာရေးကျောင်းဆောက်မယ်။ သူတို့ မိသားစုဆွေမျိုးစုတွေ ပြောင်းလာပြီး နေမယ် ဆိုတုန်းက၊ ဆရာမ သူကြီးမင်းဦးရွှေဖင် အကြောင်းကို ပြောပြီး တားမြစ်ခဲ့တယ်၊ ကူညီခဲ့တယ်။ အဲဒီတုန်းက စမ်းမြိုင်ခြံကြီး ကို ဝယ်မယ်ဆိုတဲ့ လူဟာ အခု ကျွန်တော့် ဧည့်သည် ကိုမျိုးနှစ်ပါပဲ "

မခင်ရွှေ သည် အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

"တော်တော်ကို ခြေလှမ်းကျယ်ကြ၊ ခြေလှမ်းသွက်ကြတဲ့ လူမျိုးပါလား"

ကိုစိန်းမောင်က ဆက်ပြောလိုက်သည်။

"စမ်းမြိုင်ခြံကြီးကို သူ့လက်ထဲ မရောက်စေတော့ဘဲ ကျွန်တော် ပြန်လုပ်ကိုင်နေရာက အခု သူ အလည်ရောက်လာတော့ ရပ်ရွာအရေး ငွေရေးကြေးရေး ဘာမှ မပြောတော့ဘဲ သူ့မိဘတွေ ဆုံးကုန်လို့ စိတ်ပြေ လက်ပျောက် ခင်မင်ရာ မိတ်ဆွေထံ အလည်ရောက်လာတာပါဆိုတော့ ကျွန်တော်လည်း စိတ်ချလက်မခြောက်စကောင်းလို့ သဘောထားပြီး ဧည့်ခံပြုစုနေတာပါ ဆရာမ"

"မြန်မာလူမျိုးတွေဟာ အဲဒီ အားနာတယ်၊ စိတ်ချလက်မခြောက်စကောင်း ဆိုတဲ့ သဘောထားကို ထားသင့်တဲ့လူ အပေါ်မှာသာ ထားသင့်ပါတယ်။ မထားသင့်တဲ့လူအပေါ်မှာ မစူးစမ်းဘဲ ထားနေတာ သိပ်ခက် တာပဲ။ အဲဒီ ကိုမျိုးနှစ်ဆိုတဲ့လူက အခုတင်က ကျွန်မ ပြောသွားခဲ့တဲ့အတိုင်း ဘသာပေါ်ရဲ့ မြစ်မလေးကို မဖျက်ဆီးရတော့ ကျွန်မကို အငြိုးထားပြီး ရေပြာအိုင်ရွာကို ရောက်လာတာပဲ ဖြစ်ရမယ်။ ကိုစိန်းမောင် ဧည့်သည် ဘယ်သူဆိုတာ ကျွန်မ မသိခဲ့လို့ ဒီအချက်ကို မစဉ်းစားခဲ့မိဘူး။ အခုတော့ ကျွန်မကို ရန်မူဖို့ရာ မလွယ်ကြောင်း စဉ်းစားမိဟန်တူတယ်။ ဒါကြောင့် နာစရာ အချက် ရှိနေတဲ့ လူကို အယုံသွင်း ပူးသတ် လိုက်တာလို့ ကျွန်မ ထင်တာပဲ"

မခင်ရွှေစကားကို ကြားရသောအခါမှ မောင်စိန်းမောင်စဉ်းစားလိုက်မိတော့သည်။ ကိုမျိုးနှစ်သည် ရေပြာအိုင်ကို ရောက်လာ သည် ဆိုလျှင်ပင် ရွာက စာသင်ကျောင်းအကြောင်းကို မေးသလိုလို၊ ရွာ ကလေးတွေ ပညာရေးကို မေးသလိုလိုနှင့် မခင်ရွှေ အကြောင်းတွေကို ကြည့်ညိုဟန် လေးစားဟန်ထားပြီး စုံစုံစေ့စေ့ မေးမြန်းခဲ့သည်။ မောင်စိမ်းမောင်ကလည်း သူ အသက်တမျှ မြတ်နိုးနေသူဖြစ်သည့် မခင်ရွှေကို တစ်ရွာလုံးကအစ ဝိုင်းအုံကြမည်

ဖြစ်ကြောင်း ပြောခဲ့ဖူးသည်။ ထို့ကြောင့် မခင်ရွှေ တွေးသလိုပင် ကိုမျိုးနစ် သည် မခင်ရွှေကို ရန်မူရန်မလွယ်ကြောင်း စဉ်းစားမိပေလိမ့်မည်။

ကိုစိန်းမောင်က မခင်ရွှေ အကြောင်း ကိုမျိုးနစ် မေးမြန်းပုံတွေကို ပြန်ပြောပြီး ...

"အခု ဆရာမပြောမှ ကျွန်တော် ကွင်းဆက်ကို တွေးမိတယ်။ ဆရာမ အကြောင်း သူ စုံစုံစေ့စေ့မေးတော့ ကျွန်တော်က ရိုးရိုးမေးတယ် ထင်ပြီး ဆရာမကို စိတ်ဝင်စားရင် ကျွန်တော် မိတ်ဆက်ပေးမယ်။ အဘွားရွှေအိမ်တို့အိမ်ကို လိုက်ခဲ့ပါလား ဆိုတာကို သူ လက်မခံဘူး။ နောက်ပြီး ရွာထဲကို သူ မထွက်ဘဲနေတာ။ အခုမှ ကျွန်တော် သဘောပေါက်တယ်။ ဆရာမနဲ့ ဆုံမိနေမှာစိုးလို့ ရှောင်တဲ့သဘောပဲ"

"ဒီအတိုင်း ပဲ ဖြစ်ရမယ်..."

ဘွားရွှေအိမ်က ဝင်ထောက်သောအခါ ကြင်ကြင်၏ မိဘတွေကလည်း ထိုအချက်ကို သဘောတူ ထောက်ခံကြသည်။ ကြင်ကြင်၏ မိဘတွေသည် မခင်ရွှေကို သမီးဖြစ်သူကြင်ကြင်နှင့် ပတ်သက်သည့် အကြောင်းကြောင့်သာ မလိုလား မကြည်ဖြူကြသော်လည်း ရေပြာအိုင်ရွာ ဇာတိ ချက်မြှုပ်တွေဖြစ်သည့် အလျောက် ရေပြာအိုင်ရွာကို စောင့်ရှောက်သည့် အစဉ်အလာကို ထိန်းသိမ်းသူတွေသာဖြစ်သည်။ မခင်ရွှေကို မလိုလားသော်လည်း ရေပြာအိုင်ရွာနှင့် ပတ်သက်ပြီး မခင်ရွှေ ဆောင်ရွက်ချက်တွေကိုမူ စိတ်ထဲက လေးစားမှု ရှိနေကြသည်။

ထို့ကြောင့် ကိုစိန်းမောင် အိမ်မှာရှိနေသည့် ဧည့်သည်ကိုမျိုးနစ်ဆိုသူကို စက်ဆုပ်ရွံရှာသည့်စိတ် ပေါ်နေကြသည်။ ထိုဧည့်သည်ကို အမြန်ဆုံး နှင်ထုတ်သင့်ကြောင်း ကြင်ကြင်၏ မိဘနှစ်ဦးက ပြော ကြသည်။

ကိုစိန်းမောင်ကလည်း အိမ်ရောက်လျှင် အမြန်ဆုံး ထွက်ခွာစေမည် ဖြစ်ကြောင်း ကတိပေးသည်။

"ဒီဧည့်သည်က နာစရာအချက်တွေရှိနေတဲ့လူကို ပူးသတ်တယ်ဆိုတာနဲ့ ဆရာကြီး ဘသာပေါ် မြစ်မလေးကို ကြံစည်တဲ့ အကြံမျိုး၊ ရေပြာအိုင်ရွာမှာ ကြံနေတာ အောင်မြင်နေတယ်ဆိုတာကို ရှင်းပြပါဦး ဆရာမ"

ကြင်ကြင်၏ မိဘတွေက မေးကြသည်။ ကြင်ကြင်၏ မိဘတွေသည် မခင်ရွှေကို ယခင်က နီးနီးကပ်ကပ် မျက်နှာချင်းဆိုင် စကားပြောခြင်းမျိုး တစ်ကြိမ်မျှ မကြုံကြိုက်ခဲ့ကြချေ။ သမီးဖြစ်သူ နှင့် ပတ်သက်၍လည်း ကြည်ဖြူမှု ကင်းသည့်အတွက် ရပ်ရွာအတွက် မခင်ရွှေ၏ ဆောင်ရွက်ချက် တွေကို စိတ်ထဲက လေးစားမှု ရှိနေသော်လည်း စကားမပြောချင်သည့်အတွက် နှုတ်ဆက်ခြင်း၊ ခေါ်ပြောခြင်းမပြုခဲ့ကြ။

ယခု မခင်ရွှေက အထူးတလည် ဖိတ်ကြားသည့်အတွက် မလာမကောင်း၍ လာကြရသော အခါ မခင်ရွှေ၏ တည်ငြိမ် ရင့်ကျက်သည့် မျက်နှာထား၊ အေးအေး ပြတ်သားသည့် ပြောဆိုဟန်၊ လေးနက်သော အကြောင်းအရာတွေကို နီးနီးကပ်ကပ် မြင်ရကြားရသောအခါ လေးစားမှုရှိရာတွင် ကြည်ညိုစဖွယ် အရည်အသွေး ပြည့်သော ဆရာမ တစ်ယောက်ပင် ဟု စိတ်ထဲမှာ စွဲမြဲသွားကြသည်။

ကြင်ကြင် မိဘတွေ၏ မေးမြန်းချက်ကို မခင်ရွှေက ပြန်မဖြေသေးပေ။

"ဘဘနဲ့ ကြီးကြီးတို့ မလွဲမသွေ သိကြမယ့် အကြောင်းပဲ ဖြစ်ပါတယ်။ ဒီအကြောင်းကို မဖြေခင်မှာ ဘွားဘွား ရွှေအိမ်တို့ သားအမိ၊ ဘဘနဲ့ ကြီးကြီးတို့နှစ်ယောက်၊ စုံညီရှေ့မှာ ကိုစိန်းမောင်ကို ကျွန်မ တောင်းပန်ချင်တဲ့ အကြောင်း တစ်ခု ရှိနေပါတယ်။ ကိုစိန်းမောင်ကလည်း လိုက်လျောမယ်လို့ မျှော်လင့်ပါတယ်"

နားထောင်ချင် နေသူတွေ စိတ်မှာ ဆန်းသလို ဖြစ်သွားကြသည်။ ဆရာမ မခင်ရွှေကို ကိုစိန်းမောင်က အရှုံးအမူး ဖြစ်နေကြောင်း တစ်ရွာလုံး သိသလို ဘွားရွှေအိမ်တို့ သားအမိနှင့် ကြင်ကြင်၏ မိဘတွေကလည်း သိနေခဲ့သည်။

ယခု မခင်ရွှေ တောင်းပန်မည်ဆိုသော အကြောင်းသည် ကိုစိန်းမောင်က သူ့ကို လက်ထပ်ဖို့ တောင်းပန်မှာလား၊ နောက်ဆုတ်သွားဖို့ တောင်းပန်မှာလား။ ကြင်ကြင်၏ မိဘတွေစိတ်ကမူ သူတို့ရှေ့မှာ ကိုစိန်းမောင်သည် ကြင်ကြင်ကို လက်ထပ်မည်လား၊ မခင်ရွှေကို လက်ထပ်မည်လား ဟူသော ပြတ်သားသည့် စကားမျိုးပြောရန် တောင်းဆိုလိမ့်မည်ဟု ထင်နေကြသည်။

ဘွားရွှေအိမ်တို့ သားအမိကမူ မခင်ရွှေ၏ စင်ကြယ်သော သဘောထားကို အသေအချာ သိထားကြ ပြီးဖြစ်သည့်အတွက် ထိုစကားမျိုးကို လုံးဝ ပြောမည်မဟုတ်ကြောင်း အတပ်သိကြသည်။ မခင်ရွှေ မည်သည့် အကြောင်းကို ပြောမည်လဲဟု ဘွားရွှေအိမ်တို့ သားအမိက စိတ်စောနေကြသည်။

"ပြောပါ ဆရာမ။ ဆရာမ စိတ်ချမ်းသာသလို ဖြစ်စေရပ့ါမယ်"

သူ အသက်တမျှ ချစ်မြတ်နိုးသော မခင်ရွှေ စိတ်တိုင်းကျ ဖြစ်မည်ဆိုလျှင်၊ မခင်ရွှေ စိတ်ရောကိုယ်ပါ လွတ်လပ်ပေ့ါပါးမည့် ကိစ္စဆိုလျှင် သူ မည်မျှပင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ပါ စေ၊ လိုက်လျောမည်ဟူသော စိတ်ကို ကိုစိန်းမောင်က ခိုင်မာစွာ ဆုံးဖြတ်ထားပြီးဖြစ်သည်။

တပည့် တစ်ယောက်ကို သွန်သင်ညွှန်ကြားသည့်အခါ ကြည့်သည့် မျက်နှာထားမျိုးဖြင့် မခင်ရွှေက ကိုစိန်းမောင် မျက်နှာကို ကြည့်ကာ သူ ပြောလိုသည့်စကားကို ပြတ်သားစွာ ပြောလိုက်သည်။

"ကိုယ့်တိုင်းရင်းသား ကို ချစ်မြတ်နိုးလွန်းလို့ သမီးရင်း တစ်ယောက်လုံးကို သွေးအေးအေးနဲ့ အသေခံခဲ့တဲ့ သူကြီးမင်း ဦးရွှေဇင် ပြောခဲ့တဲ့စကားကို ဘွားဘွားရွှေအိမ်ကတစ်ဆင့် ကျွန်မ ကြားခဲ့ရတာ တစ်သက်ပန်လုံး ယူကျုံး မှတ်ပိုက်အောက်မေ့ထိုက်တဲ့ စကားပါ။ ဒီစကားကတော့ တောကောင် မြို့ထဲဝင်လာရင် မြို့ရွာ ပျက်တတ်တယ်၊ ဒို့တိုင်းရင်းသား သွေးထဲကို လူမျိုးခြားသွေး ရောက်လာရင် တိုင်းရင်းသားလူမျိုး ပျက်တတ်တယ် ဆိုတဲ့စကားရယ်၊ သူတစ်ပါး အချစ်ကို ဖြိုခွဲတာဟာ ဝဋ်လိုက်တတ်တယ်ဆိုတာကို ဗုဒ္ဓဘာသာပီပီ သိတယ်။ သို့သော် ကိုယ့်တိုင်းရင်းသားလူမျိုး မတိမ်ကော အောင် သစ္စာစောင့်ရလို့ ဝဋ်လိုက်တာမျိုးတော့ ဆယ်ပြန်လိုက်ပါစေ၊ ခါးစည်းပြီး ခံမယ်လို့ ပြောခဲ့တဲ့ စကားပါပဲ"

မခင်ရွှေ သည် စကားကို အခိုက်အတန့် ဖြတ်ထားလိုက်ပြီး အားလုံးသော မျက်နှာတွေကို ကြည့် လိုက်သည်။

ကြင်ကြင်၏ မိဘနှစ်ပါးက သူကြီးမင်း ဦးရွှေဇင် အကြောင်းကိုတော့ ကြားဖူးခဲ့သည်။ ယခု မခင်ရွှေ ပြောပြ သလို၊ အဖိုးတန်သည့် စကားတွေ ပြောသွားသည်ကို ဂဃနဏ မသိခဲ့ချေ။ မခင်ရွှေ ပြောပြ၍ ကြားရ သောအခါ ...

"ဟုတ်တယ်၊ တို့တိုင်းရင်းသား လူမျိုးပျက်ဖို့ ဖြစ်လာရင်တော့ မကောင်းဘူးကွယ်"

ဟု လှိုက်လှဲသော အသံဖြင့် ထောက်ခံပြောလိုက်သည်။

"ဆရာမ ဘာကိုဆိုလိုတယ် ဆိုတာကို ဆက်ပြောပါ ဆရာမ"

ကိုစိန်းမောင်က တိုက်တွန်းလိုက်သည်။

ထိုအခါ မခင်ရွှေက ဆက်ပြောသည်မှာ ...

"ကိုစိန်းမောင်လည်း ဒီစကားကို အကြွင်းမဲ့ ထောက်ခံတယ်ဆိုရင် ရေပြာအိုင်ရွာသူရွာသားတွေ နှစ်ရှည်လများ စောင့်ထိန်း လာခဲ့တဲ့ အစဉ်အလာကို မပျက်စေချင်ရင် ကြင်ကြင်ကို အမြန်ဆုံး လက်ထပ်ပါ။ ဖြစ်နိုင်ရင် အခုတစ်ပတ်အတွင်းမှာ လက်ထပ်လိုက်ပါ။ ကိုစိန်းမောင်အိမ်က ဧည့်သည် ကိုမျိုးနှစ်ကိုတော့ ချက်ချင်း ရွာကထွက်ပါစေ။ ဒီဧည့်သည် ရွာကမထွက်ခွာမီ အချိန်၊ ကိုစန်းမောင်နဲ့ ကြင်ကြင် လက်မထပ်မီအချိန်မှာ ဘဘနဲ့ ကြီးကြီးတို့ ကြင်ကြင်ကို အထူး ဂရုစိုက်ပြီး အိမ်ထဲမှာ လှောင်ထားဖို့ ကျွန်မ ပန်ကြားပါတယ်"

အရိပ်ပြ အကောင်ထင်လိုက်သော မခင်ရွှေ့စကားကြောင့် ကြင်ကြင် မိဘနှစ်ပါးက ဦးခေါင်းငိုက်ကျ သွားကြသည်။ ကိုစိန်းမောင်က မခင်ရွှေ မျက်နှာကို မျက်တောင်မခတ် ကြည့်နေမိ သည်။

မည်သူမျှ စကားအသံ မထွက်နိုင်အောင် အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ ကြင်ကြင်၏ မိဘတွေ အသံထွက်လာသည်။

"သေချာလို့လား ဆရာမရယ်၊ ကျုပ်တို့ သမီး ဒါလောက်မိုက်ပါ့မလား၊ မောင်စိန်းမောင်၊ မင်းကို အင်မတန် မြတ်နိုး နေတဲ့ သမီးက ဇာစ်မြစ် ဘာမှန်းမသိရတဲ့ ဧည့်သည်ကို ..."

ကြင်ကြင်၏ မိခင်သည် စကားပြောရင်း အသံတိမ်သွားသည်။ မခင်ရွှေကို ရန်စွယ်ငေါ်ငေါ်ဖြင့် ပြော၍ မဖြစ်ကြောင်း၊ မခင်ရွှေ သည် မနိုင်လုံဘဲ၊ မသေချာဘဲ မည်သည့်နည်းနှင့်မျှ ဤသို့ ဖိတ်ခေါ် ပြောမည် မဟုတ်ကြောင်း၊ သမီးအတွက် ရှက်ရမ်းရမ်းပြီး မခင်ရွှေကို ရန်စကားတွေ ပြောလိုက်လျှင် ဤကိစ္စကို တစ်ရွာလုံး သိသွားပြီး အရှက်ကွဲတော့မည် ဖြစ်ကြောင်းကို စဉ်းစားလိုက်မိကြသည်။

နောက်တစ်ချက်ကလည်း မခင်ရွှေ၏ စေတနာနှင့် သစ္စာတရားကို သိထားလိုက်ပြီး ဖြစ်သည့်အတွက် မခင်ရွှေကို စိတ်ဆိုးလိုသည့် ဆန္ဒမရှိကြတော့ဘဲ ဖြစ်နေသည်။

ကြင်ကြင် ၏ မိခင်သည် အားယူပြောရသည့် အသံဖြင့် ဆက်ပြောလိုက်သည်။

"ဖြစ်နိုင်ပါ့မလား ဆရာမရယ်၊ ဘယ်သူတွေက ပြောတာလဲ"

"သူများ ပြောစကားကို ကျွန်မ မယုံတတ်ပါဘူးကြီးကြီး၊ ဒါကြောင့် ကျွန်မကိုယ်တိုင် ရုပ်ဖျက်ပြီး ကိုစိန်းမောင် မရှိတဲ့ အချိန်မှာ ဈေးဝယ်ဟန်ဆောင်ပြီး သွားကြည့်ခဲ့ပါတယ်။ ဧည့်သည်ရဲ့ တပည့်က အပေါက်စောင့် တာဝန်ကို ယူတာလည်း တွေ့ခဲ့ရပါတယ်။ ကိုစိန်းမောင်ရှိနေရင် သူတို့ ရိုးရိုး ဆက်ဆံသလို ဟန်မျိုး၊ ကိုစိန်းမောင် မရှိတဲ့အခါ ကြင်ကြင် သွားလေ့ ရှိပါတယ်။ အခု ကိုစိန်းမောင် ဒီမှာ ရောက်နေပါတယ်။ ကြီးကြီး တို့ အိမ်မှာ ကြင်ကြင် ရှိနေပါသလား ..."

မခင်ရွှေ စကားကြောင့် ကြင်ကြင်၏ မိဘနှစ်ပါးသည် ဆက်ခနဲ တုန်သွားကြသည်။ ဘွားရွှေအိမ်တို့ အိမ်မှာ ပြောစရာကိစ္စ အထူးရှိသည်ကြောင့် ကြင်ကြင်၏ မိဘနှစ်ပါးနှင့် ကိုစိန်းမောင်ကို ဖိတ်ကြားထားသည်ဟူသော စကားကို ကြင်ကြင် သိခဲ့သည်။ ထို့ကြောင့် ယခုအချိန်မှာ ကိုစိန်းမောင်၏ ခြံကြီးထဲကို ရောက်နေလေသလားဟူသော အတွေးကို နှစ်ယောက်စလုံး တွေးမိကာ တုန်သွားကြ ခြင်းဖြစ်သည်။

လူဆိုသည်မှာ မသိလျှင် ကြောက်ရကောင်းမှန်း၊ စိုးရိမ်ရကောင်းမှန်းမသိ၊ သိပြီ ဆိုသောအခါမှ ကြောက်ကြ စိုးရိမ်ကြ သည်မှာ ဓမ္မတာပင်ဖြစ်သည်။

"အိမ်ပြန်ကြည့်စမ်း"

ကြင်ကြင်၏ ဖခင်ကပြောသည်။

ဘွားရွှေအိမ်က ...

"အိမ်ပြန်ကြည့်တာ မသေချာဘူး၊ စမ်းမြိုင်ခြံကြီးကို လိုက်ကြည့်တာ သေချာတယ်"

ဟု ဝင်ပြောလိုက်သည်။

"ကိုမျိုးနစ်ထံ ရောက်နေပြီဆိုတာ ကျွန်မ တပည့်လေး တစ်ယောက်က လာပြောသွားပါပြီ။ ဒါကြောင့် အခု အပူတပြင်း လိုက်ကြည့်လို့ မသင့်တော်ပါဘူး။ ဟန်မပျက်နေဖို့ အရေးကြီးပါတယ်။ ကျွန်မ စုံစမ်းလို့ သိရသလောက် ကြင်ကြင်စိတ်ဟာ အရွဲ့တိုက်တော့မယ်လို့ ဆုံးဖြတ်ထားဟန် တူပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကိုစိန်းမောင်ကို သူ သိပ်မြတ်နိုးပါတယ်။ သူမြတ်နိုးသလို ကိုစိန်းမောင်ထံက အတုံ့အပြန်ကို မရတော့ စိတ်နာနေခိုက်မှာ ရုပ်ချော အပြောချိုပြီး ဆွဲဆောင်ရာမှာ ကျင်လည်တဲ့ မျိုးနစ်စက်ကွင်း မိသွားတာပါပဲ။

သူတို့နှစ်ယောက် လက်လွန်ခြေလွန် ဖြစ်သွားပြီးရင် ကြီးကြီးနဲ့ ဘဘက သမီးကို မပြတ်နိုင်တော့ သမက်ကိုပါ လက်ခံရတော့မယ်။ သူကြီးမင်း ဦးရွှေဇင် ပြောခဲ့သလို ပထမဆုံး ကြီးကြီးတို့ အိမ်သားအားလုံးကို သိမ်းသွင်းမယ်။ နောက် သူ့ဆွေမျိုးတွေ အသိုက်အဝန်းတွေ ရောက်လာမယ်။ သမက်မျက်နှာကြောင့် ကြီးကြီးတို့က လက်ခံလိုက်ရတဲ့အခါ ရွာထဲမှာ ခြေကုပ်ယူမယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ သူတို့ရွာဖြစ်အောင် စီးပွားရေးရော၊ လူမှုရေးတွေရော လက်ဝါးကြီး အုပ်ကြတော့မှာပေ့ါ။

ကြင်ကြင်က ပေါက်ဖွားလာမယ့် သွေးရင်းသားရင်းတွေဟာ ဖခင်ဘက်ကို လိုက်ကြတော့မှာ သေချာတော့ ကျွန်မတို့ တိုင်းရင်းသူတစ်ယောက်က ပေါက်ဖွားမယ့် တိုင်းရင်းသား သွေးရင်းသားရင်းတွေ ဘယ်လောက် ဆုံးရှုံးကုန်မယ်ဆိုတာ တွေးကြည့်ရင် ရင်နာစရာ အလွန်ကောင်းပါတယ် ကိုစိန်းမောင်။ ဒီ ဘေးဒုက္ခကြီးကို ကာကွယ်တဲ့ မျိုးချစ်စိတ်ထားပြီး ကြင်ကြင်ကို လက်ထပ်ပါ။ သူ အင်မတန် မြတ်နိုးခဲ့တဲ့ ကိုစိန်းမောင်ကို ပိုင်ဆိုင်ရရင် ကြင်ကြင်ဟာ လမ်းလွဲကို လိုက်မယ် မဟုတ်တော့ပါဘူး။ အင်မတန် အပြစ်ကင်းစင်ကြယ်တဲ့ ရေပြာအိုင်ရွာ အစဉ်အလာကို မပျက်အောင် စောင့်ရှောက်ဖို့ ကိစ္စဟာ အခု အခြေအနေဆိုရင် ကိုစိန်းမောင် အပေါ်မှာ လုံးဝ မူတည်နေပါတယ်"

မခင်ရွှေက ရေလည်အောင်ပြောပြီး သူ့စကားအောင်မြင်ပါမည်လားဟူသော စိတ်ဖြင့် ကိုစိန်းမောင် မျက်နှာကို အကဲခတ်ကြည့်နေသည်။

ကြင်ကြင်၏ မိဘနှစ်ပါးကမူ ဘာစကားမျှ မပြောကြတော့ချေ။ သမီးမိုက်အတွက် ရင်ကွဲပက်လက် ဖြစ်နေသည့် အမူအယာ သိသိသာသာပေါ်နေသည်။ ဖခင်က အံကြိတ်ထားသည်။ မိခင်က မျက်ရည်တွေတွေ ကျနေသည်။

ကိုစိန်းမောင်သည် မခင်ရွှေကို တစ်ချက် စိုက်ကြည့်လိုက်၏။ ကိုစိန်းမောင် မျက်လုံးတွေ ကံကြမ္မာ အလှည့်သင့်သည့် တစ်နေ့သောအခါဝယ် မခင်ရွှေကို ပိုင်ဆိုင်ကောင်းပိုင်ဆိုင်လေမည်လားဟူသော မျှော်လင့်ချက်ထားသည့် အရိပ်အယောင်တွေ မှေးမှိန်သွားသည့် သဏ္ဍာန်ကို တွေ့ရသည်။

"ကျွန်မ စိတ်ချမ်းသာသလို ဖြစ်စေရပ့ါမယ်လို့ ကိုစိန်းမောင်ပေးခဲ့တဲ့ ကတိကို ကတိသစ္စာတည်တဲ့ ယောက်ျားကောင်း တစ်ယောက်ပီပီ၊ ကိုယ့်တိုင်းရင်းသားကို သစ္စာစောင့်သိတဲ့ ယောက်ျားကောင်း တစ်ယောက် ပီပီ ထိန်းသိမ်းပါလို့ ကျွန်မ ထပ်လောင်း တောင်းပန်ပါတယ် ကိုစိန်းမောင်"

မခင်ရွှေ စကားကို ကြားကြရသော ကြင်ကြင်၏ မိဘနှစ်ပါးသည် မခင်ရွှေ၏ စိတ်သဘောထားကို အလွန်အမင်း ကြည်ညိုလိုက်မိကြသည်။

ဤမျှလောက် စိတ်စေတနာ ကောင်းသော မိန်းမမြတ် တစ်ယောက်ကို ငါတို့နှင့်တကွ ငါတို့ဆွေမျိုး တစ်သိုက်သည် အထင်အမြင်လွဲမှားစွာဖြင့် ရန်လိုခဲ့ကြမိသည်မှာ မှားလေစွဟူသော နောင်တစိတ် သည် ကြီးမားစွာ ပေါ်ထွက်လာသည်။

"ဒီမှာ ဆရာမ"

ကြင်ကြင် ၏ ဖခင်အသံ ထွက်လာသည်။ အသံက တုန်ရီခြင်းမရှိ၊ တည်ငြိမ် တင်းမာသည်။

အားလုံးသော လူတွေက ကြင်ကြင်၏ ဖခင်ကို ကြည့်လိုက်ကြသည်။

"ကျုပ်တို့ အသက်အရွယ်တွေက ဆရာမထက် ကြီးပေမယ့် ပညာဉာဏ် အမြော်အမြင်မှာ ဆရာမထက် သေးငယ်ပါတယ်။ ကျုပ်တို့ရွာနဲ့ ရွာသူရွာသားတွေ အပေါ်မှာ ဆရာမထားတဲ့ စိတ် သဘောစေတနာကို ကျေးဇူးတင်ပါတယ်။ ဒါကြောင့် မောင်စိန်းမောင်လည်း စိတ်ဆင်းရဲ မခံပါစေနဲ့တော့။ သူ့ဘဝ ကြင်ဖော် အတွက် သူမြတ်နိုးသူကိုသာ ရည်မှန်းပါစေ။ ကျုပ်တို့ သမီးမိုက်ကို သူကြီးမင်း ဦးရွှေဖင်ထုံး နလုံးမူပြီး တင်းတင်း ပြတ်ပြတ် စီစဉ်ပါ့မယ် ..."

ကြင်ကြင်၏ ဖခင်သည် ပြောရင်း စိတ်ထိခိုက်လွန်းသဖြင့် ယောကျာ်းကြီးတန်မဲ့နှင့် မျက်ရည်တွေ တွေကျရှာသည်။

"ကဲ ကိုစိန်းမောင်၊ အားလုံး စိတ်ချမ်းသာမှုရအောင် ကျွန်မကို ပေးထားတဲ့ကတိ ထိန်းဖို့ အချိန် တန်ပါပြီ"

မခင်ရွှေ ထပ်မံ ပြောကြားလိုက်သောအခါ ကိုစိန်းမောင်သည် မခင်ရွှေကို မကြည့်တော့ဘဲ ဦးခေါင်း ငိုက်စိုက် ကျနေပြီး ...

"ဘွားဘွား ရွှေအိမ်တို့ သားအမိနဲ့ ကြင်ကြင် မိဘနှစ်ပါးကို ကျွန်တော် ရိုသေပါတယ်။ ဆရာမရဲ့ စိတ်စေတနာ ကိုလည်း အလေးအမြတ်ထားပါတယ်။

ဒါကြောင့် ကျွန်တော်တို့ သွေးရင်း မိန်းကလေးတစ်ယောက်ကို အမျိုးအနွယ် ပျက်စီးတော့မယ့် ဘေးအန္တရာယ် က ကျွန်တော် တာဝန်ရှိတဲ့အတိုင်း ကာကွယ်ပါ့မယ်။ ဆရာမကို ပေးထားတဲ့ကြတိကို ခိုင်ခိုင် လုံလုံ ထိန်းသိမ်းသောအားဖြင့် ကြင်ကြင်ကို ကျွန်တော် လက်ထပ်ပါတော့မယ်။ လက်ထပ်ရေးကိစ္စကို ကြင်ကြင် ရဲ့ မိဘနှစ်ပါး သဘောကျသလို စီစဉ်ပါ။ မင်္ဂလာကိစ္စ ကုန်ကျသမျှကို အားလုံး ကျွန်တော် တာဝန် ယူပါ့မယ်"

ကိုစိန်းမောင်သည် မည်မျှပင် သတိကို ထိန်းချုပ်ပြောစေကာမူ သူ့ အသက်တမျှ ချစ်မြတ်နိုးသူ မခင်ရွှေကို သူ့ အသည်းနလုံး ထဲက တစ်ဘဝတာလုံး ပယ်ထုတ်လိုက်ရတော့မည့်အတွက် သူ့အသံသည် ကွဲအက်သံ ပါနေသည် ကို မခင်ရွှေ က ကောင်းကောင်း သတိပြုလိုက်မိသည်။

မခင်ရွှေ ကိုယ်တိုင်ပင် စိတ်ထဲမှာ မကောင်းဘဲ ဖြစ်သွားသည်။ သို့သော် သူ့ရည်မှန်းချက် အောင်မြင်သွားသည့် အတွက် စိတ်မကောင်းခြင်းကို ဖြေဖျောက်လိုက်ကာ ...

"ကျေးဇူးတင်လိုက်တာ ကိုစိန်းမောင်ရယ်၊ ကျွန်မ စိတ်သဘောနဲ့ ထပ်တူ ကိုယ့်တိုင်းရင်းသူကို ကာကွယ် စောင့်ရှောက် တဲ့ ကိုစိန်းမောင် သဘောထားကို ကြည်ညိုတယ် ဆိုတာကိုတော့ ယုံပါ"

ဟုပြောလိုက်သည်။

ကြင်ကြင်၏ မိဘနှစ်ပါးသည် သူတို့၏ သုံးပွင့်ဆိုင် ဇာတ်လမ်းကို သိခဲ့ပြီ ဖြစ်သောကြောင့် မခင်ရွှေကို ကြည်ညိုခြင်း၊ ကိုစိန်းမောင်ကို အားနာခြင်းဖြင့် ဘာပြန်ပြောရမှန်းပင် မသိဘဲ ဖြစ်နေကြသည်။ မည်သို့ ဖြစ်စေ သူတို့မွေးထားသော သမီးသည် မသင့်တော်သောအဖြစ်မှ လွတ်ကင်းကာ သူတို့သဘောတူသည့် ကိုစိန်းမောင် လက်ထဲသို့ ပြန်ရောက်သွားခြင်း အတွက်ကိုမူ ဝမ်းသာလှပါသည်။

မင်္ဂလာ ကိစ္စအတွက် အမြန်ဆုံးစီစဉ်ကြရန် သူတို့လူစု တစ်ချိန်လုံး စကားပြောကြ တိုင်ပင်ဆွေးနွေး နေကြသည့် အချိန်ဝယ် စမ်းမြိုင်ခြံကြီးထဲမှာ ဘာဖြစ်နေကြပါသနည်း။

ကိုစိန်းမောင် ၏ အထိန်းတော် အမျိုးသမီးကြီးသည် ဦးဆံဖားလျား၊ ထဘီကို စွန်တောင်ဆွဲလျက် ထိတ်လန့် စွာ အော်ဟစ် ပြေးလွှားလာသည်။

"လာကြပါဦး ကိုစိန်းမောင်ရေ ... သတ်ကုန်ကြပါပြီ"

ဟု အသံကုန် ဟစ်ပြေးလာသည့်အတွက် ရွာသူရွာသားတွေက ဘာမှန်းမသိသောကြောင့် မေးကြ မြန်းကြရင်း အမျိုးသမီးနောက်က ပြေးလိုက်လာကြသည်။ အမျိုးသမီးကြီးသည် ကိုစိန်းမောင်၏ ခရီးစဉ်ကို သိသည်။ မြို့ပေါ် တက်မည့်အခါ ရွာနီးချုပ်စပ်သို့ ကိစ္စရှိ၍ သွားသည့်အခါမှာ အထိန်းတော် အမျိုးသမီးကြီးကို မည်သည့်နေရာကို သွားမည် ဟု အသိပေးမြဲဖြစ်သည်။ မည်သည့်နေရာဟု အတိအကျမပြောဘဲ ရွာထဲကို သွားမည်ဟု ပြောသွားလျှင် မခင်ရွှေရှိရာ ဘွားရွှေအိမ်တို့ အိမ်ကို သွားကြောင်း အတပ်သိသည်။

ထို့ကြောင့် ရွာသူရွားတွေ မေးမြန်းသည်ကို အချိန်ကုန်ခံ မဖြေဘဲ၊ ရပ်ဆိုင်း တန့်နားခြင်းမပြုဘဲ၊ နှုတ်မှ အော်ဟစ်ရင်း ဘွားရွှေအိမ် တို့ရှိရာသို့ အရောက်ပြေးလာသည်။

နောက်က လိုက်လာသည့် ရွာသူရွာသားတွေကလည်း မနည်းပေ။

"ဘာဖြစ်လို့လဲ ဒေါ်ဒေါ်ကြီး"

သူ ငယ်စဉ်ကပင် ထိန်းကျောင်းလာသည့် အမျိုးသမီးကြီးကို နှစ်ကာလ ကြာရှည်စွာ ခွဲခွာနေခဲ့ပြီး ရေပြာအိုင်ရွာ စမ်းမြိုင်ခြံကြီးကို မခင်ရွှေ ကျေးဇူးကြောင့် ပြန်လည်ပိုင်ဆိုင်လိုက်ရသောအခါမှ အထိန်းတော်ကြီးနှင့် ပြန်လည် ပေါင်းစည်း မိသည်။ ထိုအခါမှစပြီး ကိုစိန်းမောင်က ဒေါ်ဒေါ်ကြီးဟု ခေါ်လာခဲ့သည်။

အထိန်းတော်ကြီးသည် ကိုစိန်းမောင်ရှိရာသို့ ရောက်သောအခါ ကရားထဲက ရေသွန်ချသလို ပြော လိုက်သည်။

"ကြင်ကြင် စမ်းမြိုင်ခြံကြီးကို အမြဲလာတယ်။ ကိုစိန်းမောင် မရှိတဲ့အခါ ဆိုရင် ဟိုဧည့်သည်နဲ့ အမြဲ ရည်းစား စကား ပြောကြတယ်။ ဧည့်သည်ရဲ့ တပည့်က အပေါက်စောင့် လုပ်တယ်။ ဒီနေ့လည်း ကိုစိန်းမောင် မရှိခိုက် ရောက်လာပြီး ထုံးစံအတိုင်း ဧည့်ခန်းထဲမှာ ရည်းစားစကားပြောကြတာပေါ့"

အထိန်းတော်ကြီး စကားမဆုံးမီ ကိုစိန်းမောင်က ဖြတ်မေးလိုက်သည်။

"သူတို့ ဒီလိုနေတာ ကြာပြီလား"

"သိပ်တော့ မကြာသေးဘူး၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ်"

"ဘာကြောင့် ကျွန်တော့်ကို မတိုင်လဲ"

ကိုစိန်းမောင် အသံက ဒေါသသံ ပါသွားသည်။ ကြင်ကြင်ကို မြတ်နိုး၍ ဆံတစ်ပင်တင်းခြင်းကား မဟုတ်၊ သူ့အိမ်မှာ ယခုလို ကိစ္စကို မလုပ်ထိုက်ဘဲ လာရောက် စတည်းချနေသည်ကို ဒေါသ ဖြစ်သွားခြင်းဖြစ်သည်။ ကြင်ကြင် ၏ မိဘနှစ်ပါးကား မျက်နှာမည်းသွားသည်။ ဦးခေါင်းငုံ့နေကြသည်။

အထိန်းတော်ကြီးကဖြေသည်။

"မပြောဝံ့ဘူးလေ၊ ကိုစိန်းမောင်နဲ့ ကြင်ကြင်က လက်ထပ်ကြတော့မယ့်လူတွေ မဟုတ်လား၊ ဒေါ်ဒေါ်ကြီး ပြောစကားကို ယုံရင် ကောင်းတယ်။ မယုံရင် လက်ထပ်ကြမယ့် လူနှစ်ယောက်အကြား ကုန်းချောသလို ဖြစ်နေမှာပေါ့။ နောက်ပြီး ကြင်ကြင့်မိဘနဲ့ ဆွေမျိုးတွေက ကြင်ကြင်ကို သက်သက် အရှက်ခွဲတယ်လို့ ရန်မူ မှာလည်း ကြောက်ရသေးတယ်လေ"

"ဆက်ပြောပါ။ ဆက်ပြောပါ"

ကိုစိန်းမောင်က စိတ်တိုတိုဖြင့် ဆက်ပြောခိုင်းလိုက်သည်။

"ကိုစိန်းမောင်ကို မပြောဝံ့ပေမယ့်၊ ဆရာမရဲ့ တပည့်လေး တစ်ယောက်ကိုတော့ ဒီအကြောင်းတွေ ဆရာမကို တိုင်လိုက်ပါ လို့တော့ ပြောခိုင်းလိုက်ပါတယ်။ အဲ ... ဒီနေ့တော့ ဒါတိုင်းလိုပဲ၊ ကြင်ကြင် လာပြီး ရည်းစား စကားကို ဧည့်ခန်းထဲမှာ ပြောတယ်။ တပည့်က အပေါက်စောင့်လုပ်တယ်။ ဘာဖြစ်ကြတယ်တော့ မသိဘူး။ ကြင်ကြင့် အော်သံကို ကြားလိုက်တယ်။ အပေါက်စောင့်က ချောင်းကြည့် နေရာက ပြေးဝင်သွားတယ်။ နောက် သတ်ကြပုတ်ကြတဲ့ အသံတွေကြားလို့ ဒေါ်ဒေါ်ကြီး ချောင်းကြည့်လိုက်တော့ ကြင်ကြင်နဲ့တပည့် သွေးအိုင်ထဲ မှာ လဲနေကြတာကို တွေ့လို့ ပြေးလာ ခဲ့တာပဲ "

အထိန်းတော်ကြီး စကားဆုံးလျှင် ကြင်ကြင်၏ မိဘနှစ်ပါးသည် အိမ်ထဲက လှားခနဲထွက်ကာ စမ်းမြိုင်ခြံကြီးသို့ တစ်ရှိန်ထိုး ပြေးလေတော့သည်။

မည်မျှပင် သမီးကို ဒေါသဖြစ်သည် ဆိုစေကာမူ မိဘမေတ္တာကား ကြီးမားလှပါသည်။ ဘွားရွှေအိမ်တို့ သားအမိ သာလျှင် သက်ကြီး ရွယ်အိုဖြစ်သောကြောင့် ကျန်ရစ်ခဲ့ကြသည်။ ကိုစိန်းမောင် မခင်ရွှေနှင့်တကွ ကြားသိသမျှသော ရွာသူရွာသား တွေသည် စမ်းမြိုင်ခြံကြီးရှိရာသို့ ခြေကုန်သုတ်ကာ အပြေးအလွှား သွားကြသည်။

ကိုစိန်းမောင်၏အိမ် ဧည့်ခန်းထဲတွင်မူ ကိုမျိုးနှစ်၏ တပည့်ကျော်သည် မည်သူက မည်ကဲ့သို့ လက်ဦး သွားသည်ကိုမူ မည်သူမျှ မသိသော်လည်း မောင်းပြန်ဓားဒဏ်ရာဖြင့် သေဆုံးနေလေပြီ။

ကြင်ကြင်ကား အသက်မသေသေးချေ။ ကြီးမားသော မေတ္တာဖြင့် ပွေ့ပိုက်ထားသော မိခင်၏ရင်ခွင်မှာ အသက်ကို ခဲခဲယဉ်းယဉ်း ရှူနေသည်။

ကိုစိန်းမောင်သည် မြတ်နိုးနှစ်သက်သောစိတ် မရှိခဲ့သော်လည်း ရင်ဝမှာ သွေးတွေ တသွင်သွင်စီး ထွက်နေသော ဒဏ်ရာကြီးကို မချိမဆံ့ ခံစားနေရသည်ကို မြင်သောအခါ သနားသောစိတ်၊ မလှဲမကင်းသာသော အကြောင်းကြောင့် လက်ထပ်ရတော့မည့် ဇနီးလောင်းတစ်ယောက်ဖြစ်ခြင်း စသည်တို့ကြောင့် မေးမြန်းရမည့် တာဝန်ရှိနေသည်။ ထို့ကြောင့် ကြင်ကြင့် အနားမှာ ထိုင်လိုက်သည်။ သို့သော် ကြင်ကြင်၏ အခြေအနေကို မြင်ရသောအခါ စကားပြောရန် တော်တော်ပင်ပန်းမည့် အခြေအနေကို အကဲခတ် မိသောကြောင့် စိတ်ဓာတ်အရ ဝေဒနာသက်သာစေရန် ကြင်ကြင်၏ လက်ကို ကိုင်လိုက်ပြီး ...

"စိတ်ကို တင်းနော်။ ကြင်ကြင်နဲ့ ကိုစိန်းမောင် လက်ထပ်ကြဖို့ စီစဉ်ပြီးနေပြီ"

ဟု တုံးတိတိ ပြောလိုက်သည်။ ကိုစိန်းမောင်သည် သူ့ဧည့်သည်ကိုမျိုးနှစ်နှင့် ကြင်ကြင်တို့ သူ့အိမ်ဧည့်ခန်းတွင် သစ္စာတိုင်နေကြသည်ကို သိလာရပြီးသည့် နောက်မှ ကြင်ကြင်ကို စိတ်ထဲမှာ မသန့်ရှင်းတော့ဘဲ ဖြစ်မိသည်။ သို့သော်

မခင်ရွှေ တရားချသည့်အတိုင်း ကိုယ့်အမျိုးတူ မိန်းကလေးကို စောင့်ရှောက်ရန် တတ်နိုင်သမျှ တာဝန်ယူသည်ဟူသော တာဝန်သိစိတ်ဖြင့်သာ ဖြေသိမ့်သည့်သဘောဖြင့် လက်ကို ကိုင်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

ကြင်ကြင်သည် ကိုစိန်းမောင် စကားကို ကြားရသောအခါ ကြေကွဲဝမ်းနည်းလှစွာဖြင့် ဦးခေါင်းကို ခါလိုက်သည်။ မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလာသည်။

"ကြင်ကြင် မှားခဲ့မိက်ခဲ့တာတွေကတော့ ဆည်လို့ မရတော့ပါဘူး ကိုစိန်းမောင်၊ ဒီမိုက်ပြစ်ကြီးကို လည်း ကြင်ကြင် ခံရပါပြီ။ မကြာခင် သေရတော့မှာပါ။ မသေခင် ကြင်ကြင် အပြစ်တွေကို ဖွင့်ဟ ဝန်ခံသွားပါရစေ"

ကြင်ကြင်က အားယူပြောလိုက်သောအခါ ကြင်ကြင်ကို ပွေ့ပိုက်ထားသော မိခင်သည် မချုပ်တည်း နိုင်တော့ဘဲ တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ငိုကြွေးလိုက်တော့သည်။ ဖခင်ဖြစ်သူကား အံကြိတ် ထားလိုက်သည်။ နှစ်ယောက်စလုံး စကားအသံပင် မထွက်နိုင်အောင် စိတ်ထိခိုက်နေကြသည်။

မခင်ရွှေသည် ကြင်ကြင် အနားကို မကပ်ဘဲ ပြောစကားကို ကြားရရုံ အကွာအဝေးမှာသာ အခြားလူတွေနှင့် ရောနေလိုက်ပြီး ရွာဆေးကုခန်းမှ ဆေးဆရာကြီးကို အမြန်ဆုံးကြွလာရန် အပင့်ခိုင်း လိုက်သည်။ ဆေးဆရာကြီး ရောက်လာပြီး ကြင်ကြင်၏ ဒဏ်ရာကို အစွမ်းကုန် ကုသပြုစုပေးသော်လည်း အသက် ရှင်နိုင်ဖွယ် မရှိတော့ကြောင်း၊ အလွန်ဆုံးနေရလျှင် ဆေးအစွမ်းအားဖြင့် တစ်နာရီလောက်မျှသာ နေရတော့မည်ဖြစ်ကြောင်း မခင်ရွှေကို တီးတိုး ပြောလိုက်သည်။ ကြင်ကြင်သည် သူ့ဒဏ်ရာမှ ခံစားချက်ကို သူကိုယ်တိုင် သိပြီးဖြစ်သောကြောင့် သူ့မိုက်ပြစ်တွေကို ဖွင့်ဟဝန်ခံရန်အတွက် စိတ်တင်းအားယူကာ ပြောနေသော ကြင်ကြင်၏ စကားတွေကို ကြားရသောအခါ လူတွေ အားလုံးသည် တအံ့တသြ ဖြစ်ကုန်ကြတော့၏။

ကိုစိန်းမောင်ကို နာကြည်းစိတ်ဝင်၊ မခင်ရွှေကို မုန်းတီးစွာ လက်စားချေလိုသော ကြင်ကြင်သည် ဒ‌ွေ့သည် ကိုမျိုးနှစ်၏ ဆွဲဆောင်မှု စက်ကွင်းမိကာ ချစ်သူရည်းစား ဖြစ်ခဲ့ကြသည်။ မခင်ရွှေကို အရှက်ကွဲသော အဖြစ်ဖြင့် ရေပြောအိုင် တစ်ရွာလုံးကရော၊ ကိုစိန်းမောင်ကရော စက်ဆုပ်ရွံ့ရှာစွာ မောင်းထုတ်လိုက်အောင် ကြံပြီး၍ မခင်ရွှေ မရှိသောအခါ။ ကိုစိန်းမောင်သည် သူမှားကြောင်းကို ကြင်ကြင်အား တောင်းပန်မည် ထင်သည်။ ထိုအခါ ကြင်ကြင်က ကိုစိန်းမောင်ကို လက်စားချေလို သော စိတ်ဖြင့် ကိုစိန်းမောင်ကို ရှေ့မှာ ထားပြီး ကိုမျိုးနှစ်နှင့် လက်ထပ်လိုက်မည်။ မိဘတွေ သဘောမတူလျှင် ခိုးရာလိုက်မည်။

မိဘတွေ လက်ခံသောအချိန်မှာ သူတို့ ပြန်လာမည်။ ကိုမျိုးနှစ်၏ ဆွေမျိုး အသိုက်အဝန်းတစ်တွေပါ ရေပြောအိုင်သို့ ပြောင်းရွှေ့လာပြီး အခြေစိုက်ကြမည်။

မခင်ရွှေကို တစ်ရွာလုံးကရော ကိုစိန်းမောင်ကရော စက်ဆုပ်ရွံ့ရှာစွာ မောင်းထုတ်ရမည့် စီမံကိန်းတွင် တစ်ရွာလုံးက ဘိုးစဉ် ဘောင်ဆက် မြတ်နိုးစွာ ထိန်းသိမ်းကိုးကွယ်လာကြသည့် သူကြီးမင်း ဦးရွှေဇင်၏ ဆင်းတုတော်မှ စိန်နှင့်မြနစ်လုံးကို ခိုးယူကာ မခင်ရွှေ၏ ကျောင်း အလုပ်ရုံးခန်း ဗီရိုထဲမှာ တိတ်တဆိတ် ထည့်ထားမည်။

မခင်ရွှေကို သံသယဖြစ်ခြင်းခံရအောင် သတင်းလွှင့်ပြီး ရွာလူကြီးတွေက မခင်ရွှေ၏ ကျောင်းရုံးခန်း ဗီရိုထဲ မှာ ရှာဖွေစေရန် ညှာဆင်မည်။ သော့တွဲနှင့်တကွ ဆင်းတုတော်မှ ရတနာတွေကိုတွေ့လျှင် မခင်ရွှေသည် မည်သည့်နည်းဖြင့်မဆို အရှက်ကွဲပြီး ထွက်ပြေးရမည်သာ ဖြစ်သည်။

ဤစီမံကိန်းကိုချပြီး သော့တွဲနှင့် ဆင်းတုတော်က ရတနာတွေကို ယူရန် ကြင်ကြင်က တာဝန်ယူရမည်။ ရခဲ့လျှင် နှစ်ယောက်အတူ မခင်ရွှေ၏ ဗီရိုထဲ သွားထည့်မည်။ ထို့ကြောင့် ဘုန်းတော်ကြီး သည် သော့တွဲကို မည်သည့် နေရာမှာ သိမ်းသည်ကို ကြင်ကြင်က ပါးနပ်စွာ ကြည့်နေရပေမည်။

ကျောင်းဝိုင်းအတွင်း ဇရပ်ကို မီးလောင်သည့်နေ့က ဘုန်းတော်ကြီးထံက သော့တွဲကျခဲ့သည်ကို စောင့်ကြည့် နေသော ကြင်ကြင်က တွေ့လိုက်သည်။ မီးလောင်သည့် နေရာကို လူတွေမဲနေခိုက်မှာ ကြင်ကြင်သည် သော့တွဲ ကို ကောက်ယူပြီး ဆင်းတုတော်တိုက်ခန်းကို လျင်မြန်စွာ ဖွင့်ဝင်သည်။ တိုက်ခန်းထဲမှာ သန့်ရှင်းရေး လုပ်စဉ်ကပင် တွေ့ထားခဲ့သည့် လေးလက်မ အိမ်ရိုက်သံချောင်းကို ယူကာ ဆင်းတုတော်၏ မျက်မှောင်တော်နှစ်ခုအကြားမှ စိန်ကိုလည်းကောင်း၊ မျက်လုံးတော် နှစ်ဖက်မှ မြနှစ်လုံးကို လည်းကောင်း အားစိုက် ကော်ထုတ်လိုက်သည်။

စိတ်ဇောအဟုန် ကြီးမားလွန်း၍ ထင်သည်။ လျင်မြန်စွာပင် ထုတ်ယူရရှိလိုက်သည်။ ထို့နောက် တိုက်ခန်းကို ပြန်ပိတ်လိုက်ပြီး၊ သော့တွဲကိုရော၊ ရတနာတွေကိုရော ဘော်လီ အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်ပြီး မီးလန့်သည်ကို ကြောက်လန့် ဟန်ဖြင့် အိမ်ပြန်ပြေးလာခဲ့သည်။

ကြင်ကြင်၏ ပြုမူပုံသည် လျင်မြန်ဖျတ်လတ်လွန်းသည့်အတွက် အချိန်ကြာရှည်ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် မီးလောင်ရာကို မဲနေကြသည့် လူတွေက မည်သူမျှ မမြင်လိုက်ဘဲ ဖြစ်ခဲ့သည်။

ကြင်ကြင်သည် မီးလောင်သည့်နေ့က စမ်းမြိုင်ခြံကြီးမှာ ကိုစိန်းမောင်ရှိနေသည့်အတွက် မသွားခဲ့ချေ။ နောက်နှစ်ရက်ဆက်ပြီး ကိုစိန်းမောင်က ခြံထဲမှာသာ အလုပ်လုပ်နေသောကြောင့် ကိုမျိုးနှစ်ထံ မသွားဖြစ်ခဲ့ဘဲ၊ ယနေ့မှာ မိဘနှစ်ပါးက မခင်ရွှေ ဖိတ်ခေါ်ထားကြောင်း၊ ကိုစိန်းမောင်လည်း လာလိမ့်မည် ဖြစ်ကြောင်း ပြောသည့်အတွက် စမ်းမြိုင်ခြံကြီး သို့ လာခဲ့သည်။

ကိုမျိုးနှစ်က ဆီးကြိုပြီး အကြံအောင်သည် မအောင်သည်ကို မေးသည်။ ကြင်ကြင်က အကြံအောင်ကြောင်း ဝမ်းသာအားရ ပြောသည်။ ရတနာတွေကိုထုတ်ပြသည်။ ညအချိန် တိတ်တဆိတ်ကျောင်းဝင်းထဲဝင်ရန်မှာ မလွယ်ကြောင်း၊ ကျောင်းစောင့် အင်းခွေးကြီး သုံးကောင်ရှိနေကြောင်း၊ ထို့ကြောင့် ရတနာတွေကို ကြင်ကြင်ကပင် နေ့အချိန် ကျောင်းသို့သွားပြီး မခင်ရွှေထံ စကားဝင်ပြော ပြီး အလစ်မှာ ထည့်ခဲ့မည်ဖြစ်ကြောင်း ပြောသည်။

ကြင်ကြင် ပြောသော စကားကိုသာ ကြားခဲ့ရပြီး ရတနာတွေကို မမြင်ရမီက ဤမျှ အဖိုးတန်လိမ့်မည်ဟု ကိုမျိုးနှစ် မခန့်မှန်း မိခဲ့ချေ။ ယခု မျက်မြင်ဖြစ်သောအခါမှ မြရတနာနှစ်လုံးကား တန်ဖိုးဖြတ်ရန်ပင် ခဲယဉ်းသော ပြည်တန်ရတနာမျိုး ဖြစ်နေသည်ကို တွေ့ရသောအခါ ကိုမျိုးနှစ်သည် ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ရတနာတွေကို ကြင်ကြင်၏ လက်ထဲက ဆတ်ခနဲ ဆွဲယူလိုက်သည်။

ကိုမျိုးနှစ် ကို ချစ်မြတ်နိုးနေပြီဖြစ်သော ကြင်ကြင်က ကိုမျိုးနှစ်ပြုမူပုံကို သတိမထားဘဲ ဆက်ပြော လိုက်သည်။ သူကြီးမင်း ဦးရွှေဇင် လှူသွားသည့် တစ်ရပ်တစ်ရွာသားကိုမျှ အမြင်မခံခဲ့ကြောင်း။ ထို့ ကြောင့် ဤမျှ အဖိုးတန်သော ဆင်းတုတော် ရေပြာအိုင်ရွာမှာ ရှိနေသည်ကို အပြင်အပမှာ မသိဘဲ ဖြစ်နေကြ ကြောင်း။

ကြင်ကြင်၏ စကားတွေကို ကြားရသော ကိုမျိုးနှစ်၏ ဝင်းဝင်းတောက်နေသော မျက်လုံးတွေက ပြူးကျယ် လာသည်။

ဆင်းတုတော် တိုက်ခန်းသော့ကို သူ့လက်ထဲထည့်ပါဟု ဆိုသည်။ ဆင်းတုတော်ကိုပါ အရယူနိုင်လျှင် ကောင်းမည် ဟု အကြံပေးသည်။ ဆင်းတုတော်နှင့်တကွ ရတနာကိုပါယူပြီး ကြင်ကြင်ပါ တစ်ခါတည်း သူ့နောက် လိုက်ခဲ့စေလိုသည်။ ကြင်ကြင်၏ မိဘတွေ စိတ်ပြေသောအခါမှ သူ့ဆွေမျိုး တစ်သိုက်တစ်ဝန်းလုံးကိုပါ ခေါ်လာပြီး ရေပြာအိုင်ရွာမှာ ပြန်လည် အခြေစိုက်မည်။ ထိုအခါမှ မခင်ရွှေကို ရေပြာအိုင်ရွာမှ မောင်းထုတ်နိုင်ရန် တစ်မျိုးတစ်မည် ကြံမည်ဟု အစီအစဉ်ကို ပြောကာ သော့ကို အတွင် တောင်း တော့သည်။

ကြင်ကြင်သည် ထိုအခါမှ ကိုမျိုးနစ်၏ ပြောင်းလဲသွားသော စိတ်ထားကို စဉ်းစားမိလာသည်။ ဆင်းတုတော် ကိုလည်း မဖျက်ဆီးလို၊ ရတနာတွေကိုလည်း ရှေပြေအိုင်ရွာ အပြင်ဘက်ကို မထွက်သွားစေလိုပေ။ မခင်ရွှေကို အရှက်ခွဲပြီးလျှင် ရတနာတွေကို သူ့နေရာမှန်သို့ ပြန်ရောက်သွားစေလိုသည်။ မခင်ရွှေကို ကြီးမားသော မုန်းတီးမှုကြောင့်သာလျှင် ထိုအကြံ ကို ကြံမိခြင်းဖြစ်သည်။ ဘိုးစဉ် ဘောင်ဆက်က အမြတ်တနိုး ကိုးကွယ်လာသည့် ဆင်းတုတော်နှင့် ရတနာတွေကို ပျက်စီးပျောက်ဆုံးသွားမည့် အလုပ်ကိုကား ကြင်ကြင် မလုပ်ရက်ချေ။

ကိုမျိုးနစ် ၏ အစီအစဉ်ကို ကြင်ကြင် သဘောပေါက်သွားပါသည်။ ဆင်းတုတော်နှင့် ရတနာတွေကိုရော ကြင်ကြင်ကိုရော အပိုင်ကိုင်ပေတော့မည်။ သူ့အကြံအတိုင်း လိုက်နာကာ ဆင်းတုတော်ကိုပါ ခိုးသွားပြီး သူ့နောက် လိုက်သွားပါက ထိုရတနာတွေကြောင့် နှုတ်ပိတ်သည့် သဘောမျိုးဖြင့် ကြင်ကြင်ကို အစဖျောက် လုပ်လိုက်လျှင် ...

ကြင်ကြင်သည် ဆက်မတွေးတော့။ သူ့ အမှားကို သူ ယူကျုံးမရဖြစ်ကာ ကိုမျိုးနစ်လက်ထဲ ရောက်နေသည့် ရတနာတွေကို ပြန်တောင်းသည်။ ကိုမျိုးနစ်က မပေးတော့ပေ။ လုယူသော ကြင်ကြင်ကို ကြမ်းတမ်းစွာ ဆောင့်တွန်းပစ်လိုက်သည်။

ဖြစ်ချင်ရာဖြစ် ရတနာတွေကို အဆုံးမခံတော့ပေ ဟူသော စိတ်ဖြင့် ကြင်ကြင်က အကူအညီရလိုရငြား အော်လိုက်သည်။

ကြင်ကြင် အော်လိုက်သည်တွင် ကိုမျိုးနစ် သူ့ဘောင်းဘီအိတ်ထဲက မောင်းပြန်ဓားကို ယူထုတ်ကာ ကြင်ကြင် ကို အားပါးတရ ထိုးစိုက်လိုက်သည်။

ထိုအခိုက် အပေါက်စောင့် တပည့်ကျော်က ပြေးဝင်လာသည်။ ရင်ဝကို လက်ဖြင့်ဖိကာ ခွေလဲသွားသော ကြင်ကြင် ကို အကူအညီမပေးဘဲ သူ့ဆရာလက်ထဲမှာ ဆုပ်ကိုင်ထားလျက်ပင် ရှိနေသေးသော ရတနာတွေ ကို လောဘဇောတိုက်ကာ အတင်းဝင်လုလေတော့သည်။

ထိုအခါ ကြင်ကြင်၏ ရင်အုံကို စိုက်ခဲ့သော ဓားဖြင့်ပင် ကိုမျိုးနစ်သည် သူ့တပည့်ကျော်ကို အားပါးတရ ထိုးလိုက်သည်။ ထို့နောက် ထွက်ပြေးသွားလေသည်။

ဆင်းတုတော် တိုက်ခန်းသော့ကိုမူ ကြင်ကြင်သည် သူ့အခန်းအဝတ်သေတ္တာထဲမှာ ထားခဲ့သော ကြောင့် ကိုမျိုးနစ် လက်သို့ မပါသွားပေ။

ကြင်ကြင် စကားဆုံးသောအခါ ...

"အမိုက်မရဲ့ ... လုပ်ရက်လေခြင်းဟဲ့"

ဟူသော စကားကို မိခင်က ပြောသည်။

"ဒါလောက်တောင် သစ္စာမဲ့ရ၊ မိုက်ရသလား ဟဲ့ အမိုက်မရဲ့"

ဟူသော စကားကို ဖခင်ဖြစ်သူက မချိတင်ကဲ အံကြိတ်ပြောသည်။ ဦးရွှေဇင်လို စိတ်သဘော မရင့်ကျက် နိုင်ကြရှာသည့် အားလျော်စွာ ကြင်ကြင်၏ မိဘနှစ်ပါးသည် တစ်ယောက်တစ်ခွန်း ပြိုင်တူပြောရင်း မျက်ရည် မဆည်နိုင်ဘဲ ဖြစ်နေကြရှာသည်။

ကြီးမားသော နောင်တဖြင့် သူ့မိုက်ပြစ်ကို ဖွင့်ဟဝန်ခံသော ကြင်ကြင်သည် အကြောင်းမှန်ကို ရွာသူ ရွာသားတွေ သိမှသာလျှင် ထွက်ပြေးသွားသည့် ကိုမျိုးနစ်ကို တွေ့အောင် ကြိုးစားရှာကြပြီး ရတနာတွေပြန်ရအောင်

ဆောင်ရွက်နိုင် ကြမည်ကို စဉ်းစားမိသဖြင့် သူ့ကို မည်မျှ ရှုံမုန်းပါစေ၊ သူ့အဖို့ သေတော့မည်ဖြစ်၍ အကြောင်းမထူး။ ကိုမျိုးနစ်ကို မိအောင်ဖမ်းနိုင်စေရန် ရည်ရွယ်ပြီး သူ့ အပြစ်တွေကို စုံလင်အောင် အားခဲကြိုးစားပြောနေခြင်း ဖြစ်သည်။

ပြောချင်သည့် စကားတွေ ပြောပြီးသောအခါ ကြင်ကြင်သည် နောက်ဆုံးစကား တစ်ခွန်းကို မှတ်လောက်သားလောက် ပြောသွားရှာသည်။

"ကိုယ့်စေတနာ ကိုယ့်ကို ပြန်ပြီး အကျိုးပေးတယ် ဆိုတာ လက်တွေ့ပါပဲ … ခွင့်လွှတ်ကြပါ"

ဟူသော စကားလုံးကို တစ်လုံးချင်း အားယူပြောပြီး လှပသော နှုတ်ခမ်းလေးသည် အပြီးအပိုင် ပိတ်သွားလေတော့သည်။

ကြင်ကြင်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် သန်သန်မာမာ ရွာသားများသည် တစ်ယောက်နှင့် တစ်ယောက် ပြောဆိုခေါ်ငင် တိုင်ပင်နေရခြင်း မပြုလုပ်ရဘဲနှင့် ညီတူညာတူတစ်ပြိုင်တည်း အိမ်ထဲက ထွက်လိုက်ကြသည်။ လျင်မြန်သောခြေလှမ်းများဖြင့် ရွာပြင်ကို အပြေးအလွှားထွက်ကြသည်။ လူစုခွဲကာ ကိုမျိုးနစ် ကို ရှာကြသည်။

တပင်တပန်းရှာစရာပင် မလိုတော့ချေ။ ရွာနှင့် မိုင်ဝက်သာသာမျှဝေးသော ကမူကြီးတစ်ခုစောင်း ကြီးမားသော ချုံကြီးတစ်ချုံနားမှာ ကိုမျိုးနစ်ကို တွေ့ကြသည်။ သို့သော် အသက်ရှင်လျက် တွေ့ခြင်းကား မဟုတ်၊ စပါးကြီးမြွေတစ်ကောင်၏ ရစ်ပတ်လိမ်ညှစ်ထားသဖြင့် သေဆုံးနေသည့် ရုပ်အလောင်းအဖြစ်သာ တွေ့ကြရသည်။

မြွေကြီးက ကိုမျိုးနစ်၏ ခြေထောက်ကိုပင် စတင်မြိုနေလေပြီ။ ရွာသားတွေက အော်ဟစ် ခြောက်လှန့်ရိုက်နက်ကြခြင်းဖြင့် စပါးကြီးမြွေကြီးက မျိုစပြုနေသည့်အစာကို လွှတ်ကာ တောချုံထူရာကိုထွက်ပြေးသွားတော့သည်။ အရိုးတွေ ကျိုးကြေကာ ဖွဲအိတ်ကြီးလို ဖြစ်နေသည့် ကိုမျိုးနစ်၏ ဘောင်းဘီအိတ်တွင် လက်ကိုင်ပဝါဖြင့် သေချာစွာ ချည်နှောင်ထားသော ရတနာတွေကို သုံးမျိုးလုံး ပြန်လည်ရရှိလိုက်သည်။

ကိုမျိုးနစ်တို့ ဆရာတပည့်နှစ်ယောက်အလောင်းကို ရွာသူကြီးမင်းနှင့် ကိုစိန်းမောင်တို့ကပင် ကမကထ ပြုကာ ကိုစိန်းမောင် မော်တော်ကားဖြင့်တင်၍ မြို့သို့ ယူသွားရလေသည်။ သက်ဆိုင်ရာကို အလောင်းအပ်ခြင်း၊ ဖြစ်ပုံကို အစီရင်ခံ တိုင်ကြားခြင်းများ ပြုလုပ်လိုက်ကြရသည်။

မည်မျှပင် မိုက်မဲသည်ဆိုရစေကာမူ ကိုယ့်ဇာတိချက်မြှုပ် ရေပြာအိုင်ရွာ တစ်ရွာလုံး၏ အထွတ်အမြတ်ဆုံး၊ အရှိသေဆုံး၊ အမြတ်နိုးဆုံးဖြစ်သော ဆင်းတုတော်နှင့် ပတ်သက်ပြီး သတိတရားရသွားသော ကြင်ကြင်ကို ရွာသူရွာသားတွေသည် ကရုဏာဒေါသ မျက်ရည်ကျလျက်နှင့်ပင် ကြင်ကြင်၏ နောက်ဆုံးခရီးစဉ်ကို စည်ကားသိုက်မြိုက်စွာဖြစ်အောင် ဝိုင်းဝန်း ဆောင်ရွက်လိုက်ကြသည်။

မြတ်စွာဘုရားကို လှူထားသည့် ပစ္စည်းကို မလုပ်အပ်သည့် အလုပ်မျိုး လုပ်လိုက်ကြသည့် ကြင်ကြင်၊ ကိုမျိုးနစ် နှင့် သူ့တပည့်ကျော်တို့ ခံစားရသည့် အကုသိုလ် ကြောက်စရာကောင်းပုံကို ရေပြာအိုင် ရွာသူရွာသားတွေ မည်သည့်အခါမျှ မေ့နိုင်တော့မည် မဟုတ်ချေ။

**ပြီးပါပြီ**